www.burmeseclassic.com

အေလာင်းလေယာ

လှုမ္ဘဝန်းကျင်မဝ္ဍဇင်း

အတွဲ ၉ အမှတ် ၅၂ မတ် + ဧပြီ

www.burmeseclassic.com

www.burmeseclassic.com

စိမ်းလန်းတမ္ဘာမှ စီစဉ်သည့် အောင်ပင်လယ်လူမှုဝန်းကျင်မဂ္ဂဇင်း

နာယက - ဆရာမကြီးခင်ဆွေဦး၊ ဆရာကြီးဦးဆုန်း (သစ်တော)၊ ဆရာဦးရဲမြင့် (သစ်တော)

အမှတ် (၁၅၉)၊ ရွှေတိုဝုဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၇၁၄

အမှုဆောင်အဖွဲ့	-	စန်းဦး(စိတ်ကူးချိုချို)၊ သန်းသန်းတင့်၊ သန်းမြင့်အောင်
အယ်ဒီတာချုပ်	-	ဒေဝီသန့်စင်
တာဝန်ခံအယ်ဒီတာ	-	မြင့်ဆန်း
လက်ထောက်အယ်ဒီတာ	-	ဝင်းနီထွေး
အုပ်ချုပ်ရေးမှူး	-	ကိုနိုင်ထွေး
ငွေစာရင်းတာဝန်ခံ	-	ဦးစိုးမြင့်
အောင်ပင်လယ်စာလုံးဒီဇိုင်း	-	ဘဌေးကြည်
မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင်	-	အေးဖြူအောင်
ကွန်ပျူတာစာစီ	-	ဝါတွတ်
ပန်းချီပညာရှင်များ	-	ဘိုစော၊ ဝင်းမြင့်၊ NEK
မျက်နှာဖုံးနှင့်အတွင်းCTP	-	Eagle color separation
စာအုပ်ချုပ်	-	သစ္စာ (ပုံနှိပ်နှင့် စာအုပ်ချုပ်)
ပုံနှိပ်သူ	-	ဒေါ်ဝင်းမာ (၀၀၄၁၂)၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ အမှတ် (၁၁၇၉)၊ မစိုးရိမ်လမ်း၊ ကံဘဲ့ ၁၁ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ	-	ဦးခင်မောင်ဦး (ကိုရိုးကွန့်) (၀၀၇၃၅) အောင်ပင်လယ်မဂ္ဂဇင်း၊ အမှတ် - ၁၅၉(က)၊ ရွှေတိုဝုဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
မဂ္ဂဇင်းထုတ်ရပ်	-	အမှတ် - ၁၅၉(က)၊ ရွှေတိုဝုဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၃၇၄၇၁၄
စောင်ရေ	-	၁၀၀၀
တန်ဖိုး	-	၂၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

အယ်ဒီတာ့စကား

၄။ သန့်ရှင်းသောစွမ်းအင်

ပြည်တွင်းသတင်းဆောင်းပါး

၆။ မတ်လ (၁)ရက်မှစတင်ကာ မိုးတိမ်တောင်အန္တရာယ် သတိထားရန်လိုအပ် — News Wave

၇။ နေရာသိတွင် ကျေးရွာပေါင်း (၁၇၀၀)ကျော် ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်နိုင် — News Wave

ပြည်ပသတင်းဆောင်းပါး

၈။ ၂၀၅၀ ခုနှစ်တွင် ကမ္ဘာ့သမုဒ္ဒရာများ၌ ငါးထက် ပလတ်စတစ်အိတ်က . . . — News Wave

၉။ မီယက်နမ်တွင် မိုးခေါင်ခြောက်သွေ့မှု အဆိုးဆုံးဖြစ်ပေါ်နေ — News Wave

ပတ်ဝန်းကျင်တမျာ

၁၀။ သစ်ပင် — ဘုန်းပြည့်ကျော်

၁၁။ ပထဝီဦးရာကစလို့ — ရှိန်ဝါ

၁၂။ လမ်းခုလတ် ရှုမျှော်ခင်း — နေထက်နိုင်

၁၃။ သယောင်းမြေ — အင်ကြင်းခိုင်

၁၄။ အစိမ်းရောင် ၄က်တစ်ကောင် — ညိုဦးလွင်

၁၅။ ဖြတ်သန်းခြင်းများ — ချစ်ထွန်း

၁၆။ နိုင်ငံမဲ့ — နေစိမ့်

၁၇။ မဲခြင်းနှင့် ရဲတင်းသံ — မောင်လင်းရိပ်

၁၀၄။ ကမ်းခြေသေဆုံးခြင်း — သန်းတင့်

ပတ်ဝန်းကျင်ဆောင်းပါး

၁၈။ ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှု ရာသီဥတုပြောင်းလဲမှုနှင့် — ဦးအုန်း – ဒုဥက္ကဋ္ဌ (FREDA)

၆၃။ ပြောင်းလဲနေသော ရာသီဥတု — ခွဲ

၅၈။ ထိတွေ့ခွင့်နှင့် ရင်းနှီးခွင့် — နိုင်သောင်းထွင့်

၇၃။ သစ်တောမပြုန်းတီးရေးအတွက် ... — ကောင်းသာ

၇၇။ ပါရီရာသီဥတု သဘောတူညီချက် — ဇေအောင်မိုး

၈၀။ သမ္ဘတအိုဘားမား၏ ကာဗွန်တစ်ဂွေ... — ညီညီ(ဘော်တွင်း)

၈၃။ လေထုညစ်ညမ်းမှုဒဏ် အလူးအလဲခံနေရ ... — ရဲဒေါင်မျိုး

၈၉။ ဖော်တော်ကားယင်ကျေးမှု ထွန်းကားလာခြင်း ... — မင်းထက်မြက်

၁၁၅။ မီးခိုးပြူဖယ်ရှားရန် တရုတ်ငွေချေး — ဇေမိုးပြင့်

၁၂၂။ အော်ဝန်စစ်ရိုက်ဖျိုးရေး — ဒေါက်တာ[illegible]ညီ

www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်ခံစားမှု

၉၂။ ဒေါ်နေတောင်တန်းတစ်ဘက်ခြမ်းမှ ... ငြိမ်းလှ

၁၀၆။ နေစွမ်းအင် ...စွန့်ပစ်အမှိုက် ဆိုလာစစ်စတန် ... ဖိမွန်သော်

အတိတ်မှအရိပ်

၂၆။ သံသယ ဖောင်လင်းယုန်(ရှမ်းပြည်)

ကမ္ဘာအမြင်

၂၀။ အန္တရာယ်မပြုတဲ့ ကောင်လေး ခင်အောင် (သံတွဲ)

၃၀။ ကမ္ဘာကြီးပူနွေးလာမှု အကျိုးဆက်ကို ... ဒေါ(စစ်ကိုင်း)

၉၆။ ထုတ်ကုန်များကို သဘာဝပတ်ဝန်းကျင်နှင့် ... တင်ဖောင်ယု

ပတ်ဝန်းကျင်စာအုပ်စင်ကဏ္ဍ

၁၀၁။ ရွှေကိုမလို၊ ရေကိုသာလိုသည် ကိုလေးမြတ်

ဒီဇရတော အထူးကဏ္ဍ

၃၃။ ဒီဇရတောသစ်မျိုးများ ပျိုးထောင်ခြင်းနှင့် ... ဦးအုန်း

၃၆။ ကျွန်းစုမြို့နယ်အတွင်း ဒီဇရာတောထုတ်ယူ ... Green Network (မြိတ်မြို့)

၄၆။ မြန်မာနိုင်ငံတောင်ပိုင်း ကမ်းရိုးတမ်းမှ ... မြင့်စိုး (မြိတ်ကျွန်းစု)

ပတ်ဝန်းကျင် ကလေးကဏ္ဍ

BURMESE CLASSIC

၅၁။ ပူပြင်းတဲ့နွေရာသီကျောင်းပိတ်ရက်တွေမှာ ... ညိုယင်ဆောင်း

၅၄။ ဝိညာဉ်ငှက် မီဟား(လ်)စန္ဒးနစ်

ပတ်ဝန်းကျင်လေ့လာမှု



၅၆။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝေါဟာရများ ဦးကျော်စိုး

၁၂၈။ သယံဇာတ အကျိုးအမြတ် ခွဲဝေသုံးစွဲခြင်း ... မြင့်သန်း

ပတ်ဝန်းကျင်အက်ဆေး

၆၀။ အလွမ်းဖြစ်သွားတဲ့ရွာ မိုးကျော်ဇင်

ပတ်ဝန်းကျင်ကာတွန်း

၇၂။ ဝကွ၊ ၇၉။ အူဝဲ

ပတ်ဝန်းကျင်ဝတ္ထုတို

၁၁၀။ ပုဂ်ဇ္ဇပြည်သို့ သင်းမြစ္ခီ

၁၃၂။ သောနတ္တိုသူတွင်းတဲ့ သစ်ပါးပျင်းတစ်ပေါက်မာ ... ဖောင်သင်းထုံ (ကျောက်မဲ)

ပတ်ဝန်းကျင်ခရီးသွား

၁၁၈။ ဂေါ်ရန်ဂျီကျွန်းပေါ်မှ ဝကောင်းကင်ကပြာတယ် ခက်ဖောင်

၁၂၅။ နုပျိုရွင်လန်။ စူပါမွန်း လရောင်ဆမ်း ဇလပ်နီ

၁၃၇။ ခက်ရာတွေ ပလပွဲနဲ့ ရင်ဘတ်ကြီး ... ကောင်းကင်ပြာ

www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာ့စကား

သန့်ရှင်းသောစွမ်းအင်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလက ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ၂၁ ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများရဲ့ ညီလာခံမှာ စွမ်းအင်ကို အဓိကထားဆွေးနွေးကြကြောင်း သိရှိရပါတယ်။ စွမ်းအင်မှာမှ သန့်စင်သော စွမ်းအင်ဆိုတဲ့ ကိစ္စရပ်ကို အထူးပြုဆွေးနွေးညှိနှိုင်း၊ အသိပညာဖြန့်ဝေကြကြောင်းလည်း လေ့လာသိရှိရပါတယ်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ၂၁ ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ ညီလာခံ Cop 21 ကို မြန်မာနိုင်ငံက အစိုးရမှ စေလွှတ်သူများနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ အရပ်ဘက်အဖွဲ့အစည်းများက ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါတယ်။ ဒါ့အပြင် မီဒီယာတချို့မှလည်း သတင်းရယူဖို့ မီဒီယာသမားများ သွားရောက်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံက စွမ်းအင်မူဝါဒက ထုတ်ပြန်ကြေညာပြီးသားဖြစ်ပါတယ်။ မကြာသေးခင် ကလည်း မြန်မာနိုင်ငံရဲ့ လျှပ်စစ်စွမ်းအင် မဟာစီမံကိန်းဆိုင်ရာ စာတမ်းဖတ်ပွဲလုပ်ခဲ့တယ်။ Electric Master Plan မှာ တွေ့ရှိရတာက နောင်နောင် လာမယ့် ၂၀၃၀၊ ၂၀၃၅ ဆိုရင် လျှပ်စစ်ဓာတ်အားကို ကျောက်မီးသွေးကနေ ထုတ်လုပ်ဖို့ ရာခိုင်နှုန်းအတော်များများ စီစဉ်ထားကြောင်းဆိုတာပါပဲ။

Clean Energy သန့်ရှင်းသော စွမ်းအင်ဆိုတာ ကျောက်မီးသွေးက ထုတ်လုပ်တာမဟုတ်ဘူး။ ကျောက်မီးသွေးစွမ်းအင်ထုတ်လုပ်တဲ့ စက်ရုံတွေက ကမ္ဘာပေါ်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ကြတဲ့ အညစ်ညမ်းဆုံးသော နည်းပညာသုံးစက်ရုံတွေ ဖြစ်ပါတယ်။ အဲဒီ စက်ရုံတွေကြောင့် လေထု၊ ရေထု ညစ်ညမ်းပြီး အဆိပ်သင့်ကာ အခြားသဘာဝအရင်းအမြစ်တွေထက် ကာဗွန်ကို ပိုမိုထုတ်လုပ်ကြတဲ့ စက်ရုံတွေဖြစ်တာမို့ လူသားနဲ့ အခြားသတ္တဝါများအတွက် ကျန်းမာရေး ဆိုးဆိုးဝါးဝါး ထိခိုက်စရာကြုံတွေ့ရပါတယ်။ ကျောက်မီးသွေးက သေမင်းတမန်ပဲလို့တောင် တင်စားပြောဆိုနေကြပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

သန့်ရှင်းသော စွမ်းအင်အတွက် အခြားသော ပြန်ပြည့်ဖြူးမြဲ စွမ်းအင်များ မရရှိနိုင်တော့ပြီလားလို့ သုံးသပ်ရမှာပါ။ တကယ့်တကယ်ကတော့ မိမိနိုင်ငံ အနေအထား၊ လူဦးရေနဲ့ လျှပ်စစ်ဓာတ်အား လိုအပ်မှု ပမာဏများအရ ကျောက်မီးသွေးကနေ လျှပ်စစ်မီဂါဝပ်များ ထုတ်နေစရာမလိုပါဘူး။ ထို့အတူပဲ မြစ်ကြီးများပေါ်မှာ ဧရာမ ဆည်ကြီး၊ တမံကြီးများ ဆောက်လုပ်ဖို့လည်း မလိုအပ်ဘဲ အခြားနည်းပညာများဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်နေပြီ ဖြစ်ပါတယ်။

သန့်ရှင်းသောစွမ်းအင်အတွက် Sale နဲ့မီတာ မကြီးမားတဲ့ လုပ်ကိုင်ဆောင်ရွက်ခြင်းများနဲ့ မိမိတို့နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားကို ထုတ်ယူနိုင်ကြရပါလိမ့်မယ်။ အသေးနဲ့ အလတ်စား လျှပ်စစ်ဓာတ်အားထုတ်ယူနည်းများ၊ နေရောင်ခြည်မှ စွမ်းအင်ထုတ်ယူခြင်းနဲ့ ပြန်ပြည့်မြဲစွမ်းအင်များက သန့်ရှင်းသောစွမ်းအင်ရဲ့ အရင်းအမြစ်များဖြစ်ပါတယ်။ သန့်ရှင်းသော စွမ်းအင်မဟုတ်တဲ့စက်ရုံများ၊ ပရောဂျက်များကို ဒေသခံနဲ့ ပြည်သူများက ကန့်ကွက် ဆန့်ကျင်ကြရမှာဖြစ်သလို နိုင်ငံနဲ့အဝန်းမှာရှိကြတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများ အချင်းချင်းလည်း ကွန်ရက်ချိတ်ဆက်ထားရမှာပါ။ ဒါ့အပြင် ကိုယ့်အနီးအနားမှာ မသန့်ရှင်းတာကို မလုပ်မိကြဖို့ ကြိုးစားကြရမှာက လူတိုင်းရဲ့တာဝန်ပါပဲ။

အယ်ဒီတာ



www.burmeseclassic.com

www.burmeseclassic.com

(၁-၃-၂၀၁၆)ရက်နေ့ညနေပိုင်းတွင် တရုတ်ပြည်မကြီးမှ လေဖိအားများတောင်တန်း (Ridge) တစ်ခု ထိုးဝင်လာမှုကြောင့် မန္တလေးတိုင်း၊ မကွေးတိုင်း နှ. နေပြည်တော်တိုင်း အစပ်တွင် မိုးတိမ်တောင်များဖြစ်ပေါ်ခဲ့သည်.



Source: TMD



Ref: MCCW

မတ်လ(၁)ရက်မှစတင်ကာ မိုးတိမ်တောင်အွန္တရာယ် သတိထားရန်လိုအပ်

မတ်လ(၁)ရက်မှစတင်ကာ ဧပြီလ (၁၅)ရက် အထိကာလသည် ပူပြင်းခြောက်သွေ့သော နွေရာသီ ဖြစ်သောကြောင့် မြန်မာနိုင်ငံတဝှမ်းလုံးတွင် နေ့အပူချိန်များ တစ်နေ့ထက်တစ်နေ့ မြင့်တက်လာပြီး မွန်းလွဲနှင့် ညနေပိုင်းများတွင် မိုးတိမ်တောင်များ ဖြစ်လာတတ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

"များသောအားဖြင့် ရေငွေ့ပါရှိတဲ့လေတွေ မဝင်ရောက်သေးတဲ့အတွက် ရာသီဥတုဟာ ပူပြင်းခြောက်သွေ့လေ့ရှိပါတယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ ပြီးခဲ့တဲ့ရက်များအတွင်းကတည်းက မြန်မာနိုင်ငံအလယ်ပိုင်းကို ဘင်္ဂလားပင်လယ်အော်ဖက်မှ ရေငွေ့ပါတဲ့လေတွေ တိုးဝင်နေခဲ့တဲ့အတွက် မြန်မာနိုင်ငံအလယ်ပိုင်းလေထုထဲမှာ ရေငွေ့တွေပါရှိနေပါတယ်။ လွန်ခဲ့တဲ့ရက်တွေက တရုတ် ပြည်မကြီး အတွင်းက အရှေ့မြောက်လေအေးတွေဟာ လေဖိအားများတောင်တန်း (Ridge) တစ်ခုကြောင့် မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းကနေ တိုးဝင်လာခဲ့ပါတယ်။ ဒီအခါ ရေငွေ့ပါတဲ့လေနွေးတွေနဲ့ တိုးဝင်လာတဲ့လေအေးတွေ ထိတွေ့မိကြပြီး လေထုမငြိမ်မသက်ဖြစ်ကာ မိုးတိမ်တောင်တွေဖြစ်လာကြပါတယ်။ မကွေးတိုင်း၊ မန္တလေးတိုင်းနဲ့ နေပြည်တော်တိုင်း အစ်စပ်မှာ မတ်လ ၁ ရက် ညနေ(၆)နာရီခွဲမှာ မိုးတိမ်တောင်တွေဖြစ်လာတာကိုတွေ့ရပါတယ်" ဟု ဒေါက်တာထွန်းလွင်က ပြောသည်။

မိုးတိမ်တောင်များသည် ဧပြီလ(၁၅)ရက်နောက်ပိုင်းကာလများတွင် နေ့စဉ်လိုလိုဖြစ်တတ်ပြီး မိုးတိမ်တောင်များဖြစ်ပေါ်သည့်အခါ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ နေရာကွက်၍ မိုးကြီးခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်လေ့ရှိကြောင်း၊ အထူးသဖြင့် မွန်းလွဲ၊ ညနေပိုင်းများတွင် ဖြစ်ပေါ်တတ်သောကြောင့် အထူးသတိထားရန်လိုအပ်ကြောင်း သိရသည်။

News Wave

www.burmeseclassic.com

www.burmeseclassic.com

နွေရာသီတွင် ကျေးရွာပေါင်း၁၇၀၀ကျော် ရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်နိုင်

ပြီးခဲ့သည့်နှစ် နွေရာသီက မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးရွာပေါင်း ၄၆၄ ရွာတွင် ရေရှားပါးပြတ်လပ်မှုပြဿနာနှင့်ကြုံတွေ့ခဲ့ပြီး ယခုနှစ်တွင် ကျေးရွာပေါင်း ၁,၇၀၀ကျော် ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်နိုင်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်တွင် မိုးလေဝသပညာရှင်များက အယ်လ်နီညိုနှင့်ပတ်သက်သော သတိပေးချက်များကို စဉ်ဆက်မပြတ် ထုတ်ပြန်ပေးနေသကဲ့သို့ နိုင်ငံတော် အစိုးရကလည်း အယ်လ်နီညိုကြောင့် နွေရာသီတွင် သောက်သုံးရေ မပြတ်လပ်စေရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျှက်ရှိသည်။ ထို့သို့ဆောင်ရွက်နေစဉ်မှာပင် သောက်သုံးရေပြတ်လပ်မှုများကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သော မကွေးတိုင်းဒေသကြီး၊ မကွေး၊ ချောက်၊ ရေနံချောင်း၊ တောင်တွင်းကြီး၊ မင်းဘူး၊ စကု၊ စေတုတ္တရာမြို့နယ်များတွင်လည်းကောင်း၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် စတင်ကြုံတွေ့ နေကြရပြီဖြစ်သည်။

လက်ရှိတွင် သောက်သုံးရေအတွက် အရေးပေါ်အကူအညီပေးရန် ကျေးရွာပေါင်း ၁၀၀၀ နီးပါးက အကူအညီတောင်းထားကြောင်း၊ ရေအခက်အခဲကြုံတွေ့နေရသည့်ဒေသများအနက် ဧရာဝတီတိုင်းဒေသကြီးမှာ အဆိုးရွားဆုံးဖြစ်ပြီး ကျေးရွာ ၂၂၃ ရွာ၌ ရေပေးဝေနေရကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ကျေးရွာ ၁၁၃ ရွာ၊ ရှမ်းပြည်နယ်တွင် ကျေးရွာ ၉၈ ရွာ၊ ရခိုင်ပြည်နယ်တွင် ကျေးရွာ ၉၀ နှင့် မန္တလေးတိုင်းဒေသကြီးတွင် ကျေးရွာ ၇၅ ရွာဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

ယခုရက်ပိုင်းအတွင်း ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အပါအဝင် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားနှင့် ကချင်ပြည်နယ်တို့တွင် အချိန်အခါမဟုတ် မိုးရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသောကြောင့် မိုးရွာသွန်းပါက သောက်သုံးရေအတွက် မိုးရေခံပြီး အသုံးပြုနိုင်ရန် ပြင်ဆင်ထားသင့်ကြောင်း ကျွမ်းကျင်သူတို့က တိုက်တွန်း အကြံပြုပြောကြားထားသည်။

News Wave

www.burmeseclassic.com

www.burmeseclassic.com

၂၀၅၀ခုနှစ်တွင် ကမ္ဘာ့သမုဒ္ဒရာများ၌ ငါးထက် ပလတ်စတစ်အိတ်က ပိုများလာမည်

ကမ္ဘာ့လူသားများသည် အနေအထိုင်ကို မဆင်ခြင်ဘဲ ယခုအတိုင်းဆက်သွားနေကြမည် ဆိုပါက ၂၀၅၀ ခုနှစ်ရောက်သည့်အခါ ကမ္ဘာ့သမုဒ္ဒရာများထဲတွင် ငါးပမာဏထက် ပလတ်စတစ်အိတ်ပမာဏက ပိုများလာ လိမ့်မည်ဟု အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။ အဆိုပါအစီရင်ခံစာကို ဆွစ်ဇာလန်နိုင်ငံရှိ ဒါပြို့စ် နှင်းလျှောစီး အပန်းဖြေစခန်းပြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့စီးပွားရေး ဖိုရမ်တွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေသည့် ပလတ် စတစ်အိတ်များ၏ (၉၅) ရာခိုင်နှုန်းအထိသည် တစ်ကြိမ် သုံးပြီးသည်နှင့်လွှင့်ပစ်လိုက်ခြင်းဖြစ်ပြီး ငွေကြေးအားဖြင့် တစ်နှစ်လျှင် ဒေါ်လာဘီလီယံ(၈၀)မှသည် (၁၂၀) လောက် ထိကို စွန့်ပစ်လိုက်ရာရောက်နေကြောင်း သိရသည်။

လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ တစ်နှစ်ကို ပလတ် စတစ်အိတ် တန်ရှစ်သောင်းခန့် ပင်လယ်သမုဒ္ဒရာများထဲ ရောက်ရှိနေကြောင်း၊ တစ်မိနစ်လျှင် အမှိုက်ကားတစ်စီးစာ ပလတ်စတစ်အိတ်များ ပင်လယ်သမုဒ္ဒရာများထဲ စွန့်ပစ် နေခြင်းနှင့် ညီမျှသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကမ္ဘာ့အသိုင်းအဝိုင်းက ထိုကိစ္စကို အလေးအနက်ကိုင်တွယ် ခြင်းမရှိပါက ပလတ်စတစ်အိတ် အသုံးပြုမှုများ တိုးတက် လာပြီး ၂၀၃၀ ပြည့်နှစ်ရောက်သည့်အခါ တစ်မိနစ်ကို အမှိုက်ကား နှစ်စီးစာနှင့် ၂၀၅၀ ပြည့်နှစ် ရောက်သည့်အခါ အမှိုက်ကားလေးစီးစာထိ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

News Wave
Ref: AFP

www.burmeseclassic.com

www.burmeseclassic.com

ဗီယက်နမ်တွင် မိုးခေါင်ခြောက်သွေ့မှုအဆိုးဆုံးဖြစ်ပေါ်နေ

ဗီယက်နမ်သည် ရာစုနှစ်တစ် စုနီးပါးကာလ အတွင်း အဆိုးဆုံးမိုးခေါင်ခြောက်သွေ့မှုဒဏ်ကို ခံစားနေရပြီး မိုးခေါင်ခြောက်သွေ့မှုကြောင့် စိုက်ပျိုးမြေများ ဆားပေါက်ကုန်ကြောင်း အထူးသဖြင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ တောင်ပေါ်ဒေသရှိ စိုက်ပျိုးမြေများ ဆားပေါက်မှုအဆိုးဆုံးဖြစ်ကြောင်း မြေဆီလွှာကျွမ်းကျင်သူများက ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

"မဲခေါင်မြစ်ရေဟာ ၁၉၂၆ ခုနှစ်ကတည်းက အနိမ့်ဆုံးအထိလျော့နည်းကျဆင်းသွားတယ်။ ဒါကြောင့် အဆိုးဆုံး မိုးခေါင်ခြောက်သွေ့မှုနဲ့ စိုက်ပျိုးမြေတွေ ဆားပေါက်မှုဖြစ်နေတာပဲ" ဟု စိုက်ပျိုးရေးဝန်ကြီးဌာနမှ ဟိုက်ဒရောလစ်ဌာန ဒုတိယအကြီးအကဲ ငုယင်ဗန်တင်က ပြောသည်။

စိုက်ပျိုးရေးလုပ်ငန်း အကြီးအကျယ် ထွန်ယက်စိုက်ပျိုးရေးလုပ်ကိုင်သည့် မြေနိမ့် မဲခေါင်ဒေသသည် လူဦးရေ သန်း ၂၀ ကျော်နေထိုင်သောဒေသဖြစ်ပြီး ဗီယက်နမ်နိုင်ငံ၏ စပါးကျီဖြစ်သည်။ သို့သော် စိုက်ပျိုးရေးကို အကြီးအကျယ်လုပ်ကိုင်နေခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာနေခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် ဘူမိဗေဒပိုင်းဆိုင်ရာ အထိအခိုက် မခံနိုင်ဆုံးဒေသဖြစ်သည်။

ယခုနှစ် ဗီယက်နမ်တွင် ကြုံတွေ့နေရသည့် စံချိန်တင် မိုးခေါင်းခြောက်သွေ့မှုသည် ၂၀၁၅-၂၀၁၆ခုနှစ်တွင် အယ်လ်နီညိုရာသီဥတု ဆက်လက်ဖြစ်နေသောကြောင့်ဖြစ်သည်ဟု သိပ္ပံပညာရှင်များကပြောသည်။ ထိုကဲ့သို့ မိုးခေါင်ခြောက်သွေ့ပြီး ရေရှားပါးလာခြင်းသည် ဗီယက်နမ်နိုင်ငံမှာသာမက ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့မှာပါ စိုက်ပျိုးရေးကို ထိခိုက်စေနိုင်ကြောင်း သိရသည်။

News Wave (Ref: Bangkok Post)

www.burmeseclassic.com

www.burmeseclassic.com



ပစ်ပယ်ခံနေးပြည့်ကျော်

ရင်နှစ်ခြမ်းကွဲလို့ အသက်တစ်ခု စတေးပျောက်ကွယ်ပြီးမှ
ဟောဒီလောကပေါ်မှာ
တစ်ဘဝစာ ထိုးဖောက်ရှင်သန်ရ။

ကြည့်စမ်း ...
သံယောဇဉ်တွေကလည်း တစ်ရွက်ပြီးတစ်ရွက် ဝေဖြာလို့၊
တစ်ရိပ်ပြီးတစ်ရိပ် အေးမြလို့၊
မိသားစုတန်ဖိုးဟာ အဲဒီမှာ ဖူးပွင့်ကြတာပဲ။

လေကြီးမိုးကြီးများကျလာပြီဆို
တစ်ယောက်ကိုတစ်ယောက် မလွတ်တမ်း ယိမ်းထိုးနေလိုက်ကြ။

ပင်ပန်းလိုက်တာ။

ပေါက်ဖွားရရှိတဲ့ အခက်အလက်တို့ရယ်
မြေကြီးကို ငြိတွယ်လို့ မနေကြပါနဲ့လားကွယ်။

ဘုန်းပြည့်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ပစ်ခြင်းနည်းကောလို့ ရှိနိုဝါ

သောကြာနေ့ဟာ ညဝတ်အကျီဖြစ်တယ်။ ပြန့်ကျဲနေတဲ့
ခရုတွေကိုသနားလို့ ပင်လယ်တွေကို တဝှမ်းလှမ်း တက်နင်းပစ်လိုက်တယ်။
အမိုက်မှောင်ထဲ တိုးဝင်ဖို့ ရှုခင်းကောင်းကောင်း ပြတင်းပေါက်တွေ
လိုအပ်တာပဲလား။ သော့ပေးလိုက်တယ်။ ဘယ်ကိုဖွင့်ရမလဲ မပြောဘူး။
ဟင်းသီးဟင်းရွက်ထဲက ပိုးကောင်တွေရဲ့အက။ ယမန်နှစ်က တိုင်းထွာချက်
မျှားအရ ဤကမ္ဘာအား အပိုဒ်ခွဲလိုစိတ် ရှာရန် ရာနှုန်း ၆၀ ဖြစ်ပါသည်။

ဗုန်းခွက်ထဲ အဖေ့အနော်တကာ အရော်တကေးသတင်း
ကြားပြီးကတည်းက ဒီဆေးလိပ်ပြာ ဘယ်မှာ သွားခြွေရမလဲမသိတော့။
မိုးမျှော်စာအုပ်တွေထဲ ရှေ့ပြောင်းဝိဘတ်လေးတွေ ညပ်ကုန်တယ်။
ပလက်ဖောင်းပေါ် လှမ်းထားတဲ့ သောကြာတွေကို အခုမှ ရုပ်ဖြစ်တယ်။
မိုးစက်တစ်စက်နဲ့ တစ်စက်အကြား အကွာအဝေးက ၂.၄ ၈ တိတိ။
ဂျပန်က ဘီစကစ်ဟာ သာကေတမှာ လာချိုနေတယ်။ ဇာတ်အိမ်နာကျင်စေရန်
ကြမ်းခင်းကြွေပြားနှင့် ညီမလေးရဲ့ဆက်စပ်မှုယုတ္တိကို ရှာဖွေတင်ပြပါ။
ငှဲ့အိပ်ယာနိုင်ငံတော်ထဲ စောင်တွေ၊ ခေါင်းဆုံးတွေ

ကို လွတ်လပ်ခွင့်အပြည့်ပေးထားတယ်။ ငါမသိမ်းပိုက်ရသေးတဲ့ မီးဖိုချောင်
ပတ်ခွေနေတဲ့ မြွေစိမ်းမြီးခြောက်ကြီးကို ဘယ်အလဲတိုင်နဲ့ ထိုးကင်စားရမလဲ။
ကိုယ့်ကိုယ်ကိုယ် လူကုန်ကူးခြင်းဟာ တရားဝင်ဖြစ်ပြီးသား။
လှေကားက တက်လာတာ သော့ခလောက်ထဲ ထိုးစိုက်ဆင်းဖို့ပဲ။
ဆီပူလာလျှင် ဒယ်အိုးထဲ တီဗွီကို ထည့်ပါ။ စားချင်စဖွယ် နိုင်ငံတကာ
အသံတထောင်းထောင်း ထွက်လာတဲ့အထိ ၁၅ မိနစ်ခန့် စောင့်ပါ။
ကြိုးကြိုးကုပ်ကုပ် မီးအေးဖို့ ချိတ်တွေ ကွေးပေးနေရတယ်။
ခန်းဆီးတွေဟာ ဆွဲဆောင်မှုအရှိဆုံး အမှိုက်တွေပဲ။

ရှိနိုဝါ

www.burmeseclassic.com

www.burmeseclassic.com

ဘဝတွေကို ပုံအောလောင်းခဲ့တဲ့
ဘောလုံးအသင်းကတော့ အိမ်အပြန်
မလှဘူး။

မြို့ထဲထိုးဝင်လာတဲ့ ရထားက
ရသမျှဆွဲတင် ဝင်လိုက် ထွက်လိုက်
ရေမြေတောတောင်တို့ ခြစားနေပေါ့။
လရောင်တို့ ငါတို့ကိုယ်တွေပေါ်
တရိပ်ရိပ်။

မြောက်ဘက်အရပ်က ဝင်လာတဲ့ခြကောင်တွေ
နေ့မအားညမနား ကိုက်ဖဲ့နေတာ
မြင်ရ။
ထူထဲထဲ အလွှာတွေနဲ့ ကောင်းကင်အို
ကြီးအောက်
ကောက်ပင်ညိုမြတွေ ဘယ်မိုးခမလဲ။

နေထက်နိုင်



လရောင်တွေ
ငါတို့ကိုယ်တွေပေါ် တရိပ်ရိပ်ကျနေတယ်
ထမ်းပိုးကူမမည့်လူ မလိုဘူး
ပြောရေးဆိုခွင့် မလိုဘူး။
သွားဖို့နဲ့၊ ပြောဖို့သာလိုရဲ့။

အားလုံးထဲ အားလုံး စွမ်းသူချည့်
အားလုံးထဲ တချို့ ခရိုနီ၊ ခရိုနက်
အားလုံးထဲ တချို့ သစ္စာဖောက်
လက်ပါးစေ ...။

အားလုံးထဲ တချို့ နိုင်ငံရေးနဲ့ရှိသူတွေကို
ရှောင်ကွင်းသွားသူတွေ
အခုတော့ ခါတော်မီ ပိတောက်ပန်းတွေ ဝါဝါရွှေရွှေ။
အခုရောက်နေတာက
သောင်မတင် ရေမကျ
အိမ်ခြံမြေဈေးကွက်တွေက မိုးမျှော်
တိုက်တွေလို လိုက်မြင့်။

www.burmeseclassic.com

www.burmeseclassic.com

မယောင်းမြေ အကြောင်းနဲ့

စိုက်ပျိုးမှုတွေ ရိတ်သိမ်းထားချိန်
လေလွင့်ရွက်ကြွေချာချာလည်
မွှေသမျှလေပူငွေ့တွေ ခပ်ရိုင်းရိုင်းတိုးဝှေ့
ကွင်းထက်မှာ တချက်ချက်လှုပ်ခတ်သွားဆဲ
ရိုးတံခက်လက်ကြွပ်ရှနေမယ့်
ရွက်ကြွေတောထဲ
သားရဲတွေကျက်စားလှည့်လည်။

နေရှိန်ပူပူအောက်မှာ
အခိုးချောင်းချောင်း ဒေါသတွေနဲ့
ဘယ်သူတွေက ငုံ့ကိုတွန်းပို့တာလဲ
ဒေါသအလျောက် ကမ်းပါးနက်ထဲခုန်ချစေတာ
ရင်ထဲ တလျှပ်လျှပ်
'ဆွေ' ဆိုကြောက်နေစေမယ့်
ဒီမှာရောက်ရပြန်ပြီ။

ပြာမွှဲမွှဲစည်းရိုးတွေ
ကန္တာရဆူးပင်ပြန့်ပြန့်ဖုန်မှုန့်တွေ
ဒလိမ့်ခေါက်ကွေးကတဲ့
ရာသီရင့်ရင့်တွေ
အိုမင်းခြင်းတွေဆီခေါ်နေပြီ
အမှတ်သင်ညာတွေ ရှေ့မဆက်ချင်လောက်အောင်
နောက်ကြောင်းပြန်ရမယ့်ဇာတ်ဝင်ခန်းတွေဆီ။

အင်ကြင်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာမီးလောင်
လူတစ်စုတော်
ညိုဦးလွင်



အတိတ်ကို သစ္စာမဖောက်ဘူးဆိုရင်
ငယ်ငယ်တုန်းက တောစပ်နားဆီပြန်သွား
နေပြောက်မထိုးဘူး
စိတ်ခေါ်ရာဆီ ...ပွေးတောင် ...
ဘီတီဘရားသားကော်ဖီခြဲကို ...
အရောက်သွား ...စိမ်းညို့လို့
အစိမ်းရောင်တော ...လူကိုညို့ထားတယ်
ကာလကြာလည်း မျက်စိထဲကမထွက်ဘူး။
ကလေးတွေက ဝမ်းမီးတောက်လို့
ထင်းခွေပြန်လာကြ ...
လမ်းလျှောက်လာတဲ့လူကြီးနဲ့ တည့်တည့်တိုးတယ်
ကျွန်းပင်မပြောနဲ့ ...
ကွမ်းရွက်တောင် နားမပန်ရဘူးတဲ့ ...။
မြောက်လာတဲ့စကားတွေ ...ဖမ်းဆုပ်ကြည့်လိုက်မိ
အလွမ်းတွေတောင် နှစ်ချို့ဖြစ်လို့
အမွေးအတောင်စုံလောက်ပြီ
စိတ်က ပြည်တော်သာရောက်သွားတယ်။

လူတစ်ကိုယ် ...ကားတစ်စီး။
တိုက်တစ်လုံး ...ဝင်ငွေတစ်ထောင်
သာယာဝပြော ...ပြည်တော်သာရမယ် ...
မှန်ဝါးသွားတဲ့အတိတ်ပန်းချီကား
အသက်ပြန်သွင်းတယ်
နှစ်ပေါင်းခြောက်ဆယ်ကျော်လာတဲ့အခါ
ဆင်းရဲမွဲတေ ပမျောက်ရေး ထ 'ထ' အော်တယ် ...
သူ ...ပြန်လာပြီး ဘဝတွေစိုပြည်ခဲ့ကြပါသလား ...
သစ်ပင်တွေ ...စိုက်သူမရှိ ...ခုတ်သူခုတ်မြဲ
စိမ်းလန်းဖို့ မစဉ်းစားကြဘူး..
သည်းမခံနိုင်တဲ့ မြေကြီးက ခေါင်းထောင်လာတယ်
ခရမ်းလွန်ရောင်ခြည်လာပြီ ...
ခရမ်းသီးပေါင်မုန့်စားမလား
ခရမ်းသီးကို ချက်စားမလား
ကြိုက်ရာရွေးချယ် ...။
လူတွေ ကိုယ်ရည်သွေး မစိမ်းလန်းကြဘူးဆိုရင် ...။
ရှင်လျက်နဲ့သေ
တစ်တောလုံးကြွေ။
အတ္တမဲ့ အလင်းရှာနေတဲ့ငှက်တစ်ကောင်
ဘယ်ဆီကိုရောက်နေပြီလဲ မသိတော့။

ညိုဦးလွင်

www.burmeseclassic.com

www.burmeseclassic.com



ပြေလေမနုဿီးများ ချစ်ထွန်း

နံနက်ခင်း တစ်ခုနဲ့တစ်ခုကြား
ကာလအလျားက ကွက်တိပါပဲ
အထစ်အငေါ့ဟာ ကြေးကြီးသော်ငြား
ကိုယ်လက်လှုပ်ရှား အားကစားရဲ့အကွေးအဆန့်မျှသာ။

မရပ်ဖူးစကြဝဠာကြီးက
ငါတို့ကြယ်စုကြီးက
အလဲတလှည့် လှုစုလှုဝေး
အသံတဝေါဝေါပွင့်။

အင်အားဖြင့်ယန္တရားကြီးရဲ့
ခွေးသွားစိပ်တွေကြား
ညပ်ဝင်သေဆုံးသွားသလိုမျိုး။

အသက်ကိုချွတ်ချ ပန်းဝင်ကြတဲ့အခါ
ရာဇဝင်ဆိုတာ အကြာကြီးတင်ကျန်တဲ့အရိပ်စစ်
ပြေးကြ
ဒရောသောပါးကြီးလား
ပြေးချင်သလိုပြေးကြစမ်း
ကိုယ့်ဇာတ်ဝင်ခန်းမှာ ကိုယ်ဟာဇာတ်လိုက်ပဲ။

ချစ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

ငါတို့ကို မိခင်တွေက ခေါ်ဆောင်လာတယ်
ဒီလောကကြီးထဲ ၁၀ မိနစ်တိုင်း ရောက်လာသူတစ်ယောက်
သေချာလား ဒီကမ္ဘာမှာ ငါတို့နိုင်ငံရှိတယ်
ငါ့ ချက်ကြိုးကို ပြန်ဖော်ရင် ရနိုင်သေးတယ်
အမေ ...ဒီကမ္ဘာဟာ သားတို့နိုင်ငံလား
ပြောလေ ...
ဘယ်သူ့ကို အဖေခေါ်ရမှာလဲအမေ
ဘယ်နိုင်ငံလဲ သားတို့နိုင်ငံ
သားတို့အလယ်ဟာ ဘယ်အလယ်လဲ
ပြောလေ
ဘုရားသခင်ဆိုတာ ရှိသေးရဲ့လား
သူက တူတူပုန်းတမ်းကစားတတ်သလား
အမေ သားအဖေဘယ်မှာလဲ ဘယ်သူလဲ
ပြောလေ
အမေ့မျက်ဝန်းထဲ မျက်ရည်တွေက အဖြေလား
မိသားစုဆိုတာ သမုဒ္ဒရာထဲမြုပ်သွားတဲ့ သင်္ဘောလား
အနာဂတ်က ပျက်ကျသွားတဲ့ လေယာဉ်ပျံလား
အခု ...ဒုက္ခသည်စခန်းကလူတွေ သားတို့ အမျိုးတွေလား
လောလောလတ်လတ်အခြေအနေက မြင်တဲ့အတိုင်းပဲ
ဗုံးစတွေလို တစ်စစီလွင့်စင်သွားတဲ့ အသားတစ်တွေ
ဖုန်အလိမ်းလိမ်းနဲ့ ဖရိုဖရဲ တိုက်ပျက်ကြီးတွေ
ပုံဖော်လို့မရတော့တဲ့ အုတ်ခဲပုံကြီးတွေ
သားတို့နိုင်ငံ ပေါက်ကွဲသွားပြီလား
အမေ ...
ခုထိ သားမေးခွန်းတွေကို မဖြေသေးဘူး

နေစိမ့်



www.burmeseclassic.com

www.burmeseclassic.com

မခြင်းနှင့် ရဲတင်းသံ

"မီးသွေးခဲမို့ မဲသကို
ဒို့ကျောင်းသားမို့ ရဲသကို"
ကမျာကို ဒီလို စတင်မယ်ဆိုရင်
ဌက်နှစ်ကောင်ကို ခဲတစ်လုံးထဲနဲ့ ပစ်လို့ရပြီ
ကျောင်းသားတွေရဲ့ ဂုဏ်ရောင်ပြောင်တဲ့ ချီတက်ပွဲအကြောင်းလည်း မပြောမဖြစ်
သန့်ရှင်းတဲ့ ကျောက်မီးသွေးစွမ်းဆိုတဲ့ ဝါဒဖြန့်မှုကြီးအကြောင်းကလည်း မပြောမဖြစ်
ဩော် ... သန့်ရှင်းသော အစိုးရဆိုတဲ့ အပြောတစ်မျိုး အလုပ်တစ်ဖုံက ရှေ့ကသွားထားတော့
တကယ်သန့်တဲ့ ဓာတ်ငွေ့တွေကို ရှင်းရှင်းလင်းလင်း ရောင်းစားပြီးတော့
အငြင်းပွားစရာတွေ အသေအချာရှိတဲ့ ကျောက်မီးသွေးတွေနဲ့
ငါတို့အတွက် ရှုပ်ရှုပ်ထွေးထွေး ဓာတ်မီးမွှေးပေးမယ်ဆိုတာ
အကြံအစည်တစ်ခုမက ရှိနေရမယ့်ကိစ္စပဲ
ဒီကိစ္စတွေကို ခွေးလှေးပျားတောအနံ့ဆိုသလို သူတို့ ဖြန့်ကြဲထားလိုက်ကြ
ဟောဒီမှာ ... နေရာဒေသတွေ၊ အမည်နာမတွေ
ကွမ်းခြဲကုန်း၊ ကလေးဝ၊ ကျောက်တန်း၊ ကျိုင်းတုံ၊ သီလဝါ၊
ထန်းတပင်၊ ငရုတ်ကောင်း၊ မြိတ်၊ ဘုတ်ပြင်း၊ ရေး
တချို့နေရာတွေမှာ လူထုပြည်သူနဲ့ တက်ကြွလှုပ်ရှားသူတွေက ဟန့်တားထားနိုင်သလိုလို
တချို့နေရာတွေမှာ ဆင်ကြံကြံနေသူတွေဟာ ဆင်ဟန်နဲ့ နောက်တစ်လှမ်းဆုတ်သလိုလို
လက်နက်ဆို အပ်တိုတစ်စမရှိတဲ့ ကျောင်းသားတွေကို ရိုက်နှက်အကြမ်းဖက်ဖမ်းတဲ့အတိုင်း
ပညာဆို စာတိုတစ်စ မရတဲ့ဒေသတွေမှာ
ကျောက်မီးသွေးစက်ရုံတွေဟာ မစားရဝခမန်း နိမိတ်အာရုံတွေနဲ့ ဝိုင်း
ကိုင်း ... သမိုင်းတစ်စ မရိုင်းရအောင် သိုင်းကြဆိုင်းကြမယ်ဆိုရင်ဖြင့်
မီးသွေးခဲအမဲဟာ ရလဒ်ဖြူမလာတဲ့အကြောင်း
ဒို့ကျောင်းသားရဲမှသာ ပွဲရမှာ သေချာတဲ့အကြောင်း
လည်းကောင်းဆောင်ပုဒ်ကို အကောင်းဆောင်သမုတ်ဖို့ ဆုပ်ကိုင်ထားကြစေခလို
"ဒို့ကျောင်းသားမို့ ရဲသကို
မီးသွေးခဲမို့ မဲသကို"

မောင်လင်းရိပ် (ဖေဖော်ဝါရီ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာလုံးဆိုင်ရာပူနွေးမှု ရာသီဥတုပြောင်းလဲမှုနှင့် မြန်မာနိုင်ငံ လုပ်ဆောင်ရမည့်ကဏ္ဍ

ဦးအုန်း– ဒုဥက္ကဋ္ဌ (FREDA)

ကောက်နုတ်ချက်

ဒီစာတမ်းမှာ ရေခဲတောင်များ၊ ရေခဲမြစ်များ အရည်ပျော်ကျလာမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းရဲ့မှတ်ချက်ကို တင်ပြထားပါသည်။ သူက ရုပ်ကြွင်းလောင်စာတွေနဲ့ ဖန်လုံအိမ်ဓာတ်ငွေ့တွေရဲ့ အန္တရာယ်ကြီးပုံနဲ့ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွေက အကြံပြုလာတဲ့အတိုင်း စိမ်းလန်းတဲ့ဖွံ့ဖြိုးမှုဆီ ကူးပြောင်းဖို့ ထပ်လောင်းသတိပေးထားပါသည်။

ဤစာတမ်းက ကမ္ဘာလုံးဆိုင်ရာ CO_2 တွေ စုစည်းမှုတိုးမြင့်လာရတဲ့အကြောင်းနဲ့ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်တဲ့အန္တရာယ်တွေကို အလေးထားတင်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com

အသက်မွေးမှု၊ ကျန်းမာရေး၊ ရေအရင်းအမြစ်များ၊ စိုက်ပျိုးရေးဆိုင်ရာထုတ်လုပ်မှု၊ အစားအစာဖူလုံရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းတွေအပေါ် ဖြစ်လာနိုင်တဲ့ အကျိုးသက်ရောက်မှုတွေကိုလည်း အသေးစိတ်ရှင်းပြထားပါသည်။ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်ဖွံ့ဖြိုးမှု၏အဓိပ္ပာယ်ကို အလေးပေးထားသည်။

ကာဗွန်ဒိုင်အောက်ဆိုက်တွေကို စုပ်ယူထိန်းသိမ်းခြင်းအတွက် မြန်မာ့သဘာဝတောတွေရဲ့ အခန်းကဏ္ဍကို အလေးပေးထားပြီး နှစ်စဉ်ထိန်းသိမ်းနိုင်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏကို တွက်ချက်ကာ အပင်တွေပြန်လည်စိုက်ပျိုးခြင်းထက် ရှိပြီးသားသဘာဝသစ်တောများကို ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချသင့်ကြောင်း အကြံပေးရင်း စာတမ်းကို နိဂုံးချုပ်ထားပါသည်။ In- Situ Conservation NOT Ex-Situ Conservation တို့က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာပူနွေးလာမှုကို လျှော့ချခြင်းတို့အတွက် အဓိကအချက်များဖြစ်ကြသည်ဟု အဆိုပြုထားပါသည်။

၁။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း‌က သူသည် (၈၇) ကီလိုမီတာအရှည်ရှိသော လာဆင်ရေခဲတောင်ကြီး ထက်ပိုင်းကျိုးကာ ရက်သတ္တပတ် (၃) ပတ်အတွင်း ပျောက်ကွယ်သွားသည်ကို သိခဲ့ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။ အကယ်၍ အနောက်အန္တာတိတ် ရေခဲပြင်တစ်ခုလုံး ဒီပုံစံအတိုင်း အရည်ပျော်သွားပါက ပင်လယ်ရေအမြင့်မှာ (၆ မီတာ) (၁၉ ပေ) အထိ မြင့်တက် လာမည်ဖြစ်သည်။ တိဘက်ကုန်းပြင်မြင့်ရှိ ရေခဲမြစ်များ အရည်ပျော်ကုန်လျှင် အရှေ့တောင်အာရှရှိ အဓိကမြစ်ကြီး (၄) ခု ခြောက်ခမ်းသွားမည်ဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသော သက်ရှိများ မျိုးသုဉ်းသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့ဘဝအတွင်း နေထိုင်မှုပုံစံကို သိသိသာသာ ပြောင်းလဲမှုမလုပ်လျှင် ၂၀၀၈ ခုနှစ်နှင့် နောက်ပိုင်းတွင် ယခုလူငယ်ဖြစ်နေသူများ ကျွန်ုပ်တို့ အရွယ်ရောက်လာလျှင် ကမ္ဘာကြီးမှာ နေချင်စဖွယ်မရှိသော နေရာကြီးဖြစ်နေမည် ဖြစ်သည်။

သူက "ကျွန်တော်တို့ကမ္ဘာကြီးက ရုပ်ကြွင်းလောင်စာတွေရဲ့ဆွဲဆောင်မှုကို အန္တရာယ်ကြီးကြီးနဲ့ ခွဲလမ်းနေတဲ့ အခြေအနေရောက်နေပါတယ်" ဟုလည်း ပြောခဲ့သည်။ ဒီလိုစွဲလမ်းနေခြင်းကလည်း ကျွန်ုပ်တို့အတွက် အဆန်းမဟုတ်ပေ။ ကျောက်မီးသွေးနှင့်ရေနံတို့မှာ ကမ္ဘာ့စက်မှုဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုနည်းလမ်းများ အတွက် လမ်းခင်းပေးထားပြီး ဒီနေ့ခေတ်လူတချို့ ကြေကွဲနှစ်သက်နေကြတဲ့ ကြီးပွားချမ်းသာ ဇိမ်ကျမှုတွေအတွက်လည်း အခြေခံဖြစ်နေပေသည်။ သို့သော်လည်း အဆိုပါရုပ်ကြွင်းလောင်စာများကို စွဲလမ်းခြင်းသည် နောက်မျိုးဆက်များအတွက် ကြီးပွားချမ်းသာဇိမ်ကျမှုများ ဆက်လက်ပေးစွမ်းနိုင်တော့မည်မဟုတ်ပေ။ သဘာဝမိခင်၏ လက်ဆောင်ရုပ်ကြွင်းလောင်စာများမှာ သင်တို့လက်ထက်ရောက်လျှင် ကုန်သလောက်ဖြစ်သွားမည် ဖြစ်သည်။

ဒါကြောင့် သင်တို့မျိုးဆက်အတွက် အခြားလောင်စာအရင်းအမြစ်များကို ရှာဖွေရန်ကိစ္စကို အမြန်ဆုံးဆောင်ရွက်ရတော့မည်ဖြစ်သည်။ စိမ်းလန်းသောစီးပွားရေးသို့ ကူးပြောင်းခြင်းကဲ့သို့သော မှန်ကန်စွာကိုင်တွယ်ဖြေရှင်းမှုများက သင်တို့အတွက် အလွန်အကျိုးများနိုင်မည်ဖြစ်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့များ လုံးဝထုတ်လွှတ်မှုမရှိသည့်စွမ်းအင် အပေါ်တွင် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများမှာ UN ကခန့်မှန်းချက်အရ ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၉ ထရီလီယံ ရှိလာမည်ဖြစ်ရာ စိမ်းလန်းသော ဖွံ့ဖြိုးစေခြင်းက အလုပ်အကိုင်ပေါင်းများစွာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုများက ကမ္ဘာလုံးဆိုင်ရာ စက်မှုလုပ်ငန်း ပြန်လည်ဖွဲ့စည်းရန် ငွေပင်ငွေရင်းဖြစ်သည်။

၂။ ဘာကြောင့် အပူချိန်မြင့်မားလာသလဲ။

ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များကဲ့သို့ ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းသွားသောအခါ ဖန်လုံအိမ်ဓာတ်ငွေ့များထွက်ပေါ်လာသည်။ ၁၈ ရာစုအလယ်ကတည်းက စက်မှုလုပ်ငန်းများ တိုးတက်လာခဲ့ခြင်းက မီသိန်းနှင့် နိုက်ထရက်စ်အောက်ဆိုက်များ ရောနှောပြီး ကာဗွန်ဒိုင်အောက်ဆိုက်များ အရှိန်ဖြင့် ဖွဲ့တည်လာရသည့် အကြောင်းရင်းဖြစ်ခဲ့သည်။ အဆိုပါဓာတ်ငွေ့များက လေထုထဲတွင် အလွှာတစ်ခုအဖြစ် ဖွဲ့စည်းသွားပြီး အပူငွေ့ကို တားဆီးထားသည်။ ထိုအစားပူနွေးမှုက ကမ္ဘာမြေပြင်ဆီသို့ ပြန်လာကာ အပူချိန်မြင့်တက်ခြင်းကို ဖြစ်ပေါ်စေသည်။ လက်ရှိပူနွေးမှုအများစု

www.burmeseclassic.com

www.burmeseclassic.com

အတွက် ဖြစ်နိုင်ခြေ ၉၀ %က လူတို့၏လုပ်ဆောင်မှုများမှထွက်ပေါ်လာသည့် ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် ဖြစ်သည်ဟု သိပ္ပံပညာရှင်များက လက်ခံထားကြသည်။

၃။ 2°Cက ဘာကြောင့်ဖြစ်ရလဲ။

အခြေအနေက ကပ်ဘေးကြီးတစ်ခု ဖြစ်မလာခင် အပူချိန်မှာ အတိအကျ မည်မျှအထိ မြင့်တက်လာမည်ဆိုတာနဲ့ပတ်သက်ပြီး အငြင်းပွားမှုများက ဆက်လက်ဖြစ်ပွားနေသည်။ HPR- Human Prograss Report အရ ကျွန်ုပ်တို့တွေ့ဒုက္ခရောက်စေမည့် ရာသီဥတုပြောင်းလဲမှုများကို ရှောင်ရှားလိုသောဆန္ဒရှိလျှင် pre- industrial အဆင့်ထက် အပူချိန် 2°C ထက်ပို၍ မြင့်တက်လာခြင်းကို ခွင့်ပြု၍မဖြစ်နိုင်တော့ပေ။ ဆိုလိုတာက ကျွန်တော်တို့သည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်အဆင့်ကို 450 ppm (Parts per million) တွင် တည်ငြိမ်အောင်ပြုလုပ်ရမည်ဖြစ်သည်။

၄။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ကမ္ဘာလုံးဆိုင်ရာတိုးမြင့်လာခြင်းမှာ အဓိကအားဖြင့် ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုနှင့် မြေယာအသုံးပြုမှု ပြောင်းလဲလာခြင်းတို့ကြောင့်ဖြစ်ပြီး မီသိန်းနှင့် နိုက်ထရက်စ်အောက်ဆိုက်များ တိုးပွားလာရခြင်းမှာ အဓိကအားဖြင့် စိုက်ပျိုးရေးကြောင့် ဖြစ်သည်။ ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်စုစည်းလာခြင်းသည် ၂၀၀၅ ခုနှစ်တွင် pre-industrial တန်ဖိုးဖြစ်သည့် 280 ppm မှ 390 ppm အထိ တိုးမြင့်လာခဲ့သည်။ ကမ္ဘာ့လေထုအတွင်း မီသိန်းဓာတ်ငွေ့များ စုစည်း လာခြင်းသည်လည်း ၁၉၉၀ ခုနှစ် အစောပိုင်းကာလများတွင် per- industrial တန်ဖိုးဖြစ်သည့် 715 ppbမှ 1732 ppb (parts per billion) အထိနှင့် ၂၀၀၅ ခုနှစ်တွင် 1774 ppb အထိ တိုးမြင့်လာခဲ့သည်။ ကမ္ဘာ့လေထုအတွင်း နိုက်ထရက်စ်ဓာတ်ငွေ့စုစည်းလာခြင်းသည် ၂၀၀၅ တွင် pre- industrial အဆင့်တန်ဖိုး 270 ppb မှ 319 ppb အထိ တိုးမြင့်လာခဲ့သည်။ နိုက်ထရက်စ်အောက်ဆိုက်များ ထုတ်လုပ်မှု၏ သုံးပုံတစ်ပုံကျော်ခန့်သည် လူသားတို့ကြောင့်ဖြစ်ပြီး အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကြောင့်ဖြစ်သည်။

၅။ ရာသီဥတုပြောင်းလဲမှုစနစ်

ကမ္ဘာ့ပျမ်းမျှလေထုနှင့် သမုဒ္ဒရာအပူချိန်များ တိုးမြင့်လာမှု၊ နှင်းနှင့် ရေခဲများ ကျယ်ပြန့်စွာ အရည်ပျော်လာမှု၊ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာမှုတို့ကို လေ့လာကြည့်လျှင် အထင်အရှားသိနိုင်လာသဖြင့် ရာသီဥတုများ ပြောင်းလဲမှုက မြင်သာလာသည်။

အရေးပေါ် ပူးပေါင်းဖြေရှင်းမှုများ မရှိလျှင် ကျွန်ုပ်တို့ ရှောင်မလွတ်နိုင်သည့် ကိစ္စရပ်ကြီး (၅) ခုပေါ် ပေါက်လာမည်ဖြစ်သည်။

(က) ကမ္ဘာ့ကမ်းရိုးတန်းတွေဟာ ပြင်းထန်တဲ့မုန်တိုင်းတွေ၊ ဆိုက်ကလုန်းတွေနဲ့ ရေကြီးမှုတွေတိုးပွားလာမှုကို ရင်ဆိုင်နေရပြီး ကမ်းရိုးတန်းဒေသတွေဟာ ရေလွှမ်းမိုးမှုကြောင့် လူသန်းပေါင်းများစွာ နေရာရွှေ့ပြောင်းနေရမည်။

(ခ) ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းမှ ပင်လယ်ရေငန်များ ကျူးကျော်ဝင်ရောက်ခြင်းကြောင့် ရေချိုရရှိနိုင်မှုနှင့် အရည်အသွေးကို ထိခိုက်စေနိုင်ပြီး ကမ္ဘာကြီးတွင် လက်ရှိရင်ဆိုင်နေရသော အခက်အခဲများကို ပိုမိုဆိုးရွားစေမည်။

(ဂ) ပိုမိုပူနွေးသည့် အခြေအနေက သစ်တောများ၊ ရေတိမ်ဒေသများနှင့် စားကျက်များကို ပြောင်းလဲစေပြီး ကမ္ဘာ့ဂေဟစနစ်ပျက်စီးမှုကို ပိုမိုဆိုးရွားစေနိုင်ပြီး နောက်ဆယ်စုနှစ်များအတွင်း နို့တိုက်သတ္တဝါ ၂၅% နှင့် ငှက် ၁၂% ခန့် မျိုးတုံးပျောက်ကွယ်သွားနိုင်သည်။

(ဃ) စိုက်ပျိုးမြေများနေရာရွှေ့ပြောင်းခြင်းနှင့် ကန္တာရဖြစ်ထွန်းလာမှုတို့ကြောင့် မြေကေမျာစွာသည် သီးနှံများ စိုက်ရန်နှင့် စားကျက်များအတွက် အဆင်မပြေဖြစ်လာမည်။

(င) ပိုမိုပူနွေးစိုစွတ်လာသော အခြေအနေများက ငှက်ဖျားရောဂါနှင့် အသားဝါရောဂါတို့ကဲ့သို့ ရောဂါမျိုးသစ်ပေါင်းများစွာ ပျံ့နှံ့မှုအရှိန်ကို မြင့်တက်လာနိုင်သည်။

၆။ ဒါကြောင့် ရာသီဥတုပြောင်းလဲမှုတွေက အမှန်တရားဖြစ်နေပြီး ကျွန်တော်တို့မျိုးဆက်အတွက် ရင်ဆိုင်စရာအကြီးဆုံးစိန်ခေါ်မှုဖြစ်နေပါတယ်။ ကျွန်တော်တို့လက်ထက်မှာ လူ့ဖွံ့ဖြိုးမှုကို အကြီးကျယ်ဆုံး ခြိမ်းခြောက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com

အရာလည်း ဖြစ်နေပါတယ်။ ဖွံ့ဖြိုးမှုအတွက် ရည်ရွယ်ချက်က လူတွေ ကြာရှည်နှစ်သက်ခံစားဖို့၊ ကျန်းမာဖို့နဲ့ အရေးပါတဲ့ဘဝတွေအတွက် ကောင်းမွန်တဲ့ပတ်ဝန်းကျင်ကို ဖန်တီးဖို့ဖြစ်ပါတယ်။ အရင်တုန်းက ဖွံ့ဖြိုးမှုဆိုတာကို စီးပွားရေးနဲ့ပဲ တိုင်းတာပေမဲ့ လူသားဖွံ့ဖြိုးမှုဆိုတဲ့ သဘောတရားမှာ ဘဏ္ဍာရေးအခြေအနေ စာရင်းဇယားတွေထက် အများကြီးပိုတာတွေ ရှိနေပါသည်။ အာဟာရပြည့်စုံရေး၊ ပညာရေးနဲ့ ဘဝနေထိုင်မှုစံနှုန်း ကောင်းမွန်မှုတွေ အားလုံးက လက်ရှိအချိန်ရဲ့ ဘဝအမြင်အတွက် အရေးပါနေပြီ ဖြစ်သည်။

၇။ အပူချိန်ဆက်လက်မြင့်တက်လာခြင်းက မိုးခေါင်မှု၊ ရေကြီးမှုနှင့် ပြင်းထန်သော အပူပိုင်းမုန်တိုင်းများဖြစ်ပေါ်ခြင်းရဲ့ အကြောင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်နှင့် ဗီယက်နမ်တို့တွင် လူအများ နေရာရွှေ့ပြောင်းရနိုင်ပြီး ကျွန်းနိုင်ငံငယ်လေးများမှာ ပင်လယ်အောက် လုံးဝနစ်မြုပ်သွားနိုင်ပေမည်။ ကျွန်ုပ်တို့၏ လက်ရှိနေထိုင်မှုပုံစံကို ၂၀၀၈ အတွင်း မပြောင်းလဲနိုင်လျှင် ကမ္ဘာနှင့်အဝှမ်းလူသန်းပေါင်း ၆၀၀ (လက်ရှိကမ္ဘာ့လူဦးရေ၏ ၉%) သည် အာဟာရမပြည့်ဝခြင်းကို ရင်ဆိုင်ကြုံတွေ့ရနိုင်ပြီး လူ ၁. ၈ ဘီလျံ (တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံပေါင်းလူဦးရေ ထက်ပိုသည်) ခန့်သည် သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့ရနိုင်သည်။ ကမ္ဘာလုံးဆိုင်ရာအသိုက်အဝန်းတစ်ခုအနေနှင့် ကျွန်ုပ်တို့သည် ရေရှည်တည်တံ့နိုင်သော ကာဗွန်ဘတ်ဂျတ်အတွင်း နေထိုင်ရပေမည်။ လက်ရှိအချိန်တွင် ကျွန်ုပ်တို့သည် ယင်းဘတ်ဂျက်ထက် ပို၍ပင်သုံးစွဲပစ်နေပြီး အနာဂတ်မျိုးဆက်များထံမှ သဘာဝဂေဟာအရင်းအမြစ်များကို ချေးငှားနေရပေသည်။ "ကျွန်ုပ်တို့သည် ကမ္ဘာကြီးကို ဘိုးဘွားများထံမှာ အမွေရခဲ့ခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့၏ ကလေးများထံမှ ချေးငှားနေရခြင်းဖြစ်သည်" ဟူသော အမေရိကန်အင်ဒီယန်းစကားပုံတစ်ခုရှိသည်။

၈။ ကျွန်ုပ်တို့သည် ၂၁ ရာစု ကပြောင်းကပြန်ဖြစ်ခြင်းများနှင့် အနာဂတ်မျိုးဆက်အတွက် ကပ်ဘေးဖြစ်စေနိုင်တဲ့ စွန့်စားမှုတွေကို ကျွန်ုပ်တို့သာ ချက်ချင်း အရေးတယူဖြေရှင်းမှုလုပ်မယ်ဆိုရင် ရှောင်ရှားနိုင်ပါတယ်။ ယနေ့လုပ်ဆောင်မှုနှင့် မနက်ဖြန်ရလဒ်များအကြား အချိန်နောက်ကျမှုများ တော့ ရှိနေပါသည်။ ၂၀၀၈ ခုနှစ်မှာ ကျွန်ုပ်တို့ လေထုထဲသို့ ထုတ်လွှတ်လိုက်သည့် ဖန်လုံအိမ်ဓာတ်ငွေ့များသည် ၂၁၀၈ ခုနှစ်အလွန်ကာလအထိ လေထုထဲတွင်ရှိနေမည်ဖြစ်ပြီး ယင်းသို့ လေထုအတွင်းထုတ်လွှတ်မှုများကို ကျွန်ုပ်တို့ ချက်ချင်းလုပ်ဆောင်မည်ဆိုလျှင်တောင် သက္ကရာဇ် ၂၀၃၀ ခုနှစ်အထိ ကမ္ဘာ့အပူချိန်အနေအထားကို အပြောင်းအလဲလုပ်နိုင်မည်မဟုတ်ပေ။ "အရေးပေါ်" ဆိုသည်မှာ အဓိကစကားရပ်ဖြစ်နေပြီး နေ့စဉ် မည်သည့်လှုပ်ရှားမှုမှ မရှိခြင်းသည် ပြဿနာကို ကြီးထွားစေမည်သာဖြစ်သည်။

၉။ ကမ္ဘာကြီးအနေနှင့် ရာသီဥတုပြောင်းလဲမှုပြဿနာကို နည်းလမ်းနှစ်ခုဖြင့် ကိုင်တွယ်နိုင်ပါမည်။

(၁) အန္တရာယ်များသော ရာသီဥတုပြောင်းလဲမှုများကို ရှောင်ရှားနိုင်ရန် အပူငွေ့များ လျှော့ချခြင်းဖြင့် ကျွန်ုပ်တို့၏ နည်းလမ်းများကို ပြောင်းလဲရမည်ဖြစ်သည်။ ဒါကို Climate Change Mitigation လို့ ခေါ်ပါသည်။

(၂) ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ပိုင်ဆိုင်မှုများကို ရာသီဥတုပြောင်းလဲခြင်းအန္တရာယ်မှ ကာကွယ်ရမည်ဖြစ်သည်။ ယခုအချိန်တွင် အချို့ရာသီဥတုပြောင်းလဲမှုများမှာ ရှောင်လွှဲ၍ မရနိုင်တော့ပေ။ ထိုအရာကို Climate Change Adaptation ဟုခေါ်သည်။ သက်သာအောင်ပြုလုပ်ခြင်းတွင် ကျွန်ုပ်တို့သည် အခြားပျက်စီးဆုံးရှုံးမှုများကို ရှောင်ရှားရန် စွမ်းအင်အသုံးပြုပုံနည်းလမ်းကို ပြောင်းလဲရမည်ဖြစ်သည်။ လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ခြင်းတွင် ကျွန်ုပ်တို့တွင် ဖြစ်ပွားခဲ့ပြီးသော အပျက်အစီးများမှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရမည်ဖြစ်သည်။ ဥပမာ- သစ်တောပြုန်းတီးခြင်း ကို ရပ်တန့်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏သစ်တောများမှာ CO_2 ထုတ်လွှတ်မှုများကို ထိန်းပေးထားသဖြင့် အဖိုးမဖြတ် နိုင်ပေ။ ကံမကောင်းခြင်းက ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်ပေါ်စေသော ကမ္ဘာ့ ကာဗွန်ဖြစ်တည်မှု၏ ၂၀% အထိသည် သစ်တောတွေပျက်စီးပြုန်းတီးမှုကြောင့်ဖြစ်ပေသည်။ FAO ၏ ခန့်မှန်းချက်အရ ကမ္ဘာ့လုံးအနှံ့ သစ်တောဆုံးရှုံးမှုပမာဏ နှစ်စဉ်ဟက်တာ ၁၃ သန်းခန့်ရှိနေပြီး ယင်းပမာဏသည် အကြမ်းအားဖြင့် ဆွစ်ဇာလန်နိုင်ငံ၏ ပမာဏလောက်ရှိပြီး နှစ်စဉ် CO_2 (မက်ထရစ်တန်သန်းပေါင်း ၁၆၅၈) ခန့် ထုတ်လွှတ်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၀။ လျှော့ချမှုများကို အောက်ပါအချက်များနှင့် တိုင်းတာသည်။

(၁) Carbon tax ဆိုတာဘာလဲ။

ကာဗွန်ဒိုင်အောက်ဆိုက်တစ်ယူနစ်နဲ့ ညီမျှတဲ့ထုတ်လွှတ်မှုတွေအတွက်အစိုးရကပြဋ္ဌာန်းထားတဲ့အဖိုးအခဖြစ်ပါတယ်။ ကာဗွန်ပေါ်မှာ အခွန်ကောက်လိုက်ခြင်းဟာ ထုတ်လွှတ်မှုတွေကို စီးပွားရေးနည်းနဲ့ ဖြတ်တောက်တာ ဖြစ်ပါသည်။

(၂) Clean Development Machanism (CDM) ဆိုတာဘာလဲ။

ကျိုးတိုသဘောတူညီချက်လက်အောက်မှာရှိတဲ့ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေကို ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချဖို့ တာဝန်ယူခိုင်းပြီး ကိုယ့်နိုင်ငံမှာထုတ်လုပ်မှုတွေလျှော့ချရင် ပိုစျေးကြီးတဲ့အတွက် အခြားရွေးစရာတစ်ခုအဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ *ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ လျှော့ချဖို့လုပ်ငန်းစဉ်တွေမှာ* ရင်းနှီးမြှုပ်နှံခိုင်းတာဖြစ်ပါသည်။

ဥပမာ- သဘာဝအတိုင်းပြန်ပေါက်ခြင်း၊ မပေါက်ခြင်းနှင့် သက်ဆိုင်သောသစ်တောပြန်လည်စိုက်ပျိုးခြင်းနှင့် သစ်တောပြုစုပျိုးထောင်ခြင်းစီမံကိန်းများကို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံဖို့ ဖြစ်ပါတယ်။

(၃) Cap and Trade ဆိုတာဘာလဲ။

တိုင်းပြည်တစ်ပြည် (သို့) တိုင်းပြည်အုပ်စုတစ်ခုကပေးထားတဲ့ အချိန်အပိုင်းအခြားအတွင်း ခွင့်ပြုထားတဲ့ အများဆုံးကာဗွန်ပမာဏ လေထုအတွင်းသို့ ထုတ်လွှတ်မှုစနစ်ပမာဏကို "Cap" လို့ ခေါ်ပါတယ်။ ဒါတွေကိုရောင်းချလို့ရပြီး (sold/ given) business/ industries တွေအတွက် credit တွေအဖြစ် ခွဲထားသည်။ ခွဲတမ်းတွေချပေးထားပါတယ်။

စီးပွားရေးလုပ်ငန်းတစ်ခုက သူ့အတွက်သတ်မှတ်ထားတဲ့ credit ပမာဏထက် ပိုသုံးစွဲမှုကန့်သတ်ချက်မပြည့်သေးတဲ့ အခြားသူတွေဆီက ဝယ်ယူနိုင်ပါသည်။ ဒါက "Trade" ဖြစ်ပါသည်။

၁၁။ ကျွန်ုပ်တို့နေထိုင်မှုစနစ်အမူအကျင့်များကို ပြောင်းလဲ၍ ကမ္ဘာကြီးကိုပြောင်းလဲပါ။

ကျွန်ုပ်တို့ကမ္ဘာကြီးက ရုပ်ကြွင်းလောင်စာတွေကို အလွန်အကျွံသုံးစွဲခြင်းဖြင့် အသားကျပြီး ဖွံ့ဖြိုးလာခဲ့သည်။ ကျွန်ုပ်တို့၏ အလေ့အကျင့်များကို ပြောင်းလဲရန်အတွက် ပူးပေါင်းကြိုးပမ်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုနေသော စွမ်းအင်စနစ်အတွင်းသို့ ကျရောက်နေရာ ဒါကို ပြောင်းလဲရမည်ဖြစ်သည်။ ကာဗွန်ထုတ်လုပ်ခြင်းများကို အားမပေးသည့်အတူ ကာဗွန်ထုတ်လွှတ်မှုနည်းသော နည်းပညာများလေ၊ နေရောင်ခြည်နှင့် ရေအားလျှပ်စစ်ကဲ့သို့ ပြန်ပြည့်နိုင်သော (မကုန်ခမ်းနိုင်သော) စွမ်းအင်များ၊ လျှပ်စစ်ကားများနှင့် heat pump ကွေ့လိုပစ္စည်းတွေကို အားပေးရမှာဖြစ်သည်။ နျူကလီးယားစွမ်းအင်နဲ့ပတ်သက်ပြီးတော့ ဆက်လက်အငြင်းပွားမှုတွေရှိနေပေမဲ့ ဒီရွေးချယ်စရာအခက်အခဲများကိုလည်း ဆွေးနွေးမှုမှာ ထည့်သွင်းရမှာဖြစ်ပါသည်။

ပစ်မှတ်များတည်ထောင်ခြင်း

ထုတ်လွှတ်မှုတွေကို တားဆီးမယ့် target တွေ ချမှတ်ဖို့ အစိုးရတွေအတွက် အရေးပေါ်လိုအပ်မှုတွေ ရှိနေပါသည်။ ဒီ target တွေက တိုင်းပြည်တစ်ခုနဲ့ကြားကွဲပြားနိုင်ပါသည်။ ပြင်သစ်ကတော့ ၂၀၅၀ မှာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေရဲ့ ၇၅ % လျှော့ချဖို့ ရည်မှန်းထားပြီး ဂျပန်ကတော့ ၂၀၅၀ မှာ ၅၀% လျှော့ချဖို့ စီစဉ်ထားသည်။ အမေရိကန်ကတော့ ထုတ်လွှတ်မှုတွေအတွက် အမျိုးသားရေရှည်စီမံကိန်းမရှိပေမဲ့ ကယ်လီဖိုးနီးယားပြည်နယ်က ၂၀၂၀ မှာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၁၉၉၀ ခုနှစ် Level အတိုင်း ကန့်သတ်ဖို့ ၂၀၁၆ မှာ ကားအသစ်တွေထုတ်လွှတ်မှုကို ၃၀% လျှော့ချဖို့နဲ့ နောက်လာမည့် ၁၀ နှစ်အတွင်းမှာ ဆိုလာ panels တွေ တပ်ဆင်သူတွေကို အမေရိကန်ဒေါ်လာ ၂.၉ ဘီလျံပေးခြင်းတို့အပါအဝင် အခြားတာဝန်ယူချက်တွေနဲ့ ဦးဆောင်နေသည်။

၁၂။ ကျိုးတိုသဘောတူညီချက်အောက်မှာ တိမ်မြှုပ်နေသော ကာဗွန်အန္တရာယ်

သစ်ပင်တွေ၊ သစ်တောတွေနဲ့ အခြား သဘာဝဂေဟာစနစ်တွေထဲမှာ ထိန်းထားတဲ့ ကာဗွန်တွေက လေထုထဲကကာဗွန်တွေနဲ့ အဆက်မပြတ် လဲလှယ်နေပါသည်။ ဒါက လှုပ်ရှားနေတဲ့ကာဗွန်အစုအဝေးရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ပြီး မကြာမကြာဆိုသလို မီးလောင်တာ၊ အင်းဆက်တွေ

www.burmeseclassic.com

www.burmeseclassic.com

မြောက်များစွာပေါက်ဖွားလာတာ၊ ပုတ်သိုးလာတာနဲ့ အပင် တွေ အသက်ရှူတာတို့တွေကတစ်ဆင့် လေထုကို ကာဗွန်ထုတ်လွှတ်နိုင်သလို သစ်ပင်ခုတ်ခြင်း၊ သစ်တော ပြုန်းတီးခြင်း၊ စိုက်ပျိုးမြေအတွက် ရှင်းလင်းခြင်းတို့ကြောင့် လည်း လေထုထဲကို ကာဗွန်တွေရောက်သွားနိုင်ပါတယ်။

၁၃။ သစ်ပင်များတွင် ကာဗွန်ထိန်းသိမ်းမှုမှာ ယာယီသာဖြစ်

ကျွတ်သဘောတူညီချက်အတိုင်း သစ်ပင်များ ပျိုးထောင်ခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းတွက်ချက်မှုစီမံ ကိန်းအရ သစ်ပင်တစ်ပင်၊ သစ်တောတစ်တောတွင် သိုလှောင်ထားသော ကာဗွန်တန်ချိန်သည် ရုပ်ကြွင်းလောင်စာ မှ လေထုအတွင်းသို့ထွက်လာသော ကာဗွန်တန်ချိန်နှင့် တူညီသောပမာဏကို ထုတ်လွှတ်နိုင်သည်ဟု ဆိုလိုခြင်းဖြစ် သည်။

ရုပ်ကြွင်းလောင်စာများမှ ထုတ်လွှတ်လိုက်သော ကာဗွန်များကို သစ်ပင်များက လေထုအတွင်းမှ တိုက်ရိုက် ဖယ်ရှားလိုက်သည်ဟူသော ယူဆချက်သည် လေထုနှင့် carbon pool တို့အကြား ကွဲပြားသောအပြန်အလှန်အကျိုး သက်ရောက်မှုကို လျစ်လျူရှုထားပေသည်။ ရလဒ်ကတော့ CDM လက်အောက်မှာ ဖော်ပြထားတဲ့ ကာဗွန်ထိန်းထားမှု credit တိုင်းနဲ့အတူ ကမ္ဘာ့ရာသီဥတုတိုကို ပုံဖော်ပေးနေတဲ့ လှုပ်ရှားနေတဲ့ carbon pool ထဲမှာ ကာဗွန်တွေကို တိုးလားစေပါသည်။ အပင်စိုက်ပျိုးခြင်းအားဖြင့် လှုပ်ရှား နေတဲ့ကာဗွန်အစုအဝေးကနေ ကာဗွန်ကို ထိန်းသိမ်းပေးတဲ့ အစောဆုံးကာလသည် ကြီးထွားနေတဲ့အပင် အခိုင်အမာ အရွယ်ရောက်ပြီး ကာဗွန်အချိုးမျှယူနိုင်သည့်အချိန်ဖြစ် ပြီး ယင်းအချိန်ရောက်ရန် ၁၀ နှစ်ခန့် ကြာမြင့်တတ်သည်။ အပင်စိုက်ပျိုးခြင်းဖြင့် ကာဗွန်ထိန်းလုပ်ငန်းစဉ်ကို အဓိက သားလုပ်ကိုင်သည့် World Rainforest Movement အဖွဲ့လက်အောက်ရှိ Sinks watch က ကျွတ်သဘောတူညီ ချက်အရနှင့် ကာဗွန် Accounting ကို ရည်ရွယ်ပြီး သစ်ပင်စိုက်ပျိုးခြင်းသည် ရာသီဥတုပြောင်းလဲခြင်းပြဿနာ ကို ကိုင်တွယ်ရန် ထိရောက်သောနည်းလမ်းမဟုတ်ဟု သတ်မှတ်ခဲ့ကြသည်။

Carbon- Europe ၏ သုတေသနပညာရှင်များက ယင်းပြဿနာကို မြေဆီလွှာနှင့်သက်ဆိုင်သည်ဟု မှတ်ယူ ကြသည်။ အီတလီနိုင်ငံ ဗီတာဘိုရှိ University of Tuscia မှ Riccardo Valentini က ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလတွင် Carbo- Europe မှ အချက်အလက် များကို စပိန်နိုင်ငံ၊ ဗလင်စီယာတွင် တင်ပြသွားခဲ့သည်။ သစ်တောမြေဆီလွှာအတွင်း နှစ်မြုပ်နေသည့် အော်ဂဲနစ် ပစ္စည်းများတွင်ရှိသော ကာဗွန်ပမာဏသည် မြေလွှာအထက် အပင်များတွင်ရှိသော ကာဗွန်ပမာဏထက် သုံးဆ၊ လေးဆ ခန့် များပြားပါဝင်သည်ဟုဆိုသည်။ Carbon-Europe ၏ သုတေသနပညာရှင်က သစ်တောစိုက်ပျိုးခြင်း အတွက် မြေပြင်ကို ရှင်းလင်းသောအခါ မြေဆီလွှာထဲရှိ ပုပ်သိုးနေသော အော်ဂဲနစ်ပစ္စည်းများမှ လေထုထဲသို့ CO_2 များ ထုတ်လွှတ်ပြီး ယင်းထုတ်လွှတ်မှုသည် အရွယ် ရောက်သစ်ပင်တစ်ပင် CO_2 ကို အနည်းဆုံး (၁၀) နှစ် စုပ်ယူမှုထက် ပိုလျှံနေဦးမည်ဟုပြောသည်။ သစ်ပင်များမှ ကာဗွန်စုပ်ယူ မှုနှုန်းသည် မြေဆီလွှာမှ ထွက်ပေါ်မှုနှင့် ထေမိရုံသာရှိသဖြင့် သစ်ပင်စိုက်ပျိုးခြင်းက နောက်ကျ နေမည်သာဖြစ်သည်။ ယင်းအချက်ကြောင့် Carbon-Europe ၏ ဥက္ကဋ္ဌဖြစ်သူ အမ်စတာဒမ်ရှိ Free University မှ Han Dolman က စိုစွတ်ပြီးလတာနှင့် ဗျိုက်တော မြေဆီလွှာပေါ်တွင် စိုက်ပျိုးသော အချို့သစ်တောစိုက်ခင်း များသည် ၎င်းတို့ စိုက်ပျိုးစဉ် ထုတ်လွှတ်သောကာဗွန်ကို မည်သည့်အချိန်တွင်မှ ပြန်လည်စုပ်ယူနိုင်ခြင်းမရှိတော့ ပေ။ သက်တမ်းရင့် သစ်တောများက လေထုထဲမှစုပ်ယူ သည့် ကာဗွန်ပမာဏနှင့် ၎င်းတို့ထုတ်လွှတ်သည့်ကာဗွန် ပမာဏ တူညီသည်ဟု ထင်မြင်ခဲ့ချိန်မှစ၍ သုတေသန ပညာရှင်များက လေထုအတွင်းမှ CO_2 အများစုကို စုပ်ယူသည်မှာ သက်တမ်းနုသစ်တောများသာဖြစ်သည်ဟု ယူဆခဲ့ကြသည်။ သို့သော် Valentini က သက်ရင့် သစ်တောများကသာ သက်နုသစ်တောများထက် ကာဗွန် များ စုပုံထိန်းသိမ်းထားနိုင်သဖြင့် ယင်း သက်ရင့်သစ်တော များ (ဥပမာ- သဘာဝသစ်တောများ) ကို ထိန်းသိမ်းခြင်းက သစ်တောသစ်ပင်များစိုက်ပျိုးခြင်းထက် ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုကို ကိုင်တွယ်နိုင်သည့် ပိုမိုကောင်းမွန်သော မူဝါဒ ဖြစ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင်လည်း သစ်တော ပညာရှင်များက ရှိပြီးသားသစ်ပင် တစ်ပင်ထိန်းသိမ်းခြင်း သည် သစ်တစ်ပင်အသစ် စိုက်ပျိုးခြင်းထက် ပိုကောင်း သည်ဆိုသည်ကို သဘောတူလက်ခံထားကြသည်။ နောက် တစ်ပျိုးဆိုရလျှင် In-situ Conservation က Ex-situ

www.burmeseclassic.com

www.burmeseclassic.com

Conservation ထက် သာလွန်ကောင်းမွန်ပေသည်။

၁၄။ ၂၀၀၇ ဒီဇင်ဘာ ဘာလီတွင်ပြုလုပ်ခဲ့သော UNFCCC တွင် Reduction of Emission form Deforestation and Forest Degradation (REDD) ကို ၂၀၁၂ ခုနှစ် လမ်းပြမြေပုံ၌ ထည့်သွင်းခဲ့ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်မည့် COP တွင် ယင်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်များ ပေါ်ထွက်လာရန် ရည်မှန်းထားသည်။ REDD လုပ်ငန်းစဉ်တစ်ခုလုံးသည် ကမ္ဘာတစ်ဝှမ်း ကာဗွန်ထေခြင်းဈေးကွက်အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ရန် မျှော်မှန်းထားသည်။

၁၅။ ရာသီဥတုပြောင်းလဲခြင်းနှင့် မြန်မာနိုင်ငံအခန်းကဏ္ဍ

မြန်မာနိုင်ငံသည် လက်ရှိသဘာဝသစ်တောများ ဟက်တာပေါင်း ၃၄ သန်းကျော် ပိုင်ဆိုင်ထားသည်။ (ဇယားတွင်ကြည့်ပါ) အချို့က ယင်းသစ်တောများမှာ လျင်မြန်စွာ ကုန်သွားမည်ဆိုလျှင်သော်မှ ယင်းသစ်တော ဧရိယာ၏ ထက်ဝက်မျှသော ဟက်တာ (၁၇) သန်းခန့်ကို ထိန်းသိမ်းနိုင်လျှင် လုံခြုံမှုရှိနေပါသေးသည်ဟု ဆိုသည်။ သက်ရင့်သဘာဝသစ်တော ဟက်တာ (၁၇) သန်းခန့်ကို ထိန်းသိမ်းခြင်းသည် REDD အရ သစ်တောပြန်းတီးမှုကို ရပ်တန့်စေပြီး ကမ္ဘာလုံးဆိုင်ရာပူနွေးမှုကို လျှော့ချရာတွင် ထိထိရောက်ရောက် ကူညီနိုင်ပေသည်။ ကျန်ဧရိယာထက်ဝက်ကို ကျွန်းပင်များခုတ်လှဲခြင်း၊ သစ်တောပြန်လည်စိုက်ပျိုးရန်နှင့် လူထုသစ်တောစိုက်ပျိုးမှုများအတွက် ချန်လှပ်ထားနိုင်ပေသည်။

၁၆။ (၂၀၀၁/ ၂၀၀၂ မှ ၂၀၃၀/ ၂၀၃၁ အထိ) နှစ် ၃၀ National Forestry Action Plan အရ နှစ်စဉ် သစ်တောပြန်းတီးနှုန်းမှာ ၅၄၄,၀၆၀ ဧက (၈၅၀ စတုရန်းမိုင် (သို့) ၂,၀၀၀. ၆၅ စတုရန်းကီလိုမီတာ) ရှိနေပြီး ယင်းပမာဏသည် တိုင်းပြည်ဧရိယာ၏ ၀. ၃၂၅ % (MOF 2001) ခန့် ရှိနေပေသည်။ ဒါ့အပြင် အခြား source တစ်ခုမှလည်း နှစ်စဉ် သစ်တောပြန်းတီးမှုနှုန်း ၅,၂၀၀ စတုရန်းကီလိုမီတာ ရှိနေပြီး ယင်းပမာဏမှာ တိုင်းပြည်ဧရိယာ၏ ၁. ၄% ရှိနေသဖြင့် အာဆီယံနိုင်ငံများထဲတွင် ဖိလစ်ပိုင်နိုင်ငံနှင့် အတူ အမြင့်နှုန်းဖြစ်နေသည်။ (L.D Nguyen, 2005) ၎င်းအချက်အလက်များက မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့ အနေနှင့် သစ်တောပြန်းတီးမှုများကို နည်းမျိုးစုံနှင့် ရပ်တန့်ရန် လိုအပ်သည်မှာမူ မြင်သာနေပေသည်။

၁၇။ သစ်တောအမျိုးမျိုးမှ ကာဗွန်ထိန်းသိမ်းမှုများမှာ-

Communities and Climate Change နှင့် ပတ်သက်၍ M. Paffenberger, N.H Ravindranath, D.N pandy L.K Murthy, R. Bist, D. Jan တို့၏ အစီရင်ခံစာတွင် စာရေးသူများက ရွက်ကြွေခြောက်သွေ့တော တစ်ဟက်တာတိုင်း၏ ကြီးထွားမှုနှင့် ပြန်ပေါက်မှုသည် နှစ်စဉ် ကာဗွန် ၃. ၄ တန် (သို့) CO_2 ၁၂. ၄ တန်ကို စုပ်ယူပေးနိုင်သည်ဟု ခန့်မှန်းခဲ့ကြသည်။ အခြားတစ်ဖက်တွင်လည်း Kansai Electric CO.Ltd, Kansai Center for Integrated Environmental Activities, Australian Institute of Marine Science တို့ ပြောကြားချက်အရ ဒီရေတောများ၏ တစ်ဟက်တာတိုင်းသည် နှစ်စဉ် CO_2 ၂၅. ၃ တန် (သို့) ကာဗွန် ၆. ၈၉ တန် စုပ်ယူနိုင်သည်ဟု သိရသည်။ တောခြောက်ထက် နှစ်ဆပိုစုပ်ယူနိုင်သည်ဟု ဆိုသည်။
(ကာဗွန်တစ်တန်သည် CO_2 ၃. ၆ တန်နှင့် ညီမျှသည်)

၁၈။ "Communities and Climate Change" တွင် စာရေးသူ၏ ခန့်မှန်းချက်အရ မြန်မာ့သစ်တောများ၏ နှစ်စဉ်ထိန်းသိမ်းနိုင်သည့် CO_2 တန်ပေါင်း (ရွက်ကြွေခြောက်သွေ့တောကိန်းဂဏန်းအရ) ဟက်တာ ၁၇ သန်း× ၁၂. ၄၇ တန်) ၂၁၁. ၉၉ သန်းတန်ဖြစ်ဖွယ်ရှိသည်ဟု ဆိုသည်။ CO_2 တစ်တန်စီအတွက် ရရှိမည့်လျော်ကြေးမှာ ၄. ၈ ဒေါ်လာရှိသဖြင့် CO_2 တန်ပေါင်း ၂၁၁. ၉၉ သန်းအတွက် ဆိုလျှင် နှစ်စဉ်ဒေါ်လာ ၁၀၁၇. ၅၅ သန်းရနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာ့လူသားများ၏အကျိုးနှင့် ရာသီဥတုပြောင်းလဲမှုတို့အတွက် REDD ၏အောက်တွင် ကမ္ဘာလုံးဆိုင်ရာပူနွေးမှုကို တိုက်ဖျက်ရန် ရင်းနှီးမြှုပ်နှံရန် ထိုက်တန်သောနိုင်ငံဖြစ်လာပေမည်။

၁၉။ တောင်အာရှနှင့် ပစိဖိတ် (အရှေ့တောင်အာရှအပါအဝင်) ဒေသသည်ကဲမကောင်းလှစွာပင် ကမ္ဘာပေါ်လှပ်ရှားသဘာဝဘေးအန္တရာယ် အဖြစ်လွယ်ဆုံးဒေသဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ADB REPORT ON THE ECONOMICS OF CLIMATE CHANGES IN S-EASIA (SUMMARY)

- အရှေ့တောင်ပိုင်းနှင့် အရှေ့တောင်အာရှသည် ရာသီဥတု ပြောင်းလဲမှုတွင် ကမ္ဘာ့ထိခိုက်အလွယ်ဆုံး နေရာတစ်ခု ဖြစ်နေပေသည်။
- ရာသီဥတုပြောင်းလဲမှုက ဤဒေသကို ထိခိုက်ပြီး ဖြစ်နေသည်။ ပြင်းထန်သောရာသီဥတုအဖြစ်အပျက်များ အဆိုးဆုံးအခြေ အနေကို ရောက်လာဦးမည်ဖြစ်ပြီး ၂၁၀၀ ခုနှစ်တွင် အပူချန် ၄.၈ C အထိ တက်လာမည်ဟု ခန့်မှန်းထားသည်။
- လာမည့်ဆယ်စုနှစ်အတွင်း ဤဒေသတွင် ပိုမိုခြောက်သွေ့သော ရာသီဥတုဖြစ်ပေါ်လာမည်။
- အရှေ့တောင်အာရှဒေသသည် ရာသီဥတုပြောင်းလဲမှုကို ပျမ်းမျှအခြေအနေထက် ပိုမိုခံစားရဖွယ်ရှိနေသည်။
- ၂၁၀၀ ခုနှစ်အထိ နှစ်စဉ် GDP 6.7% ဆုံးရှုံးရဖွယ်ရှိသည်။
(ကမ္ဘာပျမ်းမျှ၏ ၂ဆ ရှိသည်။)
- ရာသီဥတုပြောင်းလဲမှုများက ဒေသ၏ Sustainable Development (SD) နှင့် ဆင်းရဲမှုလျော့ချရေးများကို ဟန့်တားမည်ဖြစ်ရာ ယင်းရာသီဥတုပြောင်းလဲမှုများကို တိုက်ဖျက်ရန် အချိန်မဆွဲဘဲ Admindtration and Management (A&D) အတိုင်း ချက်ချင်းလုပ်ဆောင် ကြရမည်ဖြစ်သည်။

၂၀။ ADP မှ အစီရင်ခံစာအရ အများကို ခြောက်လှန့်ဖို့ မရည်ရွယ်ဘဲ ဒီကိစ္စတွေ အမှန်ဖြစ်လာမယ်ဆိုတာ ယုံကြည်နေပါတယ်။ အခုပဲ ကမ္ဘာ့လူသားတွေ ကောင်းဖို့အတွက်နဲ့ အထူးသဖြင့် အရှေ့တောင်အာရှဒေသကလူတွေအတွက် အတူတကွ ပူးပေါင်းပြီး အလုပ်လုပ်ကြပါစို့။

ဦးအုန်း၊ ဒုဥက္ကဋ္ဌ (FREDA)

Reference:-

1. 30 years National Forestry Action Plan (2001/2002 to 2030/2031). Forest Department Myanmar. 2001.
2. Global Warming, Climate Change and the Role of Tropical Forests by U Ohn, General Secretary, FREDA (Unpublished), 2006.
3. Global Warming, Climate Change and Mitigation Measures by U Ohn, Former Director of Forest Department, Myanmar (Unpublished), 2007.
4. Forest Resources Conservation in Myanmar, by U Ohn, General Secretary, FREDA (Unpublished), 2008.
5. Asia- Pacific Forestry Outlook Study for Myanmar, Forest Department, 2008.
6. ITTO Tripical Forestry Update, Volume 18. Number-3.
7. Fighting Climate Change: Human Solidarity in a divided would, UNDP, 2008.
8. CIFOR Occasional Paper No-37. Forest Carbon and Local Livelihoods. Assessment of Opportunities and Policy Recommendations by Joyotee Smith and Sara J. Schere.
9. Environmental Performance Assessment (EPA), by Dr. San Win, NCEA, Ministry of Forestry, Myanmar, 2009.

www.burmeseclassic.com

www.burmeseclassic.com

ကဗျာ ဆရာ ကြီး

မောင်လင်းယုန် (ရှမ်းပြည်)

(၁၉၃၃-၂၀၁၆)

မြန်မာနိုင်ငံစာရေးဆရာ များသမဂ္ဂ နာယကကြီး

ဆရာမောင်လင်းယုန် (ရှမ်းပြည်) ကွယ်လွန်သွားသည့်အတွက် အောင်ပင်လယ်မဂ္ဂဇင်းမှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဆရာမောင်လင်းယုန် (ရှမ်းပြည်) ရေးသားခဲ့သော ကဗျာများအနက်မှ ရန်ကုန်တက္ကသိုလ်ကလောင်များအသင်းက ထုတ်ဝေခဲ့သည့် စစ်မှန်းသူကဗျာများ စာအုပ်မှ 'သံသယ' ကဗျာကို အတိတ်မှအရိပ်အဖြစ် ပြန်လည်ဖော်ပြလိုက်ပါသည်။

ထို သံသယကဗျာကို မူလက ကေသီလှိုင်ကလောင်အမည်ဖြင့် ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ပင်ရင်းကဗျာလက်ရွေးစင် ကျောင်းသုံးစာအုပ်တွင် ထည့်သွင်းဖော်ပြခဲ့ပြီး အလယ်တန်းကျောင်းသားများအတွက် ပြဋ္ဌာန်းချက်ကဗျာဖြစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သံသယ

ကြည်ကြည်လင်လင်၊ ရေကိုမြင်လျက်
ရေတွင်ဆိပ်ခိုး၊ ပါလေနိုးနှင့်
စိုးရုံ့မသောက်သာပြီတကား။။

သန့်သန့်စင်စင်၊ လေကိုခင်လျက်
လေတွင်ဆိပ်ခိုး၊ ပါလေနိုးနှင့်
စိုးရုံ့မရှိုက်သာပြီတကား။။

ရှန်းမှည့်ရှင်ရှင်၊ သစ်သီးမြင်လျက်
သူ့တွင်ဆိပ်ခိုး၊ ပါလေနိုးနှင့်
စိုးရုံ့မစားသာပြီတကား။။

ဖြူဖွေးလွင်လွင်၊ စံပယ်မြင်လျက်
သူ့တွင်ဆိပ်ခိုး၊ ပါလေနိုးနှင့်
စိုးရုံ့မနမ်းသာပြီတကား။။

ညှော် – လက်နက်ချင်းပြိုင်၊ ဝုဏ်ချင်းဆိုင်ကြ
နိုင်ငံကြီးသား၊ ထိုသူများက
စွမ်းအားရှိတိုင်း၊ အဆိပ်မှိုင်းနှင့်
ရှစ်တိုင်းကိုလွှမ်း၊ ဖောက်ခွဲစမ်း၍
ယမ်းငွေ့ယှက်ဖြာ၊ ဤကမ္ဘာဝယ်
အရာခပ်သိမ်း၊ ဆိပ်ငွေ့လိမ်းခဲ့
မတိမ်းရှောင်တတ်၊ ရုံ့စိတ်ဓာတ်နှင့်
မပြတ်သံသယ ဝင်သည်တကား။။

စစ်မှုန်းသူကဗျာများမှ

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်မပြုတဲ့ ကောင်လေး

ခင်အောင် (သံတွဲ)

အင်္ဂလိပ်လိုဘာသာပြန်လိုက်ရင် 'အန္တရာယ်မပြုတဲ့ကောင်လေး' လို့ သဘောရပေမဲ့ 'အယ်လ်နီညို' (El Nino) ဟာ 'လက်သီးပြင်း' တစ်လုံးကို ယူဆောင်လာပါကလား။ မေလထဲအထိရှည်ကြာမယ်လို့ မျှော်လင့်ရတဲ့ ရာသီဥတုဖြစ်စဉ်က မိုးခေါင်၊ မိုးကြီး၊ ရေလျှံမှုတွေနဲ့အတူ ဒဏ်ကျွန်ခံရကပ် အပါအဝင် အစွန်းရောက်ဖြစ်ရပ်တွေအတွက် အလားအလာရှိနေပါပြီ။ ဒီတစ်ခေါက်လာမယ့် အယ်လ်နီညိုဟာ မှတ်တမ်းတင်ထားသမျှထဲမှာ အားအပြင်းဆုံးဖြစ်ပြီး သမိုင်းတွင်လောက်တယ်လို့ ရာသီဥတုပညာရှင်တွေက ဆိုကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

Colorado Boulder တက္ကသိုလ်က အယ်လ်နီညှိ သုတေသီ မိုက်ကယ်လ်ဂလန့်ဇ် ကတော့ ပျက်ကိန်းကြမ္ဘာ ဆိုးမဖြစ်လာအောင်လုပ်ဖို့ ခဲယဉ်းလှတယ်။ အချို့ဒေသတွေဟာ အယ်လ်နီညှိရဲ့ အဆောင့်အတိုက်ခံရပြီး အန္တရာယ်ကြီးကြီး ကျရောက်နိုင်တယ်လို့ ဆိုပါတယ်။

အယ်လ်နီညှိဖြစ်ရပ်ဟာ ပုံမှန်အတိအကျကြီးတော့ မဟုတ်ပါ။ ပစိဖိတ်သမုဒ္ဒရာရဲ့ အီကွေတာရပ်ဝန်းတစ်လျှောက်မှာ ပင်လယ်ရေမျက်နှာပြင်ရဲ့ ပျမ်းမျှအပူချိန်ဟာ အနည်းဆုံး ၀.၅ ဒီဂရီစင်တီဂရိတ် သုံးလဆက်တိုက်မြင့်တက်လာရင် အယ်လ်နီညှိ အစပျိုးလာတော့တာပဲ။ ပူနွေးတဲ့ရေတွေက ကမ္ဘာ့လေစီးကြောင်းကို ပြောင်းလဲစေပြီး နေ့စဉ် ရာသီဥတုပုံစံကိုပါ ပြောင်းပစ်လိုက်တယ်။ အယ်လ်နီညှိကျရောက်နေတဲ့အချိန်ကာလမှာ ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ အခြေခံမျဉ်းထက် ၂ ဒီဂရီစင်တီဂရိတ်ကျော် မြင့်တက်နေတတ်ပါတယ်။

အယ်လ်နီညှိရဲ့ သက်ရောက်မှုဟာ နေရာဒေသအလိုက် အံ့ဖွယ်ကောင်းလောက်အောင် ပြောင်းလဲတတ်ပါတယ်။ ခြောက်သွေ့တဲ့အခြေအနေတွေကြောင့် အရှေ့တောင်အာရှ၊ သြစတြေးလျှံနဲ့ အာဖရိကတောင်ပိုင်းဒေသတွေမှာ မိုးခေါင်မှု ဆက်လက်ဖြစ်ပေါ်နိုင်တယ်။ တစ်ဖက်မှာတော့ တောင်နဲ့မြောက်အမေရိကဒေသတွေရဲ့ တစ်စိတ်တစ်ပိုင်းမှာ မိုးသည်းထန်မှုဒဏ်ကို အမြဲတမ်းခံရဖွယ်ရှိပါတယ်။ အယ်လ်နီညှိနဲ့ ဆက်နွယ်တဲ့ ရာသီဥတုဖြစ်ရပ်တွေဟာ နေရာဒေသအလိုက် ကွဲပြားခြားနားကြပေမဲ့ ကမ္ဘာတစ်ဝန်းမှာ အပူချိန်တွေကတော့ ပျမ်းမျှအထက်မှာ ဘစ်သမတ်တည်း ရှိနေကြမှာပါ။



အယ်လ်နီညှိရဲ့ သက်ရောက်မှုဟာ နေရာဒေသအလိုက် အံ့ဖွယ်ကောင်းလောက်အောင် ပြောင်းလဲတတ်ပါတယ်။ ခြောက်သွေ့တဲ့အခြေအနေတွေကြောင့် အရှေ့တောင်အာရှ၊ သြစတြေးလျှံနဲ့ အာဖရိကတောင်ပိုင်းဒေသတွေမှာ မိုးခေါင်မှု ဆက်လက်ဖြစ်ပေါ်နိုင်တယ်။ တစ်ဖက်မှာတော့ တောင်နဲ့မြောက်အမေရိကဒေသတွေရဲ့ တစ်စိတ်တစ်ပိုင်းမှာ မိုးသည်းထန်မှုဒဏ်ကို အမြဲတမ်းခံရဖွယ်ရှိပါတယ်။

၂၀၁၅ ခုနှစ်ကတော့ မှတ်တမ်းတင်ထားသမျှထဲမှာ အပူဆုံးနှစ်ပါပဲ။ အဲဒီနှစ်ကို တစ်စိတ်တစ်ပိုင်းမှီးပြီးတော့ အခု အယ်လ်နီညှိစတင်ခဲ့တာမို့ ၂၀၁၆ နှစ်ဟာ ပိုပြီးပူနိုင်ခြေရှိပါတယ်။

အပေါင်းလက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေလည်းရှိနိုင်သေးရဲ့။ ဥပမာအားဖြင့် ရာသီဥတုပြောင်းလဲမှုပုံစံတွေကြောင့် ခြောက်သယောင်းနေပြီး မိုးခေါင်မှုစံချိန်ချိုးလိုက်တဲ့ ကယ်လီဖိုးနီးယားဒေသကို မိုးပိုရွာစေခဲ့ပါတယ်။ ဒါပေမဲ့ အယ်လ်နီညှိရဲ့ အများဆုံးအပိုင်းကတော့ အလွန်အမင်း ဖျက်လိုဖျက်ဆီးလုပ်ခြင်းပါပဲ။ အထူးသဖြင့် ယင်းကို ခံနိုင်ရည်သိပ်မရှိတဲ့လူတွေ၊ ဥပမာ မိုးခေါင်လို့ အစာရေစာ ပြတ်လပ်မှုဖြစ်ရတဲ့ အီသီယိုပီးယားလို နိုင်ငံမျိုးက လူတွေအပေါ် မှာပေါ့။ ဝီရူးနိုင်ငံမှာလည်း မြေပြိုမှုကြောင့် အနီးဝန်းကျင်ဒေသတွေ အဖျက်အဆီးခံရနိုင်တယ်။

ထိရောက်တဲ့ တိုက်ရိုက်အကျိုးသက်ရောက်မှုကို ဒီနှစ် နွေဦးရာသီမှာ ခံစားကြရမှာပါ။ တချို့နိုင်ငံတွေမှာတော့ သွယ်ဝိုက်ပြီးဖြစ်ပေါ်လာမယ့် အကျိုးသက်ရောက်မှုကို ငါးနှစ် သို့မဟုတ် ဆယ်နှစ်အထိတောင် ခံရနိုင်တယ်လို့ မိုက်ကယ်လ်ဂလန့်ဇ်က ဆိုထားပါသေးတယ်။ ။

ခင်အောင် (သံတွဲ)

TIME December 28, 2015- January 4, 2016 တွင်ပါရှိသော El Nino spells disaster ကို ပြန်ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကြီးပူနွေးလာမှုအကျိုးသက်ကို ခံစားနေရတဲ့ တောင်တန်းဒေသတွေ

 သွေး (စစ်ကိုင်း)



La Montagne se mobilise

ကမ္ဘာတစ်ဝှမ်းလုံးမှာရှိတဲ့ တောင်တန်းတွေဟာ ကမ္ဘာကြီးပူနွေးလာမှု ရာသီဥတုပြောင်းလဲမှုရဲ့ ရိုက်ခတ်မှုတော်ကို ခံနေရပါပြီ။ အထင်ရှားဆုံးဥပမာအနေနဲ့ ပြင်သစ် နိုင်ငံမှာ ယမန်နှစ်အပူချိန်ဟာ ၁.၈ ဂရေ့စ်အထိ တိုးပြင့်လာခဲ့တာ တွေ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ အဲလပ်တောင်တန်းတွေမှာ အပူချိန်ဟာ ၂ °C အထိ တိုးလာခဲ့တာပါ။ ဒီသုတေသနတွေ့ကို ကမ္ဘာပေါ်က တောင်တန်းထူထပ်တဲ့ဒေသတွေမှာပါ တွေ့လာရပါပြီ။ ကုန်းမြေနဲ့ ပေါင်တန်း နိုင်းယှဉ်လိုက်ရင် တောင်တန်းတွေက အပူဓာတ်ပိုခံရတဲ့သဘောပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

တောင်တန်းတွေတည်ရှိနေလို့ ကမ္ဘာလူသားတွေ လိုအပ်နေတဲ့ ရေရဲ့ (၅၀) ရာခိုင်နှုန်းကို ထောက်ပံ့ပေးနေ နိုင်တာပါ။ တောင်တန်းတွေဟာ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လာရင် လူသားတွေရဲ့သဘာဝပတ်ဝန်းကျင်လည်း ထိခိုက်လာမှာ မလွဲပါဘူး။

စိုးရိမ်စရာကောင်းတဲ့အချက်က ရေခဲမြစ်တွေဟာ ကမ္ဘာတစ်ဝှမ်းလုံးမှာ အရည်ပျော်လာနေပါတယ်။ ဥပမာ အနေနဲ့ အယ်လ်ပိုင်းရေခဲထုဟာ (၁၉၈၀) ပြည့်နှစ်ကစပြီး ရှိရင်းစွဲပမာဏထက် (၂၀) ကနေ (၃၀) ရာခိုင်နှုန်းအထိ လျော့နည်းသွားခဲ့ပါပြီ။ (၂၀၅၀) ခုနှစ်ဆိုရင် (၃၀) ကနေ (၇၀) ရာခိုင်နှုန်းအထိ လျော့နည်းသွားနိုင်တယ်လို့ ခန့်မှန်းရပါတယ်။

အပူချိန် ၁C တိုးလာရင်ပဲ ရေခဲထုလွှာဟာ ပင်လယ်ရေမျက်နှာပြင်အမြင့် (၆၀) ကနေ (၁၄၀) မီတာအထိ နိမ့်သွားနိုင်ပါတယ်။ အဲဒီလို ရေခဲလွှာထု နိမ့်ဆင်းတာကို အလွယ်တကူမြင်တွေ့နိုင်သလို ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်အဖြစ် မှတ်ယူနိုင်ပါတယ်။

ရာသီဥတုပြောင်းလဲလာမှုနဲ့အတူ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ ပိုများလာပါတယ်။ ဒီအနေအထားဟာ လူသားတွေရဲ့ ရှင်သန်ရပ်တည်မှုကိုပါ ထိခိုက်သာစေမှာ အမှန်ပါပဲ။ ခရီးသွားလုပ်ငန်း၊ တောင်ပေါ် အပန်းဖြေခန်းတွေ၊ စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ သစ်တော၊ ရေအားလျှပ်စစ်နဲ့ ရေရရှိရေးတို့အထိ ရာသီဥတုပြောင်းလဲမှုက သက်ရောက်နိုင်ပါတယ်။ လူသားတွေအနေနဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်အောင် ကြိုးစားမှုသာ ဂေဟစနစ်မပျက်စီးအောင် ထိန်းသိမ်းနိုင်မှာဖြစ်တယ်။

ထင်ရှားသိသာတဲ့ထိခိုက်မှုတွေ

တောင်ထူထပ်တဲ့ဒေသတွေမှာ ကမ္ဘာကြီးပူနွေးလာမှုရဲ့ အကျိုးဆက်တွေကို သိသိသာသာခံစားနေရလို့ ကျွန်ုပ်တို့အနေနဲ့ နည်းလမ်းသစ်တွေကြံဆဖို့ လိုအပ်လာနေပါပြီ။

မြို့ပြအစီအမံကို ကောင်းမွန်အောင် ကြိုးစားသွားရမှာဖြစ်ပြီး သယ်ယူပို့ဆောင်ရေး၊ အိမ်ရာစီမံကိန်း၊ ခရီးသွားလုပ်ငန်းတွေမှာ ထိခိုက်နိုင်ခြေတွေကို လျော့နည်းအောင် လုပ်ဆောင်ရပါလိမ့်မယ်။ ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိလာစေဖို့ ကြံ့ခိုင်တဲ့အိမ်ရာတွေ ဆောက်လုပ်ဖို့ လိုသလို တခြားကဏ္ဍတွေမှာလည်း စွမ်းဆောင်ရည်ကို မြှင့်တင်ရမှာပါ။

ရေဟာ သက်ရှိအားလုံးအတွက် မရှိမဖြစ်လိုအပ်တာကြောင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေး၊ စွမ်းအင်နဲ့ ခရီးသွားလုပ်ငန်းတွေမှာ ရေအဆင်ပြေစေဖို့ ထိန်းသိမ်းစီမံနိုင်မယ့်နည်းလမ်းတွေကို စဉ်းစားရမှာပါ။ ရာသီဥတုပြောင်းလဲလာမှုဟာ ရေအရင်းအမြစ်တွေအပေါ် ထိခိုက်လာနေပါပြီ။ ရေနေသတ္တဝါတွေကျက်စားတဲ့ သဘာဝပတ်ဝန်းကျင်တွေမှာ ပြောင်းလဲမှုတွေဖြစ်လာတာ မမေ့သင့်ပါဘူး။

လယ်ယာစိုက်ပျိုးရေးဟာ ကျေးလက်ဒေသတွေနဲ့ မြေယာစီမံခန့်ခွဲရေးအတွက် အရေးပါတာကြောင့်

www.burmeseclassic.com

www.burmeseclassic.com

အရေးအကြီးဆုံးက ရာသီဥတုပြောင်းလဲမှုဟာ ဇီဝမျိုးကွဲတွေနဲ့ ဂေဟစနစ်အပေါ် သက်ရောက်မှုရှိနိုင်ပါတယ်။ အပူချိန်မြင့်မားလာမှုဟာ ဇီဝမျိုးကွဲတွေရဲ့ရှင်သန်မှုအပေါ် ခြိမ်းခြောက်လာနိုင်ပါတယ်။

သင့်တော်သလို လိုက်လျောညီထွေရှိအောင် ပြောင်းလဲရမှာပါ။ ရာသီဥတုပြောင်းလဲမှုဟာ သီးနှံရိတ်သိမ်းတဲ့ရက်တွေ၊ အထွက်နှုန်းနဲ့ သီးနှံအရည်အသွေးအပေါ် သက်ရောက်မှုရှိပါတယ်။

ကျွန်ုပ်တို့ရှုသွင်းနေရတဲ့ လေရဲ့ အရည်အသွေး ကျသွားနိုင်ပါတယ်။ အဲသလိုပဲ သောက်ရတဲ့ရေရဲ့ အရည်အသွေးပါ နိမ့်ကျသွားနိုင်တာကို သတိပြုဖို့လိုပါတယ်။

တောင်တန်းတွေတည်ရှိနေလို့ ကမ္ဘာ့လူသားတွေ လိုအပ်နေတဲ့ ရေရဲ့ (၅၀) ရာခိုင်နှုန်းကို ထောက်ပံ့ပေးနေနိုင်တာပါ။ တောင်တန်းတွေဟာ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လာရင် လူသားတွေရဲ့ သဘာဝပတ်ဝန်းကျင်လည်း ထိခိုက်လာမှာ မလွဲပါဘူး။

ခရီးသွားလာခြင်းဟာ စွမ်းအင်အများကြီးသုံးစွဲရသလို ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေလည်း ဖြစ်ပေါ်စေနိုင်ပါတယ်။ အဲဒီအတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုနည်းပါးအောင် နည်းလမ်းတွေရှာကြံသင့်ပါတယ်။ ခရီးသွားလုပ်ငန်းဟာ ရင်းမြစ်တွေ (သဘာဝရင်းမြစ်တွေ) ကို အသုံးပြုရတာဖြစ်ပေမဲ့ စီးပွားရေးမောင်းနှင်အား တစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒါကြောင့် ဆောင်းရာသီနဲ့ နွေရာသီတွေမှာ ခရီးထွက်နိုင်တဲ့ ခရီးသွားလုပ်ငန်းမျိုးဖြစ်အောင် တောင်တန်းတွေကို ထိန်းသိမ်းသင့်ပါတယ်။

တောင်တန်းတွေနဲ့ ဆက်နွယ်နေတဲ့ အားကစားတွေ၊ တောင်တန်းတွေကိုသွားဖို့ လမ်းပြပေးသူတွေအပေါ် ရာသီဥတုပြောင်းလဲမှုက ဆိုးကျိုးသက်ရောက်နိုင်ပါတယ်။ တောင်တန်းဒေသတဝိုက်ရဲ့ စီးပွားရေးဟာလည်း ကမ္ဘာကြီးပူနွေးလာမှုရဲ့ ခြိမ်းခြောက်မှုဒဏ် ခံရနိုင်ပါတယ်။ လယ်ယာစိုက်ပျိုးရေး၊ သစ်တောလုပ်ငန်း၊ ခရီးသွားလုပ်ငန်းတွေကို ရာသီဥတုနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ထားရမှာပါ။

အရေးအကြီးဆုံးက ရာသီဥတုပြောင်းလဲမှုဟာ ဇီဝမျိုးကွဲတွေနဲ့ ဂေဟစနစ်အပေါ် သက်ရောက်မှုရှိနိုင်ပါတယ်။ အပူချိန်မြင့်မားလာမှုဟာ ဇီဝမျိုးကွဲတွေရဲ့ ရှင်သန်မှုအပေါ် ခြိမ်းခြောက်လာနိုင်ပါတယ်။

တောင်တန်းဒေသတွေရဲ့ သဘာဝပတ်ဝန်းကျင်ဟာ စိန်ခေါ်မှုတွေရှိလာနေပြီဖြစ်လို့ သဘာဝပတ်ဝန်းကျင်ပိုပြီး မပျက်စီးစေဖို့ လိုက်လျောညီထွေရှိတဲ့ ထိန်းသိမ်းမှုတွေ ပြုလုပ်ရမှာပါ။ အဲဒီလိုပြုလုပ်ဖို့က ဆုံးဖြတ်ချက်ချမှတ်တဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရဲ့ အမြော်အမြင်ပေါ် မူတည်နေပါတယ်။

သွေး (စစ်ကိုင်း)

Ref: Global Warming The consequences are already visible in mountain regions

www.burmeseclassic.com

www.burmeseclassic.com

ဒီဇင်ရေတောသစ်ပျိုးပျားပျိုးထောင်ခြင်းနှင့် ဝိုတ်ပျိုးခြင်းဆိုင်ရာ နည်းဝနှစ်ပျားစာအုပ်မှ အကျဉ်း

ဦးအုန်း

ကမ္ဘာ့ဒီရေတောများသည် အပူပိုင်းနှင့် သမပိုင်းဒေသရှိ နိုင်ငံပေါင်း (၁၂၃) နိုင်ငံတွင် ပေါက်ရောက်ပြီး သစ်မျိုးပေါင်း (၇၃) မျိုးဝန်းကျင်ရှိ၍ လက်ရှိအခြေအနေတွင် ဧရိယာစတုရန်းကီလိုမီတာ (၁၅၂၀၀၀) ရှိပါသည်။ မူလဧရိယာ စတုရန်းကီလိုမီတာ ၂၀၀၀၀၀ မှ ဧရိယာ ၅၀၀၀၀ စတုရန်းကီလိုမီတာခန့် ဆုံးရှုံးပျက်စီးသွားပါသည်။ (၁၉၈၁) ခုနှစ်ထိ နှစ်စဉ် ၁. ၀၄ ပျက်စီးရာမှ (၂၀၀၅) ခုနှစ်တွင် ၀. ၆၆ ပျက်စီးလျက်ရှိရာ ကမ္ဘာ့သစ်တောများပျက်စီးမှုရာခိုင်နှုန်းထက် (၃) ဆမှ (၅) ဆ အထိ ပျက်စီးနေဆဲဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီရေတောများမှ နှစ်စဉ်စုပ်ယူနိုင်သော CO_2 (ကာဗွန်ဒိုင်အောက်ဆိုက်) ပမာဏသည် တောင်ပေါ်ဒေသ တောခြောက် (Dry Deciduous Forest) ထက် ၂ ဆမျှ စုပ်ယူနိုင်သည်ဟု သိရပါသည်။ ဒီရေတောဂေဟစနစ်သည် CO_2 စုပ်ယူစုဆောင်းရုံမျှသာမက အခြားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှု-စီးပွားရေးအကျိုးပြုမှုများဖြစ်သော ကမ်းရိုးတန်းဒေသများအတွက် လေပြင်းမုန်တိုင်းဒဏ်မှ အကာအကွယ်ပေးခြင်း၊ မြေပြို တိုက်စားခြင်း၊ ရေလွှမ်းမိုးခြင်း၊ မြစ်ချောင်းများမှ သယ်လာသော နုန်းမြေများကို ဖမ်းယူ၍ မြေသားများထိန်းပေးခြင်း၊ ရေအရင်းအမြစ်အရည်အသွေးကို ထိန်းပေးခြင်း၊ ဒေသခံပြည်သူများအတွက် ငါးဖမ်းအသက်မွေးမှုကိုပေးခြင်း၊ သစ်၊ ထင်း၊ တိုင်၊ မျှော၊ ဓနိ စသည့် ဆောက်လုပ်ရေးအထောက်အကူ ပြု ပစ္စည်းများပေးခြင်း၊ ဘယဆေးများရစေခြင်းတို့အပြင် ခရီးသွားလုပ်ငန်း၊ အပန်းဖြေလုပ်ငန်း၊ ယုံကြည်ကိုးကွယ်မှု အထောက်အကူပြုခြင်းနှင့် မြစ်ချောင်းများကသယ်လာသော အညစ်အကြေးများကို သန့်စင်ပေးခြင်း၊ ရေနေသတ္တဝါများအတွက် ဂေဟစနစ်ထူထောင်ပေးခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးတန်ဖိုးတွက်ချက်မည်ဆိုလျှင် ဒီရေတော တစ်ဟက်တာ၏ နှစ်စဉ်ရရှိနိုင်သည့် တန်ဖိုးပမာဏသည် US $ 2000 မှ 9000 ထိ ရှိနိုင်ပါသည်။ သို့တစေလည်း ဤတန်ဖိုးများကို အလေးမထားဘဲ ဒီရေတောများကို ခုတ်ထွင်ရှင်းလင်းပြီး ရေတိုစီးပွားရေးလုပ်ငန်းများဖြစ်သည့် စပါးစိုက်ခြင်း၊ ငါးပုစွန်များမွေးခြင်း၊ ဆားချက်ခြင်း၊ ခရီးသွားလုပ်ငန်းအတွက် အဆောက်အဦ များဆောက်လုပ်ခြင်း၊ သင်္ဘောကျင်းများ၊ လမ်းတံတားများဖောက်လုပ်ခြင်းဖြင့် ဒီရေတောဂေဟစနစ်ကို ဖျက်ဆီးနေကြသည်မှာ များစွာဝမ်းနည်းဖွယ် ပင်ဖြစ်ပါသည်။ ၂၀၀၈ ခု မေလဝန်းကျင်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ခံရပြီးမှ ဒီရေတောများတန်ဖိုးကို သိရှိအလေးထားစပြုလာပြီး ဒီရေတောများ ပြန်လည်စိုက်ပျိုးလျက်ရှိရာ ဤဒီရေတောသစ်မျိုးများစာအုပ်ငယ်သည် ဒီရေတောများ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် မရှိမဖြစ် လိုအပ်လျက်ရှိပါ၍ အမျှားပြည်သူအတွက် အထောက်အကူပြုမည်မှာ ဧကန်ပင်ဖြစ်ပါကြောင်း အမှာစာအဖြစ် ရေးသားပြုစုရပါသည်။

ဦးအုန်း (ဒုတိယဥက္ကဋ္ဌ)
သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်
ထိန်းသိမ်းရေးအသင်း (FREDA)
ကမ္ဘာမြေချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

ဒီရေတောသစ်မျိုးများ

၁။ သမ့ဲကြက်တက်	Avicennia alba
၂။ ရေခယား	Aegiceras corniculatum
၃။ သမ့ဲဖြူ	Avicennia marina
၄။ သမ့ဲကြီး	Avicennia officinalis
၅။ ဆားပင်	Aegialitis rotundifolia
၆။ နံ့ပြား	Bruguiera cylindrica
၇။ ပြားအုပ်ဆောင်း	Bruguiera gymnorhiza
၈။ ပြားဝါးကြိတ်လိန်	Bruguiera parviflora
၉။ ပြားရွှေဝါ	Bruguiera sexangula
၁၀။ ရေကျီး	Barringtonia racemosa
၁၁။ မဒမ	Ceriops decandra
၁၂။ မဒမမျှော	Ceriops tagal
၁၃။ မြင်းက	Cynometra ramiflora
၁၄။ သရော	Excoecaria agallocha
၁၅။ ကနစို (ရေ)	Heritiera fomes
၁၆။ ကနစို (ကုန်း)	Heritier a littorea
၁၇။ ပြားဘိုင်းထောင့်	Kandelia candel
၁၈။ အိတ်မသွယ် (အနီ)	Lumnitzera littoralis
၁၉။ အိတ်မသွယ် (အဖြူ)	Lumnitzera racemosa
၂၀။ ခနီ	Nypa fruitcans
၂၁။ သင်ဘောင်း	Phoenix paludosa
၂၂။ သင်းဝင်ဖြူ (ခေါ်) သံသတ်	Pongamia pinnata
၂၃။ ပြားခြေထောက် (ဖို)	Rhizophora apiculata
၂၄။ ပြားခြေထောက် (မ)	Rhizophora mucronata
၂၅။ လမူတသတ်	Sonneratia alba
၂၆။ ကန့်ပလာ	Sonneratia apetala
၂၇။ လမူ	Sonneratia caesolaris
၂၈။ လဘ	Sonneratia griffithii
၂၉။ ပင်လယ်အုန်း	Xylocarpus granatum
၃၀။ ကျုန	Xylocarpus moluccensis



www.burmeseclassic.com

www.burmeseclassic.com



ပြင်သာကျေးရွာဝန်းကျင်တွင် ခုတ်ယူထားသော မျောရ၊ အချည်၊ နှင့် တိုင်များ

ကျွန်းစုမြို့နယ်အတွင်း ဒီရေတောထုတ်ယူသုံးစွဲမှု လေ့လာချက်

Green Network (မြိတ်မြို့)

(၁)နောက်ခံအကြောင်းအရာ

ကျွန်းစုမြို့နယ်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၊ မြိတ်မြို့၏ အနောက်ဖက်အရပ်တွင်ရှိသည့် ပင်လယ်ပြင်ရှိ ကျွန်းငယ်ပေါင်း ၂၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် မြို့နယ်တစ်ခုဖြစ်ပါသည်။ ထိုမြို့နယ်၏ အကျယ်အဝန်းသည် စုစုပေါင်း ၁၁၇၆၆ ၂၆ ဧက ကျယ်ဝန်းကာ ကြီးဝိုင်း/ကြီးပြင်ကာကွယ်တော ၂၀၀၈၁၇ ဧကနှင့် တောရိုင်းမြေ ၅၄,၂၃၃ ဧက ရှိကြောင်း ကျွန်းစုမြို့နယ် မြေစာရင်းဦးစီးဌာန (၂၀၁၄)ခုနှစ် စာရင်းအရ သိရှိရပါသည်၊ ကျွန်းစုတစ်မြို့နယ်လုံးတွင် အိမ်ခြေပေါင်း (၂၄,၃၁၇)နှင့် အိမ်ထောင်စုပေါင်း (၂,ခ,ဝ၁)ရှိကာ ရပ်ကွက် (၄)ရပ်ကွက်နှင့် ကျေးရွာပေါင်း (၁၆၅)ရွာ ရှိပါသည်။ ထို့အပြင် ဥယျာဉ်ပိုင်း၊ လယ်တောပိုင်းနှင့် ပင်လယ်ပိုင်းဟု အပိုင်း (၃)ပိုင်းကို လည်း ပိုင်းခြားသတ်မှတ်ထားပါသည်။ ဥယျာဉ်ခြံလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုသည့်ဒေသကို ဥယျာဉ်ပိုင်းဟုခေါ်ပြီး ဆန်စပါးများအား အဓိကစိုက်ပျိုးသည့် ဒေသကို လယ်တောပိုင်းဟုခေါ်ကာ တံငါ (ငါး ဖမ်းခြင်း)လုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည့် ဒေသကို ပင်လယ်ပိုင်းဟု ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကွင်းဆင်းလေ့လာမှုကို ၁၂ မတ်လမှ ၂၃ မတ်လအထိ ၁၂ ရက်ကြာ လုပ်ဆောင်ခဲ့သည်။ ကျေးရွာများမှာ ကဘင်ကျေးရွာအုပ်စုမှ ခိုင်းသွေး ပြင်သာ၊ ကြူပင်တောင်(ပြင်သာ)၊ ဥယျာဉ်ကြီး၊ ကွက်သစ်နှင့် ကော်ဇယာအုပ်စု၊ ကျောက်တစ်လုံးကျေးရွာ စသည့် ၆ နေရာကို သွားရောက်ခဲ့ပါသည်။ Green Network မှ လေ့လာရေးအဖွဲ့ဝင်များဖြစ်သော ပိုအင်၊ မျိုးဦး ဦးတင်ထွန်းလွင်၊ ဦးအောင်အောင်ဦး (၄) ဦး သွားရောက်ခဲ့ပါသည်။ အဓိကလေ့လာခဲ့သောဒေသများမှာ မီးသွေးနှင့် မျောအချဉ်၊ တိုင်၊ ထင်း၊ လုပ်ငန်းသုံးလောင်စာများ အတွက် ထုတ်ယူနေသော နေရာများအား သွားရောက်ခဲ့သည်။ ထိုသို့ သွားရောက်ရာတွင် ဒေသခံများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ သက်ဆိုင်ရာလုပ်ငန်းရှင်များ၊ အလုပ်သမားများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း၊ ဗီဒီယိုများ ရိုက်ယူခြင်းများ ပြုလုပ်ခဲ့သည်။ မီးသွေးဖိုများကိုလည်း လေ့လာခဲ့သည်။

(၂) ဒီရေတောပျက်စီးရခြင်း၏ အဓိကအကြောင်းရင်း

(၁) မီးသွေးပြုလုပ်ရန်အတွက် လိုအပ်သည့် ထင်းများ ခုတ်ယူခြင်း။

(၂) မြိတ်မြို့နှင့် ကျွန်းစုမြို့နယ်ရှိ ငါးအမှန့်ကြိတ်စက်ရုံ (၅)ခုနှင့် ကင်းမွန်၊ ပုဇွန်ခြောက်များ ထုတ်လုပ်ရန်အတွက် လိုအပ်သည့် အစားထိုးလောင်စာထုတ်ယူခြင်း။

(၃) ကျွန်းစုမြို့နယ်တွင်းနှင့် မြိတ်မြို့နယ်များတွင် အိမ်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် မျော၊ အချဉ်၊ တိုင်နှင့် အခြားရေလုပ်ငန်းသုံးရန် လိုအပ်သည့် ဒီရေတောသစ်များကို အလွန်အကျွံခုတ်ယူနေခြင်း။

(၂.၁) မီးသွေးပြုလုပ်ရန်အတွက် လိုအပ်သည့်ထင်းများ ခုတ်ယူခြင်း

ကွင်းဆင်းလေ့လာချက်အရ ဤလုပ်ငန်းကို အထက်ဖော်ပြပါ ကျေးရွာငါးခုတွင် လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။ အဓိက မီးသွေးထုတ်လုပ်သည့် ကျေးရွာများမှာ ဥယျာဉ်ကြီး၊ ကြူပင်တောင် (ပြင်သာရွာ)၊ ခိုင်းသွေး၊ ကျောက်တစ်လုံးတို့ဖြစ်သည်။ ကဘင်ကျေးရွာ



အုပ်စုမှ ဒေသခံများ၏ ပြောကြားချက်အရ လွန်ခဲ့သည့် နှစ်ပေါင်း ၁၅ နှစ်ခန့် (၂၀၀၀) ပြည့်နှစ်ခန့်မှ စတင်ကာ စီးပွားရေးလုပ်ငန်းရှင်များသည် ထိုဒေသသို့ ရောက်ရှိလာပြီး ဒေသသုံးမဟုတ်သည့် စီးပွားဖြစ် မီးသွေးထုတ်လုပ်ခြင်းကို လုပ်ကိုင်လာခဲ့ကြပါသည်။ ထုတ်လုပ်သည့် မီးသွေးများသည် ဒီရေတောမျိုးဖြစ်သည့် ဒေသအခေါ် ပရုံး (အမျှားအခေါ် ဗျူးပင်)ကိုသာ အဓိကခုတ်ယူပြီး နိုင်ငံခြားသို့ တင်ပို့နိုင်သည့် စံချိန်မီ မီးသွေးကိုသာ ထုတ်လုပ်ကြပါသည်။ အဓိကတင်ပို့သောနိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး စတင်ထုတ်လုပ်ချိန်မှ ယခုတိုင်အောင် တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။ အရည်အသွေးစံချိန်မမီသော မီးသွေးများကို ဒေသသုံးနှင့် ပြည်တွင်းရှိ ရန်ကုန်မြို့ကဲ့သို့ နေရာများသို့ တင်ပို့လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ကြီးကျေးရွာအတွင်း မီးသွေးလုပ်ရန် သစ်ခုတ်ယူမှုများနှင့် ရောင်းချမည့် မီးသွေးများအား သယ်ယူပို့ဆောင်နေသည့်မှတ်တမ်း ဓာတ်ပုံများ

မီးသွေးထုတ်လုပ်ခြင်းလုပ်ငန်းကို လေ့လာခဲ့သောဒေသများတွင် ကာဘင်းကျေးရွာအုပ်စုဝင်ဖြစ်သော ဥယျာဉ်ကြီးကျေးရွာ၊ ကြူပင်တောင် (ပြင်သာကျေးရွာ) နှင့် ကော်ဇယာကျေးရွာအုပ်စု ကျောက်တစ်လုံး ကျေးရွာတွင် အများဆုံးထုတ်လုပ်နေသည့် ဒေသများ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခင်အချိန်က ဥယျာဉ်ကြီးကျေးရွာမှ ဒေသခံများသည် ရေလုပ်ငန်းကိုသာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့သော်လည်း ယခုအချိန်တွင် ရေလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုရန် ခက်ခဲလာပါသည်။ ထို့ကြောင့် ဒေသခံများသည် ဝမ်းစာရေးအတွက် ဒေသခံ မဟုတ်သည့် မီးသွေးဖောင်လုပ်ငန်းရှင်များထံမှ ငွေကြေးများကို ကြိုတင် (စရံ) ယူကာ မီးသွေးဆိုင်ရာ လုပ်ကိုင် နေသော လုပ်ငန်းရှင်များအတွက် လိုအပ်သော မီးသွေးများကို ထုတ်လုပ်ပေးလျက်ရှိပါသည်။ ဥယျာဉ်ကြီးကျေးရွာသည် အိမ်ခြေ (၇၀)အိမ်ထောင်စု (၇၀)ရှိရာ အိမ်ထောင်စုနီးပါးတိုင်းတွင် အနည်းဆုံး မီးသွေးဖိုတစ်လုံးရှိပါသည်။ မီးသွေးလုပ်ငန်းတွင် ပါဝင်လုပ်ဆောင် နေသူများသည် ယင်းဒေသခံများ မဟုတ်ကြဘဲ မီးသွေးထုတ်လုပ်ခြင်း စီးပွားရေးလုပ်ငန်းကြောင့် ပြောင်းရွှေ့လာသော လူများသာဖြစ်သည်။

ကြူပင်တောင် (ပြင်သာကျေးရွာ)တွင် မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီတိုင်း၊ မွန်ပြည်နယ်မှ ပြည်တွင်းပြောင်းရွှေ့နေထိုင်သူများသည် မီးသွေးဖိုလုပ်ငန်းရှင်များ၊ ဖိုအလုပ်သမားများ၊ ထင်းခုတ်သမားများ၊ မီးသွေးသယ်သော လှေပိုင်ရှင်များအဖြစ် လုပ်ကိုင်လျက်ရှိသည်။

ကော်ဇယာကျေးရွာအုပ်စု ကျောက်တစ်လုံးကျေးရွာသည် ၂၀၁၄ ခုနှစ်ကုန်ပိုင်းခန့်မှ ပြည်ထဲရေးဌာနမှ ကျေးရွာတစ်ရွာအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ ယခင်အချိန်က မီးသွေးထုတ်လုပ်ရာ နေရာတစ်ခုမျှသာ ဖြစ်ခဲ့ပါသည်။ တစ်ရွာလုံးရှိ လူတိုင်းသည် မီးသွေးလုပ်ငန်းကိုသာ လုပ်ကိုင်သူများဖြစ်ပါသည်။ ထိုရွာမှထွက်သည့် မီးသွေးများကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ကြပါသည်။ ယခုကျေးရွာတွင် မီးသွေးဖိုအရွယ်အစားမျိုးစုံ ၁၀၀ ခန့် ရှိသည်ဟု သိရပါသည်။ ပျမ်းမျှမီးသွေးဖိုတစ်ခု၏ ထွက်ရှိနှုန်းမှာ ပိသာ ၂၅၀၀ ခန့်ရှိပြီး ထုတ်လုပ်ရန် ကြာချိန်မှာ ၄၅ ရက် ကြာမြင့်ပါသည်။ ထိုရွာရှိ မီးသွေးဖို စုစုပေါင်း၏ ထက်ဝက်ခန့်ကို မြိတ်မြို့တွင်နေထိုင်သည့် ဒေါ်စောဝင်းဆိုသူမှ ပိုင်ဆိုင်သည်။ ကျန်ရှိသော ထက်ဝက်မှာလည်း ဒေါ်စောဝင်းမှ အရင်းအနှီးထုတ်ပေးထားခြင်းကြောင့် လည်ပတ်နေသော လုပ်ငန်းများဖြစ်သည်။ ကျောက်တစ်လုံးကျေးရွာရှိ မီးသွေးဖို ၅၀ ရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com

နှုန်းခန့်သည် ဒီရေတောရှားပါးလာသောကြောင့် ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ တောင်ငယ်ဒေသမှ တောင်ပေါ်သစ်များကို ခုတ်ယူအသုံးပြုနေသည်ဟု သိရပါသည်။

ထင်းခုတ်သမားများသည် အနည်းဆုံး လူ (၂) ဦးမှ (၅) ဦး (၆) ဦးခန့် စုစည်းကာ မီးသွေးဖောင်များအတွက် လိုအပ်သည့်မီးသွေးထင်းများအား တစ်လလျှင် (၁၅)ရက်ခန့် မီးသွေးထင်းခုတ်ယူကြပါသည်။ တစ်နေ့လျှင် မီးသွေးထင်း (၂)ပုံစံမှ (၄)ပုံစံအထိ ခုတ်ယူကြရပါသည်။ (မှတ်ချက်။ ။ မီးသွေးထင်းပုံစံ = အလျား ၄ ပေ × အနံ ၁.၅ ပေ × အမြင့် ၅ ပေ) တစ်ပုံစံလျှင် မြန်မာငွေကျပ် ၉၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်အထိ ရရှိကြပါသည်။ အများဆုံး တစ်ဦးလျှင် တစ်နေ့ ဝင်ငွေသည် ပျမ်းမျှအားဖြင့် (၂၀၀၀)ကျပ်ခန့်သာ ရရှိကြပြီး မိသားစုစားဝတ်နေရေးသည် မည်သို့မျှ လောက်ငှသည်မရှိပါ။

(၂.၂) မြိတ်မြို့နှင့် ကျွန်းစုမြို့နယ်ရှိ ငါးအမှုန့်ကြိတ်စက်ရုံ (၅)ခုနှင့် ကင်းမွန်၊ ပုဇွန်ခြောက်များ ထုတ်လုပ်ရန်အတွက် လိုအပ်သည့် အစားထိုးလောင်စာထုတ်ယူခြင်း

ထင်းခုတ်သူများအဖို့ မီးသွေးဖိုထင်းခုတ်ခြင်းနှင့် ဘွိုင်လာထင်းခုတ်ယူခြင်း နှစ်မျိုးရှိရာတွင် ဘွိုင်လာထင်းခုတ်ခြင်းက ပိုမိုလွယ်ကူပြီး ငွေကြေးပိုမိုရရှိသောကြောင့် ငါးအမှုန့်ကြိတ်စက်ရုံများအတွက် လိုအပ်သည့် ဘွိုင်လာထင်းခုတ်ယူခြင်းက ပိုမိုလွယ်ကူပြီး ငွေပိုရသောကြောင့် ထင်းခုတ်သမားအများစုသည် ထိုဘွိုင်လာထင်းခုတ်ခြင်းကို အလွယ်တကူ ဆောင်ရွက်လာကြပါသည်။ အဘယ်ကြောင့်ဆိုသော် မီးသွေးထင်းသည် အရွယ်အစားကိုက်အောင် ခုတ်ယူရပြီး ဘွိုင်လာထင်းသည် အတိုင်းအတာမရှိ နှစ်သက်ရာပုံစံဖြင့် အမြစ်များပါမကျန်အောင် ခုတ်ယူကာ ငါးအမှုန့်ကြိတ်စက်ရုံများသို့ တစ်ကီလိုဂရမ်ကို ၁၃ ကျပ်နှုန်းဖြင့် ရောင်းချရသောကြောင့် လွယ်ကူအဆင်ပြေလှပါသည်။ ငါးအမှုန့်ကြိတ်စက်ရုံတစ်ခု တစ်နေ့ လည်ပတ်နိုင်စေရန် လိုအပ်သည် အစားထိုးလောင်စာ ထင်းပမာဏသည် နေ့စဉ် တန်ချိန်ပေါင်း (၂၀)ခန့် လိုအပ်ပါသည်။ ငါးအမှုန့်ကြိတ် စက်ရုံ (၅)ခုအတွက် တစ်နေ့လျှင် လောင်စာထင်း စုစုပေါင်း တန်ချိန်မှာ နေ့စဉ် (၁၀၀)တန်ခန့် လိုအပ်နေပါသည်။ ထိုသို့ နေ့စဉ် စက်ရုံလည်ပတ်နိုင်စေရန် လိုအပ်သည့် လောင်စာထင်းများအား ကျွန်းစုမြို့နယ်ရှိ ကျွန်းငယ်ပေါင်းများစွာရှိ ဒီရေတောများမှ ဒေသခံများသည် နေ့စဉ် ခုတ်ယူရောင်းချပေးရပါသည်။

မှတ်ချက်။ ။ဘွိုင်လာထင်း - ငါးငယ်လေးများအား မရပ်မနားပြုတ်ရာတွင် အသုံးပြုသည့် ဘွိုင်လာရေနွေးအိုးကြီးအတွက် လိုအပ်သည့် လောင်စာထင်း။

ဒေသခံများ၏ အဆိုအရ ငါးအမှုန့်ကြိတ်စက်ရုံများသည် မြိတ်မြို့နယ်တွင် ကုမ္ပဏီကြီး (၄)နှင့် မြိတ်မြို့၏ အနောက်ဖက် ကျွန်းစုမြို့နယ်ပိုင် ပုထော် ကျေးရွာတွင် (၁)ခု စုစုပေါင်း (၅)ခုရှိကြောင်း သိရပါသည်။ ယင်းတို့မှာ

(က) ဗဲင်(နိ)တော့(ချ်) ကုမ္ပဏီ

Vatage ကုမ္ပဏီသည် ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံတောင်ပိုင်းဒေသများဖြစ်သော တနင်္သာရီတိုင်းအတွင်း မိသားစုဝင်များ ပါဝင်ပြီး မြန်မာနိုင်ငံတောင်ပိုင်းတွင် ငါးမှုန့်ကြိတ်စက်ရုံ၊ ငါးရေခဲရိုက်လုပ်ငန်း၊ ဆီအုန်းနှင့် ရာဘာလုပ်ငန်း၊ သံနှင့် သံကြွေပ်လုပ်ငန်းမျာ်းကို လုပ်ကိုင်လျက်ရှိပါသည်။ ငါးမှုန့်ကြိတ်စက်ကို ၁၉၉၇ စက်တင်ဘာလတွင် မြိတ်မြို့တွင် စတင်တည်ထောင်ခဲ့၍ မြန်မာနိုင်ငံတွင်းနှင့် ပြည်ပနိုင်ငံများသို့ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ယခုလက်ရှိ အချိန်တွင် ထုတ်လုပ်ရေးလုပ်ငန်း ၃ ခုရှိ၍ တစ်နေ့ကုန်ကြမ်း ၈၀ MT ထုတ်လုပ်လျက်ရှိပါသည်။ ၁၉၉၈ ခုနှစ်မှစ၍ သုခရာဇာကုမ္ပဏီလက်အောက်မှ ငါးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ ငါးဦးစီးလုပ်ငန်းဌာန၏ JV စီမံကိန်းဖြင့် Grand Seamans နာမည်ဖြင့် ငါးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ ဆီးအုန်းနှင့်ရာဘာစိုက်ခင်းများကိုလည်း လုပ်ကိုင်လျက်ရှိပြီး ပလောမြို့နယ်တွင် ရာဘာချပ်ပြားစက်ရုံတည်ထောင်ထားသည်။ တစ်ချိန်တည်းမှာပင် လေခွန်းမြင့်မိုရ်နှင့် ငွေတွမ္ဘာအမည်ဖြင့် သံနှင့် သံကြွေပ်ထုပ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

အဆောင်ကောင်း ကုမ္ပဏီပိုင် ငါးမုန့်စက်ရုံ တွင် တစ်နေ့တာ အသုံးပြုသည့် လောင်စာထင်းများ

မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် တနင်္သာရီတိုင်း၊ မြိတ်တွင် ၃၇၅ တန်ရှိ ရေခဲတုံးထုတ်လုပ်သည့်စက်ရုံနှင့် ပလောမြို့နယ်တွင် ရာဘာစက်ရုံတည်ဆောက်ရန် ကြိုးစားလျက်ရှိသည်။ ယခုအချိန်တွင် စျေးကွက်လိုအပ်ချက်အရ အရည်အသွေးမြင့် ရေခဲရိုက်ငါးနှင့် ပုစွန်များကို စီးပွားဖြစ်ထုတ်လုပ်ရန် ကြိုးစားလျက်ရှိသည်။

(ခ) အဆောင်ကောင်းကုမ္ပဏီ

အဆောင်ကောင်းကုမ္ပဏီသည် မြိတ်မြို့တွင် ၁၉၉၆ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ရေထွက်လုပ်ငန်းများ၊ လက်လီလက်ကားရောင်းချသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ပိုင်ရှင်မှာ စစ်တပ်မှ ဦးဇော်ဝင်းဖြစ်ပြီး ဒေသခံများ၏အဆိုအရ ငါးအမှုန့်ကြိတ်စက်လုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

(ဂ) မင်းဇာနည်ကုမ္ပဏီ

မင်းဇာနည်ကုမ္ပဏီသည် မြိတ်မြို့မှ ဦးပေါ်စိန်ပိုင်ဆိုင်သောကုမ္ပဏီဖြစ်ပြီး ၁၉၉၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ကုမ္ပဏီသည် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်ရှိ ရန်ကုန် (လှိုင်သာယာ)၊ စစ်တွေနှင့် မြိတ်မြို့တို့တွင် စက်ရုံသုံးရုံ တည်ထောင်ထားသည်။ အဓိကလုပ်ငန်းမှာ ရေခဲ့ခြင်နှင့် ပင်လယ်ငါး၊ ပုစွန် အစရှိသည့် ရေထွက်ပစ္စည်းထုတ်လုပ်မှုဖြစ်သည်။ မြန်မာ့ရေလုပ်ငန်းဌာနနှင့် ပူးပေါင်းလုပ်ကိုင်၍ တစ်ကမ္ဘာလုံးသို့ ရေထွက်ပစ္စည်းများတင်ပို့လျက်ရှိသည်။ ထို့အပြင် ပို့ဆောင်ရေး၊ ဆေးဝါး၊ ဟိုတယ်၊ စားသောက်ဆိုင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းများပါ လုပ်ကိုင်လျက်ရှိသည်။

ရည်ရွယ်ချက်

မင်းဇာနည်ကုမ္ပဏီအား အရည်အသွေးအကောင်းဆုံးနှင့် ယုံကြည်စိတ်အချရဆုံး အစားအသောက်ထုတ်ကုန်များ တင်ပို့ရောင်းချမှုတွင် ဦးဆောင်နိုင်သော ကုမ္ပဏီကြီးတစ်ခု အဖြစ် မြှင့်တင်ရန်

ရည်မှန်းချက်များ

မင်းဇာနည်ထွက်ကုန်များအား ကမ္ဘာအနှံ့ နာမည်ကောင်းဖြင့် တင်ပို့ရောင်းချ၍ စည်းလုံးညီညွတ်မှုတန်ဖိုးမြှင့်တင်နိုင်ရန်

ဝန်ထမ်းများစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကမ္ဘာစံချိန်စံနှုန်းများနှင့်အညီ ဝယ်ယူသူများအား စိတ်တိုင်းကျစေမည့် ဝန်ဆောင်မှုများပေးနိုင်ရန်

ကုမ္ပဏီဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လူမှုဘဝ ဖွံ့လုံရေး၊ အသိပညာမြှင့်တင်ပေးခြင်း

အဖွဲ့အစည်းအား ကျန်းမာရေးနှင့် ပညာရေးကဏ္ဍ မြှင့်တင်ခြင်းဖြင့် ၎င်းတို့၏ နေထိုင်လှုပ်ရှားသော ပတ်ဝန်းကျင်အား ပိုမိုတိုးတက်ကောင်းမွန်စေခြင်း။

www.burmeseclassic.com

www.burmeseclassic.com

(ဃ) ထူးထူးတိုးကုမ္ပဏီ

ထူးထူးတိုးကုမ္ပဏီကို ရေးပြေအေးနာမည်ဖြင့် ၂၀၀၄ ခုနှစ်မှစ၍ မြိတ်မြို့တွင်နေထိုင်သူ ထိုင်းနိုင်ငံသားကိုယွမ်ဆိုသူမှ စတင်ခဲ့သည်။ စားသောက်ကုန်များအား လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်းသည် အဓိကလုပ်ငန်းဖြစ်သည်။ ကုမ္ပဏီပိုင်ရှင်အစစ်အမှန်ကိုမူ မည်သူမှ မသိကြပေ။ မန်နေဂျင်းဒါရိုက်တာမှာ ဦးကျော်ကျော်ဖြစ်ပြီး လက်ရှိအစိုးရနှင့် စစ်တပ်ရှိ ဗိုလ်မှူးကြီးများ အထူးသဖြင့် တနင်္သာရီတိုင်းအတွင်းရှိ ခေါင်းဆောင်များနှင့် ရင်းနှီးသောဆက်ဆံရေးရှိသည်။ မွေးမြူရေး၊ စီးပွားဖြစ်စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းများအပြင် ငါးမှန့်ကြိတ်စက်နှင့် ရေခဲစက်လုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိသည်။

(c) ပြည့်ဖြိုးထွန်းကုမ္ပဏီ

ပြည့်ဖြိုးထွန်းကုမ္ပဏီသည် မြန်မာနိုင်ငံ ရေလုပ်ငန်းဆိုင်ရာ ကုမ္ပဏီများတွင် ဦးဆောင်လုပ်ကိုင်နေသည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ မြန်မာ့ရေထွက်ပစ္စည်းဆိုင်ရာ အဖွဲ့အစည်းတွင်လည်း အဖွဲ့ဝင်ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် တနင်္သာရီတိုင်း၊ မြိတ်မြို့တွင် စတင်တည်ထောင်ခဲ့ပါသည်။ ကုမ္ပဏီပိုင်ရှင်မှာ တနင်္သာရီတိုင်းဒေသကြီး၏ ငါးလုပ်ငန်းဆိုင်ရာ သဘာပတိတစ်ဦးဖြစ်သူ မြိတ်မြို့မှ ဦးလှသန်းဖြစ်သည်။ ပြည့်ဖြိုးထွန်းကုမ္ပဏီအနေဖြင့် ဟောင်ကောင်၊ တရုတ်၊ ထိုင်ဝမ်၊ ဂျပန်နှင့် အနောက်ဥရောပနိုင်ငံများသို့ ပင်လယ်စာများ တင်ပို့လျက်ရှိသည်။ ပြည့်ဖြိုးထွန်းသည် ရေခဲသိုလှောင်ခန်းများ၊ အအေးခန်း၊ သင်္ဘောကျင်းနှင့် ပြုပြင်ရေးလုပ်ငန်းများ၊ ငါးဖမ်းပိုက်လုပ်ငန်းများ ပိုင်ဆိုင်သည်။ ကျောက်ပုစွန်နှင့် အခြားငါးကြီးများကိုလည်း တင်ပို့လျက်ရှိသည်။ ၁၉၉၅ နှင့် ၉၆ ခုနှစ်များအတွင်း ပင်လယ်စာတင်ပို့ကုန်များမှ အမေရိကန်ဒေါ်လာ ၂ သန်းခန့် ရရှိခဲ့သည်။ နိုင်ငံခြားသို့တင်ပို့သောကုန်များအား ရန်ကုန်မှတစ်ဆင့် သင်္ဘောများဖြင့် နိုင်ငံခြားသို့ တင်ပို့သကဲ့သို့ ကုန်ပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် မြိတ်မှ ထိုင်းသို့ တိုက်ရိုက်ပို့လျက်ရှိသည်။

ပြည့်ဖြိုးထွန်းအပြင် အက်ဒမန်ကွင်း (Adman Queen)၊ Southern Wave နှင့် Unisea အစရှိသည့် နာမည် ခွဲများဖြင့်လည်း လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ထို့အပြင် ဆောက်လုပ်ရေး၊ သစ်ထုတ်ရေး၊ ဆီအုန်းနှင့် ရာဘာ စိုက်ခင်းများလည်းလုပ်ကိုင်လျက်ရှိပြီး ယခင်အစိုးရနှင့် လက်ရှိအစိုးရနှင့်ပါ ရင်းနှီးဆက်ဆံမှုရှိသည်။

ပုစွန်အခြောက်နှင့် ကင်းမွန်အခြောက်လုပ်ငန်းများကိုလည်း ကုမ္ပဏီများမှ ထုတ်လုပ်သည်ကို တွေ့ရပါသည်။ လေ့လာခဲ့သောကျေးရွာများတွင် ကော်ဇယာကျေးရွာအုပ်စုရှိ ကျောက်တစ်လုံးကျေးရွာမှ ဒေသခံထင်းခုတ်သူတို့သည် ငါးအမှုန့်ကြိတ်စက်ရုံအတွက် လိုအပ်သည့်လောင်စာထင်း (ဘွိုင်လာထင်း) ခုတ်ယူခြင်း မရှိပါ။ အခြားဒေသများမှလာသည့် ထင်းခုတ်သူများမှသာ ဘွိုင်လာထင်းခုတ်ခြင်းကို ဆောင်ရွက်ကြပါသည်။ ဒေသရှိသူများသည် မီးသွေးဖိုလုပ်

ကျောက်တစ်လုံး ကျေးရွာဝန်းကျင်ရှိ မီးသွေးဖိုများ အတွက် သစ်လုံးများ သယ်ယူ ပို့ဆောင်ခြင်းနှင့် မီးသွေး ပြုလုပ်မည့် သစ်လုံးတိုများ

www.burmeseclassic.com

www.burmeseclassic.com

ငန်းအတွက် လိုအပ်သည့် မီးသွေးထင်းကိုသာ ခုတ်ယူကြပါသည်။ ဒေသခံရွာသားများအနေဖြင့် ထိုဒေသတွင် ဘွိုင် လာထင်းထုတ်ယူခြင်းမရှိသော်လည်း တခြားဒေသမှ လာရောက်ခုတ်ယူသောသူများ ရှိပါသည်။

(၃) ကျွန်းစုမြို့နယ်တွင်းနှင့် မြိတ်မြို့နယ်များတွင် အိမ်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့်မျော၊ အချဉ်၊ တိုင်နှင့် အခြားရေလုပ်ငန်းသုံးရန် လိုအပ်သည့် သစ်များကို အလွန်အကျွံခုတ်ယူနေခြင်း။

ကျွန်းစုမြို့နယ်နှင့် မြိတ်မြို့နယ်တို့မှ နေအိမ်ဆောက်လုပ်ခြင်းများ၊ အမိုးအကာများ၊ ရေလုပ်ငန်းများအတွက် လိုအပ်သည့် မျော၊ အချဉ်၊ တိုင်၊ ထောင်းတံနှင့် အခြားလိုအပ်ချက်များအတွက် ဒီရေတောများကို ခုတ်ယူလျက်ရှိပါသည်။ ကွင်းဆင်းလေ့လာခဲ့သော ကျေးရွာများတွင် မျော၊ အချဉ်၊ တိုင်နှင့် အခြားလိုအပ်သည့်သစ်များကို ဒီရေတောမှ ခုတ်ယူလျက်ရှိပါသည်။ ကဘင်ကျေးရွာအုပ်စုတွင် ဥယျာဉ်ကြီးကျေးရွာနှင့် ပြင်သာကျေးရွာတို့တွင် အချဉ်၊ မျော၊ တိုင်နှင့် အခြားဒီရေတောသစ်ခုတ်ယူမှုအများဆုံးဖြစ်သည်ကို တွေ့ရသည်။

(၃) လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများ

ဒီရေတောပျက်စီးပြန်းတီးရခြင်းကြောင့် ကြုံတွေ့နေရသည့် လူမှုရေးပြဿနာများမှာ (၁) စားဝတ်နေရေးခက်ခဲလာခြင်း၊ (၂) အလုပ်အကိုင်ရှားပါးလာခြင်း၊ (၃) ဝင်ငွေပုံမှန်မရှိသဖြင့် ငွေများကို လုပ်ငန်းရှင်များထံမှ အတိုးဖြင့်ချေးငှားခြင်း၊ (၄) ဝင်ငွေနည်းသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်း၊ (၅) ကလေးများ ပညာသင်ကြားနိုင်မှုမရှိခြင်းတို့ဖြစ်သည်။ ထို့အပြင် (၆) အမျိုးသမီးငယ်များ အိမ်ထောင်စောစီးစွာပြုခြင်းများလည်းရှိသည်။ အခြားလူမှုရေးပြဿနာမှာ (၇) ဒေသခံများသည် တရားမဝင်အလုပ်သမားများအဖြစ် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသည်။ ဆက်စပ်ပတ်သက်နေသော အခြားပြဿနာမှာ အလုပ်သမားနှင့် ဒေသခံများအကြားတွင် မူးယစ်ဆေးဝါးသုံးစွဲမှု များပြားလျက်ရှိပါသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဒီရေတောပြန်းတီးပျက်စီးခြင်းနှင့် ဆက်စပ်သစ်တောများ ပြန်းတီးခြင်း

(၂) ရာသီဥတုပြောင်းလဲခြင်း

(၃) ဇီဝမျိုးစုံ၊ မျိုးကွဲများ ရှားပါးလာခြင်း

(၄) ဂေဟစနစ်ပျက်စီးသွားခြင်း

(၅) ရေချိုအရင်းအမြစ်များရှားပါးလာခြင်းနှင့် သောက်သုံးရေရှားပါးလာခြင်းတို့ကို ခံစားတွေ့ကြုံနေရပါသည်။ ထိုပြဿနာများကြောင့် ယခင်ကာလများက အလွယ်တကူရှာဖွေရယူနိုင်သော ပုစွန်၊ ငါး၊ ကဏန်းဖမ်းသည့်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အလွန်ခက်ခဲလှပါသည်။

(၄) တရားဝင်ခြင်း

ကျွန်းစုမြို့နယ် သစ်တောဌာနမှရရှိသော သတင်းအရ ၂၀၁၄- ၂၀၁၅ ခုနှစ်တွင် ဒေသသုံးထွက် မီးသွေးဖိုများအား ဒီရေတောထင်း တန်ချိန်ပေါင်း ၃၀၀၀၊ ၂၀၁၅-၂၀၁၆ တွင် တန်ချိန် ၅၀၀၀ ကို မြို့နယ်သစ်တောဦးစီးဌာနမှ ခွင့်ပြုချက်ပေးထားပါသည်။ သွားရောက်လေ့လာခဲ့သော ကျေးရွာများတွင် ဒီရေတောမီးသွေးဖုတ်လုပ်ငန်းရှင်များ ထံတွင် မီးသွေးထုတ်ယူခွင့်လိုင်စင်များ တွေ့ခဲ့ရသည်။ ယင်းလိုင်စင်များတွင် လုပ်ပိုင်ခွင့်ရရှိသူများမှာ မြိတ်မြို့ရှိ ဒေါ်စောဝင်းဆိုသူနှင့် အခြားလုပ်ငန်းရှင်များဖြစ်ပါသည်။ ယင်းလိုင်စင်တွင် ဒီရေတောထုတ်ယူခွင့်ပြုထားသော နေရာအား တိကျစွာဖော်ပြထားခြင်းမရှိပေ။ ထို့အတူ ထုတ်ယူခွင့်ပြုထားသော သစ်တန်ချိန်ကိုလည်း ဖော်ပြထားခြင်းမရှိပါ။ ယခုလေ့လာခဲ့သော ကျေးရွာများမှထွက်ရှိသော ဒီရေတောထင်း၊ မီးသွေးများကို ကော့သောင်းမြို့နယ်ဦးစန်းလွင်ပိုင်ဆိုင်သောစက်လေ့ဖြင့် ၁၅ ရက်တစ်ကြိမ် မီးသွေးပိသာပေါင်း ၄၀၀၀၀ မှ ၆၀၀၀၀ အထိ တင်ဆောင်ကာ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ထို့အတူ ကော်ဇယာကျေးရွာအုပ်စု ကျောက်တစ်လုံးကျေးရွာတွင်လည်း ထိုင်းနိုင်ငံသားပိုင် စက်လေ့နှင့်လည်းကောင်း၊ မြိတ်မြို့ရှိ ဒေါ်စောဝင်းဆိုသူစက်လေ့ဖြင့်လည်းကောင်း ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ယင်းသို့ တင်ပို့ရောင်းချရာတွင် တရားဝင်ခြင်း၊ မဝင်ခြင်းကို မတွေ့ရှိရပေ။

သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့ လက်ဆောင်ပစ္စည်းများနှင့် လာဘ်ငွေများပေးဆောင်ရန်ကြောင်းကိုလည်း သိရှိရပါသည်။ လေ့လာခဲ့သမျှ မီးသွေးဖိုတိုင်းသည် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အဓိုးရှင်ဌာနများ

www.burmeseclassic.com

www.burmeseclassic.com

မှ လာရောက်တောင်းယူသည့်ငွေများအားလည်း ပေးဆောင်ရကြောင်းနှင့် ကျေးရွာအုပ်ချုပ်ရေးများမှ တောင်းယူသည့် လစဉ်ကြေးများအားလည်း ပေးဆောင်ရကြောင်း သိရှိရပါသည်။

မြန်မာ့သစ်တောဥပဒေပုဒ်မ ၂၁ အရ

သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ရှိသူသည်

(က) ခွင့်ပြုမိန့်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သစ်တောဌာနမှ ဤဥပဒေနှင့်အညီ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ တားမြစ်ချက်နှင့် ကန့်သတ်ချက်များကို လိုက်နာရမည်။

(ဂ) ပေးဆောင်ရန်ရှိသော အခွန်အခ၊ အာမခံငွေနှင့် ကြေတင်ငွေများကို ပေးဆောင်ရမည်။

(ဃ) သတ်မှတ်သည့်နည်းလမ်းနှင့်အညီ တိုင်းတာပြီး တံဆိပ်ရိုက်နှိပ်ခြင်း၊ မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ခြင်းများ ပြုလုပ်ရမည်။

ထို့ပြင် ပုဒ်မ ၄၂ အရ

ခွင့်ပြုမိန့်မရှိဘဲ မီးသွေးဖိုတည်ထောင်ခြင်း သို့မဟုတ် မီးသွေးဖုတ်ခြင်း စသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ၂၀၀၀၀ ထိဖြစ်စေ၊ ထောင်ဒဏ် နှစ်နှစ်ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဟု ဥပဒေတွင် ဖော်ပြထားသည်။

ငါးအမှုန့်ကြိတ်စက်ရုံလုပ်ငန်းကို မြိတ်မြို့နယ်တွင် (၄) ခု ကျွန်းစုမြို့နယ်တွင် တစ်ခု စုစုပေါင်း စက်ရုံပေါင်း (၅) ခုရှိသည်။ ထိုငါးမှုန့်စက်ရုံများ လုပ်ငန်းလည်ပတ်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုကော်မတီ၏ခွင့်ပြုချက်သည် ထိုစက်ရုံများအား လောင်စာ ဒီဇယ်ဆီ သို့မဟုတ် FO (Food oil) ဆီဖြင့် အသုံးပြု လည်ပတ်ပါမည်၊ အနုံ့ဆိုးမဖြစ်အောင် ဇကာပြားများအသုံးပြု ကာလေထုသန့်စင်အောင် အတတ်နိုင်ဆုံးပြုလုပ်ပါမည်ဟု ကတိပြုလက်မှတ်ရေးထိုးထားပါသည်။ သို့သော် စက်ရုံစတင်ဖွင့်လှစ်ခဲ့သည်မှ တစ်နှစ်၊ နှစ်နှစ်ခန့်သာ လောင်စာဆီဖြင့် လုပ်ကိုင်ခဲ့ပြီး နောက်ပိုင်းအချိန်အားလုံးကို ဒီရေတောထင်း လောင်စာကိုသာ အသုံးပြုခဲ့ပါသည်။ ငါးအမှုန့်ကြိတ်စက်ရုံ တစ်ခု တစ်နေ့လည်ပတ်စေနိုင်ရန် လိုအပ်သည့် အစားထိုး လောင်စာ ထင်းပမာဏသည် နေ့စဉ် တန်ချိန်ပေါင်း (၂၀) ခန့် လိုအပ်ပါသည်။ ငါးအမှုန့်ကြိတ်စက်ရုံ (၅) ခုအတွက် တစ်နေ့လျှင် လောင်စာထင်းစုစုပေါင်းတန်ချိန်မှာ နေ့စဉ် (၁၀၀) တန်ခန့် လိုအပ်နေပါသည်။ ထိုသို့ နေ့စဉ်စက်ရုံ လည်ပတ်နိုင်ရန် လိုအပ်သည့်လောင်စာထင်းများအား ကျွန်းစုမြို့နယ်ရှိ ကျွန်းငယ်ပေါင်းများစွာရှိ ဒီရေတောများမှ ဒေသခံများသည် နေ့စဉ် ခုတ်ယူရောင်းချပေးနေရပါသည်။ ယင်းငါးမှုန့်ကြိတ်စက်ရုံလုပ်ငန်းအတွက် လိုအပ်နေသော ဒီရေတောထင်းများကို ခုတ်ယူရာတွင် တရားဝင်ခွင့်ပြုထားခြင်းရှိ၊ မရှိ မသိရှိရပါ။

ထို့အတူ ကျွန်းစုမြို့နယ်အတွင်းနှင့် မြိတ်မြို့နယ်များတွင် အိမ်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် မျှော၊ အချဉ်၊ တိုင်နှင့် အခြားရေလုပ်ငန်းသုံးရန် လိုအပ်သည့်

ပုံ (၁၀) မြိတ်မြို့ရှိ မျှော၊ အချဉ်နှင့် တိုင် အဝယ်ဈေးများ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံသို့ မီးသွေးအိတ်များ တင်ဆောင်သည့် လှေကြီးများ (ဥယျာဉ်ကြီးကျေးရွာ)

သစ်များကို ခုတ်ယူရာတွင်လည်း တရားဝင်ခွင့်ပြုထားခြင်းကို မတွေ့ရှိရပါ။

ကျွန်းစုမြို့နယ်တွင် ကျေးရွာပေါင်း ၁၆၅ ရွာရှိရာ ကျေးရွာပေါင်း ၇၀ ခန့်တွင် မီးသွေးဖိုလုပ်ငန်းများလုပ်ကိုင်လျက်ရှိပါသည်။ အထက်ဖော်ပြပါ မြို့နယ်သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မီးသွေးဖိုလုပ်ငန်းလုပ်ကိုင်ရာ ကျေးရွာများကို အတိအကျမသိရှိရပါ။ သွားရောက်လေ့လာခဲ့သော ကျေးရွာ (၆) ရွာရှိ မီးသွေးလုပ်ငန်းများတွင် တရားဝင်ခွင့်ပြုမိန့်ထုတ်ပေးထားသည်ကို မတွေ့ရှိရပါ။ ယင်းကျေးရွာ (၆) ရွာ၏ တစ်နှစ် မီးသွေးထွက်ရှိမှုတန်ချိန်သည် ပူးတွဲဇယား (၁) အရ လေ့ပိုင်ရှင် ၁၅ ဦးရှိရာ စုစုပေါင်းတန်ချိန် ပျမ်းမျှ ၈၀၀၀ ခန့်ရှိပါသည်။ မီးသွေးဖိုအား အရွယ်အစားအပေါ် အခြေခံတွက်ချက်ရာတွင် မီးသွေးဖို ၁၀ တောင် (၁၅) ပေအကျယ်ရှိ မီးသွေးတစ်ဖိုတွင် ပိသာချိန်ပေါင်း ၂၅၀၀ ခန့်ရှိပါသည်။ မီးသွေးဖိုအငယ်စားဖြစ်သော (၄) တောင် (၆) ပေအကျယ်ရှိ မီးသွေးဖိုတစ်ဖိုတွင် ပိသာချိန်ပေါင်း ၁၀၀၀ ခန့် ထွက်ရှိပါသည်။ လေ့လာခဲ့သောကျေးရွာများတွင် အရွယ်အစားမျိုးစုံ မီးသွေးဖိုပေါင်း ၂၅၀ ကျော်ရှိသဖြင့် မီးသွေးပိသာချိန်တန် ၇၀၀၀ ခန့် အနည်းဆုံးထွက်ရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် ၂၀၁၄- ၂၀၁၅ ခွင့်ပြုတန်ချိန် ၃၀၀၀ ထက်လည်းကောင်း ၂၀၁၅- ၂၀၁၆ ခွင့်ပြုတန်ချိန် ၅၀၀၀ ထက်လည်းကောင်း ပိုမိုထုတ်ယူလျက်ရှိသည်ကို သိရှိရပါသည်။ အခြားလေ့လာသည့် နယ်ပယ်ပြင်ပရှိကျေးရွာများတွင် မီးသွေးထုတ်လုပ်လျက်ရှိသည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၄- ၂၀၁၅ မီးသွေးထုတ်လုပ်မှုတန်ချိန်သည် တရားဝင်ခွင့်ပြုထားသောပမာဏထက် ကျော်လွန်လျက်ရှိပါသည်။ ထို့ကြောင့် လေ့လာခဲ့သောကျေးရွာများရှိ မီးသွေးထုတ်လုပ်မှုပမာဏသည် ကျော်လွန်လျက်ရှိပါသည်။ ထို့ကြောင့် လေ့လာခဲ့သော ကျေးရွာများရှိ မီးသွေးထုတ်လုပ်မှုပမာဏသည် တစ်မြို့နယ်လုံးပမာဏထက် များသည်ကို တွေ့ရပါသည်။

၁၉၉၄ ခုနှစ်ခန့်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် ငါးအမှုန့်ကြိတ်စက်ရုံလုပ်ငန်းရှင်များသည် ထိုငါးအမှုန့်ကြိတ်စက်ရုံလုပ်ငန်းကို ဆောင်ရွက်နိုင်စေရန်အတွက် နှစ်ဖက်သဘောတူလက်မှတ် (MOU) ထိုးစဉ်က ထင်းလောင်စာများကိုအသုံးမပြုပါ။ လောင်စာဆီ (ဒီဇယ် or FO) များကိုသာ အသုံးပြုကာ အနှံ့ဆိုးကင်းအောင် ဇကာများအသုံးပြုပြီး ပတ်ဝန်းကျင်ထိခိုက်မှုနည်းအောင် ဆောင်ရွက်မည်ဟု သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။ သို့သော်လည်း စက်ရုံဖွင့်ချိန်မှ တစ်နှစ်ကျော်ခန့်အကြာတွင် ယင်းငါးအမှုန့်ကြိတ်စက်ရုံများသည် ဒီရေတောထင်းများကို စတင်အသုံးပြုခဲ့ပါသည်။ စက်ရုံတစ်ရုံ၏ ပျမ်းမျှ ထင်းအသုံးပြုမှုပမာဏသည် နေ့စဉ် တန် (၂၀) ခန့်ရှိပါသည်။ နိုင်ငံတော်အစိုးရနှင့် သဘောတူလက်မှတ်ရေးထိုးစဉ်ကသော်လည်းကောင်း နောက်ပိုင်းကာလများတွင်လည်းကောင်း ဒီရေတောထင်းများသုံးစွဲခွင့်ကို ခွင့်မပြုခဲ့ပါ။ ယင်းဒီရေတောများသုံးစွဲခွင့်ကို နားလည်မှုဖြင့် ခွင့်ပြုထားကြောင်း သိရှိရသည့်။ တနင်္သာရီဂျာနယ် အပတ်စဉ် အတွဲ ၁၊ အမှတ် ၂၃ နိုဝင်ဘာ ၁၁- ၁၇ သတင်းဖော်ပြခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အဆိုပါသတင်းအရ ကင်းမွန်ခြောက်စက်ရုံများကို သစ်တောဦးစီးဌာနမှ ဝင်ရောက်စစ်ဆေးရာတွင် ဒီရေတောထင်းတန်ချိန် ၃၀၀ ကျော်ဖမ်းဆီးရမည့်အကြောင်း တရားဝင်ခွင့်ပြုထားခြင်းမရှိသော အလျား (၁) ပေ၊ လုံးပတ် (၁) ပေ အောက် သစ်များဖြစ်ကြောင်းဖော်ပြပါသည်။ တရားဝင်ခွင့်ပြုထားသည်မှာ သစ်စက်လုပ်ငန်းမှထွက်ရှိသော ဘေးထွက်ပစ္စည်းများနှင့် ရာဘာပင်အိုများကိုသာ ခွင့်ပြုထားကြောင်း ဆိုပါသည်။ မြိတ်မြို့တွင် ကင်းမွန်ခြောက်စက်ရုံ (၂၀) ခန့် ရှိသည်ဟု ယင်းသတင်းတွင် ဖော်ပြထားပါသည်။

အချဉ်၊ မျှော၊ တိုင်နှင့် အခြားအသုံးအဆောင်ပစ္စည်းများအတွက် ထုတ်လုပ်ရာတွင် ခွင့်ပြုချက်ပေးထားခြင်းမရှိသည်ကို သိရှိရသည်။ မြိတ်မြို့တွင် အခြေခံအိမ်ဆောက်ပစ္စည်းလုပ်ငန်းများလုပ်ကိုင်နေသော လုပ်ငန်းရှင်များမှ အထက်ဖော်ပြပါများကို ဒေသခံများမှ ထုတ်လုပ်ပေးလျက်ရှိပါသည်။ လုပ်ငန်းရှင်များ၏ အရောင်းဆိုင်အနေဖြင့် လုပ်ပိုင်ခွင့်လိုင်စင်များရှိသော်လည်း အစိုးရဌာနမှ ပြန်လည်စစ်ဆေးခြင်း မရှိပေ။

(၅) အကြံပြုချက်များ

- ဒေသခံများသည် ဒီရေတော၏ အရေးပါပုံနှင့် ဒီရေတောပြုန်းတီးခြင်းကြောင့် ဖြစ်ပေါ် လာသော သဘာဝပတ်ဝန်းကျင်အကျိုးဆက်များကို သိရှိနားလည်ခြင်းမရှိသည့်အတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်
- ဒေသအတွင်း အသုံးပြုမည့် မီးသွေးထင်းလောင်စာအသုံးပြုထုတ်လုပ်ခွင့်၊ ဒေသခံများ၏နေအိမ်အဆောက်အဦများအတွက် လိုအပ်သည့်သစ်များထုတ်ယူသုံးစွဲခွင့်အားပွင့်လင်းမြင်သာစွာ လုပ်ကိုင်ခွင့်ပါမစ်ကို မျှတသည့်ပမာဏဖြင့် ခွင့်ပြုပေးရန်၊
- ဒေသခံများအတွက် အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဖန်တီးဖော်ထုတ်ပေးရန်
- အစိုးရအနေဖြင့် ဥပဒေအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်အရေးယူရန် (လာဘ်ပေးခြင်းအားလက်မခံဘဲ)
- ဒေသခံအရပ်ဖက်အဖွဲ့အစည်းများအား လွတ်လပ်ပြီး အမှီအခိုကင်းသော သစ်တောစောင့်ကြည့်မှုများပြုလုပ်နိုင်ရန် စွမ်းရည်မြှင့်တင်မှုများ ဆောင်ရွက်ပေးရန်
- ဂေဟစနစ်ပျက်စီးခြင်းအား ကာကွယ်ထိန်းသိမ်းခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများအား တာဝန်ရှိသူများနှင့် သက်ဆိုင်ရာတို့မှ ထိရောက်စွာဆောင်ရွက်ပေးရန်။ ။

Green network (မြိတ်မြို့)





ရေချိုအရင်းအမြစ်ရှားပါးလာခြင်းနှင့် သောက်သုံးရေရှားပါးလာခြင်းတို့ကို ဝံစားတွေ့ကြုံနေရပါသည်။ လိုပြည်သနာများကြောင့် သစ်ကာလများက အလွယ်တကူ ရှာဖွေယူနိုင်သော ပုစွန်၊ ငါး၊ ကဏန်းဖြမ်းသည့်လုပ်ငန်းများလုပ်ကိုင်နိုင်ရန် အလွန်ခက်ခဲလုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီရေရေတာ အကူးတွေ

မြန်မာပြည်တောင်ပိုင်းကမ်းရိုးတန်းမှ

သူငယ်ချင်းမောင်ဆန်း

နေ့စွဲ ၁၉.၁၂.၂၀၁၅

ငါဘီတ်ကိုပြန်ရောက်ပါပြီ။ ရောက်ရောက်ချင်း ဖုန်းဆက်တယ်။ ည ခုနစ်နာရီလောက်မှာ ဖုန်းခေါ်လို့ မရဘူး။ နောက်တစ်ရက်မှာလည်း ခေါ်လို့မရဘူး။ မင်းရော အလုပ်များ နေသလား။

ငါရန်ကုန်လာတုန်းက မင်းပေးလိုက်တဲ့စာအုပ်တွေဖတ်ဖြစ်တယ်။ အခုဖတ်နေတာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလူမှုဝန်းကျင်မဂ္ဂဇင်းပါပဲ။ ဒီမဂ္ဂဇင်းဖတ်ရင်းနဲ့ စိတ်ကူးပေါ်လာပြီး မင်းကိုပြောပြချင်တာတွေ ရှိလာတယ်။ ဒါနဲ့ ဒီစာကိုရေးလိုက်တယ်။

တို့ဘီတ်မှာ ကျွန်းပေါင်း ၈၀၀ ကျော်ရှိတယ်ဆိုတာ မြန်မာတစ်ပြည်လုံး သိကြပါတယ်။ နောက်ပြီး တနင်္သာရီရိုးမနဲ့ ဆက်စပ်နေတဲ့ မြေပြင်တွေ၊ ချောင်းတွေ၊ မြစ်လက်တက်အမွှာမွှာနဲ့ တနင်္သာရီဒေသအခေါ် ဇရပ်တောလို့ ဆိုတဲ့ ဒီရေရောက်တောနဲ့ ပင်လယ်တစ်ဆက်တည်း တည်ရှိနေကြတယ်။ ထားဝယ်ကနေ ပုလော၊ ဘိတ် (မြိတ်)၊ ဘုတ်ပြင်း၊ ဟိုးတောင်ဘက်စွန်း ကော့သောင်းခရိုင်အထိ တရှည်တလျားကြီး။ ထားဝယ်ခရိုင်ထဲမှာက ကျွန်းတော့ သိပ်မရှိဘူး။ ဇရပ်တော (ဒီရေရောက်တော) တော့ ရှိတယ်။ တို့ဘီတ်ခရိုင်က ကျွန်းအများဆုံးပဲ။ ဘီတ်ခရိုင်မှာ ကျွန်းစုမြို့နယ်၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်နဲ့ တနင်္သာရီမြို့နယ်လေးခုရှိတယ်။ ထားဝယ်ခရိုင်မှာ ရေဖြူ၊ သရက်ချောင်း၊ လောင်းလုံနဲ့ ထားဝယ်ဆိုပြီး လေးမြို့နယ်ရှိပြီး ကော့သောင်းခရိုင်မှာ ကော့သောင်း၊ ဘုတ်ပြင်း

www.burmeseclassic.com

www.burmeseclassic.com

ဒီရေတောများ

မြင့်စိုး (မြိတ်ကျွန်းစု)

ခမောက်ကြီးနဲ့ မကျွိုင်မြို့နယ်ခွဲဆိုပြီး လေးမြို့နယ်ရှိတာပေါ့။

အဲဒီမြို့နယ်တွေထဲမှာ တနင်္သာရီမြို့က ရိုးမနဲ့အနီးဆုံးမြို့ပဲ။ တို့ဘိတ် (မြိတ်) တောင်ဘက်ခြမ်းကနေ အရှေ့ဘက်ကိုစီးဝင်တဲ့ တနင်္သာရီမြစ်ကနေ ဆန်တက်သွားရတယ်။

ထားဝယ်၊ ပုလော၊ ကျွန်းစု၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ်တွေမှာ ဒီရေရောက်တောတွေရှိတယ်။ ပင်လယ်ပြင်မှာက ကျွန်းတွေကို အဝေးကကြည့်ရင် ညို့ညို့မှိုင်းမှိုင်းနဲ့ပေါ့။ ရှမ်းကမ်းကို ဦးလှေသွားတုန်းကဆိုရင် ညနေပင်လယ်ပြင်ထဲ နေလုံးမမြုပ်တမြုပ်အချိန်လှေဦးမှာထိုင်ပြီး ကမ်းဘက်ကိုကြည့်တော့ တို့သွားမယ့်တောင်ဘက်ခြမ်းအဆုံးအထိ ညိုမှိုင်းရှည်လျားတဲ့ ရိုးမကြီးရဲ့အောက်မှာက နိမ့်နိမ့်ပြားပြားဖြစ်နေတဲ့ ဒီရေတောတွေ။

ပင်လယ်ပြင်ဘက်ကြည့်လိုက်ရင် ရှည်မျောမျောကျွန်းတန်းတွေ ခပ်နိမ့်နိမ့်ကျွန်းပြားပြားတွေ၊ ခန့်ထည်တဲ့ကျွန်းမြင့်မြင့်ကြီးတွေဟာ ပင်လယ်ပြင်ထဲမြုပ်ခါနီး တစ်ပေလောက်အလိုနေရောင်နဲ့ တစ်ခြမ်းက စိမ်းဝါရောင်တောက်လို့ တစ်ခြမ်းက ပြာမှောင်မှောင်ရယ်။ ကောင်းကင်က ပုစွန်ဆီရောင်၊ ပင်လယ်ပြင်က နက်ပြာပြာ၊ လိုင်းကြက်ခွပ်ကလေးများထတဲ့အချိန် ဆိုရင် အရမ်းလှတယ်။

ဒီနယ်၊ ဒီဒေသကလူတွေက ဒီတောတွေ၊ ဒီတောတွေ၊ ဒီကျွန်းတွေကိုအမှီပြုပြီး နေထိုင်ကြရတာပေါ့။ အဲဒီဇရပ်တော (ဒီရေတော) တွေထဲမှာ ဆိုရင် ထင်းခုတ်လို့ရတဲ့အပင်မျိုးကနေ အိမ်ဆောက်၊ တံတားဆောက်၊ လှေ

www.burmeseclassic.com

www.burmeseclassic.com

အသုံးအဆောင်ပစ္စည်းတွေပြုလုပ်အသုံးပြုလို့ရတဲ့ သစ်ပင်တွေအထိ ပေါက်ရောက် ကြတယ်လေ။ တခြားဒေသအခေါ်တော့ ငါမသိဘူး၊ တို့တနင်္သာရီဒေသအခေါ်တော့ ကောင်းကောင်းသိတယ်။ ကပျိုင်၊ ကနစိ၊ လန်းဘဲ၊ လန်းဘု၊ ပရုံး၊ ပင်လယ်အုန်း၊ ကျွန်၊ သင်ပေါင်း၊ ပန်းလုံး၊ ဌက်၊ ကျီးဘုတ်။

ကပျိုင်ပင်က အပင်သိပ်မကြီးဘူး၊ အပင်ဖြောင့်တယ်။ လက်ကောက်ဝတ်၊ ခြေကျင်းဝတ်၊ လက်ဖျံလုံးလောက် အကြီးဆုံးပဲ။ အဲဒီအပင်ကို ထင်းနဲ့ ခြံစည်းရိုးတိုင်တွေအဖြစ် သုံးကြတယ်။ ခွဲလို့လည်းကောင်းတယ်။ အစိမ်းလည်း မီးတောက်တယ်။ အရင်ကလူတွေ ကပျိုင်ခေါက်ကို ပြုတ်ပြီး လှေရွက်တို့၊ ငါးဖမ်းတဲ့ချည်ပိုက်တို့ စိမ်ကြတယ်။ အဲဒီလိုစိမ်ခြင်းအားဖြင့် တာရှည်ခံတယ်လို့ ပြောကြတယ်။

ကနစိုက အပင်ဖြောင့်။ အကိုင်းအခက်နည်းတည်။ အပင်လုံးပတ်က တစ်ပေကနေ ငါးပေအထိရှိတတ်တယ်။ အမြင့်က ပေ ၂၀ ကျော်ထိမြင့်တယ်။ တို့ရွာမှာ အလုံးလိုက် ရွာခံဆိပ်ခံတံတားတိုင်အဖြစ် သုံးတယ်။ ခြောက်ပတ်လည်၊ ငါးပတ်လည် ရွေးပြီးတော့လည်း အိမ်တိုင်သုံးကြတယ်။ တချို့ လုံးပတ်ငါးတောင်၊ ခြောက်တောင်လောက်ရှိတဲ့အပင်ဆိုလေလောင်းပေါက် ထွင်းကြတယ်။ အသားက အကြောရှုပ်တော့ စိတ်ခွဲဖို့ လွယ်တိုက်လို့ သိပ်မကောင်းဘူး။

လန်းဘဲ (လမ့ဲလားတော့မသိ) က အပင်ကြီးမျိုးပဲ။ အကိုင်းအခက်နည်းနည်းရှိတယ်။ အရွက်ကစလို့ ပင်စည်မှာပါ ပိုးပေါက်တွေရှိနေတတ်တယ်။ ဒါပေမဲ့ ပိုးတစ်ကောင်မျှ ရှာမတွေ့ဘူး။ သူ့အမျိုးကိုက ဒီအတိုင်းပဲ။ လန်းဘဲကို တံတားတိုင်၊ အိမ်တိုင်၊ ခင်းပျဉ်တွေအဖြစ် သုံးနိုင်တယ်။ သူ့ကိုသုံးချင်ရင် အရွက်ကိုကြည့်ရတယ်။ ပိုးပေါက်နည်းတဲ့ အရွက်ရှိတဲ့ အပင်ကိုရွေးခုတ်ရင် ပင်စည်မှာ ပိုးပေါက် သိပ်မရှိဘူး။

ပရုံးပင်ကလည်း အပင်ကြီးမျိုးပဲ။ လုံးပတ်တစ်တောင်၊ နှစ်တောင်ကျော် အထိရှိတယ်။ အပင်မြင့်က ဆယ့်ငါးပေ၊ ပေနှစ်ဆယ်ပေါ့။ တစ်ခုထူးခြားတာက ပင်စည်ရင်းကနေ အပေါ်ဘက်ကို သုံးပေ၊ လေးပေလောက်အထိ အမြင့်လိုမျိုး ခြေထောက်တွေ ပတ်ပတ်လည် ထွက်နေပြီး မြေကြီးပေါ် ပြန်ထိုးစိုက်ဝင်နေတော့ သူ့ပင်စည်သူ ပြန်ဒေါက်ထောက်ထားသလို ဖြစ်နေတာပေါ့။ တို့ဒေသအခေါ်ကတော့ ပရုံးခြေတဲ့။ အပင်မြင့်လေ အကိုင်းအခက်နည်းလေပဲ။ အပေါ်ပိုင်းမှာတော့ အုပ်အုပ်ဆိုင်းဆိုင်းရှိပါတယ်။ မြေပြင်ကနေ တဖြောင့်တည်း တက်တယ်။ အသီးသီးတယ်။ သူ့အသီးက ဒန့်သလွန်သီးလိုပဲ ရှည်မျောမျော။ ဒါပေမဲ့ သူ့က အလုံးချော။ ဒန့်သလွန်သီးလို စောင်းရောင်ရောင် တွေမရှိဘူး။ အသီးက အစိမ်းရောင်ပါပဲ။ အသီးကြွေတဲ့အခါ ပင်စည်နံဘေးမှာ နုန်းရွဲ့ပြင်တွေထဲထောင်ထောင်ပြီး စိုက်လျက်သားကြွေတယ်။ အသီးက သူ့သဘာဝ အပင်ပြန်ပေါက်တယ်။

ကျွန်းစုမှာရှိတဲ့ ပြန့်ကျဲပေါက်ရောက်တဲ့ ဇရပ်တောတွေ၊ ဘုတ်ပြင်း၊ ကော့သောင်းကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းရိုးတန်းအတွင်းဘက်တွေမှာ အစုလိုက် အစုလိုက် နေရာအနှံ့အပြားပေါက်ရောက်ကြတယ်။ အဲဒီအပင်ကို အမျှားဆုံးအသုံးချတာက မီးသွေးဖုတ်တာပါပဲ။ ကျွန်းစု၊ ဘုတ်ပြင်း၊ ကော့သောင်းနယ်ဘက်က ဇရပ်တောတွေထဲမှာ မီးခိုးတလူလူနဲ့ မီးသွေးဖောင်း (ဖို) တွေ အနှံ့အပြားပါပဲ။

၁၉၈၉/၉၀ နှစ်တွေက ခိုးလှေနဲ့ ရနောင်းသွားတော့ ကျွန်းစုမြို့နယ်က ကျောက်ကုန်းဆိုတဲ့ရွာမှာ ကဏန်းဝင်တင်ကြတယ်။ ဂဏန်းခြင်းတွေချပြီးတော့ အိတ်တွေ ဆယ်အိတ်လောက် ထပ်တင်တယ်။ ဒါက ဘာအိတ်တွေလဲ မေးကြည့်တော့ အိတ်တွေပိုင်ရှင်က ပရုံးသီးအိတ်တွေပါလို့ ဖြေတယ်။ သူ့ထောင်ကယ်က မှာလိုက်လို့ပါတဲ့။ သူထောင်ကယ် ပြန်စိုက်မလို့ မျိုးလိုချင်လို့ လို့ဆိုတယ်။

ကော့သောင်းမြို့အရှေ့ ပါချန်မြစ်ကမ်းက တစ်ဖက်နိုင်ငံ ရနောင်းမြို့နဲ့ ဆက်လျက် စဖန်ပလားဆိုတာရှိတယ်။ အဲဒီ စဖန်ပလားဆိုတဲ့နေရာက အရင်တုန်းက ဇရပ်တောကြီးပဲ။ စဖန်ဆိုတာ တံတွားပေ။ ပါ (ပလာ) ဆိုတာ ဝါး။ ဒီရေရောက်တောကြားက သစ်သားဝါးတင်ချတဲ့ တံတားလေးပေါ့ကွာ။ အဲဒီတောကို ခုတ်ထွင်ရှင်းလင်းပြီး ရနောင်းမြို့နဲ့ တစ်ဆက်တည်းဖြစ်အောင် မြို့တည်တာပေါ့။ ဖြစ်လည်းဖြစ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖန်ပလားရောက်ရင် ဖန်ပလား၊ ရနောင်းသွားလမ်းမကြီးပေါ်မှာ လူဝင်မှုကြီးကြပ်ရေးရုံးရှိတယ်။ တို့ထောင်ကယ်က အဲဒီရုံးကိုခေါ်သွားပြီး တစ်ပတ်နေထိုင်ခွင့်လက်မှတ်ကြရတယ်။ အဲဒီရုံးပတ်ဝန်းကျင်မှာ လမ့ဲပင်တွေ၊ လန်းဘုပင်တွေ၊ ပရုံးပင်တွေ တွေ့နေရသေးတယ်။

လူဝင်မှုကြီးကြပ်ရေးရုံးနဲ့ ကမ်းတစ်

www.burmeseclassic.com

www.burmeseclassic.com

ဖက်မျက်နှာချင်းဆိုင်မှာ ရဲစခန်းရှိတယ်။ ရဲစခန်းရဲ့အနောက်ဘက်မှာ ဒီရေရောက်တောလက်ကျန်တွေရှိနေတာမြင်တွေ့ရတယ်။ တစ်ခါတစ်ခါ အဲဒီရဲစခန်းနောက်က ဒီရေတောထဲကနေ ဇရပ်တောမျောက်တွေ လမ်းမကြီးပေါ် တက်တက်လာတတ်ကြတယ်။ ရနောင်းအဝင် လမ်းဆုံ ဘယ်ဘက်ခြမ်းချိုးပြီး ဘုရင်မစျေး (သီရိဒုံစျေး) ကိုကျော်သွားရင် ဒန်းဆိုတဲ့ရပ်ကွက်ကို တွေ့ရတယ်။ အဲဒီရပ်ကွက်ရဲ့ ကတ္တရာလမ်းနံဘေးတစ်လျှောက်မှာ ပရုံးပင်တွေချည်းသီးသန့်စိုက်ထားတာတွေ့ရတယ်။ လုံးပတ် တစ်ပေလောက်ကိုရှိနေကြပြီ။

ဖန်ပလားချောင်းဝမှာ ခဲသင်္ဘော (သတ္တုထုတ်) မောင်းလို့ ပျက်စီးသွားတဲ့ ဒီရေတောနေရာတွေမှာ အပင်ဖောက်ပြီး အစားပြန်စိုက်ထားတာတွေ့ခဲ့ရတယ်။ တို့ဆီကမှာယူတဲ့ ပရုံးသီးတွေ ဖြစ်မှာပဲလို့တောင် တွေးမိခဲ့တယ်။

၁၉၉၄ ခုနှစ်မှာ တို့အစ်ကို အောက်ဘာဘက်မှာ လေ့မြှုပ်ပြီးသေတယ်လို့ ကော့သောင်းကမိတ်ဆွေတွေ သတင်းပို့လို့ ငါ ကော့သောင်းကို တစ်ခေါက်ဆင်းသွားရသေးတယ်။ ကော့သောင်းကမှတစ်ဆင့် အစ်ကိုနဲ့ နေခဲ့ပြီး စီးပွားရေးလုပ်တဲ့နေရာကို စက်လှေနဲ့ထပ်သွားရတယ်။ အဲဒီနေရာက ကော့သောင်းကနေ ဘုတ်ပြင်းဘက်ကို ကမ်းရိုးတန်းအတိုင်း ပြန်လာရတာ။ မသေ၊ ကမ်းတော၊ တောဝိုင်းမှော်ဆိုတဲ့ ရွာတွေဘက်ကိုပေါ့။ အဲဒီရွာတွေက လူတွေ ဒီရေရောက်တောနဲ့ ပင်လယ်ပြင်ကိုအမှီပြုပြီး ရှင်သန်နေထိုင်စားသောက်ရတယ်။ အစ်ကိုက မသေရွာနားမှာရှိတဲ့ ဘပင်ရွှေထီးဂလက်ထဲက ဌက်မနားကျွန်းဆိုတဲ့နေရာမှာ မီးသွေးဖောင်း (ဖို) လုပ်ခဲ့တယ်။ သူတို့ မီးသွေးဖောင်းတွေ ရှိတဲ့ ချောင်းတက်ထဲကိုဝင်လိုက်တာနဲ့ ထင်းစိုမီးမြှိုက်တဲ့အနံ့နဲ့ မီးခိုးတလူလူ။ အတောင်နှစ်ဆယ်၊ သုံးဆယ်ပတ်လည် လောက်ကျယ်မယ့် လုံးလုံးခုံးခုံး ဂူတွေလို မီးသွေးဖောင်းဆယ်လုံး၊ ဆယ့်ငါးလုံးလောက် တန်းစီပြီးတွေ့ရတယ်။ အဲဒီ ပတ်ဝန်းကျင်မှာ သူတို့ခုတ်ပြီး မီးသွေးဖုတ်လို့ ပရုံးပင်တွေက ပင်စည်မရှိတော့ဘူး၊ ပရုံးပင်ခြေတွေပဲ ကုန်းကုန်းကွက်ကွနဲ့ ကျန်ရစ်တယ်။ မီးသွေးဖုတ်လို့မရတဲ့ ကျန်၊ ပင်လယ်အုန်း၊ လန်းဘဲနဲ့ လန်းဘုပင်တွေကတော့ ဟိုတစ်ပင် ဒီတစ်ပင် ထိုးထိုးထောင်ထောင်နဲ့ပေါ့။ လစ်လပ်သွားတဲ့ ပရုံးပင်တွေနေရာမှာ ဘာပင်မှ လည်း အစားထိုးစိုက်ထားတာ မတွေ့ရဘူး။ အဲဒီမှာဖုတ်တဲ့ မီးသွေးတွေကို လည်း ရှမ်းကမ်းကိုပို့တာပါပဲ။

အဲဒီ ၁၉၉၄ ခုနှစ် ဇူလိုင်လထဲမှာပဲ ရက်တော့မမှတ်မိဘူး။ ထိုင်းနိုင်ငံ ချဖော်ခရိုင်ထဲမှာ မုန်တိုင်းဝင်တယ်။ မုန်တိုင်းက တော်တော်ကြမ်းတယ်လို့ ပြောတယ်။ အုန်းပင်တွေတောင် အမြစ်ကကျွတ်ပါပြီး လေထဲမှာဝဲနေတယ်တဲ့။ အဲဒီ ချုံဖော်ခရိုင်က တို့ဘုတ်ပြင်းနယ် တစ်ဝိုက်နဲ့ တစ်တန်းတည်းကျလောက်တယ်။ ဘုတ်ပြင်းနယ် ဘက်မှာပါ နည်းနည်း အဖျားခတ်သွားတယ်လို့ သိရ တယ်။ ပရုံးနဲ့ပတ်သက်ပြီး အဆက်အစပ် ရသွားလို့ သူမျှားနိုင်ငံအကြောင်း ရောက်သွားရတယ်။ မင်းသိရအောင်လို့ ပြောတာပါ။

လန်းဘု (လမုလို့ခေါ်မလားမသိ) က အကိုင်းအခက်တွေ အတော်များတယ်။ အရွက်အသား ထူထူနဲ့စိပ်စိပ်ပဲ။ အသီးက ခပ်ပြားပြားဝိုင်းဝိုင်း။ လက်ညှိုးနဲ့ လက်မ ခပ်အာအာ တစ်ဝိုင်းစာလောက် သီးတယ်။ သီးစအစိမ်းရောင်၊ မှည့်ရင် အဝါရောင်ပြောင်းပြီး ကြွေကျတယ်။ ရေချိုရေငန်စပ် ဇရပ်တောတွေမှာ ပေါက်လေ့ရှိတယ်။ မိုးဦးကျနဲ့ မိုးလယ် နယုန်၊ ဝါဆိုလတွေမှာ အသီးကြွေလေ့ ရှိတယ်။ ရေချိုရေငန်အစပ်မှာ နေလေ့ရှိတဲ့ ငါးတန်တွေက အဲဒီအသီးမှည့်ကို ကြိုက်ကြတယ်။ တို့ငယ်ငယ် ရန်ကုန်မှာ နေတုန်းက ငါးတန်က ချေးစားလို့ဆိုပြီး သူ့အသားကို သိပ်မစားကြဘူး။ သူ့အကောင်ကလည်း ကြီးတော့ တို့အမေဆို သားကြီးငါးကြီးမှ မစားတာ၊ ငါးတန်သားမစားဘူးပေါ့။ ဘိတ်ရောက်ပြီး ငါမယားရွာမှာနေတော့မှ ငါးတန်သားစားဖူးတာပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဗိုက်ထဲမှာရှိနေတဲ့ အဝါရောင်အစိစိတွေနဲ့ ခပ်ပျစ်ပျစ်တွေက ချေးမှမဟုတ်တာ။ လန်းဘုသီးအမှည့်တွေစားထား တာကိုး။ ငါတို့ အိမ်က မြစ်ကမ်းနားဆိပ်မှာဆိုတော့ ညည ရေပြည့်ချိန်တွေမှာ ဟိုဘက်ကမ်း ဇရပ်တောအစပ်နားက ငါးတန်အစာ ဟပ်သံ တပြန်းပြန်း ကြားရတာပေါ့။ အဲဒီအပင်မျှားတဲ့တောဆိုရင် တစ်တောလုံး အတက်ငုတ်တွေ၊ ငရဲငုတ်တွေပြည့်နေလို့ သွားရလာရတာ အဆင်မပြေဘူး။ သူ့အမြစ်ကနေ ပြားပြားချွန်ချွန်အတက်တွေ၊ ငုတ်တိုတွေ မြေပေါ် ကိုထိုးထွက်ကြတယ်။ အဲဒါတွေ ကို ငရဲငုတ်လို့ ခေါ်ကြတာ။

တို့တနင်္သာရီဒေသက ဇရပ်တောတွေမှာ ငါအမျိုးအမည်မသိတဲ့အပင်တွေလည်း အများကြီးပေါက်ရောက်နေကြတယ်။ ထူထူထပ်ထပ်နဲ့ အပင်ကြီးတွေဆိုတော့ မုန်တိုင်းတွေ၊

www.burmeseclassic.com

www.burmeseclassic.com

လေပြင်းတွေဒဏ် ကောင်းကောင်းခံနိုင်မှာပေါ့ကွာ။ ကာဗွန်ဒိုင်အောက်ဆိုက်တွေ စုပ်ယူနိုင်သလို အောက်ဆီဂျင်လည်း ထုတ်လွှတ်ပေးနိုင်မှာပေါ့။ ငါတို့ ရှုမ်းကမ်းသွားပြီး ရောင်းနေတဲ့ ကဏန်းမျိုးက ဒီဇရပ်တောတွေကို မှီခိုပြီး ကျက်စားနေကြတယ်။ သူတို့ သွားလာနေထိုင် စားသောက်တာတွေ၊ အကောင်ပေါက် မျိုးပွားတာတွေက ရေထဲမှာဆိုပေမဲ့ သူတို့ အရေလဲ (အခွံလဲ) တဲ့အခါ ဒီတောတွေပေါ် ရေထရက် ကမ်းပေါ် ရောက်တဲ့ ဖျားရေနဲ့ တက်လာကြပြီး တွင်းလုပ်ကြတာ။ တွင်းထဲမှာ ရေသေတစ်ဖျားလုံးအောင်းပြီး အရေလဲကြတာပဲ။

လဆန်း ၁၁ ရက်ကနေ လပြည့်ကျော်ပြီး လဆုတ် ၅ ရက်၊ ၆ ရက်ထိကို ရေတိုးရက်၊ ရေထရက်လို့ သတ်မှတ်ကြတယ်။ လဆုတ် ၅/၆ ရက်ကျော်ကနေ လဆုတ် ၉/၁၀ ထိကို ရေသေရက်လို့ သတ်မှတ်ကြတာ။ ကမ်းပေါ် ရေရောက်ရက်က လပြည့်ကျော် ၁/၂ ရက်နေ့တွေပေါ့။ အဲဒီရက်တွေဆို ကဏန်းမည်းတွေ တက်လာကြပြီ။ လပြည့်ကျော် ၁၀/၁၁ ဆို အရေခွံလဲပြီး ရေထဲပြန်ဆင်းကြတာပေါ့။ တွင်းထဲမှာ အရေဝင်လဲတဲ့ အချိန်မှာ အထီးနဲ့အမနှစ်ကောင်ဝင် နေတယ်။ အမ အရေလဲတဲ့တစ်ချိန်လုံး အထီးက စောင့်ရှောက်ပေးတယ်။ အရေ (အခွံ) လဲပြီးရင် အရင်အခွံက သတ်သတ်၊ နောက်အသစ်အရေခွံ နဲ့ (အရေလဲသစ် အကောင်) က သတ် သတ် ဖြစ်သွားတယ်။ အရေလဲသစ်က ပျော့စိစိနဲ့ပေါ့။ အရင်ခွံထက် နည်းနည်း ကြီးလာတယ်။ အဲဒီ ပျော့စိစိက လေနဲ့ ထိတော့ မာမာလာတယ်။ ကဏန်းအမ သွားနိုင်လာနိုင်တဲ့အခါ ကဏန်းအထီးက အဲဒီတွင်းထဲမှာပဲ အခွံလဲတယ်။ အမကလည်း စောင့်ပေးတာပေါ့။ ဒါပေမဲ့ အထီးအရေလဲပြီးစ ပျော့စိစိနဲ့ မလှုပ်နိုင်သေးခင်မှာ အမက အထီး ပျော့စိစိကို စားပစ်လိုက်တယ်။ အထီးခမျာမှာတော့ အမအရေလဲပြီး လှုပ်ရှားသွားလာနိုင်တဲ့အထိ စောင့်ပေးရတာ။ ကဏန်းအမကတော့ သစ္စာမဲ့လွန်းတယ်။

ကျွန်းစုမြို့က ဘိတ်ကျွန်းစုထဲမှာ အကြီးဆုံးကျွန်းတန်းကြီးပေါ့။ မြောက်မှတောင် ၄၇ မိုင်ရှည်တယ်။ ဘိတ်ရှေ့က တောင်ညီတောင်ရဲ့အနောက်ဘက် ဇရပ်တောကြီးပြီးရင် ကျွန်းစုမြို့နယ်ကကတန်ကျွန်း (ကျွန်းဘုရင်) ဆိုတာပေါ့။ ဘိတ်ကနေ စက်လှေနဲ့ တစ်နာရီလောက် သွားရတယ်။ တောင်ညီနောင်ကို ပတ်ထွက်၊ ဇရပ်တောကြီးကို ပတ်မောင်းပြီးရင် ကျွန်းစုမြို့ကိုမြင်ရပြီ။

ဇရပ်တောကို မြောက်ဘက်ခြမ်းကပဲပတ်တတ်၊ တောင်ဘက်ခြမ်းကပဲ ပတ်ပတ် ကျွန်းစုကိုရောက်တယ်။ ချောင်းတက်ချောင်းပေါ်တွေ အများကြီးပဲ။ ဘိတ်နဲ့ကျွန်းစုကို ပါစင်ဂျာသွားနေတဲ့ စက်လှေတွေဆို ဇရပ်တောကိုမပတ်ဘူး။ သူတို့က ကျွန်းစုကိုပေါက်တဲ့ ချောင်းပေါက် (ဂလက်ပေါက်) ကို သိတော့ အဲဒီတောကပဲဖြတ်ထွက်တယ်။ ဂလက်ပေါက်ကို ဖြတ်ဝင်လာတဲ့စက်လှေသံကြားရင် ချောင်းစပ်မှာ ငါးရှာနေကြတဲ့ဖျံအုပ်က လန့်ဖျတ်ပြီး ဇရက်တောထဲပြေးတက်ကြတယ်။ သူတို့အနား စက်လှေနဲ့ဖြတ်သွားရင် ပရုံးပင်ခြေနားကနေ မတ်တပ်ကလေးရပ်လို့ လက်ကလေးတွေရှေ့မှာထားပြီး မျက်လုံးလေးတွေပြူးကြည့်နေကြတာ သိပ်သနားဖို့ကောင်းတာပဲကွ။

ဒီဇရပ်တောတွေက ခုနကပြောခဲ့တဲ့ ကဏန်းကောင်တွေကိုတောင် အကျိုးပြုနေတာ။ ပင်လယ်နဲ့ထိစပ်နေတာဆိုတော့ ပင်လယ်ထဲမှာ ကျက်စားနေထိုင်ကြတဲ့ ရေသတ္တဝါအတွက် စားကျက်အဖြစ်ရော မျိုးပွားရာနေရာ အဖြစ်ပါ တည်ရှိနေတာပေါ့။

နောက်လဆက်ပါမည်။

ကြန်မိုး

www.burmeseclassic.com

www.burmeseclassic.com

ပုံပြင်းတဲ့နွေရာသီကျောင်းပိတ်ရက်တွေမှာ ဘယ်လိုနေထိုင်ကြမလဲ

ညိုယဉ်ဆောင်း

မဂ်လာပါ . . . ကလေးတို့ရေ။

စာမေးပွဲကြီးပြီးလို့ နွေရာသီကျောင်းပိတ်ရက်ရှည်ကြီးကိုရောက်လာပြီဆိုတော့ ကလေးတို့ စိတ်ပေါ့ပါးပျော်ရွှင်နေကြမှာပဲနော်။ ကလေးတို့ရေ . . . ဒီကျောင်း ပိတ်ရက်မှာ ဘာတွေလုပ်ဖို့ စိတ်ကူးထားကြလဲ။ တချို့ကတော့ ကျောင်းပိတ်ရက်မှာ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး ကစားကြမယ်၊ သင်တန်းတွေတက်ကြမယ်။ တချို့ကတော့ မိဘဆွေမျိုးတွေနဲ့ ခရီးထွက်ကြမယ် စသဖြင့် အစီအစဉ်တွေရှိကြမှာပေါ့။

နွေရာသီကျောင်းပိတ်ရက်ရှည်ကို ရောက်ပြီဆိုတော့ တစ်နှစ်လုံး စာတွေနဲ့ လုံးချာလည်ရှိက်ပြီး ပင်ပန်းခဲ့သမျှ ကလေးတို့ လည်ချင်ပတ်ချင်၊ ဆော့ကစား

www.burmeseclassic.com

www.burmeseclassic.com

လူမှုဝန်းကျင်မဂ္ဂဇင်း

"အလိမ္မာဓာတုရှိ" ဆိုသလိုပဲ ဓာတတ်ခြင်းဟာ ကလေးတို့အတွက် စိတ်ကို တည်ငြိမ်စေပြီး ဗဟုသုတတွေ အများကြီးရနိုင်တယ်။ ။ ဓာတတ်တဲ့ အလေ့အကျင့်ရလာရင် ဓာတုများများဖတ်ဖြစ်လာပြီး အသိဉာဏ်တွေတိုးပွားလာမှာ ဖြစ်တယ်။

ချင်ကြမှာပေါ့။ ဘာပဲလုပ်လုပ် သတိထားကြဖို့တော့ လိုမယ်နော်။ ဒီ ကျောင်းပိတ်ရက် (၃) လဟာ တစ်နှစ်လုံးမှာ အပူပြင်းဆုံး ဖြစ်တဲ့အတွက် ကလေးတို့ နေထိုင်မကောင်းမှာစိုးတာကြောင့် သက်သောင့်သက်သာရှိအောင် ကျောင်းပိတ်ပေးတာ ဖြစ်တယ်။ ဒီနှစ်တော့ ခါတိုင်းနှစ်တွေထက် အပူပိုပြင်းမယ်လို့ သိရတယ်။ ရာသီဥတုတွေ ပြောင်းလဲလာခြင်းနဲ့အတူ အပူပြင်းထန်တဲ့ အယ်လ်နီညိုနှစ်ကိုကြုံကြရမယ်လို့ ပညာရှင်တွေက ဆိုထားတယ်။ အယ်လ်နီညိုဆိုတာ ကလေးတို့သိကြလားကွယ်။ အယ်လ်နီညိုဖြစ်ရင် ရိုးရိုး ပူတာနဲ့မတူဘူး။သူက ပိုပူပြင်းပြီး ခြောက်သွေ့တဲ့ရာသီဥတုဖြစ်တဲ့အတွက် မီးခေါင်ရေရှားတွေ ဖြစ်မယ်၊ ပင်လယ်သမုဒ္ဒရာရေပြင်တွေ ပူလာပြီး မုန်တိုင်းတွေ ဖြစ်မယ်၊ ရေကြီးမယ် စတဲ့ သဘာဝ ဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့ ရနိုင်တယ်။

အခုဆိုရင် ဖေဖော်ဝါရီနောက်ဆုံးပတ်လောက်က စပြီး အပူဒဏ်ကို သိသိသာသာခံစားလာရတယ်။ ဒါကြောင့် ကလေးတို့က သူငယ်ချင်းတွေနဲ့ အိမ်ပြင်နေပူထဲမှာ မကစားကြဘဲ ခြေတံရှည်ရှိတဲ့ အိမ်အောက်၊ အရိပ်ရတဲ့ သစ်ပင်အောက် စတဲ့ အေးမြတဲ့နေရာတွေမှာပဲ ကစား သင့်တယ်။ နေ့လယ်ခင်း ပူပြင်းတဲ့အချိန်တွေမှာ အပြင်ကို မထွက်သင့်ဘူး။ မဖြစ်မနေထွက်ရမယ်ဆိုရင်လည်း ထီး၊ ဦးထုပ်စတဲ့ ဆောင်းစရာတစ်ခုခုကို ဆောင်းသွားရမယ်။ ဒီလိုပူပြင်းတဲ့အချိန်မှာ ဝတ်စားဆင်ယင်မှုကလည်း အရေးကြီးတယ်။ အတတ်နိုင်ဆုံး ကိုယ်ကိုအေးစေတဲ့ အဝတ်အစားကို ရွေးချယ်ဝတ်ဆင်ရမယ်။ ဥပမာ- ချည်ထည် အကျီပွပွချောင်ချောင်လေးတွေ၊ အရောင်ဖျော့ပြီး အလင်းရောင်ပြန်စေမယ့် အဝတ်အစားတွေကိုရွေးချယ်ပြီးဝတ်ရမယ်။ ကြပ်ထုပ်ပြီး ကိုယ်လုံးကို စည်းနှောင်ထားတဲ့ အဝတ်အစားတွေ၊ စူးစူးတောက်တောက် အရောင်တွေကိုရှောင်ကြဉ်ကြရမယ်။

ကလေးတို့ ဆော့ကစားပြီးလို့ ချွေးတွေ တရွှဲရွှဲနဲ့ဖြစ်လာတဲ့အခါ ပူလို့ဆိုပြီး ရေကိုဝုန်းကနဲ လောင်းချိုးတာမျိုး၊ မြစ်ချောင်းအင်းအိုင်တွေထဲကို ဝုန်းကနဲခုန်ဆင်းပြီး ရေချိုးတာမျိုးတွေလည်း မလုပ်ကြမိဖို့လိုတယ်။ အဲဒီလိုဆိုရင် ရုတ်တရက် အပူနဲ့အအေးတွေ့ပြီး ချွေးငုပ် အပူရှုပ်ပြီး အပြင်းဖျားတာမျိုးတွေ ဖြစ်တတ်တယ်။ အပြင်ကပြန်လာ ပြီး ရုတ်တရက် ခြေဆေးလက်ဆေးတာမျိုးလည်း မလုပ်ရဘူး။ ဒီလိုပူပြင်းတဲ့အချိန်မှာအပူရှုပ်ဖျားတာတွေ အဖြစ်အများဆုံးပဲ။ အပူရှုပ်ပြီးအပြင်း ဖျားရင် ရုတ်တရက် အဖျားမကျဘဲ အပူကြီးပြီး သတိလစ်တာမျိုးတွေ၊ အခန့်မသင့်ရင် အသက် အန္တရာယ်စိုးရိမ်ရတာမျိုးထိဖြစ်တတ်တယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်တုန်းကလည်း အပူဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရပြီး အပူရှုပ်ပြီး အဖျားကြီးတဲ့ လူနာတွေများတဲ့အတွက် ဆေးရုံတွေမှာ လူနာတွေနဲ့ ပြည့်ကြပ်သွားခဲ့ရတယ်။ ဒါကြောင့် ကလေးတို့ သတိထားပြီး ဆင်ဆင်ခြင်ခြင်နေကြဖို့ မမက မှာချင်တယ်။

နောက်ပြီး အခုလို အပူချိန်ပြင်းထန်တဲ့ ရာသီဥတု ဖြစ်ပေါ်တဲ့အခါ မီးခေါင်ရေရှားမှုဒဏ်ကိုလည်း ကြုံတွေ့ ကြရမယ်။ အခုကိုပဲ နိုင်ငံအနှံ့အပြားမှာရှိတဲ့ ရေတွင်းရေကန်

www.burmeseclassic.com

www.burmeseclassic.com

တွေမှာ ရေခမ်း ခြောက်ကုန်တဲ့အတွက် နေရာအတော်များများမှာ ရေပြတ်လပ်မှုတွေ ကြုံတွေ့နေရတယ်လို့ ကြားသိရတယ်။ ဒါကြောင့် ကလေးတို့နေတဲ့ နေရာက အခုချိန်မှာရေပေါပေါများများရပေမယ့် အမြဲတမ်း ရပါမယ်လို့ မပြောနိုင်ဘူး။ ဒါကြောင့် ခုကတည်းက ရေကိုချွေတာသုံးတတ်အောင် လေ့ကျင့်ထားပါ။ ဥပမာ- ရေသောက်မယ်ဆိုရင် ရေခွက်နဲ့အပြည့်ကြီး မခပ်ဘဲ ကုန်နိုင်သလောက်ပဲ ခပ်သောက်ပါ။ အပြည့်ကြီးခပ်ပြီးမှ တစ်ဝက်သောက် တစ်ဝက်သွန် တာမျိုးမလုပ်ပါနဲ့။ အဝတ်အစားလျှော်ပြီးတဲ့ ရေကို ပြန်သုံးနိုင်အောင်လုပ်ပါ။ ဆပ်ပြာတွေ ကုန်အောင် လျှော်ပြီး နောက်ဆုံးကျန်တဲ့ရေကို ဒီတိုင်းသွန်မပစ်ဘဲ နောက်တစ်ကြိမ် အကြမ်းလျှော်ရာမှာ ပြန်သုံးနိုင်တယ်။ ဒါမှမဟုတ် အပင်တွေကိုရေလောင်းတဲ့ နေရာမှာလည်း အသုံးပြုနိုင်တယ်။ ပန်းကန်ဆေးတဲ့ အခါမှာလည်း ရေပိုက်ခေါင်းကိုဖွင့်ပြီး တဝုန်းဝုန်း မဆေးဘဲ ရေနည်းနည်းသုံးပြီး အကြွင်းအကျန်တွေကိုဆေးပါ။ နောက် ဆပ်ပြာရည်နဲ့တိုက်ပြီး ရေလောင်းဆေးပါ။ နောက်ဆုံးအသန့်ဆေးပြီးတဲ့ရေကို သွန်မပစ်ဘဲ နောက်တစ်ကြိမ် ပန်းကန်အပေတွေကိုဆေးတဲ့ နေရာမှာသုံးပါ။ ဒါလေးတွေကို ကလေးတို့တွေ အလွယ်တကူလုပ်နိုင်မယ် လို့ထင်ပါတယ်။

မမကတော့ ဒီလိုပူပြင်းတဲ့အချိန်မှာ ကလေးတို့ တစ်နေကုန်ဂိမ်းဆော့တာ၊ တီဗီကြည့်တာ၊ တစ်ချိန်လုံး ကစားနေတာတို့ မလုပ်ဘဲ ကိုယ့်အတွက် ဗဟုသုတလည်း ရအောင်၊ အန္တရာယ်လည်းကင်းအောင် စာဖတ်ကြဖို့ တိုက်တွန်းချင်ပါတယ်။ အရပ်အာဝါသရှိတဲ့ အဆောက်အအုံတွေ၊ အေးမြတဲ့အပင်တွေအောက်မှာ အေးအေးလူလူထိုင်ပြီး ဗဟုသုတရမယ့်စာလေးတွေ၊ အပျင်းပြေကာတွန်းလေးတွေ ဖတ်စေချင်တယ်။ အခုဆိုရင် ကလေးတို့အတွက် သီးသန့် ထုတ်ထားတဲ့ အထွေထွေဗဟုသုတ၊ သိပ္ပံ၊ သဘာဝပတ်ဝန်းကျင်နဲ့ဆိုင်တဲ့စာအုပ်တွေ အများကြီးထွက်ရှိထားတယ်။ ဒါလေးတွေကို ကလေးတို့ အချိန်ပေးပြီးဖတ်စေချင်တယ်။ သဘာဝပတ်ဝန်းကျင်နဲ့ ဆိုင်တဲ့အကြောင်းအရာတွေဆိုရင် အခုလိုအချိန်မှာ ပိုပြီးဖတ်သင့်တယ်ကွယ်။ ဒါမှ ကမ္ဘာကြီးက ဘာကြောင့် ရာသီဥတုတွေပြောင်းသွားတယ်၊ အပူဒဏ်တွေ ပြင်းထန်လာရတယ်၊ သဘာဝဘေးအန္တရာယ်တွေနဲ့ မကြာခဏကြုံတွေ့နေရတယ်ဆိုတာ သိလာမယ်။ ဒါတွေ လျှော့ပါးသွား အောင် ဘယ်လိုကာကွယ်ရမလဲဆိုတာလည်း စဉ်းစားလာနိုင်မယ်။

"အလိမ္မာ စာမှာရှိ" ဆိုသလိုပဲ စာဖတ်ခြင်းဟာ ကလေးတို့အတွက် စိတ်ကိုတည်ငြိမ်စေပြီး ဗဟုသုတတွေ အများကြီးရနိုင်တယ်။ ။ စာဖတ်တဲ့ အလေ့အကျင့်ရလာရင် စာများများဖတ်ဖြစ်လာပြီး အသိဉာဏ်တွေတိုးပွားလာမှာ ဖြစ်တယ်။

ကလေးတို့ မမပြောတာတွေကို သဘောပေါက်နားလည်ကြမယ် ထင်ပါတယ်။ ဒါကြောင့် ဒီနွေကျောင်းပိတ်ရက်မှာ ကလေးတို့အန္တရာယ်ကင်းအောင်သတိထားပြီး နေထိုင်ကြပါ။ကလေးတို့တွေ စာတွေများများဖတ်ဖြစ်ပြီး အသိဉာဏ်ပညာထက်မြက်တဲ့ကလေးတွေ ဖြစ်လာပါစေ၊ အကောင်းနဲ့အဆိုးကို ခွဲခြားနိုင်တဲ့ ပညာရှိလေးတွေဖြစ်လာပါစေ၊ ပူပြင်းတဲ့နွေရာသီကို ကောင်းမွန်စွာဖြတ်ကျော်နိုင်ပါစေလို့ မမက ဆုတောင်းပေးလိုက်ပါတယ်ကွယ်။

ညီယဉ်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်ငှက်

မီဟား(လ်)စန္ဒီးနစ်

အရေးကြီးဆုံးကတော့
ဝိညာဉ်ငှက်ပြောတာကို နားထောင်ဖို့ပဲ။
ဘာလို့လဲဆိုတော့
တစ်ခါတလေ သူကခေါ်နေပေမယ့်
တို့တွေက မကြားမိတတ်ဘူး။
အဲဒါက ရှက်စရာပေါ့။
သူက တို့ကို
တို့တွေအကြောင်း
ပြောပြချင်နေတာ။
သူက အံ့ဆွဲအတွင်းပိုင်းမှာ
သော့ခတ်သိမ်းထားတဲ့
တို့တွေရဲ့ ခံစားချက်တွေအကြောင်း
ပြောပြချင်နေတာလေ။



မီဟား(လ်)စန္ဒီးနစ်

ကမ္ဘာဆရာမ မီဟား(လ်)စန္ဒီးနစ်သည် စာနယ်ဇင်းသမားတစ်ဦးဖြစ်ပြီး
တဲလ်မစ်ပြိုကွင် နေထိုင်ပါသည်။ ကိုဘုစ်ကွင် မွေးဖွားခဲ့သူဖြစ်၍
လူကြီးလူငယ်မရွေးနှစ်သက်သော သူ၏ကဗျာများကြောင့် ထင်ရှားကျော်ကြားသူတစ်ဦးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တချို့က အဲဒီအသံကို
အမြဲကြားကြတယ်။
တချို့က တစ်ခါမှ မကြားဖူးသလောက်ပဲ။
တချို့ကျတော့
တစ်သက်မှာ တစ်ခါပဲ
ကြားဖူးကြသတဲ့။

အဲဒါကြောင့်
အားလုံးတိတ်ဆိတ်နေတဲ့
ညအချိန်အခါမျိုးမှာ
ဟိုး ... အတွင်းတစ်နေရာက
ဝိညာဉ်ဂက်ရဲ့အသံကို
ကြားရအောင်
နားထောင်တာက
စိတ်ကူးကောင်းလေးတစ်ခုပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝေါဟာရများ

ENVIRONMENT WORDS

ဦးကျော်စိုး

Coal-fired power station : n. ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စက်ရုံ

(မှတ်ချက်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော စက်ရုံများတွင် ကျောက်မီးသွေးလောင်စာသုံး စက်ရုံများသည် လေထုကို အညစ်ညမ်းဆုံး စက်ရုံများဖြစ်သည်။ ထိုစက်ရုံများသည် လေထုတွင်းသို့ ဆာဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့အလုံးအရင်းရောက်ရှိစေသဖြင့် ထိုဓာတ်ငွေ့ကြောင့် အက်ဆစ်မိုးများ ရွာသွန်းစေလေသည်။ ထိုအချက်ကိုသိနေကြသော်လည်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံစသော နိုင်ငံအများအပြားသည် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်စက်ရုံသစ်များကို ဆောက်လုပ်ရန်ကြိုးစားနေလေသည်။

ယခုအခါ ကျောက်မီးသွေးလောင်စာသုံးလျှပ်စစ်စက်ရုံများရှိ မီးခိုးခေါင်းတိုင်များအတွင်း ဆာဖာဒိုင်အောက်ဆိုက်အဆိပ်ဓာတ်ငွေ့ စစ်ထုတ်သန့်စင်စေသော scrubbers များတတ်ဆင်ကာ မီးခိုးများကို လေထုတွင်းထုတ်လွှတ်သည်နည်းပညာပေါ် နေပြီဖြစ်သည်)

Coal shale : n. **bituminous sh ale** ကိုရှု။

Coal spoils : n. **ကျောက်မီးသွေးတူးဖော်ပြီးနောက် ပျက်စီးညစ်ညမ်းကျန်ခဲ့သော မြေပြင်။**

(မှတ်ချက်။ ထိုပျက်စီးညစ်ညမ်းနေသောနေရာကို သန့်ရှင်းအောင်ပြုလုပ်၍ရသည်။ အကုန်အကျများသောကြောင့် အများအားဖြင့် သန့်ရှင်းပစ်ရန်မစဉ်းစားကြချေ။)

Coarse :adj. **ကြမ်းသော၊ မညက်သော။ ထိတွေ့ရာတွင် မချောမွေ့သော။**

(eg. Sand is coarse. သဲမှုန်ဆိုတာ ကြမ်းတာမျိုးဘဲ။)

Coast : n. **ပင်လယ်ကမ်းစပ်။ ပင်လယ်ကမ်းခြေ။**

(မှတ်ချက်။ ပင်လယ်ကမ်းခြေဆိုရာတွင် အချို့ကမ်းခြေသည် သဲပြင်ပြန့်များရှိပြီး အချို့တွင် သဲကမူများ၊ သောင်များရှိသည်။ အချို့ကမ်းခြေများ၌ မတ်စောက်သော ကျောက်ကမ်းပါးမြင့်များရှိလေသည်။)

Coastal : adj. **ပင်လယ်ကမ်းစပ်ပေါ် သို့မဟုတ် ပင်လယ်ကမ်းခြေအနီးတွင်ရှိသော။**

Coastal erosion : n. **ပင်လယ်ကမ်းခြေတလျှောက် လှိုင်းပုတ်သည့်ဒဏ်၊ လေဒဏ်များ တိုက်စားမှုကြောင့်တစတစယိုယွင်းလာခြင်း။**

(မှတ်ချက်။ ပင်လယ်ကမ်းခြေတိုက်စားမှုကြောင့် နှစ်စဉ် အတိုက်စားခံရသော ကုန်းမြေနှင့်သဲပြင်များမှာ မနည်းလှ။ ရေလှိုင်းများက သဲပြင်နှင့် ကမ်းပါးရံများကို ရိုက်ပုတ်ဖြိုခွဲကာ အပိုင်းအစလေးများကို ၄င်းနှင့်အတူသယ်ဆောင်သွားကြသည်။ လှိုင်းများသည် ကျောက်ဆောင်အက်ကြောင်းများကို အကြိမ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ရိုက်ပုတ်ထိုးခွဲကြသဖြင့် ကျောက်တုံးများပဲ့ထွက်လာကာပင်လယ်ထဲကျလာကြသည်။ ထိုသို့သောတိုက်စားမှုများ ကိုကာကွယ်ရန် သဲသောင်များပေါ်တွင် vetiver grass ခေါ် ဗက်တီဗာမြက်များကို စိုက်ပျိုးကြသလို သဲသောင်များကို ကာကွယ်နိုင်သော groyne တံတိုင်းနိမ့်များကို ပင်လယ်ကမ်းစပ်များတွင် ဆောက်လုပ်ကြသည်။)

Coastal resource management : n. ကမ်းရိုးတန်းအရင်းအမြစ်များစီမံခန့်ခွဲမှု။ ပင်လယ်ကမ်းခြေရှိသောင်ပြင်များ၊လမုတောများ။ ဒီရေရောက်နွံတောများကို ကာကွယ်တောများအဖြစ်သတ်မှတ်ပေးခြင်းများ။

(မှတ်ချက်။ ကမ်းရိုးတန်းအရင်းအမြစ်များစီမံခန့်ခွဲမှုသည် ပင်လယ်ရေနှင့်လေဒဏ်များမှ ကမ်းခြေဒေသများကို အကာအကွယ်ပေးလေသည်။ ထိုစီမံခန့်ခွဲမှုတွင် ကမ်းခြေဒေသများကို သင့်တော်စွာအသုံးပြုရေးနှင့် ပျက်စီးယိုယွင်းနေသော လမုတောများ၊ ဒီရေရောက်နွံတောများကို ပြန်လည်ရှင်သန်လာအောင် အထောက်အကူပြုရေးများကိုလည်း လုပ်ဆောင်သည်။)

Cobalt : n. ကိုဘော့လ်ဒြပ်စင်။ သက်ရှိများတွင်အလွန်နည်းပါးသော်လည်းလိုအပ်သော ကိုဘော့လ်ဓာတ်။ အဏုမြူအမှတ် ၂၇ ဖြစ်သော ဒြပ်စင်။

(မှတ်ချက်။ ကိုဘော့လ်ဓာတ်သည် ဗီတာမင်များသတ္တုဓာတ်များကဲ့သို့ မိုဂ္ဂရိ အာဟာရဓာတ်ဖြစ်သည်။ သက်ရှိများသည် ကိုဘော့ဓာတ် လိုသည်ထက်ပိုသွားပါက အန္တရာယ်ဖြစ်စေလေသည်။ ကိုဘော့လ်သတ္တုကိုသတ္တုရောပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း အသုံးပြုကြသည်။ Cobalt-60 သည် ကိုဘော့လ်သတ္တု ၏ ရေဒီယိုသတ္တိကြွ ဒြပ်စင်အသွင်ကွဲ radioactive isotope ဖြစ်ပြီး ကင်ဆာရောဂါတစ်မျိုးကို ကုသရာတွင်အသုံးပြုကြသည်။)

Cola-colonisation : n. ကိုကာကိုလာ ကိုလိုနီသိမ်းပိုက်မှု။ ထုတ်ကုန်တစ်ခု ယဉ်ကျေးမှုတစ်ခုဖြင့် တစ်ကမ္ဘာလုံးကို လွှမ်းမိုးမှု။

(မှတ်ချက်။ ယင်းသည် ကမ္ဘာလွှမ်းပတ်ရေးဖြစ်စဉ်၏ တစ်စိတ်တဒေသဖြစ်သည်။ ကိုကာကိုလာကဲ့သို့ ရောမကုမ္ပဏီကြီးများက ကြော်ငြာအင်အားများနှင့် လုပ်ငန်းအရှိန်အဝါများကိုအသုံးပြု၍ လူတိုင်းကို ဒေသထွက် အခြားအဖျော်ယမကာများကိုမသောက်သုံးစေဘဲ တစ်မျိုးတည်းသော ဈေးကြီးလှသည့် ယင်းတို့၏ အဖျော်ယမကာကိုသာ သောက်သုံးစေခြင်းဖြစ်သည်။ ထိုကုမ္ပဏီကြီးများက အမြတ်များများရစေရန် ထိုသိမ်းပိုက်နည်းကို အသုံးပြုလေလေ ကျွန်တော်တို့သည် ကမ္ဘာကြီး၏ အမျိုးအစားစုံလင်များပြားမှုကို စိတ်ဝင်စားမှုလျော့နည်းလေလေ ဖြစ်လာတော့သည်။)

Cockroach : n. ပိုးဟတ်။ ခန္ဓာတွင်အခွံမာဖြင့်ဖုံးအုပ်ထားသော ညှိုမည်းရောင် ပိုးမွှား။ Dictyoptera order မျိုးရင်းဝင်ခွံမာပိုးမွှား။

(မှတ်ချက်။ နေအိမ်များတွင် ဒုက္ခပေးတတ်သောအဖျက်ပိုးမွှားဖြစ်သည်။ အထူးသဖြင့် မီးဖိုချောင်များ၊ အိမ်သာများတွင် ပို၍ ဖျက်ဆီးကြသည်။ ပိုးဟတ်များကိုသုတ်သင်ရန် ဓာတုပိုးသတ်ဆေးများကိုသုံးသူများလည်းရှိသည်။ ပိုးဟတ်သည် အဏုမြူဓာတ်ရောင်ခြည်ဖြာခြင်းကြောင့် မသေနိုင်ပေ။ အဏုမြူစစ်ပွဲဖြစ်ပွားလှလျှင် ကျန်ရှိနေမည့်တစ်ခုတည်းသော သက်ရှိသတ္တဝါမှာ ပိုးဟတ်များဖြစ်သည်။)

ဦးကျော်စိုး

www.burmeseclassic.com

www.burmeseclassic.com

မိမိ အလယ်တန်းကျောင်းသားဘဝတွင် မိမိနေသောကျောင်းသို့ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ဥက္ကဋ္ဌ 'ဦးလှအောင်' ရောက်ရှိလာပြီး၊ တောင်တက်ခြင်းကိစ္စ ရှင်းလင်းပြောပြသည်ကို နားထောင်ရသည်။ ကျောင်းဘောလုံးကွင်းတွင် ဦးလှအောင့်ကိုယ်တိုင် အမေရိကန်လမ်းလျှောက်နည်း၊ ရုရှားလမ်းလျှောက်နည်းနှင့် အင်္ဂလန်လမ်းလျှောက်နည်းများကို လက်တွေ့သရုပ်ပြခဲ့ပါသည်။

ထိုသည်မှစ၍ လမ်းလျှောက်ခြင်းနှင့် တောင်တက်ခြင်းတို့သည် မိမိမှာ သန္ဓေရသွားခဲ့လေရာ၊ သူငယ်ချင်းများနှင့် "ပိုးမခ" တောင်ကို မကြာမကြာ ခြေစမ်းခဲ့ဖြစ်ကြပါသည်။ ဦးလှအောင်သရုပ်ပြခဲ့သော လမ်းလျှောက်နည်းများအတိုင်း လမ်းလျှောက်ခဲ့ရသည်ကို နှစ်သက်ခဲ့ရပါသည်။

ပညာရေးဝန်ထမ်းဖြစ်လာသောအခါ ထိုသန္ဓေမျိုးကလေးများအား ပေးချင်လာသည်။ ကျောင်းသားများနှင့် အတူ တောင်ငယ်လေးတစ်လုံးနှင့် အရွယ်ရောက်စ တောင်တစ်လုံးကို တက်ခဲ့ကြပြန်သည်။ တောင်ဆိုသည်ကား တောလမ်း၊ တောင်လမ်း၊ ကျောက်ဆောင်လမ်း၊ သစ်တောလမ်းဖြစ်၍ ထိုတော၊ ထိုတောင်၊ ထိုကျောက်ဆောင်၊ ထိုအခက်အခဲတို့ကို ရင်ဆိုင်ဖြတ်ကျော် အောင်မြင်မှုကပေးသောအရသာကို တစ်ဖက်သူနားလည်သွားအောင် မိမိပြောပြစွမ်းရည် ချို့တဲ့လှပါသည်။

ကိုယ်တိုင်တက်ကြသူများက တောင်တက်၊ တောဖြတ်အရသာကို ပြောပြစွမ်းရည်ချို့တဲ့နေသော မိမိထက်ပင် ကောင်းကောင်းကြီးခံစားသွားရမည်ကို မိမိသိပါသည်။

တောင်ပေါ်မြို့လေးဆိုသော 'ကလော' သို့ တာဝန်ကျသောအခါတွင်မူ၊ ခြေစမ်းစရာတောင်များကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့လိုက်ရ၍ စိတ်လှုပ်ရှားသွားရသည်။ ဆိုခဲ့သောအရသာကို မိမိတစ်ဦးတည်း တိတ်တိတ်ကလေးမခံစားလို။ ကလေးများကိုလည်း ခံစားစေချင်သည်။ တောင်ကို ရွှေ့ချယ်လိုက်သည်။ "မှိုင်းလုံး" တောင်ဆိုသော ကလောဇ်အလှမယ်တောင်။

ကလေးများနှင့်မတက်မီ မိမိက လမ်းကြောင်းရှာအရင်တက်ထားရပေမည်။ ထို့ကြောင့် ဒေသခံ၊ ကျောင်းရုံးဝန်ထမ်း မိန်းမရွယ် (၃) ဦးကို လမ်းကြောရှာခရီးတွင် လိုက်ပါရန်နှင့် တောင်တက်လိုသော ကလေးများအားလည်း လိုက်ခွင့်ပြုကြောင်း စီစဉ်ရသည်။

တောင်တက်မည့်နေ့ စုရပ်တွင် ကျောင်းသားကျောင်းသူ (၁၈) ဦးက ဘောင်းဘီ၊ ကျောပိုးအိတ်၊ ရေဘူးတို့ဖြင့် စုနေကြပြီး ရုံးဝန်ထမ်းများနှင့်ပေါင်းလိုက်သော် မိမိမပါ (၂၁) ဦး၊ အင်အားရှိသွား၍ အကြီးအကျယ်ဝမ်းသာသွားသည်။ တောကိုချစ်ကြတော့မည်၊ တောင်ကို နှစ်သက်ကြတော့မည်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်လက်စ တိုးတိုးလာတော့မည်၊ သဘာဝတောထဲမှ သဘာဝအကောင်ငယ်လေးများ၏ ညှို့ယူဖမ်းဆွဲခြင်း ခံရတော့မည်၊ စိတ်လှုပ်ရှားပျော်ရွှင်ကြရတော့မည် . . . စသည်စသည်တို့ကို မိမိသိနေသောကြောင့်ပင်။

အုပ်စု (၂) စုခွဲ၊ အဖွဲ့ခေါင်းဆောင်ခန့်၊ တောင်တက်စည်းကမ်းအချို့ရှင်းပြ၊ တွေ့ရသောသစ်ပင်များ၏ ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်၊ အပွင့်၊ အသီး၊ ကျောက်ဆောင်၊ ငှက်၊ ကြားရသောလေတိုးသံ၊ ငှက်မြည်သံ၊ ရှဉ့်မြည်သံ၊ သစ်ရွက်လှုပ်သံ၊ ရှုရှိုက်ရသောရနံ့များ၊ ခြေထောက်၊ လက်၊ မျက်နှာတို့ဖြင့် ထိတွေ့ရသောခံစားမှုများနှင့် စိတ်တွင်ဖြစ်ပေါ်လာသော ခံစားမှု၊ တွေးတောမှု၊ ကြံစည်မှုများ . . . စသည်တို့ကို တောင်တက်ပြီး အိမ်ပြန်ရောက်လျှင် ဗလာစာရွက်များဖြင့် ရေးတတ်သလိုရေး၊ ပြီးလျှင် မိမိထံလာပြကြရန် မှာကြားသည်။

မှိုင်းလုံးတောင်လည်းအမည်ရ၊ ထင်းရှူးတောင်ဟုလည်းခေါ်ဝေါ်နိုင်သော ကလောမြို့လေး၏ သဘာဝအလှမယ် တောင်ပျိုမလေးဆီသို့ မိမိတို့အုပ်စု ထွက်ခွာလာကြပြီ။

ညည်ကျလျှင် မှိုင်းလုံးတောင်ကြောတွင် တောမီးများလောင်လောင်နေလေရာ အောက်ခြေမြက်တောနှင်းလောက်ပြီ။ လမ်းကြောရွေးချယ်ခွင့်များပြီဟု သိလိုက်ပါသည်။

လူနေအိမ်ခြေများကို ဖြတ်သန်းလာစဉ် မြေပြင်မှာ တစတစ မြင့်တက်လာရာ၊ တောင်ခြေသို့အရောက် အမြင့်က သိသာစွာ မတ်လာသည်။ ပုံမှန်လူသွားလမ်းကြောင်းမှသွေဖည်ကာ ခပ်မတ်မတ်လမ်းကြမ်းကိုတက်ရန် ရွေးချယ်လိုက်သည်နှင့် လိုက်ပါလာကြသူများ အံ့အားသင့်ကုန်ကြသည်။ တောင်တက်ရန် တုတ်များရှာဖွေစေသည်။ တဖြောင့်တည်း ခပ်မတ်မတ်အတက်အတိုင်း တက်သည်။ မောကုန်ကြသည်။ ပြီး ထောင့်ဖြတ်တက်သည်။ ရှေ့တွင် ဆယ့်နှစ်ပေခန့်မြင့်သော ကျောက်ဆောင်တစ်ခု . . . ။

"မရှောင်ကွင်းနဲ့၊ အဲဒီကျောက်ဆောင်ကို ကျော်တက်မယ် . . ." မိမိကအော်ပြောလိုက်ရာ ကလေးတွေ အံ့အားသင့်သွားကြသည်။ အလွယ်လမ်းကြောင်းကိုသွေဖည်ကာ အခက်ကိုရင်ဆိုင်စေခြင်းဖြင့် အခက်ကိုကျော်လွှားသွားမှုက အပ်နှင်းလာသော ကိုယ်တိုင်ပြဿနာရှင်း၊ ကိုယ်ပိုင်ပခုံးအသီးသီး ကြီးလာစေရန်ဖြစ်ပါ၏။ ကျောက်ဆောင်က မတ်သည်။ ကလေးများ ကျောက်ဆောင်ကို တက်ကြသည်။ သိပ်မမြင့်သော်လည်း လက်ကဆွဲကိုင်၊ ခြေကခြေကုပ်ယူ၊ ကျန်လက်က အပင်ငယ်များကို ဆွဲတက်ရသည်။ ရှေ့ဆုံးရောက်သူက နောက်လူကို လက်ကမ်းပေး လက်ဆွဲယူ၊ အောက်မှာရှိသူက အပေါ်လူကို တွန်းတင်ပေး၊ အပေါ်ရောက်သွားသူက တက်လာသောတစ်ယောက်ချင်းစီကို သစ်ပင်ငယ်ကိုခြေကုပ်ကန်ပြီး ·ဆွဲတင်ပေးကြဖြင့် ကလေးများ စိတ်လှုပ်ရှားစွာဖြင့် ပြဿနာကို ဖြေရှင်းပေးနေကြသည်။

နောက်တော့ အားလုံး ကျောက်တောင်ငယ်ထိပ်ပေါ်ရောက်သွားကြသည်။ ဤကျောက်တောင်ငယ်လေးက မိမိကလေးများအား ကျယ်ပြောလှသော လူ့လောကကြီးအား မည်သို့ဖြတ်ကျော်ရသည်ဟူသော ဆင်ခြင်တုံတရား၊ ဆုံးဖြတ်ချက်၊ အားထုတ်မှုနှင့် ကျေနပ်မှုတို့ကို လက်ဆောင်အဖြစ် တိတ်တဆိတ်ပေးလိုက်ပါပြီဆိုသည်ကို မိမိသိနေလိုက်ပါသည်။

ရုံးဝန်ထမ်း (၃) ဦးမှာမူ ကျောက်ဆောင်ကိုကွင်းရှောင်၊ ဆင်ခြေလျှောအတိုင်းတက်သွားကြသည်။ မိမိမှာမူ ကလေးများ ကုတ်ကပ်တက်ခဲ့သော ထိုကျောက်ဆောင်ကိုပင် တက်ရောက်ဖြတ်ကျော်လိုက်သည်။ ကလေးများ မောနေကြသော်လည်း အောင်ပွဲရအမောပြုံးများဖြင့်သာ။

www.burmeseclassic.com

www.burmeseclassic.com

အလွယ်လမ်းကြောင်းကိုသွေဖည်ကာ အခက်ကိုရင်ဆိုင်စေခြင်းဖြင့် အခက်ကိုကျော်လွှားသွားမှုက အပ်နှင်းလာသော ကိုယ်တိုင်ပြဿနာရှင်း၊ ကိုယ်ပိုင်ပခုံးအသီးသီး ကြီးလာစေရန်ဖြစ်ပါ၏။ ကျောက်ဆောင်က မတ်သည်။ ကလေးများ ကျောက်ဆောင် ကို တက်ကြသည်။

သုံးမိနစ်ခန့်နားပြီးသည်နှင့် တောင်စောင်းကို ခပ်ရွှေရွှေတက်စေပြန်ပါသည်။ ထင်းရှူးတောက မစိပ်မကွဲ၊ တောင်စောင်းတစ်လျှောက် အပြည့်ကြွေကျထားသော ထင်းရှူးရွက်ခြောက်များက ခြေများ ချော်ချော်ထွက်သွားစေပြီး ကလေးများကိုယ်ဟန်ချက် ခဏခဏပျက်ရသည်။ ထိုအခါ သူတို့လက်ထဲမှတုတ်များကို ဘယ်ပုံဘယ်နည်းသုံးသွားရမည်ကို မိမိက အကြံပေးစရာမလိုပါ။ ကလေးများ သုံးနေကြပါပြီ။ ဤအတွက် မိမိ ဘာမျှဝင်မစွက်ပါ။

ကလေးခပ်များများသည် လက်ထဲရှိတုတ်ထက် ပိုမာသော၊ ပိုတောင့်သော၊ ပို၍အဆင်ပြေသောတုတ်များကို တွေ့သည်နှင့် တုတ်အဟောင်းကို ပစ်ချကာ၊ ထိုတုတ်အသစ်ကို ကောက်ယူသုံးစွဲလိုက်ကြသည်။ မိမိ ကျေကျေနပ်နပ်ကြီး ပြုံးသည်။

ခပ်မတ်မတ်လမ်းကိုရွေးချယ်၍ တက်စေပြန်ပါသည်။ ခြေကော၊ လက်ကော၊ တုတ်ပါသုံးရာတွင် အနည်းငယ်မျှပင် အမှားမခံသော မတ်မတ်တောင်စောင်း။ ရှေ့ရောက်သူက ထင်းရှူးပင်ကိုဖက်လျက်၊ လက်တစ်ဖက်က တုတ်ကို အောက်ကတက်လာသူအား လှမ်းပေးလျက်၊ ဆွဲလျက်၊ တစ်ကန့်ချင်း၊ရွှေ့ရွှေ့ တက်နေကြ၏။ မောလည်းမောနေကြ၏။ မီးလောင်ထားသောမြက်များ၏ မည်းနက်ပြာများက ကိုယ်စီခြေထောက်များကို ခြေအိတ်မဲများ တပ်ပေးလိုက်လေပြီ။

ဆက်တက်ကြပြန်သည်။ ရှုပ်ထွေး၊ ငေါလန်နေသော ကျောက်ဆောင်များကိုဖြတ်၍ဖြစ်ပါသည်။ ခပ်ကျယ်ကျယ်ကျောက်ဆောင်စွန်းတွင် နားစေလိုက်ပြီး တောင်အောက်မှ မှုန်ပျပျအပေါ်စီးမြင်ကွင်းကျယ်ဖြင့် မြင်လိုက်ရသော ကလောမြို့လေးကို ငေးငေးမောမော ကြည့်လိုက်ကြသည်။ ဝေဝါးဝါးမြင်ကွင်းထဲမှ အစက်အပြောက်သေးသေးငယ်ငယ်အဆောက်အဦတို့ကို ကလေးများ လက်ညှိုးထိုးကာ ထိုးကာဖြင့် အမည်နာမများ ပြောလာကြသည်။ ခဏနေတော့ ကလေးများ တောင်တွန့်လိမ်ပေါ်မှနေ၍ ကျယ်ပြောလှသော မိုးကုတ်စက်ဝိုင်းအထိ သဘာဝရှုခင်းကြီးကို တစိမ့်စိမ့် တိတ်တဆိတ် စားသုံးနေကြပါလေ၏။

ခေတ္တနား၊ ရေသောက်ကြပြီးသော် မီးကွင်းသွားသော အနည်းငယ်ရှုပ်ထွေးသည့် မြက်ပင်ရှည်များကြားမှ တမင်ဖြတ်သန်းလိုက်ကြသည်။ ရုံးဝန်ထမ်းများသည် ပုံမှန်သွားလမ်းမဟုတ်သောနေရာမှ ဖြတ်တက်ခြင်းကို လွန်စွာ မနှစ်သက်ကြပါ။ ညည်းညူလာကြသည်။

မြက်ပင်ရှည်ကြီးများကြား ဖြတ်ရသည်မှာ ခက်ခဲလှသကဲ့သို့ သိပ်သည်းရှည်လျား၍ ရှေ့အဖွဲ့နှင့် နောက်အဖွဲ့ မြင်ရန်ခက်ခဲလှသည်။ မြင်းတစ်ကောင်ပင်မြုပ်သော မြက်ခင်းထူထူထဲ ကလေးများ မြုပ်ကွယ်နေကြ၏။ မြက်ခင်းအစွန် ပင်ခြေအနည်းငယ်ရှင်းသည့် သစ်တောအောက်၌ ထိုင်နားကြရင်း ဌက်သံများကို နားထောင်ကြ၊ ကြည့်ကြလျက် မတ်လတွင်မှာပင် အေးစိမ့်စိမ့် တဖြူးဖြူးလေကို တစ်ဝကြီး ခံစားနေကြ၏။

သစ်ပင်များ၊ သစ်ပင်ပေါ်တွယ်ကပ်ပေါက်နေသော အပင်များ၊ နွယ်ပင်များ စသည်တို့၏ အမည်များအား ကလေးများ သိမသိ မေးကြည့်သည်။ ရှင်းပြလိုက်သည်။ Arboreal = သစ်ပင်နေတိရစ္ဆာန်များ၏အမည်များ၊ တွေ့ရှိရသော သစ်တောကြိုးဝိုင်းအမှတ်အသားတိုင်များ စသည်တို့အကြောင်း သိသမျှ ရှင်းပြလိုက်သည်။ ထိုအခါကျမှ သစ်ပင်အမည်များကို မိမိလည်း တော်တော့်ကို မသိသေးပါလားဟု စိတ်အားငယ်သွားရသည်။

မြင်းကုန်းနှီးတောင်ကြောကိုဖြတ်ကာ ဆက်တက်ကြပြန်သည်။ ထင်းရှူးရွက်များ တရဲရဲတရှီးရှီး လေဝှေ့သံ

www.burmeseclassic.com

www.burmeseclassic.com

မျှားအောက်မှ တောင်ပို့ပင်တစ်ပင်ကိုတွေ့လိုက်ရာ ရုံးဝန်ထမ်းတစ်ဦးက "တောင်ပို့လုလင်၊ ဟင်းချိုပင်၊ တစ်ပင်တစ်ရွက်၊ ခူးလို့ချက်၊ အိုးပဲ့နဲ့ချက်၊ ခွက်ပဲ့နဲ့ခူး . . . တို့လင်မယား စားလောက်ဘူး" ဟု ဆိုလာသည်။ ဓနုလူမျိုးများ၏ ကျေးလက်တေးကို မှိုင်းလုံးတောင်အလှမယ် နီးနီးကပ်ကပ်ကြားသွားရပေပြီ။

ထိုနေရာကို နောက်တစ်ကြိမ်တက်မည့် ရည်မှန်းနေရာဟု သတ်မှတ်လိုက်သည်။ တပ်ခေါက်တော့မည်။ ကလေးများချထားလိုက်သော ပလတ်စတစ်အိတ်ခွံများကို ပြန်ကောက်စေသည်။ လာရာလမ်းမှမဆင်း၊ လမ်းသစ်မှ ဆင်းမည်။

ညောင်ပင်ကြီးတစ်ပင်အပေါ် ကွေ့ကာ၊ လိမ်ကာ၊ နွဲ့ကာ၊ နှောင်းကာ ကကြိုးစုံလင်သော ကကွက်များဖြင့် ဖြာလျက်တက်နေသော 'ဒိုး' ပင်ကို ဝိုင်း၍ငေးမောကြသည်။ ကြွေကျနေသော ဒိုးသီးများကို ကောက်ယူစေကာ အိမ်ပြန်ရောက်လျှင် ဤတောင်တက်ခဲ့သော နေ့စွဲကို ထိုဒိုးသီးများပေါ် correction pen ဖြင့် ရေးထိုးသိမ်းဆည်းထားသင့်ကြောင်း အကြံပြုပေးလိုက်သည်။

ပန်းခြံအကျော်အမော်ပင် သက်ပြင်းချရလောက်လုလုနီးပါးရှိလှသည့် တွန့်လိမ်၊ ကောက်ကော့၊ ညောင်မြစ်များပေါ် ကလေးအချို့ ထိုင်လျက်၊ ညောင်ခွကြားတွင် အချို့ခြေတွဲလောင်းချလျက်၊ ပြေပြေညောင်လက်ပင်စည်ပေါ်တွင် အချို့ ခွထိုင်လျက် စသည့် ဂိုက်ပေး၊ ဆိုက်ပေးပုံများကို မိမိက မလွတ်တမ်း ဓာတ်ပုံရိုက်သည်။

တောင်ပေါ်မှဆင်းပြီး မတ်စောက်သောအဆင်းကို ရွေးချယ်ဆင်းစေသည်။ အဆင်းကား ကြမ်းလှသည်။ စောက်စောက်အဆင်းအောက်တွင်ရှိသော ထင်းရှူးပင်ဆီကိုယ်တစောင်းဖြင့် ရွှေ့ဆင်းကာ ထိုထင်းရှူးပင်ကို လှမ်းဖက်ရသည်။ လက်မပြလျှင်တော့ အရှိန်နှင့် ဒလိမ့်ခေါက်ကွေးခြေလက်ပင်ကျိုးသွားနိုင်သည်။ အချို့က တုတ်ကို အားပြုဆင်းကြသည်။ အရှိန်ထိန်းတုတ်နှင့် တစောင်းဆင်းရပုံမျိုး တောင်တက်စာအုပ်ဖတ်ရုံနှင့် မလုံလောက်နိုင်။

ရုံးဝန်ထမ်းများကိုမူ ကလေးများက လက်တွဲ၍ပင် ကူဆင်းနေကြပါကောလား။ တောင်ခြေအရောက် အားလုံးခြေကုန်လက်ပန်းကျသွားကြလေပြီ။ သံလိုက်အိမ်မြှောင်ကို ထုတ်ကာ ကလေးတစ်ဦးချင်းစီကို လက်ဆင့်ကမ်းပေးလျက် အရပ်မျက်နှာ လက်တွေ့ရှာစေလိုက်သည်။ စားသောက်ပြီးကြသောအခါ ပလတ်စတစ်အိတ်ခွံများကို ပြန်ကောက်စေသည်။

ခရီးပြန်ထွက်ကြသည်။ ရှေ့တွင် တောမီးလောင်နေပြီ။ မလှမ်းမကမ်းတွင်ရပ်ထားသော ဆိုင်ကယ်အစီးရေက (၁၅) စီး။ "သူတို့ မြေလာမှတ်ကြတာ" ဟု ဒေသခံရုံးဝန်ထမ်းက ပြောလာသည်။ ကလေးများကို ပြန်စုလိုက်ပြီး မိမိက . . .

"တောမီးတစ်ရက်၊ မုဆိုးတစ်သက်" ဟု အော်ပြောလိုက်သည်။

"ကမ္ဘာမီးလောင် တော်ကောင်ချနင်း" ဟု ကလေးတစ်ယောက်က အော်ပြောလာသည်။

"တောမီးလောင် တောကြောင်လက်ခမောင်းခတ်" ဟု တစ်ယောက်က အော်လာပြန်သည်။

"တောင်စဉ်ရေမရ၊ အမျှားယောင်လို့ယောင် အမောင်တောင်မှန်း မြောက်မှန်းမသိ၊ တောင်ကြီးဖဝါးအောက်၊ လှိုင်းကြီးလှေအောက်၊ သစ်တစ်ပင်ကောင်ဌက်တစ်သောင်းနား၊ အရိပ်နေနေ အခက်ချိုးချိုး၊ နေရိပ်မလာခင် နေပူကစောင့်၊ သစ်မရခင် ဝါးပေါင်းကွပ်၊ ခားကို ဖျက် ဝါးမျက်၊ စေတီဖျက်တော့ ဗောဓိညောင်၊ ရဟန်းဖျက်တော့ မိန်းမပေါင် . . . စသည့်စကားပုံတို့ကို မိမိနှင့် ကလေးတစ်သိုက် သူဦးအောင် ငါဦးအောင် အသံကျယ်ကျယ်ကြီးများ ဖြင့် ဒုန်းစိုင်းဆိုလိုက်ကြပါသည်။

တောင်ခြေမှာ အပူကို သိသိသာသာ ခံစားလိုက်

www.burmeseclassic.com

www.burmeseclassic.com

"ယာတိုး ရွာဆုတ်" ဆိုသည်ကို ကလေးများ မျက်မြင်ပင်။ ထိမီးခိုးငွေ့များတွင်ပါသော ကာဗွန်ဒိုင်အောက်ဆိုက်ကို သစ်ပင်များက စုပ်ယူကြောင်းနှင့် သစ်ပင်မှထုတ်ပေးသော အောက်ဆီဂျင်၊ သစ်ပင်များပေးသော အေးမြသည့် အရိပ်များ၊ အောက်မှ မိမိတို့ ယခုပင်ထွက်လာကြောင်း၊ ထွက်လာသော်လည်း မလွတ်ကြောင်း၊ မိမိသည် စီကာပတ်ကုံး ပြောနေမိပါသည်။

ရသည်။

တောင်တောရယ်သာ . . . မာလာကင်ဖူး တစ်ပင်ကို တစ်ပင်ယှက်တယ် . . . ကျွေးဌက်ကမြူ။ ထိုခွေးချိုးလေးကို မိမိက တတ်နိုင်သမျှ အသံချိုမြပြလေးဖြင့် ဆွဲဆွဲငင်ငင်ဆိုလိုက်ရာ ကလေးများ၏မျက်နှာတွင် တစ်စုံတစ်ခုကို သိရှိလွမ်းဆွေးသွားဟန် အထင်းသားတွေ့လိုက်ပါ၏။

"ယာတိုး ရွာဆုတ်" ဆိုသည်ကို ကလေးများ မျက်မြင်ပင်။ ထိမီးခိုးငွေ့များတွင်ပါသော ကာဗွန်ဒိုင်အောက်ဆိုက်ကို သစ်ပင်များက စုပ်ယူကြောင်းနှင့် သစ်ပင်မှထုတ်ပေးသော အောက်ဆီဂျင်၊ သစ်ပင်များပေးသော အေးမြသည့် အရိပ်များ၊ အောက်မှ မိမိတို့ ယခုပင်ထွက်လာကြောင်း၊ ထွက်လာသော်လည်း မလွတ်ကြောင်း၊ မိမိသည် စီကာပတ်ကုံး ပြောနေမိပါသည်။

ထင်းရှူးတောနှင့် ပိုင်းလုံးတောင်ကိုကျော်ခိုင်း၍ မိမိကျောင်းသို့ပြန်ရောက်သည်။ စာတမ်းများတင်ရန်ပြောပြီး လုစုခွဲလိုက်ကြပါသည်။

နောက်သုံးရက်ခန့်ကြာသောအခါ ကလေးများ စာရွက်လေးများကိုင်ကာ၊ ကိုင်ကာ ကျောင်းသို့ရောက်လာကြပြီး စာတမ်းများလာတင်သွားကြပါသည်။ ကလေးများ မလာသေးမီ (၂) ရက်အလိုကပင်၊ တောင်တက်ဓာတ်ပုံများကို ကျောင်းရုံးခန်းရှေ့ ကျောက်သင်ပုန်းတွင် အစီအရီကပ်ထားပြီး ဖြစ်နေပါသည်။ ဓာတ်ပုံများကိုကြည့်၍ ကလေးများ လက်ပံပင်ဆက်ရက်ကျသွားပါ၏။

စာတမ်းလာတင်သည့်ကျောင်းသားများအနက် ပ ငါးတန်းကျောင်းသားတစ်ယောက်၏မေးခွန်းသည် မိမိအား ပိုင်းလုံးတောင်ထက်ကြီးမားသော ဝပ်သာလုံးဆို့သွားပါလေ၏။ ထိုမေးခွန်းကား . . .

"ဆရာကြီး နက်ဖြန် တောင်တက်ဦးမှာလား . . . "

မိမိရည်မှန်းရာရပ်ဝန်းသို့ ရောက်ခဲ့ပြီးပါပြီ . . . ဟု မိမိ သိရှိလိုက်ပါပြီ။

ကလေးများကို မိမိ စကားများများမပြောခဲ့ပါ ခေါ်သွားရုံ၊ ပြသွားရုံသာဖြစ်ပါသည်။ သို့သော် . . . ထိုတော၊ ထိုတောင်၊ ထိုသစ်ပင်၊ ထိုဌက်၊ ထိုလေပြည်လေညင်း ထိုအေးရိပ်၊ ထိုသဘာဝပတ်ဝန်းကျင်တို့သည် ကလေးများ၏ ရင်ဘတ်ထဲ ဝေါဟာရမဲ့ နက်နက်ရှိုင်းရှိုင်းကြီး တစ်စုံတစ်ရာ အတိုင်းအတာအထိ ဖောက်ဝင်သွားပြီကိုး။

ထိုတော၊ ထိုတောင်၊ ထိုသစ်ပင်၊ ထိုထိုသော သဘာဝပတ်ဝန်းကျင်က သင့်ကိုသာမက သင့်သားသမီးများကိုသာမက၊ သင့်မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်များအထိ အချစ်ကြီးကြီးဖြင့် စတ္တန့်ပမြတ် တလစပ် ထပ်ခါ ထပ်ခါ ချစ်နေပါလိမ့်မည်ဟု ကလေးများကို သီ၊ ကြ၊ ခံစား၊ အကောင်အထည်ဖော်ခေလိုလျှင် . . .

လူကြီးလောင်းလျှာများကို တောတွင်းဖြတ်သန်းခွင့်ဖန်တီးပေးလိုက်ပါ။ တောင်များကို တက်ခွင့်အခြေအနေဖန်တီးပေးလိုက်ပါ။ သဘာဝပတ်ဝန်းကျင်ထဲ လွတ်ချပေးလိုက်ပါဟုသာ . . . ။ ။

●

နိုင်သောင်းထွန်

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲနေသော ရာသီဥတု

မြန်မာပြန် - ဇွ

လူကြောင့်ဖြစ်သော ရာသီဥတုပြောင်းလဲမှုကြောင့် မြစ်ဝါမြစ်ဝှမ်းဒေသတွင် ပိုးရေချိန်မည်မျှကျဆင်းလာမည်ကိုလည်းကောင်း၊ သဘာဝအလျောက် အတက်အကျမည်မျှဖြစ်မည်ကိုလည်းကောင်း၊ မည်သူမျှ အသေ အချာမပြောနိုင်ပေ။ အချိန်တိုတွင် မသိကောင်းမသိမည် ဖြစ်မည်။ ပြောနိုင်သည်မှာ မြစ်တော်တော်များများသည် မှားမကြာမီနှစ်များအတွင်းက အစိုဓာတ်ပမာဏ ဆိုးဆိုးဝါးဝါး ကျဆင်းဆုတ်ယုတ်မှုကို ကြုံတွေ့နေခဲ့ပြီး ဤဖြစ်ရပ်အများစုမှာ ရာသီဥတုသုတေသီများ၏ ခန့်မှန်းချက်များအတိုင်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရေခဲမြစ်များသွားပြီ၊ မရှိတော့ဘူးဆိုတာနဲ့ မိုးပေါ်ကကျလာတဲ့ ဖြစ်လာသမျှ သင် ရင်ဆိုင်ရတော့မယ်" ဟု ဗြိတိသျှရေခဲမြစ်ပညာရှင် မာတင်ပရိုက်စ်က ပြောသည်။ အာရှတိုက်တွင်ပင်မဟုတ်။ အင်ဒီတောင်များ၊ အောက်လာပတ်၊ လီမ၊ ဘောလီးဗီးယား၊ မြို့တော်ကွစ် စသည့်မြို့များ၊ ပီရူးနှင့် အီကွေဒေါနိုင်ငံအသီးသီးသည် ရေနှင့် လျှပ်စစ်လုံခြုံမှုအတွက် ရေခဲမြစ်များအပေါ်တွင် မှီခိုရပ်တည်နေရသော်လည်း ရေခဲမြစ်များ ပျောက်တွယ်လာမှုမှာ မြန်ဆန်လွန်းလှပေသည်။

အလားတူ ရှင်းလင်းစွာ ပိုးမရှာ၍ အလွန်တရာခြောက်သွေ့နေသောဒေသများတွင် စိုက်ကွင်းများသို့ မကြာခဏ ဆည်မြောင်းရေသွင်းသည့် လူတို့ တိုက်ရိုက်လုပ်ဆောင်ချက်များကြောင့် မြစ်ရေခမ်းခြောက်၏။

ကျွန်ုပ်တို့သည် ပေါင်းစပ်အကျိုးသက်ရောက်မှုများက အမေရိကတိုက်အနောက်ဖက်ရှိ ရီဘိုဂရန်ဒေးဒေသအပေါ်တွင် စီးသွားသောရေစီး လျော့နည်းလာသည်ကိုလည်းကောင်း အာဖရိကတိုက် ဆဟဲရှ် ချဒ်ရေကန်ကြီးကို မြစ်များက ရေမည်သို့ဖြည့်တင်းသည်ကိုလည်းကောင်း၊ အာဖဂန်နစ္စတန်ရှိ ဟဲလမန်မြစ်ကဲ့သို့ အာရှတိုက်အလယ်ပိုင်းမြစ်များ စသည်တို့ကိုလည်းကောင်း မည်သို့ရေစီးကို လျော့နည်းလာစေသည်ကို သေချာစွာတွေးဆကြည့်ကြသည်။

လာမယ့် ဆယ်စုနှစ်များ၌ ရာသီဥတုပြောင်းလဲမှုက နေရာယူလာကြသည်ဖြစ်ရာ လုံးဝဥသုံ့ ခမ်းခြောက်ခြင်းသည် နိုင်ငံတကာနှင့် သက်ဆိုင်မည်မဟုတ်။ **ဗြိတိသျှမက်ရုံး**[ii] (ဗြိတိသျှ ရာသီဥတုရုံးကြီး) ကဲ့သို့ အသင်းများမှ မော်ဒယ်လ်ပုံစံငယ်ထုတ်လုပ်သူများက ခန့်မှန်းပြောဆိုသည်မှာ အချို့နေရာများ၌ မြစ်ရေစီးခြင်း တိုးလာခြင်းများရှိသည်။

သေချာသည့်တစ်ချက်မှာ မြစ်အတော်တော်များများတွင် ပြောင်းလဲမှုက လုံးဝမြန်ဆန်စွာ နေရာယူထားပြီး ဆည်ဆောက်လုပ်သူများ၊ မြစ်ရေစီမံခန့်ခွဲသူများနှင့် ဆည်မြောင်းရေသွင်းခရိုင်များ၊ ၎င်းတို့၏ အဆောက်အအုံများဆောက်ရန် အတွက်အချက်များအပေါ် မှီခိုခဲ့ကြ၏။ ပြုသည့်စီမံချက်တို့မှာ ရံဖန်ရံခါ အဓိပ္ပာယ် မရှိပေ။

ပထမဦးစွာ ကမ္ဘာတစ်ခုလုံး လွမ်းခြုံကြည့်ကြပါစို့။ မြင့်မားသော လေအပူချိန်များက ကမ္ဘာ့သမုဒ္ဒရာမှ အငွေ့ပျံမှုကို တိုးမြင့်စေသည်။ ထို့ကြောင့် ရေသံသရာလည်ပုံ ပြင်းထန်အားကောင်းစေသည်။ ဤရာစုနှောင်းပိုင်း၌ ယနေ့ထက် ပျမ်းမျှ တစ်နေ့လျှင် လေထုထဲသို့ ရေငွေ့ (၈ မှ ၁၀) ရာခိုင်နှုန်း ပို၍အငွေ့ပျံမည်။ ဤသည်မှာ သန်း (၈၀၀) ကေ သို့မဟုတ် သည်ထက်ပိုမည်။ နိုင်းမြစ်အစင်း (၂၀) ကို ရေဖြည့်ရန် လုံလောက်သော ပမာဏဖြစ်၏။

အတ္တလန္တိတ်ဆိုင်ကလုန်းကဲ့သို့ ပိုးရှာစေသော ရာသီဥတုစနစ်များ အဟုန်နှင့် သွားနေသောလမ်းကြောင်းရွှေ့ခြင်းမှာလည်း စုစုပေါင်းပိုးရေချိန်ကို မြန်လည်ဖြန့်ဝေစေခြင်းဖြစ်သည်။ အလယ်ပိုင်း လတ္တီတွဒ်နိုင်ငံများပါ ပိုခြောက်သွေ့လာမည်။ တစ်ချိန်တည်း၌ပင် အပူချိန်မြင့်မားမှုသည် ကုန်းမှရေငွေ့ပျံမှုကို မြန်ဆန်စေပြီး မြေသားခြောက်သွေ့မှု ပိုမြန်လာမည်။ မိုးရေချိန်နှုန်းခြင်းမှာ မြစ်များခမ်းခြောက်စေလာမည်။

အနာဂတ်တွင် သီးခြားမြစ်များ၏ မြစ်ရေစီးဆင်းမှုမှာ ပြောင်းလဲနေသော ကြီးမားသည့် အငွေ့ပျံမှုနှင့် တဟုန်ထိုးကျခြင်းပုံစံများ၏ အားပြိုင်သော အကျိုးသက်ရောက်မှုများအကြား အချိန်အဆပေါ်တွင် ကြီးမားသော အပိုင်းမှ ပြီးခိုလိမ့်မည်။ ခိုသောနေရာက ပို၍စိုစွတ်ပြီး ခြောက်သောနေရာက ပို၍ခြောက်လာမည်။ ကမ္ဘာတစ်လွှား ရာသီဥတုပို၍ပြင်းထန်လာပြီး မြစ်များကလည်း တံခွန်ပှတစ်ဖန်ရှိမည်။

ရလဒ်တစ်ခုဖြင့် ကမ္ဘာ့လူဦးရေအထူထပ်ဆုံး နေရာများသို့ ရေပေးနေသောမြစ်များနှင့် ၎င်းရေကလည်း အလျော့နည်းဆုံး ပြတ်လပ်သည်ဖြစ်သော် မကြာမီ ပို၍

www.burmeseclassic.com

www.burmeseclassic.com

ကြီးမားသောဒုက္ခဆိုး ဆိုက်ရောက်လာလိမ့်မည်။ တရုတ်နိုင်ငံအရှေ့မြောက်ဘက်တွင် အာဖရိက ဆဗားနားမြက်ခင်း လွင်ပြင်၊ မြေထဲပင်လယ်၊ ဩစတေးလျှနိုင်ငံ အနောက်နှင့် တောင်တမ်းရိုးတန်းများတွင် ပိုးနည်းကောင်းနည်းလာမည်။ အင်္ဂေ့ပျံခြင်းက ကြီးမာလာမှာ အသေအချာပင်။ ထိုရော အခါ မြစ်များခမ်းခြောက်တော့မည်။

အမေရိကန်ပြည်ထောင်စု စကရစ်သမုဒ္ဒရာ တက္ကသိုလ်က ခန့်မှန်းတွက်ချက်သည်မှာ ကော်လိုရာဒို မြစ်ရေလျှောင်ကန်အမြင့်မှာ ပိုးနည်းသဖြင့် သုံးပုံတစ်ပုံ လျော့နည်းပြီး အင်္ဂေ့ပျံခြင်းပိုများလာသည်တို့ ပေါင်းစပ်၍ တောင်နှင့်မြောက်နိုင်ငံများတစ်လွှား ၄၀% အထိ စိုထိုင်းပူလျော့နည်းလာမည်။ ခြောက်သွေ့သော အနောက်အာဖရိကနိုင်ငံများနှင့် ဆင်းရဲသော (၅) နိုင်ငံ ရေပေးဝေသော နီဂါမြစ်သည် ရေ (၃) ပုံ (၁) ပုံ ဖျောက်ဆုံးမည် မျှော်လင့်သည်။ အီဂျစ်နှင့် ဆူဒန်၏ အသက်သွေးကြောနိုင်းမြစ်သည် (၅) ပုံ (၁) ပုံ လျော့နည်းလာမည်။ ပြည်တွင်းပင်လယ်များမှာ အထူးအန္တရာယ်ရှိပြီး တိုက်ကြီးများအတွင်း မြစ်များစီးဆင်းပူ လျော့နည်းလာမည်။ ဤသို့ပင် ချဒ်ရေကန်ကြီးခြောက်လာပြီး အနာဂတ်တွင် ပိုဆိုးလာမည်။

ဗီးရိမ်ထိတ်လန့်နေရသည့်နေရာများမှာ ကက်စပီယန်ပင်လယ်၊ အာရှတိုက်အလယ်ပိုင်းရှိ ဘောလ်ကတ်ချိ ရေအိုင်ကြီး၊ ကန်ကြီး၊ တန်ဂန်ရီကာ၊ အရှေ့အာဖရိကရှိ မာလာဝီ၊ ဟန်ဂေရီရှိ ဥရောပအကြီးဆုံးရေကန်ကြီး ဘဲလ်တွန်တို့ဖြစ်သည်။ ယှဉ်ကြည့်လျှင် ကြီးမားသောအပူပိုင်းဇုန်မြစ်ကြီးဖြစ်သော အမေဇုန်မြစ်၊ တောင်အမေရိကရှိ အိုရင်နိုကိုမြစ်တို့သည် တွက်ချက်ခန့်မှန်းသည့်အတိုင်း ယနေ့ထက် ပို၍ဆိုးလာမည်။

အလားတူပင် မြောက်ပိုင်းကနေဒါနိုင်ငံ အာတိတ်မြစ်ကြီးများနှင့် ဆိုက်ဘေးရီးယားတို့မှ ရေပိုရလာနိုင်ကောင်းသည့်အကြောင်းမှာ လေပူက စိုထိုင်းဆပိုများပြီး ၎င်းရေဝေရေလဲဒေသတို့တွင် မိုးရေချိန် ပိုများမည်ဖြစ်သောကြောင့်ဖြစ်၏။ ပိုအားကောင်းသောလေလာမှုအရ မက်ကန်ဇီ၊ ကနေဒါရှိယူကွန်၊ အော့ဘ်၊ ရေနစ်နှင့် ဆိုက်ဘေးရီးယားနိုင်ငံရှိ လီနာတို့သည် (၄၀) ရာခိုင်နှုန်းပို၍ ကြောက်မက်ဖွယ်အနိမ့်အမြင့်ရှိမည်ဆိုသည်။

မှန်ကန်ကြောင်းပြသည့် သာဓကတစ်ချို့ရှိသည်။ ၂၀၁၅ ခုနှစ်အစောပိုင်း၌ အမေရိကန်ပြည်ထောင်စု ရာသီဥတုပညာရှင် ကီမင်ထရန်းဘတ်က အနည်းငယ်လေးသာ ပြောင်းလဲမှုရှိသည့် ရာစုနှစ်တစ်ခုနောက်ပိုင်းတွင် ၁၉၇၀ ခုနှစ်ကတည်းက ကမ္ဘာတလွှားတွင် ပြင်းထန်သော ပိုးခေါင်ရေရှားမှုလှိုင်းကြီးတစ်ခု ရိုက်ခဲ့သည်။ မြေကမ္ဘာမျက်နှာပြင်အချိုးအစားမှာ အလွန်ကို ခြောက်သွေ့သောအခြေအနေ (၁၅ မှ ၃၀) ရာခိုင်နှုန်းတက်လာသည်ဟု ပြောသည်။ တစ်ချိန်တည်းမှာပင် ခေတ်ဦးသိပ္ပံပညာရှင်တို့ အစီရင်ခံစာရေးသည်မှာ ဝေးလှသော မြောက်ပိုင်းမြစ်များသည် ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရုတ်ချည်းဒွေ့ရည်ဖွဲ့၍ ကမ္ဘာကြီးသို့ကျလာခြင်းကြောင့် တိုးလာသောရေချိုများအား အာတိတ်သမုဒ္ဒရာသို့ထုတ်သည်။ အာတိတ်သို့ (၇. ၃) သန်း ကေပေ နှစ်စဉ်မြစ်ရေစီးတိုးခြင်းကို ၁၉၆၀ ခုနှစ်ကတည်းက မြင်ရသည်။ သို့ရာတွင် ထုံးတမ်းမှ သွေဖီမှုလည်း ကေန်မှုချရှိပေမည်။ အချို့နေရာများတွင် နီးကပ်လျက်ရှိသောမြစ်များပင် လွန်စွာကွဲပြားခြားနားသည့် အနာဂတ်များ ရှိနိုင်သည်။

အင်ဒုနှင့် ဂင်္ဂါမြစ်နှစ်ခုလုံးသည် ဟိမဝန္တာတောင်မှ တောင်ဘက်သို့ စီးဆင်းသည်။ သို့သော် အင်ဒုမြစ်သည် ရာစုနှစ်အဆုံး၌ လက်ရှိအဆင့်မှ ထက်ဝက်မျှသာ စီးနိုင်သည်ဟု အညွှန်းကိန်းများက ထွက်သည်။ ဂင်္ဂါမြစ်က ထက်ဝက်ပို၍ရမည်ဟု ညွှန်းဆိုသည်။ ဥရောပတိုက်တွင် မြောက်တက်နှင့် အနောက်ဘက်မြစ်များက ပို၍အားကောင်း

www.burmeseclassic.com

www.burmeseclassic.com

သော အတ္တလန္တိတ်ဆိုက်ကလုန်းမုန်တိုင်းများက ဆောင်းတွင်းမိုးများပါပိုစေသောကြောင့် ရေပိုပိုပြည့်လာနိုင်သည်။ ထိုအချိန်တွင် တောင်နှင့် အရှေ့ဘက်တွင် နွေအခါ အင်္ဂေ.ပျံခြင်းပိုလာသောကြောင့် အချည်းနီးဖြစ်မည်။ မြစ်အချို့.မှာ ဖန်လုံအိမ်ကမ္ဘာတစ်ခုတွင် ရှတ်ချည်း အတက်အကျ အပြောင်းအလဲဖြင့် ရှိနေမည်။ မခန့်မှန်းနိုင်လောက်အောင် တိုးမြင့်လာ၍ အန္တရာယ်ရှိသည့် မိုးခေါင်ရေရှားမှု၊ ရေကြီးမှုဖြစ်ရပ်များ ယနေ့ထက်ပို၍ အလှည့်အပြောင်းဖြစ်မည်။ ၎င်းမှာ သားရိုင်းတိရစ္ဆာန် အချို့.အတွက်ဖြင့် ကောင်းပေမည်။ ၎င်းသည် ဆည်များ ဆောက်လုပ်ခြင်းကြောင့် ရေကြီးမှုများ ပြန်လည်တိုးတက်လာနိုင်စေသည်။ သို့ရာတွင် အန္တရာယ်မှာ လူ သို့မဟုတ် သဘာဝကို အကျိုးရှိဖို့ ခန့်မှန်းမရနိုင်သည့် အလွန်မှန်ကန်မှု မရှိသည့် သွေးခုန်နှုန်းပေ။

ဆယ်စုနှစ်များအတွင်း မြစ်ကို အားကြီးစွာ ပြောင်းလဲမည်ကို အလွန်အလွန်ရေစီးခြင်း သို့မဟုတ် ရေဆုတ်ယုတ်လျော့နည်းခြင်းများ ပထမဆုံးဖြစ်ပေါ်လာမည်။ ဟိမဝန္တာ၊ တိဘက်၊ အဲလပ်၊ အင်ဒီတောင်တန်းကြီးများမှ ကြီးမားသောရေခဲမြစ်များမှ စီးကျလာခြင်းဖြစ်သည်။ ရာစုနှစ်အစောဦးပိုင်း ဆယ်စုနှစ်များတွင် ရေခဲမြစ်များ အရည်ပျော်၍ အချို့စီးဆင်းမှုမှာ နွေရာသီတွင် အထူးသဖြင့် ပို၍ဆိုးမည်။

အဲလပ်တောင်တန်းမှာ ၎င်း၏ ရေခဲမှတစ်စိတ်ခန့်လျော့နည်းပြီးဖြစ်သည်။ ၂၀၀၂ ခုနှစ် အဲလပ်ပိုင်း အရည်ပျော်ခြင်းကြောင့် မြောက်ကမ္ဘာလုံးခြမ်း၏ အပူဆုံး နွေအတောအတွင်း ဥရောပအလယ်ပိုင်း၌ မထင်မှတ်ဘဲ ဖြစ်ပေါ်လာသည့် ရေကြီးရေလွှမ်းမှုများ ရင်ဆိုင်ခဲ့ရသည်။ သို့သော် ရေခဲမြစ်များ ပျောက်ကွယ်သည်နှင့် ရေတို့လည်း ကွယ်ပျောက်မည်။ ဟိမဝန္တာတောင်ရှိ ပြိတိသျှလေ့လာမှုတစ်ရပ်က အင်ဒုမြစ်သည် ၎င်း၏စီးဆင်းမှု (၁၅ မှ ၉၀) ရာခိုင်နှုန်း ဤရာစုနှစ်၏ ပထမထက်ဝက်နှစ်များ တွင်ပင် ရေခဲမြစ်များ အရည်ပျော်ပြီးနောက် ရာစုနှစ်နှောင်းပိုင်း၌ လက်ရှိရေစီး (၃၀ မှ ၉၀) ရာခိုင်နှုန်း လျော့နည်းလာမည်။

အလားတူ အမေရိကန်သုတေသီများ ယုံကြည်သည်မှာ ဆီးရီးယားနီဗာဒါ၊ မှ နှင်းခဲထုများ နွေဦးရောက်သော် ရေပျော်ပြီး ကယ်လီဖိုးနီးယားသဲကန္တာရပြေနိမ့်ပိုင်းများကိုဖြတ်၍ ယနေ့ထိန်းထားသည့် ဆည်ရေသွင်းသဖြင့် ကောက်ပဲသီးနှံနှင့် မြက်ခင်းများကို နောက် အနှစ် (၅၀) ကျော်လျှင် (၇၀ မှ ၈၀) ရာခိုင်နှုန်း ရေနည်းလာမည်။ အားပြင်းပြင်းပျော်ကျစီးဆင်းလာသောရေများမှာ စိမ့်ထွက်ယုံမျှသာရှိသည့်အဆင့်သို့ ရောက်လာပြီး စိုက်ပျိုးရန်အကောင်းဆုံးမြေများ အချို့ခမ်းခြောက်နိုင်သည်။

ယနေ့လက်ရှိရှိနေသော ရေခဲမြစ်များ၏ အရေးကြီးသောသက်ရောက်မှုတစ်ချက်မှာ နှစ်များအတွင်းမှန်မှန် မြစ်ရေစီးဖို့ရာဖြစ်သည်။ ၎င်းတို့သည် မိုးရေချိန်ကွာခြားမှုမြင့်သော မုတ်သုန်ပိုးရေများကို ရယူသည်။ ရေအရည်ပျော်သော နွေရာသီတွင် ပုံမှန်အားကောင်းသော ရေကြီးမှုကိုပေးသည်။ သွေးခုန်နှုန်းကောင်းသည်။ မှန်သည်။ ဤသည်မှာ အောက်မြစ်ဖျားဘက်နေကြသူတို့အတွက် သက်မွေးဝမ်းကျောင်း ရပ်တည်ရှင်သန်ရန် အလွန်အရေးပါလှသည်။

ဟိမဝန္တာတောင်နှင့် တိဘက်ရေခဲမြစ်များက အာရှတိုက်ရှိ အကြီးဆုံးမြစ်ခုနှစ်စင်းဖြစ်သော ဂင်္ဂါ၊ အင်ဒု၊ ပြဟ္မပုတြ၊ သံလွင်၊ ဧရာဝတီ၊ ပဲခေါင်၊ ယန်စီမြစ်တို့တွင်နေထိုင်သော လူဦးရေ (၂) ဘီလီယံအတွက် အားထားလောက်သောရေကို ပံ့ပိုးအာမခံသည်။ သို့ရာတွင် ရာစုနှစ်တစ်စက်ခန့် သို့မဟုတ် အချိန်ကာလတစ်ခုအတွင်း ရေခဲမြစ်များစီးဆင်းခြင်းကို တောင်များတွင် ရှာသောမိုး အပြောင်းအလဲစီးဆင်းမှုများစွာက နေရာယူလိမ့်မည်။ ၎င်းသည် အာရှတိုက်အနာဂတ်ကို ပြင်းထန်

မြစ်အချို့မှာ ဖန်လုံအိမ်ကမ္ဘာတစ်ခုတွင် ရှတ်ချည်း အတက်အကျ အပြောင်းအလဲဖြင့် ရှိနေမည်။ မခန့်မှန်းနိုင်လောက်အောင် တိုးမြင့်လာ၍ အန္တရာယ်ရှိသည့် မိုးခေါင်ရေရှားမှု၊ ရေကြီးမှု ဖြစ်ရပ်များ ယနေ့ထက်ပို၍ အလှည့်အပြောင်း ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com

သောခြိမ်းခြောက်မှု စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

"ရေခဲမြစ်များ သွားပြီ၊ မရှိတော့ဘူးဆိုတာနဲ့ ပိုးပေါ်ကကူလာတဲ့ ဖြစ်လာသမျှ သင် ရင်ဆိုင်ရတော့မယ်" ဟု ဗြိတိသျှရေခဲမြစ်ပညာရှင် မာတင်ပရိုက်စ်က ပြောသည်။ အာရှတိုက်တွင်ပင်မဟုတ်။ အင်ဒီတောင်မှား အောက် လာပတ်၊ လီမ၊ ဘောလီးဗီးယား၊ မြို့တော်ကွစ်စသည့်မြို့များ၊ ပီရူးနှင့် အီကွေဒေါနိုင်ငံအသီးသီးသည် ရေနှင့် လျှပ်စစ်လုံခြုံမှုအတွက် ရေခဲမြစ်များအပေါ်တွင် မှီခိုရပ်တည်နေရသော်လည်း ရေခဲမြစ်များ ပျောက်ကွယ်လာမှုမှာ မြန်ဆန်လွန်းလှပေသည်။

မသေချာခြင်းက အကြီးဆုံးအခက်အခဲဖြစ်သည်။ ဤကြီးတင်ခန့်မှန်းမှုအချို့မှာ မမှန်ကန်ပေ။ သေချာသည်မှာ ရာသီဥတုပုံစံများ၏ မစဉ်းစားထားမိသည့် တကယ့် ဘဝဆိုးကြီးများ ဖြစ်လာဖို့ ရှိနေပေပြီ။ ၎င်းမှာ ကြီးမားသော အခက်အခဲ အကျပ်တည်းများကို အင်ဂျင်နီယာများ ဖန်တီးခြင်းဖြစ်သည်။ ၎င်းတို့ မည်သို့ ဆည်ဖိုင်းဆွဲမည်နည်း။ ရေသွင်းမှုများ မည်သို့ ဆက်စပ်စီစဉ်မည်နည်း။ လာမည့်နှစ် (၅၀) (၁၀၀) အတွင်း မျှော်လင့်ထားသည့် ရှင်သန်မှုဘဝအခွင့်အလမ်းများ ဤသို့ မရေရာမသေချာသည်တို့နှင့် မည်သို့ ညီညွတ်ရန် ပြင်ဆင်မည်နည်း။ အားလုံးတော့လည်း ၎င်းတို့ မတတ်နိုင်ကောင်းပါ။

ဆင်ဖြူများ ပကြာသေးမီက ရာသီဥတုပြောင်းလဲမှု၏ သားကောင်များဖြစ်သော ဆင်များက မြေအနေအထား အသွင်အပြင် အိပ်ရန်နေရာရှာသည်။ အနောက်အာဖရိက ဂါနာရှိ အကိုဆောမ်ဘိုဆည်ကြီးက တော်လတာ မြစ်အောက် ဘက်သို့ ရေစီးများဆုတ်ယုတ်ခြင်းဖြင့် ခြောက်နေသည်။ ဆည်မြင့်ထီးတည်းဖြစ်သည်။ ဆည်ကြီးမှာ ဗြိတိသျှကိုလိုနီခေတ်အုပ်ချုပ်သူများက ၁၉၆၀ ခုနှစ်များက ဂါနာလွတ်လပ်ရေးရသည့်အခါ စက်မှုလုပ်ငန်းစတင်ရန်အတွက် ဆောက်လုပ်ခဲ့သည်။ နိုင်ငံဒေဝါလီခံရသည်။ ဆည်ကြီးမှာ ရေသမိုင်းတွင် ရေအများဆုံးမြင့်ချိန်မှာ တည်ဆောက်ခဲ့သည်။ သို့သော် ယနေ့အခါ ထက်ဝက်မျှပင် ရေမရှိ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကလည်း အဓိတ်အပိုင်းမျှသာဖြစ်၍ စက်မှုလုပ်ငန်းလည်း မည်သည့်အခါမျှ မဖြစ်ထွန်းခဲ့ပါ။

ဗစ်တိုးရီးယားသည် အလားတူ ၁၉၇၀ ပြည့်နှစ်များက 'သီရိလင်္ကာနိုင်ငံတွင် ဗြိတိသျှတို့ဆောက်လုပ်ခဲ့သည့်ဆည်မှာ လွတ်လပ်ရေးရခါစ နိုင်ငံသစ်တစ်ခုအတွက် တောင်းဆိုမှုတစ်ခုလည်းဖြစ်သည်။ မဟာဝေလီမြစ်မှာ ဗြိတိသျှရေပညာရှင်တို့ ကြိုတင်မျှော်မှန်းခဲ့သည့် ရေစီး၏ ၄၀ % သာ အချိန်အတော်များများ အားယူတ်လျှောနည်းလာသည်မှာ ထက်ဝက်ခန့်သာ သုံးနိုင်သည်။ ချဒ်ရေကန်ကြီးအနီးတွင် ကျွန်ုပ်တို့ မြင်သကဲ့သို့ ဗြိတိသျှတို့ ဒီဇိုင်းဆောက်ခဲ့သည့် တောင်ပိုင်းချဒ်ဆည် ရေသွင်းစီမံကိန်းသည် ရေသွင်းပိုက်သို့ ရေရောက်ခြင်းမပျိုတော့ဘဲ ကာလကြာမြင့်စွာ ရေဆုတ်ခဲ့ပြီးဖြစ်သောကြောင့် ရေခြောက်ခမ်းလျက်။

ကမ္ဘာလုံးရေအများဆုံးမှာ ယနေ့တွင် ကြုံ၍ဆုံ၍မဟုတ်ဘဲ သမိုင်းတွင် ရေအာမခံမှုရှိသည့်နေရာတွင်သာ နေထိုင်ဖြစ်သည်။ လူသားကိုယ်သည် စည်ပင်စိုပြည်ရာ၊ ရေကြည်မြက်နုရာ အားထားလောက်သည့် ခန့်မှန်းတွက်ဆနိုင်သည့် ရေလိုသည်ဖြစ်၏။ ရေရယူရန် အတိုင်းအတာတစ်ခုအထိ ခေတ်မီအဆင့်မြင့် အင်ဂျင်နီယာနည်းပညာဖြင့် စမ်းသပ်ထုတ်ယူကြသည်။ မြင်ရသည်မှာ ယနေ့ ရာသီဥတုပြောင်းလဲမှု ခန့်မှန်းဖို့ရာ ပိုင်ခြားသတ်မှတ်ရန် မသိနိုင်သော ပဟေဠိပစ္စာ။

မြန်မာမြန်- ဇ

အောက်ခြေစာညွှန်း
ဗြိတိသျှမက်ရုံး [30] (BP 57)
British Meteorological Office (UK Met Office)

www.burmeseclassic.com

www.burmeseclassic.com

အလှမ်းဖြစ်သွားတဲ့ရွာ

ပန်းခြံကျက်ခေါင်

(၁)

အရှေ့ဘက်ရွာတွေဆီ ဦးတိုက်ပြေးသွားသော ကတ္တရာလမ်းပုတစ်ဆင့် ဘယ်ဘက်လမ်းခွဲလေးသို့ ကျွန်တော့်ဆိုင်ကယ်ကို ဖွဲ့ဆင်းလိုက်သည်။ "ကျောက်ခင်းလမ်း"ဟု လမ်းအရှည်၊ လမ်းကုန်ကျ ခရီတ်၊ လမ်းခင်းကာလတို့နှင့်တကွ ဆိုင်းဘုတ်ခိုက်ထူထားသော်လည်း ကျောက်ခင်းလမ်းဟူသော အပည်ကိုတော့ ကျွန်တော် ခေါင်းရမ်းရပါလိမ့်မည်။ ပကြာသေးသောအချိန်ကာလကမှ ပူပူနွေးနွေး အလောသုံးဆယ် ဖုံးအုပ်သွားသော မည်မည်ညာ မြေသားပွပွတွေအောက်မှ ခေါင်းပြူပြူ၊ အစွယ်ထုတ်ပြ လုပ်နေကြသည့် ကျောက်ခဲအနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com

ရောထွေးနေလျက်သာ။

ထိုလမ်းတိုလေးအဆုံးမှာတော့ အရှေ့အနောက် သွယ်တန်းနေသည့် တစ်ခုတည်းသော ရွာလယ်လမ်းမကြီး။ ရွာလယ်လမ်းမကြီးသည်လည်း ထိုလမ်းတိုလေးအမျိုးအစားအတိုင်းပင်။ ကျောက်ခဲအနည်းငယ်ရောနှောထားသည့် လမ်းမြေသားတွေကို မူရင်း သဲလမ်းမြေဖြူလေးပေါ် ဖြစ်သလို ပုံးအုပ်၍ "ကျောက်ခင်းလမ်း" ဟု အတင်းအမေ့ တံဆိပ်ကပ်သွားသော လမ်းသာဖြစ်သည်။

ထိုမည်မည्ရာရွာလမ်းပေါ် ဆိုင်ကယ်ကို ဂီယာအဖျိုးပျိုးဖြင့် သတိထားမောင်းနေရင်း အတိတ်က ရွာလမ်းသဲမြေလေးကိုသာ လွမ်းနေမိ၏။ ရွာလမ်းသဲမြေလေးသာမက အကြောင်းအမျိုးမျိုးဖြင့် ခုတ်လှဲပစ်ခဲ့ရသည့် ရွာလမ်းဘေးဝဲယာမှ သစ်ပင်ကြီးတွေ။

(၂)

ကျွန်တော့်ရွာသည် ရွာဟုသုံးနှုန်းကြသော်လည်း အုပ်ချုပ်ရေးမျှားရုံးမြေပုံမှာတော့ ရပ်ကွက်ဟု သတ်မှတ်ထားသည်။ မြို့နှင့်အလွန်နီးကပ်၍ ခြေလျင် ငါးမိနစ်သာသာဖြင့် မြို့နယ်နိမိတ်ကို ရောက်နိုင်သည်။ ရပ်ကွက်ဆွမ်းလောင်းပွဲဆိုလျှင်လည်း ပါသည်။ ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဆိုလျှင်လည်းပါသည်။ သို့သော် တည်နေရာနှင့် လူမှုဖွဲ့စည်းပုံတွေအရ မြို့ပေါ်လူတွေကလည်း ရွာဟု သတ်မှတ်သလို ကျွန်တော်တို့ကိုယ်တိုင်ကလည်း ရွာဟုပင် ကျေကျေနပ်နပ်ကြီး ခံယူထားကြ၏။

ရွာသပိုင်းတော့ သိပ်မရှည်လှားလှသေး။ တစ်ချိန်က ချောင်းကောကြီးတစ်ခု။ ထိုချောင်းကောကြီးမှာ တောတန်းလေးတစ်ခုလိုဖြစ်နေပြီး တခြားရပ်ရွာမှ လူများအနေဖြင့် မျှစ်ချိုး၊ ပို့နုတ်၊ ဖလံတောင်ဝှေးရှာခဲ့ကြရသော တောတန်းလေးမျှသာ။

နောက်တော့ လူနေတဲကလေးတွေ တစ်စတစ်စ ရောက်လာသည်။ လူနေတဲလေးတွေ မှတစ်ဆင့် လူနေအိမ်လေးတွေဖြစ်လာသည်။ ချောင်းကောကြီး၏ကမ်းနဖူးအတိုင်း တည်ဆောက်ထားကြသောကြောင့် ချောင်းကောကမ်းရိုးကောက်သလိုပင် အိမ်ခြေတန်းကပါ ကောက်ကွေ့လာ၏။

"ဒီရွာက အစတုန်းက ခုလို လမ်းတွေ ဘာတွေနဲ့ ဘယ်ဟုတ်လိမ့်ဦးမလဲ။ တစ်အိမ်နဲ့တစ်အိမ် သွားချင်ကူးချင်ရင် ကိုင်းပင်တွေ ဖြိုပြီးသွားရတာ"

အသက် ၈၀ နီးပါးရှိပြီဖြစ်သည့် ဒီရွာသားအဘိုးအိုတစ်ယောက်က ခေါင်းတုန်လည်တုန်ဖြင့် ပြောပြဖူးသည်။ လက်ရှိတွင် အုန်းပင်တွေ တခြားသစ်ပင်ကြီးတွေနှင့် အုပ်အုပ်ဆိုင်းဆိုင်းရှိလျက် ရွာလယ်လင်းအကည်ကကျရှိနေသောကြောင့် အဘိုး၏ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်စကား ကကျွန်တော့်အတွက် အမှန်တကယ်ထူးဆန်းခဲ့ဖူး၏။ တစ်ချိန်က ကျွန်တော့်ရွာ၏ သမိုင်းဦးအဖွားကိုလည်း အလွမ်းနှင့် လှမ်းကြည့်ပီခဲ့သည်။

နောက်ပိုင်းကာလတွေမှာတော့ မြို့စီးကြောင်းက တဖြည်းဖြည်း ပြင်းထန်လာသည်။ မြို့ဆန်ခုင်သောရောဂါက ရွာထဲ အမှောင်ပယောဂလို ကျရောက်လာသည်။ သာရေးနာရေးဖိတ်စာတွေကိုပင် "ရွာ" ဟု မသုံးနှုန်းတော့ဘဲ ရပ်ကွက်ဟူသောစကားလုံးဖြင့် ခြေလှမ်းပုန်ကလာသည်။ ရွာကို ရွာသားတွေ လက်မခံကြတော့ပြီလား။ ရွာဖြစ်နေခြင်းအတွက် ရွာသားတွေ ရှက်ရွံ့နေတတ်ခဲ့ကြသည်လား။

ဒီလိုနှင့် . . . . . ။

(၃)

ကျွန်တော့်တစ်သက်တာအတွင်း ကျွန်တော့်ရွာတွင် သစ်ပင်တွေကို အကြီးအကျယ်ခုတ်ကြခြင်းကို ၂ ကြိမ်တိုင်တိုင် ကြုံတွေ့ခဲ့ရသည်။

ပထမအကြိမ် သစ်ပင်တွေခုတ်လှဲကြစဉ်က ကျွန်တော် အတော်ငယ်သေးသည်။ နိုင်ငံကို 'ငြိမ်ဝပ်ပိပြား' ဆိုသည့် ကြောက်စရာစကားလုံးဖြင့် အုပ်ချုပ်ရေးကို စတင်ခိုန်ကာလတွေဆီကဖြစ်သည်။ မြို့နယ်နိမိတ်အတွင်းမှာရှိနေသော ရွာကလေးကို မြို့ဆန်အောင်ဖန်တီးပေးပည်ဟု မက်ခလာက်စရာ စီမံကိန်းက ရွာဥက္ကဋ္ဌအိမ်ရောက်လာ၏။ ဒီလိုနှင့်

www.burmeseclassic.com

www.burmeseclassic.com

ရွာလယ်လမ်းကို လက်စဲလက်ယာ ၂ တောင်စီခွဲ့ရပည့် အခြေအနေတွေဖြစ်လာ၏။ ငြိမ်ဝပ်ပိပြားဆို့သည့်အုပ်ချုပ်ရေးကို ကြောက်၍ပဲလား။ မြို့ဆန်ချင်စိတ်ကြောင့်ပဲလားမသိ ရွာထဲက အိမ်တိုင်း ခြံစည်းရိုးကို ၂ တောင်စီ နောက်ဆုတ်ပေးလိုက်ကြ၏။ လမ်းမြေထဲပါသွားသောကြောင့် မလွတ်ကင်းသည့် သစ်ပင်မှန်သမျှကို ခုတ်လှဲပေးလိုက်ကြရသေးသည်။

ခုတ်လှဲလိုက်သည့်သစ်ပင်တွေက သေးသေးမွှားမွှားမဟုတ်။ လူကြီးသုံးလေးယက်လောက်ရှိသည့် ကုက္ကိုပင်ကြီးတွေ၊ မန်ကျည်းပင်ကြီးတွေ၊ ဆေးရိုးပင်ကြီးတွေနှင့် သရက်ပင်တွေလည်းပါသည်။ ခုတ်လှဲခံရမှုအများဆုံးကတော့ အုန်းပင်တွေဖြစ်သည်။

ထိုအတောအတွင်း ရွာထဲတွင် သစ်ပင်ခုတ်ပွဲတော်ကြီးကျင်းပနေသည့်အလား၊ တစ်ရွာလုံး သစ်ပင်တွေ တဝုန်းဝုန်းလဲသွားကြသည်။ ရွာလမ်းပေါ် ခုတ်လှဲလက်စ သစ်ကိုင်းတွေ၊ အုန်းပင်တွေက အတုံးအရုံး။

ကျွန်တော်တို့ ကလေးတွေက ဟော်နေကြသည်။ အဝေးကလှမ်းကြည့်လျှင် သစ်ပင်ကိုင်းဖျားတွေဖြင့် အမိအရပုန်းကွယ်နေတတ်သည့်ရွာသည် သစ်ပင်တချို့ ခုတ်လှဲလိုက်ခြင်းကြောင့် အရှက်မဲ့ပဲ ဟင်းလင်းဖြစ်သွားသည်ကိုပင် သဘောကျသလို ခံစားမိနေကြသေးသည်။ ခုတ်လှဲထားလက်စ မန်ကျည်းပင်ကြီးတွေ၏ အကိုင်းအခက်တွေကို စိတ်တိုင်းကျမွှေနှောက်ပြီး မန်ကျည်းတောင့်ရှာကြသည်။ ဆေးရိုးပင်တွေက ဆေးရိုးသီးဝါဝါလေးတွေ

ကအစ အလွတ်မပေး။ လှဲထားသောအုန်းပင်တွေ အဖျားမှ အတွင်းသားနုနုလေးတွေကို ဓားမနှင့် ပေါက်ထွင်ပြီး စားကြသည်။

မည်သို့ပင်ဖြစ်စေ ၁ လခန့်အချိန်အတွင်း အိမ်ခြေ ၁၅၀ ခန့်ရှိသော ရွာတန်းရှည်၏ ရွာလယ်လမ်းမဝဲယာတစ်လျှောက်မှ မန်ကျည်းပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေနှင့် အုန်းပင်တွေ အတုံးအရုံးသုတ်သင်ရှင်းလင်းခံလိုက်ကြရသည်။

သဘာဝပတ်ဝန်းကျင်၏ အကျိုးကျေးဇူးကိုလည်း ကျွန်တော်တို့ သတိမပြုမိကြ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟူသော အသံကိုလည်း မကြားဖူးသေး။ "ဥတုရာသီ တောကိုမီ" ဟူသော ဆောင်ပုဒ်ကိုပင် အဓိပ္ပာယ်မှန်အောင် မဖွင့်ဆိုတတ်သေးသည့်အရွယ်။

လမ်းချဲ့ပြီးနောက် လမ်းနှင့်မလွတ်သော သစ်ပင်ပေါင်းများစွာကို သုတ်သင်ရှင်းလင်းခဲ့ပြီးနောက် ပြို့ပြဆိုသောအရာကို ကျွန်တော်တို့ရွာသားတွေ စောင့်စားခဲ့ကြသည်။ သို့သော် "ငြိမ်ဝပ်ပိပြားရေး" မှ "အေးချမ်းသာယာရေး" ဟုသည့် ပျားရည်ဆမ်းအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲခဲ့သည့်တိုင် ပြို့ပြအင်္ဂါရပ်ဟူ၍ ကျွန်တော်တို့ရွာထဲ ဘာတစ်ခုမျှ ရောက်မလာခဲ့ပါ။

ဒုတိယအကြိမ်ပြောက် ရွာထဲကသစ်ပင်တွေ ထပ်မံခုတ်လှဲပေးလိုက်ကြရချိန်မှာတော့ ကျွန်တော်က ရွာအဝေး၊ အိမ်အဝေးကို ရောက်ရှိနေရချိန်။ အိမ်ကိုပုန်းဆက်တော့ မေမေက ပြောသည်။

"ငါ့သားရေ၊ ခုတ်ပေးလိုက်ရပြန်ပြီလေ၊ ပါသွားပြန်ပြီ၊ လမ်းခင်းဖို့တဲ့ . . . "

ဒီတစ်ကြိမ်တော့ ဒေါ့ဒေါ့အသံက ညည်းငွေ့ငွေ့ ပူပန်နေပုံရသည်။ တစ်နှစ်ထက် တစ်နှစ် ပိုမိုပူပြင်းလာသည့်ရာသီဥတုကြောင့် သစ်ပင်တွေ၏ တန်ဖိုးကို မေမေ တွေးမိလာပုံရသည်။ ဒီတစ်ခါမှာတော့ သစ်ပင်တွေသာမက၊ အုတ်စီရေတွင်းလေး၏ အောက်ခြေအရင်းသို့တိုင် ခြံစည်းရိုးက ဒုတ်ဒုတ်ထိ ကပ်သွားကြောင်း မေမေက လှမ်းပြောသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွာလမ်းသဲမြေ၊ လမ်းဘေးသစ်ပင်တန်းနှင့် ရွာအရိပ်တို့ကို မြို့ပြမက်လုံးနှင့် လဲလှယ်လိုက်ကြလေပြီ။ ရွာလမ်းကို ဖြတ်သန်းမိလေတိုင်း ကျွန်တော့်ဘဝတွင် ၂ ကြိမ်တိုင်တိုင် ကြုံတွေ့ခဲ့ရဖူးသည့် သစ်ပင်ခုတ်လှဲ သုတ်သင်ပွဲကြီးတွေကို ပြေးသတိရမိပြီ။

လာပြန်ချေသေးပေါ့။ လမ်းခင်းဖို့တဲ့လားလေ။ မြို့ပြအင်္ဂါရပ်တစ်ခုပြစ်သည့် ကတ္တရာလမ်းအတွက် သစ်ပင်တွေကို စတေးပစ်လိုက်ကြပြန်ချေပေါ့။

(၄)

ကျွန်တော် ခရီးဝေးမှပြန်လာတော့ ရွာလမ်းတ အသွင်ပြောင်းခဲ့ချေပြီ။ အရင်လို သဲမြေလမ်းမြူးမြူးလေးမဟုတ်တော့ ရွာထဲဝင်လိုက်သည်နှင့် "အေးလိုက်တာ" ဟု ပခံစားမိတော့။ ခြံဝင်းမြေတွေထက် ၁ ပေမက ပိုမြင့်နေသော ဓကျာက်ခဲအနည်းငယ်ရောခင်းထားသည့် ရွာလမ်းသစ် ပေပွပွပေါ် ဆိုင်ကယ်ကို သတိထားဟောင်းနေရလေပြီ။

မြို့ပြလို လျှပ်စစ်မီးတိုင်တွေ ပေါက်ရောက်နေကြပြီ။ ထို့အတူ မီးပျက်လျှင် ဒေါသထွက်၍ မီးပြန်လာလျှင် ဝမ်းသာတတ်သော မြို့ပြစိတ်ခံစားမှုလည်း ထိုးဖောက်ဝင်ရောက်ခဲ့ပြီ။ မြို့ပြလို စက်နှင့်လမ်းသွားတတ်ကြပြီ။ မြို့ပြလို ကမ္ဘာကြီးနှင့် အဆက်အသွယ်ရှိနေပြီ။ ပြီးတော့ မြို့ပြလိုလည်း ပူလောင်လွန်းနေပြီ။

ရွာလမ်းသဲမြေ၊ လမ်းဘေးသစ်ပင်တန်းနှင့် ရွာအရိပ်တို့ကို မြို့ပြမက်လုံးနှင့် လဲလှယ်လိုက်ကြလေပြီ။ ရွာလမ်းကို ဖြတ်သန်းမိလေတိုင်း ကျွန်တော့်ဘဝတွင် ၂ ကြိမ်တိုင်တိုင် ကြုံတွေ့ခဲ့ရဖူးသည့် သစ်ပင်ခုတ်လှဲ သုတ်သင်ပွဲကြီးတွေကို ပြေးသတိရမိပြီ။ ဟိုနေရာမှာ လူကြီးလေးဖက်လောက် ပန်ကျည်းပင်ကြီးရှိခဲ့ဖူးခြင်း၊ ဒီနေရာမှာ မချစ်စုသရက်ပင်ကြီး ရှိခဲ့ဖူးခြင်း စသည်တို့ကို အလွမ်းမျက်လုံးတို့ဖြင့် အတိတ်ရွာဆီ လှမ်းကြည့်နေမိခဲ့သည်မှာလည်း အကြိမ်ကြိမ်။

(၅)

ကမ္ဘာ့အရှေ့အလယ်ပိုင်းနိုင်ငံတစ်ခုမှ မြို့ကြီးတစ်မြို့တွင် ထုးဆန်းသည့်သစ်ပင်တခ်ပင်ကို တွေ့ခဲ့ရဖူးသည်။ မြို့လယ်လမ်းတစ်နေရာမှာ အုတ်ခုံဝိုင်းလေးပတ်၍ ရှောင်ကွင်းချန်ထားခဲ့ခြင်းဖြစ်သည်။ သစ်ပင်မှာ ကြီးကြီးမားမားမဟုတ်။ လှလှပပမန်းပင်မျိုးလည်းမဟုတ်။ သို့သော် သူတို့သည် လမ်းအတွက် သစ်ပင်တစ်ပင်ကိုတောင် မသုတ်သင်ပစ်ခဲ့။

တရုတ်နိုင်ငံတွင် ၁၉၅၅ မှစ၍ သစ်ထုတ်လုပ်ခြင်းကို တားဆီးခဲ့ပြီး နိုင်ငံတွင်းလိုအပ်ချက်အတွက် ပြည်ပနိုင်ငံတွေမှ တင်သွင်းခြင်းစနစ်ကို ကျင့်သုံးခဲ့သည်။

ကျွန်တော်တို့ဆီမှာတော့ လမ်းပေါင်းများစွာအတွက် စီမံကိန်းများစွာအတွက်၊ အတ္တ၊ လောဘပြို့ပြကြီးများ တည်ဆောက်ရေးအတွက် သစ်ပင်သန်းပေါင်းပည်ပျှအထိ အစတေးခံလိုက်ရပြီလဲ။ ရိုးမကြီးတွေကို ကတုံးတုံးလိုက်ကြသည်။ ရိုးမနယ်မြေတွေကို ခွဲတမ်းချဝေပျှယူ၍ အပိုင်စီးလိုက်ကြသည်။ အင်ဒိုနီးရှားပြီးလျှင် ကမ္ဘာ့သစ်တောပြုန်းတီးမှုအမြန်ဆုံးနိုင်ငံအဖြစ် စာရင်းဝင်သွားစေခဲ့၏။

မိမိတို့အတ္တလမ်းမအတွက် အဖိုးတန်သစ်ပင်တွေနှင့် တံတားထိုးလိုက်ကြချေပေါ့။ ကျွန်တော့်ရွာမှာလည်း လမ်းအတွက် . . . . . ။

(၆)

ဇာတိရွာကလေးမှာ နေပြည်တော်ပါလျက် ရွာကလေး၏အမြစ်အပျက်ကို ပြန်လည်ပွတ်သပ်မိတိုင်း ရွာကလေးကို ပြန်ပြန်လွမ်းနေရသည့်အဖြစ်။

●

မိုးကျော်ဝင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သစ်တောမပြုန်းတီးရေးအတွက် အသက်သေခံသွားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား 'ချပ်ဝတ်တီ' (Chut Wutty)

ကောင်းသာ

ကမ္ဘောဒီးယားသစ်တောနက်လှုပ်ရှားရေး ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား "ချပ်ဝတ်တီ" (Chut Wutty) ကို သူသေနတ်ပစ်မခံရခင်ကလေးက စာနယ်ဇင်းသမားတစ်ယောက်က "ခင်ဗျား ဘဝမှာ ဖျော်ရဲ့လား" လို့ မေးတော့ သူက တိုယိုတာလင်းခရေစာကားကို သစ်တော အလယ်မောင်းနေရင်းပြောလိုက်ပုံက "ကျွန်ုပ်ဟာ အရာကိစ္စတွေ ပြီးမြောက်အောင်မြင်သွားတာကို ကြိုက်တယ်။ ခက်ခဲကြပ်တည်းတဲ့ဘဝလမ်းမှာ ကျွန်ုပ်နေနေတယ်" ပါတဲ့။

စာနယ်ဇင်းသမား "အိုလက်ရှားပလော့ခီး" နဲ့ လုပ်ဖော်ကိုင်ဖက် ကမ္ဘောဒီးယားအမျိုးသမီး "ဖွန်ဘော့ဖာ့" တို့နှစ်ယောက် "ကာဒါမွန်" တောင်တန်းကို ခရီးထွက်လာကြတဲ့ ကိစ္စကိုတော့ ကမ္ဘောဒီးယားရဲ့ အင်္ဂလိပ်ဘာသာထုတ် "ကမ္ဘောဒီးယားဒေးလီး" သတင်းစာမှာ သူ့အားထုတ်ချက် သဘာဝသစ်တောထိန်းသိမ်းရေးအကြောင်း အရှေ့တောင်အာရှတစ်ခွင်သိရှိစေဖို့ ဆောင်းပါးရေးရန်ဖြစ်တယ်။

၂၀၁၂ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှာ "ချပ်ဝတ်တီ" အဆိုပါကိစ္စဆောင်ရွက်ရင်း သေနတ်ပစ်ခံရပြီး ကွယ်လွန်သွားခဲ့ရပါတယ်။ သူဟာ သူချစ်တဲ့လူ၊ မုန်းတဲ့လူ နှစ်မျိုးလုံး

www.burmeseclassic.com

www.burmeseclassic.com



အတွက် လုပ်ကိုင်ရင်း သေဆုံးသွားရတာဖြစ်တယ်။ ဝိသမ လောဘတက်နေတဲ့ သစ်ခိုးထုတ်ရောင်းစားသူတွေရဲ့ လက်ချက်နဲ့ ဆုံးပါးသွားရခြင်းဖြစ်တယ်။ ဒီဝိသမလောဘ တက်သူတွေဟာ ပြီးခဲ့တဲ့နှစ် ၂၀ အတွင်းမှာ ကမ္ဘောဒီးယား သစ်တောဧရိယာပေါင်း ၆ ၂၀၀ စတုရန်းကီလိုမီတာကျော် ဖျက်ဆီးပြန်းတီး လွင်တီးခေါင်ဖြစ်ခဲ့တယ်။

၁၀ နှစ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား ၇၀၀ ကျော် အသက်စွန့်ရပြီ

ကမ္ဘာတစ်ဝန်းမှာရှိသမျှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားပေါင်း ၇၀၀ ကျော်ဟာ ဆယ်နှစ်အတွင်း ရှေးဟောင်းကျတဲ့မြေတွေ၊ အန္တရာယ်တွင်းကျရောက်နေကြတဲ့ နိုင်ငံ တကာသစ်တောတွေ ကာကွယ်စောင့်ရှောက်ရင်း အသက်ပေးသွားကြရတယ်။ ကုလသမဂ္ဂဘားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့, အစည်းရဲ့ အဆင့်သတ်မှတ်ချက်အရ ကမ္ဘောဒီးယားနိုင်ငံရဲ့ သစ်တောပြန်းတီးမှုဟာ ကမ္ဘာမှာ တတိယနေရာက လိုက်နေတယ်လို့ဆိုတယ်။ ပထမက နိုင်ဂျီးရီးယား၊ ဒုတိယက ဗီယက်နမ်ဖြစ်နေတယ်။ ဒီသစ်တွေ အများဆုံး ခိုးထုတ် (ကန့်သတ်နယ်မြေသစ်တောထဲကပါ) သဘော်နဲ့ တင်ပို့နေတာက တရုတ်ပြည်မဆီ ဖြစ်နေတယ်။ တရုတ်က ၂၀၀၈ ခုနှစ် တစ်နှစ်တည်း ဝယ်ယူတဲ့ ခိုးထုတ်သစ်တွေ ဟာ ဒေါ်လာ ၃. ၇ ဘီလီယံ ရှိတယ်လို့ မြတိသျှ Think Tank ဖြစ်တဲ့ "Chatham house" က ဖော်ပြထားတယ်။

ကမ္ဘောဒီးယား သစ်တောပြန်းတီးမှုဟာ နှစ်ဖက်ခွ ပျက်နှာနှစ်ဖက်ရှိ နိုင်ငံရေးသမားတွေ၊ အညှာတာမဲ့ စီးပွားရေးသောင်းကျန်းလွန်းတဲ့ ဝိသမစီးပွားရေးသမားတွေ၊ မလွတ်မကင်း NGO တွေနဲ့ ခြစားနေတဲ့ စစ်ရဲယုန်ဖောင်းတွေပါဖြစ်တယ်။

"ချပ်ဝတ်တီ" ကို အတူနေပါဖူးတဲ့ဒေသခံတွေက လက်ခံသဘောတူခင်မင်ကြတယ်။ "အန္တရာယ်ကြီးတဲ့ အလုပ်လုပ်မို့က ကျွန်တော့်ရဲ့ စရိုက်လက္ခဏာထဲပါနေတယ်။ တကယ်လို့ ဒါတွေ ကျွန်တော်မလုပ်တော့ဘူးဆိုရင် ဘဝက ကျွန်တော့်အတွက် ဘာမှအရေးပါမှာ မဟုတ်တော့ဘူး"

ဒါ ၂၀၀၁ ခုနှစ်တုန်းက အင်တာဗျူးတစ်ခုမှာ ပြောခဲ့တဲ့စကားပါ။

လက်သမားတစ်ယောက်ရဲ့သား ဖြစ်ခဲ့ပြီး စစ်သားဖြစ်ခဲ့ဖူးသူ "ဝတ်တီ" ဟာ နိုင်ငံတကာပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေနဲ့ အုပ်စုပွဲ့အတူလုပ်ရာက နောက်ပိုင်း တစ်ကိုယ်တော်ရပ်တည်လှုပ်ရှားလာပါတယ်။ သစ်ခိုးထုတ်မှုတွေ အစိုးရကမတားဆီးနိုင်လို့ တိုင်းပြည်ရဲ့ သယံဇာတတွေဟာ ဘနဖူးသိုက်တူးနေကြတဲ့ တရုတ်တွေဆီ စီးမျောကုန်ရတာ ကြားထဲက အသည်းယားတဲ့ "ဝတ်တီ" က သူ့ကိုယ်ပိုင် "Natural Resource Protection Group" ကို ရိုးရိုး ကမ္ဘောဒီးယားလူမျိုး စိတ်ဓာတုကိုယ်တူတွေနဲ့ ပွဲ့စည်းတည်ထောင်လိုက်တယ်။ "လူတွေက သူ့ကို ချစ်ကြတယ်" လို့ အမေရိကန်ပြည်ဖွား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူ "Peter Swift" က ပြောခဲ့တယ်။

အင်ဒိုချိုင်းနားရဲ့ အကြီးဆုံးမြေနိမ့် အမြစ်မ်းသစ်တော "Prey Long"

ပီတာဆွစ်နဲ့ "ဝတ်တီ" တို့ တွဲလုပ်ခဲ့တဲ့သစ်တောက အင်ဒိုချိုင်းနားဒေသရဲ့ အကြီးဆုံးအမြစ်မ်းသစ်တော "Prey Long" ဖြစ်တယ်။ ဒီဒေသက "ဝတ်တီ" အတွက် နံပါတ် (၁) အရေးပါတဲ့အကြောင်းက သဘာဝသစ်တော ထိန်းသိမ်းရေးအတွက် လုပ်စရာတွေပေါများလို့ပဲ ဖြစ်ပါတယ်။

"အကားပိုင်တွေက ဥပဒေကို အားပြုတွန်းမလုပ်နိုင်တဲ့အခါ လူတွေတပဲ ဥပဒေကို အားပြုတွန်းလုပ်ရမယ်" ဆိုတဲ့ သူ့အယူအဆကြောင့် "Prey Long" ကို စုစည်းခည်းရုံးပြီး ရွာသားပေါင်း ရာပေါင်းမျိုးစုံ မှောင်ခိုသစ်ခိုးထုတ်မှုဆန့်ကျင်ရေး ဆန္ဒထုတ်ဖော်ကြတယ်။ မှောင်ခိုသစ်ထုတ်မှုတားဆီးရတာ အန္တရာယ်များလှပါတယ်။ ကမ္ဘောဒီးယား မှောင်ခိုသစ်ထုတ်မှုတားဆီးရတာ အန္တရာယ်များလှ

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာတစ်ဝန်းမှာရှိသမျှ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးသမားပေါင်း ၇၀၀ ကျော်ဟာ ဆယ်နှစ်အတွင်း ရှေးဟောင်းကျတဲ့မြေတွေ၊ အန္တရာယ်တွင်းကျရောက်နေကြတဲ့ နိုင်ငံတကာသစ်တောတွေ ကာကွယ်စောင့်ရှောက်ရင်း အသက်ပေးသွားကြရတယ်။ ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့အစည်းရဲ့ အဆင့်သတ်မှတ်ချက်အရ ကမ္ဘောဒီးယားနိုင်ငံရဲ့ သစ်တောပြုန်းတီးမှုဟာ ကမ္ဘာမှာ တတိယနေရာက လိုက်နေတယ်လို့ဆိုတယ်။ ပထမက နိုင်ဂျီးရီးယား၊ ဒုတိယက ဗီယက်နမ်ဖြစ်နေတယ်။

ပါတယ်။ ကမ္ဘောဒီးယားရဲ့ကြွယ်ဝလှတဲ့ "နှင်းဆီသစ်" (rosewood) မျိုး ပြည်ပက (တရုတ်) က တအားမှာကြားဝယ်ယူတဲ့အတွက် ဒီ "နှင်းဆီသစ်နီ" ကို တအားခုတ်ကြလို့ တောပြုန်းမှု တအားမြန်ဆန်တာဖြစ်တယ်။ ဒါတွေ တားဆီးလို့ ရန်သူတွေ ပိုလို့များလာရတယ်။

"ကာဒါမွမ်" တောင်တန်းတွေဆီ "ဝတ်တီ" အားပြုရခြင်းက ၁၄၃၅ စတုရန်းကီလိုမီတာကျယ်တဲ့ ဒီတောသက်တမ်းရာကျော်သစ်ပင်တွေနဲ့အတူ ငှက်အမျိုးပေါင်း ၄၅၀ မျိုးတိုးပယ့်ဘေးကြုံနေရတဲ့ တိရစ္ဆာန်ပေါင်း ၅၀ကိုပြုစုထိန်းသိမ်းရမယ့်အရေးပဲ။

၂၀၁၁ ခုနှစ်က "Central Cardamom Protected Forest" ဆိုတဲ့ ၄၀၂၀ စတုရန်းကီလိုမီတာကျယ်ဝန်းတဲ့ သဘာဝဘေးမဲ့တောကို ကမ္ဘောဒီးယားအစိုးရနဲ့ ဟာဗိုးနီးယားအခြေစိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စု "Conservation International" တို့ ပူးတွဲတည်ထောင်ဖွင့်နိုင်ခဲ့တယ်။

အဆိုးဆုံးသဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်ပြားစေတဲ့ကိစ္စရပ်ကတော့ တရုတ်အစိုးရက ဒွေကြေးစိုက်ထုတ်တည်ပေးတဲ့ ရေအားလျှပ်စစ်စက်ရုံအတွက် ရေလှောင်တမံ ဆည်လုပ်ငန်းကြီး ၄ ရပ် ဖြစ်နေတယ်။ ဒီဆည်ကြီး ၄ ခု အတွက် သစ်တောသစ်ပင်တွေ တရားဝင်ခုတ်လှဲခံရတဲ့ အထဲ ကမ္ဘောဒီးယား "နှင်းဆီသစ်နီ" (rosewood) က ရှေ့ဆုံးပါခဲ့တယ်။ ဒီသစ်နီက ပရိဘောဂနဲ့ စိတ်ကူးယဉ်ဂီတာ လုပ်ရာမှာသုံးတယ်။ ဈေးဘယ်လောက်ကောင်းသလဲဆိုရင် ဒီသစ်တစ်ပင်ကို ဒေါ်လာ ၂၄၀၀၀ တောင်ရတာပဲ့ ခုတ်ချင်သူတွေ လက်ညှိုးထိုးမလွဲ ပေါနေတယ်။ ဒါကို "ဝတ်တီ" က "Conservation International" ဝန်ထမ်းတွေနဲ့ပေါင်းပြီး တိုက်ဖျက်ဖို့ကြိုးစားပေမဲ့ ပအောင်မြင်ခဲ့ဘူး။ "ဒီတော်ဓာတ်ရေး ဒေဝါလီခံရမယ့်အရေးဖြစ်နေတယ်" လို့ "ဝတ်တီ" ရဲ့ သူဝယ်ချင်း "မားဝတ်ဟိုက်ဒိုက်" က မှတ်ချက်ချတယ်။

၂၀၀၁ နဲ့ ၂၀၁၁ မှာ ကမ္ဘောဒီးယားပြည်သူ့ပါတီ အစိုးရက သတ္တု၊ ရာဘာနဲ့ အခြားသဘာဝသစ်တောကာကွယ်ထိန်းသိမ်းမှု၊ သဘာဝဘေးမဲ့တောရေရိယာတွေ ချဲ့ထွင်ပေးခဲ့တယ်။ လုပ်ငန်းတော်တော်များများကို နိုင်ငံတော်ရဲ့ ကာကွယ်ထိန်းချုပ်မှုအောက် ထားရှိခဲ့တယ်။ ဒါပေမဲ့ အသားထဲကလောက်ထွက်သလို စစ်ရဲတွေက ကုန်သည်တွေနဲ့ပေါင်းပြီး သဘာဝပတ်ဝန်းကျင် လိုက်စားဖျက်ဆီးရေးတွေ လုပ်လာရုံးက လူသတ်မှုပါ ကျူးလွန်လာတယ်။ ဒီအဓိက စစ်ရဲတွေရဲ့လက်ချက်နဲ့ပဲ "ဝတ်တီ" အသက်ပေးသွားရပါတယ်။

"ဝတ်တီ" အသတ်ခံရပုံ

သစ်တောထဲ ဓာတ်ပုံရိုက်ဖို့သွားကြတဲ့ "ဝတ်တီ" နဲ့ စာနယ်ဇင်းသမား "ပလော့ဒီး" ရယ် လုပ်ဖော်ကိုင်ဖက် အဖော် "ဖွန်ဘော့ဖား" တို့ဟာ တောစပ်အရောက် သံမျက်နှာဖုံးတွေစွပ်ထားတဲ့ လက်နက်ကိုင်တချို့ရဲ့ အော်ဟစ်တားဆီးခြင်းခံရပြီး ပါလာတဲ့ကင်မရာတွေပါ သိမ်းယူခဲ့ရတယ်။ ဒီလူတွေရဲ့ စကားအတန်ငယ်များပြီးမှ "ဝတ်တီ" နဲ့ သူတို့ ခေ့စပ်ညှိနှိုင်းလို့ ရသွားတယ်ထင်ရဲ့၊ "ဝတ်တီ" တို့ သုံးယောက်သား ကိုယ့်ကားထဲဝင် စက်နှိုးကြတယ်။ ဝါယာကြိုးသုံးချောင်းပူးပြီး အင်ဂျင်ကိုနှိုးမှ စက်တန်းလာတယ်။ သူတို့ လက်နက်ကိုင်စစ်ရဲတစ်ယောက်က ကားထဲဝင်ပြီး စက်ကိုသတ်လိုက်တယ်။ "ဝတ်တီ" နဲ့

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘောဒီးယား သစ်တောပြုန်းတီးမှုဟာ နှစ်ဖက်စွဲ မျက်နှာနှစ်ဖက်ရှိ နိုင်ငံရေးသမားတွေ၊ အညွှာတာမဲ့ စီးပွားရေးသောင်းကျန်းလွန်းတဲ့ ဝိုသမစီးပွားရေးသမားတွေ၊ မလွတ်မကင်း NGO တွေနဲ့ ခြစားနေတဲ့ စစ်ရဲယူနီဖောင်း တွေပါဖြစ်တယ်။

စစ်ရဲ့ စကားမှားပေမဲ့ "ဝတ်တီ"ကပဲ လျှောပေးပြီး ကားကို တံခါးပိတ်ပြီး ထားပစ်ခဲ့ဖို့ကြံတယ်။ "ကဲ . . . ကဲ သွားကြရအောင်ဟေ့၊ ပြန်ပြန်လာ" လို့ ခြေလျင် လျှောက်မယ့်ဟန်ပြောလိုက် တယ်။ အဲဒီမှာတင် ကားကို ရှေ့တည့်တည့်က တားဆီးသလိုနဲ့ စစ်ရဲတစ်ယောက်က သေနတ်စဖောက်ပါတော့တယ်။ စာနယ်ဇင်းသမား "ပလော့ခီး" က တောထဲဝင်ပြေးပုန်းမလို့ ဘေးက "ဘော့ဖား" ကို လိုက်ခဲ့ဖို့ခေါ်တယ်။ "ဘော့ဖား" က ဒီခရီးစဉ်ကို စွန့်လွှတ်ဖျက်သိမ်းပြီး နောက်ကြောင်းပြန် လှည့်ဖို့နဲ့ သစ်တောထဲမှာတော့ ဒီစခန်းရဲတွေ ချောင်းမြောင်း ချိုခိုသတ်တာ မခံနိုင်ဘူးလို့ ပြောတယ်။ အဲဒီမှာ အခြေအနေ ဖြစ်ပုံက ကားရှေ့မှာ စစ်ရဲတစ်ယောက် လက်နက်ကိုင်ရင်း တန်းလန်းနဲ့ သေနေတာတွေ့ရပြီး "ဘော့ဖား" ကလည်း ပြေးလာပြီး "ဝတ်တီ" သေနတ်မှုန်သွားတဲ့အကြောင်း "ပလော့ခီး" ကို လာပြောလို့ နှစ်ယောက်သား သွားကြည့်တဲ့ အခါ ဘယ်ဘက်ဒူးမှာ မှုန်သွားတာမို့ ကိစ္စမရှိကြောင်း "ပလော့ခီး" ကပြောတယ်။ တကယ်တော့ ဒဏ်ရာက ဒီထက်မကဘူး။ "ဘော့ဖား" ကသေသေချာချာကြည့်တော့ မှ "ဝတ်တီ" ဟာ ဗိုက်မှာပါ မှုန်သွားကြောင်း သိရတယ်။ ဒီဒဏ်ရာနဲ့ပဲ သွေးလွန်ပြီး "ဝတ်တီ" တစ်ယောက် ဆုံးရှာ တယ်။

ကျန်စစ်ရဲတွေက သူတို့သူငယ်ချင်းအလောင်း ကို သိမ်းပြီး သူတို့ကို ပြဿနာရှာတယ်။ ကွယ်ရာမှာ ကျန် နှစ်ယောက်ပါရှင်းပစ်တာကောင်းပယ်လို့ ပြောနေတာ ကမ္ဘောဒီးယားမ "ဘော့ဖား" ကြားတော့ ကျောချမ်းမိတယ်။

နောက် နာရီအနည်းငယ်ကြာတော့ ဒေသခံ ခရိုင်ရဲတွေရောက်လာပြီး စစ်ချက်ယူတဲ့အခါ အခြေအနေ တွေ ရှုပ်ယှက်ခတ်လို့ ဘယ်သူ့လက်ချက်နဲ့ ဘယ်သူတွေ သေသွား မှုန်းမသိဘူးလို့ နှစ်ယောက်သား အလျှောက် ကောင်းလို့ အသက်ချမ်းသာရာရကြတယ်။

ဒေးလီးသတင်းစာအယ်ဒီတာချုပ် "ကေဝင်ဖွိုင်း" ရောက်လာပြီး သူတို့နှစ်ယောက်ကို ဖန်မ်းပင်ခေါ်သွားတယ်။ "ဝတ်တီ"ရဲ့ အသုဘအခမ်းအနားကို ကမ္ဘောဒီးယားအစိုးရ လိုင်စင်ရသစ်ကုမ္ပဏီ "Timbergreen Co," က ကြီးမှူး ကျင်းပပေးတယ်။ ဒီကုမ္ပဏီက တရုတ်ဆည်ပြောင်းတာတမ် လုပ်ငန်းနဲ့ပူးပေါင်းပြီး သစ်တွေ တရားဝင်ခုတ်လှဲနေတာ ဖြစ်တယ်။

ဒီအမှုမှာ "Timbergreen" ရဲ့ လုံခြုံရေးဝန်ထမ်း "ရန်ဘိုရိုဒ်" ကအဓိကနေရာက ပါနေတယ်။ ဝန်ကြီးချုပ် "ဟွန်စန်း" အမှုကို ကောက်ချက်ချ နိုဂုံးချုပ်ရာမှာ သေသွား သူ လက်နက်ကိုင်စစ်ရဲသားက "ရတ်တနား" (၃၂ နှစ်) ဖြစ်ပြီး "ဝတ်တီ" ကို "ရတ်တနား" ကပစ်သတ်ခဲ့ကြောင်း၊ "ဘိုရိုဒ်" ကဝင်တားရင်း "ရတ်တနား" ကို မတော်တဆ သတ်မိတာလို့ ဆိုပါတယ်။ စစ်ရဲအချင်းချင်းကြား ပစ်ခတ် မှုမျိုးက အမှုစီရင်စစ်ဆေးတယ်လို့ ပကြားရပါဘူး။

"ဝတ်တီ" ဟာ ယယားတစ်ယောက်နဲ့ ကလေးသုံး ယောက်ကျန်ရစ်ခဲ့တယ်။ လူသေပြီး ၂ ပတ်ကြာတဲ့အခါ ရွာသားပေါင်း ရာပေါင်းများစွာ ကျောက်တုံးလမ်း တစ်လျှောက် သူသေတဲ့နေရာအထိ ချီတက်ဆန္ဒထုတ်ဖော် ကြတယ်။

"သူသေပြီးတဲ့နောက်တစ်နေ့ သစ်တောထဲမှာ ကျားတစ်ကောင် မွေးဖွားလာဦးမှာပဲ" လို့ "ဟိုက်ဒိုက်" က မှတ်ချက်ချသွားပါတော့တယ်။ ။

●

ကောင်းသာ

လိုင်းသစ်မဂ္ဂဇင်း၊ ဧပြီ ၂၀၁၃

မူရင်း "Death of a Forester" by Olesia Plokhii (from Newsweek Sep 3/ 2012)

www.burmeseclassic.com

www.burmeseclassic.com

ပါရီ ရာသီဥတု သဘောတူညီချက်

စောအောင်မိုး

ကျွန်တော်ကမ္ဘာကြီးဟာ ပြင်းထန်တဲ့ သဘာဝကပ်ဆိုးကြီးအမျိုးမျိုးဖြစ်တဲ့ ရေကြီးရေလွှမ်းခြင်း၊ မုန်တိုင်း၊ လေဆင်နှာမောင်းကျခြင်း၊ သဘာဝရေခဲတောင်များအရွှည်ပျော်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မိုးခေါင်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ လွန်ကဲသော အပူအအေးလွှင်းကျခြင်းတို့နဲ့ ယနေ့ရင်ဆိုင်နေရပါတယ်။

ဆိုးဝါးပြင်းထန်တဲ့ သဘာဝကပ်ဆိုးဟာ တစ်နှစ်ထက်တစ်နှစ်၊ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုပြင်းထန်လာပြီး အမြစ်အပျက်ကလည်း ပိုစိပ်လာပါတယ်။ မနေ့သားတော့တဲ့ လူသားဆန်သူတွေ၊ သိပ္ပံပညာရှင်တွေဟာ ကမ္ဘာကြီးကို ကယ်တင်ဖို့ အသံကျယ်ကျယ်အော်လာရပါတော့တယ်။ ဒီလို သဘာဝဆိုးတွေဖြစ်လာရတာကို အတိုဆုံးအဏီဆုံး စကားလုံးနဲ့ပြောရရင် လူသားတို့ရဲ့ဝိသမလောဘတက်မှုကြောင့်ပါပဲ။

၁၉ ရာစုအစောပိုင်း စက်မှုတော်လှန်ရေးမှစလို့ ကမ္ဘာကြီးဟာ စတင်ယိုယွင်းလာပါတယ်။ စိုက်ပျိုးမြေခဲ့ထွင်လာခြင်း၊ သစ်တောပြုန်းတီးလာခြင်း၊ စက်ရုံများမှ ကာဗွန်အများအပြားထုတ်လွှတ်လာခြင်း၊ ဓာတုပစ္စည်းများနှင့် အဏုမြူစွမ်းအင်ထုတ် ဓာတ်ပေါင်းဖိုများမှ အဆိပ်သင့်သောအရာများ စွန့်ထုတ်လာခြင်းသည် အဓိကရာသီဥတုဖောက် ပြန်ခြင်းဖြစ်စေပါတယ်။

၂၀၁၀ မတ္တဆီကိုသဘောတူညီချက်အရ ကမ္ဘာ့အပူချိန်ကို စက်မှုထွန်းကားလာချိန်ကထက် ၂ ဒီဂရီစင်တီဂရိတ် (2°C) ပိုနေပြီလို့ သဘောတူသတ်မှတ်ခဲ့ကြပါတယ်။ သို့သော်လည်း ကမ္ဘာ့အပူချိန်ဟာ တဖြည်းဖြည်းပိုလာနေတာကို တားဆီးဟန့်တားဖို့ မဖြစ်မနေ လုပ်ဆောင်ရတော့မှာ ဖြစ်ပါတယ်။

ပါရီသဘောတူညီချက် ၂၀၁၅ တစ်ခုတည်းနဲ့ ကမ္ဘာကြီးကို ကယ်တင်နိုင်လိမ့်မယ်မဟုတ်ဘူးလို့ သိပ္ပံပညာရှင်များက ဆိုပါတယ်။ သို့သော်လည်း ယခင်အခါများက

www.burmeseclassic.com

www.burmeseclassic.com

သဘောတူညီချက်တွေထက် ပိုမိုထိရောက်ကြီးမားတဲ့ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးကို ရိုးသားမှန်ကန်စွာဆောင်ရွက်ကြရင်တော့ ထိုက်သင့်တဲ့အောင်မြင်မှုရရှိနိုင်ပါလိမ့်မယ်လို့ သိပ္ပံပညာရှင်များက ထောက်ပြကြပါတယ်။

ပါရီညီလာခံကြီးဟာ လေးနက်တဲ့ဆုံးဖြတ်ချက်ရေရာတိကျမချနိုင်ခဲ့ဘဲနဲ့ ပြီးဆုံးသွားခဲ့ပါတယ်။ သဘောတူရလဒ်ဟာ ကမ္ဘာ့လူသားများအတွက် တကယ်လိုအပ်တဲ့ အချက်ပါတာ မတွေ့ရဘူးလို့ ဆိုပါတယ်။ ကမ္ဘာပြေကို ကယ်တင်ဖို့ ဆောင်ရွက်ချက် တိတိပပ မပါဘူးလို့ ထောက်ပြကြပါတယ်။

ကမ္ဘာရေခဲပြင်ကြီးတွေ အရည်ပျော်မယ့်အန္တရာယ်ရင်ဆိုင်နေရဆဲ၊ သမုဒ္ဒရာမျက်နှာပြင်လည်း မြင့်တက်ဆဲ၊ သစ်တောနဲ့ သန္တာကျောက်တန်းတွေလည်း ပျောက်ကွယ်ပျက်စီးလျှော့ပါးပျံ့ရှိဆဲ၊ လူနဲ့သတ္တဝါအများလည်း သဘာဝဘေးအန္တရာယ် အပုလှိုင်း၊ အအေးလှိုင်းနဲ့ ရေကြီးရေလွှမ်းဒဏ်ခံရဆဲ၊ လူသန်းပေါင်း ၇၀၀၀ နဲ့ တိရစ္ဆာန်များရဲ့ အစာအာဟာရအတွက် စိုက်ပျိုးမွေးမြူရေး အခြေခံစနစ်မှာလည်း ခက်ခဲနေရဆဲပင်။

လွန်ခဲ့တဲ့နှစ် ၅၀ က ကမ္ဘာကြီးပူနွေးလာမှု ပထမဆုံးသတိပေးချက်ကို အမေရိကန်သမ္မတစားပွဲပေါ် အရောက်ပို့နိုင်ခဲ့ပေမဲ့ မေ့မေ့ပျောက်ပျောက်ဖြစ်နေကြလို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ သိပ္ပံပညာရှင်များက နောက်ဆုံးတွင် လူသားမျိုးနွယ်ဖျက်သုဉ်းမည့် မြိမ်းခြောက်ပုံဖြစ်လာမည်ဟု ရှုမြင်လာကြတယ်။

ပါရီသဘောတူညီချက်ဟာ ကမ္ဘာကြီးကို ပြောင်းလဲစေလိမ့်မယ်လို့ အမေရိကန်ရာသီဥတုဆိုင်ရာ ဦးဆောင်သိပ္ပံပညာရှင် ခရစ္စတိုဖာဗီးလ်က မှတ်ချက်ပေးပါတယ်။ ကျွန်တော်တို့ ရာသီဥတုပူနွေးမှုပြဿနာကို မရှင်းနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ အခြေခံဖြေရှင်းချက်တော့ ချမှတ်နိုင်ခဲ့ပါတယ်လို့ ပြောပါတယ်။

ယခုသဘောတူညီမှုဟာ ကမ္ဘာကြီးရဲ့ ပျက်စီးလာနေတဲ့ အစိတ်အပိုင်းတချို့ကိုတော့ ကာကွယ်နိုင်ပါလိမ့်မယ်။ ရေရှည်မှာ နိုင်ငံတိုင်းက မိမိတာဝန်ယူထားတဲ့ ကာဗွန်ထုတ်လုပ်မှုအချို့လျှော့ချရေးကို စိတ်အားထက်သန်သန် ဆောင်ရွက်လျှင် ကမ္ဘာကြီးဟာ တစ်ဖန် ပြန်လည်ရှင်သန်နိုးကြားလာပါလိမ့်မယ်။

တကယ်တော့ တက်ရောက်လာတဲ့ ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများဟာ ဒီပါရီညီနှိုင်းသဘောတူညီချက်မတိုင်မီက မိမိတို့ပေးထားတဲ့ ကာဗွန်လျှော့ချမှုအချိုးအတိုင်း လိုက်နာလျှော့ချဖို့ စိတ်အားမထက်သန်ကြပါဘူး။ ညီလာခံမှာလည်း ဒီအချက်ကိုပဲ အချင်းချင်း ဝေဖန်ငြင်းခုံနေကြပါတယ်။

ဒါကိုကုစားဖို့ ညီလာခံက နိုင်ငံအလိုက် မိမိလျှော့ချဖို့ရည်မှန်းထားတဲ့ ကာဗွန်ထုတ်လုပ်မှုဇယားကို ပြန်လှန်သုံးသပ်ပြင်ရန် အချိန်ပေးခဲ့ပါတယ်။ တိကျတင်းကျပ်တဲ့ စောင့်ကြည့်မှုလုပ်ဖို့လည်း အကြံပြုထားပါတယ်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုလေ့လာနေတဲ့ ဝါရင့် သိပ္ပံပညာရှင်တွေကတော့ ပါရီသဘောတူညီချက်ညီလာခံမှာ ပါဝင်တဲ့နိုင်ငံတွေဟာ တကယ်ညီညီညွတ်ညွတ် ဆွေးနွေးကြတာတွေ့ရတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့စီးပွားရေးကြီးသွားလောက်တဲ့အထိ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေး တစ်ခေတ်ကို ဖော်ဆောင်ပေးသင့်တယ်လို့ ဆိုပါတယ်။

ကမ္ဘာ့စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်းတို့ကို လုပ်ဆောင်နေကြတဲ့နိုင်ငံများဟာ ဒီလုပ်ဆောင်ချက်တွေကို ၂၀၂၀ ခုမှာ စတင်ကျင့်သုံးရပါမယ်။

၂၁၀၀ တွင် ရရှိနိုင်မည့် ပျမ်းမျှအပူချိန်ရည်မှန်းချက်

၂၀၁၅ ပါရီသဘောတူညီချက်က ပိုမိုတက်ကြွစွာ၊ ယခင်သဘောတူသတ်မှတ်ခဲ့သည့် ကမ္ဘာ့အပူချိန် (2°C) စင်တီဂရိတ်ကန့်သတ်ချက်အောက်တွင်ထားရန် ရည်မှန်းကြပါတယ်။ စက်မှုထွန်းကားပြီးနိုင်ငံများက ဦးဆောင်ပြီး ကမ္ဘာ့အပူချိန်ကို (1.5°C) ဒီဂရီစင်တီဂရိတ်ထားရန် တောင်းဆိုကြပါတယ်။

ကမ္ဘာကြီးတွေကြုံနေရတဲ့ ဖန်လုံအိမ်အာနိသင်ကြောင့် ကမ္ဘာကြီးပူနွေးလာမှုနောက်ဆက်တွဲ အယ်လ်နီညိုလာနီညာဖြစ်စဉ်အပြင် မုန်တိုင်းအချိုးပျိုး ရေကြီးမှုအသွယ်သွယ်၊ ဇလျင်ဘေးအဖုံဖုံကြုံရသည်မှာ ဘယ်သူမပြုပိပိမှုသာဖြစ်ကြောင်း လူသားအားလုံး သဘောပေါက်လက်ခံပြီးအနာဂတ်အတွက် မဖြစ်မနေ ကြိုတင်ပြင်ဆင်ကာကွယ်ရန် နောက်ဆုံးအချိန်ရောက်ပြီ ဖြစ်ပါသတည်း။

စောအောင်မိုး (ဆေးဝါးတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သမ္မတအိုဘားမား၏

ကာဗွန်မာတ်ငွေ့ထိန်းချုပ်ရေးအကြံ အတားခံရခြင်း

ညီညီ (ဘော်တွင်း)

www.burmeseclassic.com

၁၀- ၂- ၂၀၁၆ နေ့က ဝင်လာသော ဘီဘီစီ သတင်းဌာန၏ အီးမေးလ်သတင်းစဉ်တွင် ကမ္ဘာ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အများဆုံးထုတ်လွှတ်ရာ အမေရိကန်ပြည်ထောင်စုတွင် သမ္မတကကြံ့ဆောင်ရန် ကြိုးပမ်းနေသော သန့်ရှင်းသောစွမ်းအင်ဆိုင်ရာစီမံကိန်းကို ပြည်ထောင်စုတရားရုံးချုပ်က ဆိုင်းငံ့လိုက်ကြောင်း သတင်းပါလာသည်။ ယင်းသတင်းသည် မြန်မာနိုင်ငံ၏ သဘာဝဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးသမားများ အတွက်လည်း စိတ်ဝင်စားဖွယ်ဖြစ်၍ မူရင်းစာပါအတိုင်း ဘာသာပြန်လိုက်ပါသည်။

အခြင်းပွားမှု

အမေရိကန်နိုင်ငံရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏကို ထိန်းချုပ်ကန့်သတ်ရေးဆိုင်ရာ သမ္မတအိုဘားမား၏ အစီအစဉ်များကို လောလောဆယ် ဆိုင်းငံ့ထားရန် အမေရိကန်ပြည်ထောင်စုတရားရုံးချုပ်က အမိန့်ထုတ်ပြန်ခဲ့သည်။ တရားရုံးချုပ်က ဆုံးဖြတ်သည်မှာ သမ္မတ၏ သန့်ရှင်းသောစွမ်းအင်စီမံကိန်းနှင့်ပတ်သက်၍ စိန်ခေါ်တောင်းဆိုချက်ရှိသမျှ ကြားနာစရာကိစ္စများအားလုံး မပြီးမချင်း ရှေ့ဆက်မသွားရန်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၃၀ တွင် ၃၂ ရာခိုင်နှုန်းလျှော့ချရန်ဟူသော ရည်မှန်းချက်ဖြင့် ရေးဆွဲထားသော စီမံကိန်းသည် ပြန်ပြည့်မြဲစွမ်းအင်ထုတ်လုပ်သုံးစွဲရေးဘက်သို့ အကြီးအကျယ်ရွှေ့လျားမှုပြုရန် အလေးပေးစီမံထား သည်။ ယင်းသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း

www.burmeseclassic.com

ပါရီ တွင်ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ ရာသီဥတုဆိုင်ရာ အစီအမံဖြင့် နိုင်ငံပေါင်းစုံမှ နိုင်ငံအကြီးအကဲများ တွေ့ဆုံ ညှိနှိုင်းကြရာတွင် အမေရိကန်ပြည်ထောင်စုက ပေးခဲ့သော ကတိစကား၏ သော့ချက်အင်္ဂါ အကျိုးရလဒ်ဖြစ်သည်။

ယမန်နှစ်က ဩဂုတ်လအတွင်း သမ္မတကအစပျိုးဆောင်ရွက်ခဲ့သော ထိုစီမံကိန်းတွင် ပြည်နယ်တစ်နယ်ချင်းစီအတွက် ကာဗွန်လျှော့ချရေးရည်မှန်းချက်များကို ပေးထားသည်။ ပြည်နယ်များအနေဖြင့် ထိုရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရန် မိမိတို့ပြည်နယ်အလိုက် အဆိုပြုချက်များ ရေးဆွဲပြီး ပြန်လည်တင်ပြရန်ဖြစ်သည်။

ပြည်နယ် ၂၇ နယ်ပါဝင်သော အုပ်စုတစ်စုနှင့် မီး၊ ရေ စသည့်ဖြန့်ဖြူးရေးလုပ်ငန်းရှင်များ၊ ကျောက်မီးသွေးထုတ်လုပ်သူ စသောအုပ်စုများက သမ္မတ၏အဆိုကို တရားရုံးများသို့ တက်ရောက်လျှောက်ထား တားဆီးကြသည်။ ပြည်နယ်များ၏အခွင့်အရေးကို ထိုစီမံကိန်းက ကျူးကျော်ဖောက်ဖျက်သည်ဟူသောစွဲချက်ဖြင့် ရုံးတင်ခဲ့ခြင်းဖြစ်သည်။

ထိုစီမံကိန်းအား ကန့်ကွက်မှုကို စတင်မကြားနာမီ စီမံကိန်းကို ရပ်ဆိုင်းထားရန် ပထမအစဦး လျှောက်ထားချက်များကို ဝါရှင်တန်မြို့တွင်ရုံးစိုက်သော ပြည်ထောင်စုအယူခံတရားရုံးက ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းက ပယ်ချခဲ့ဖူးသည်။ ထို့နောက် တရားရုံးချုပ်သို့ ထိုအရေးကိစ္စရောက်ရှိခဲ့ရာ ၅မဲ- ၄မဲဖြင့် တရားရင်ဆိုင်မှုကိစ္စများ မပြီးမချင်း စီမံကိန်းကို ဆိုင်းငံ့ထားရန် တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အိမ်ဖြူတော်က သဘောမတူ

ထိုကိစ္စနှင့်ပတ်သက်၍ (သမ္မတ) အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ ဂျော့ရ်ှအားနက်စ်က-

"ကျွန်တော်တို့က တရားရုံးချုပ်အဆုံးအဖြတ်ကို သဘောမတူပါဘူး။ တရားရေးရင်ဆိုင်မှုတွေကိုလုပ်ရင်း ဒီ သန့်ရှင်းသောစွမ်းအင်စီမံကိန်းကို ဆက်လုပ်သွားမှာပါဒ

သန့်ရှင်းသောစွမ်းအင်စီမံကိန်းဟာ တရားဥပဒေကြောင်းရော အတတ်ပညာပိုင်းအရပါ ခိုင်မာတဲ့အခြေခံပေါ်မှာ တည်ဆောက်ထားတာပါ။ ပြည်နယ်တွေ သူတို့လိုအပ်သလိုပြုလို့ပြင်ပြီး ပုံစံထုတ်လို့ရအောင် ကွေးသာဆန့်သာဖန်တီးထားတာ၊ သူတို့ရဲ့ ကာဗွန်ထုတ်လွှတ်မှုကို စရိတ်စကသက်သက်သာသာနဲ့ လုပ်နိုင်အောင်၊ လေထုအရည်အသွေးပိုကောင်းမွန်အောင်၊ အများပြည်သူရဲ့ ကျန်းမာရေးတိုးတက်ကောင်းမွန်အောင် လုပ်နိုင်ကြပါတယ်။ သန့်ရှင်းသောစွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှုများနှင့် တစ်ဆက်တည်း နေရာအနှံ့အပြား အလုပ်အကိုင်တွေ ပေါ်များလာမှာပါ။ အဓိကမှာ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဘေးဥပါဒ်အန္တရာယ်တွေကို ရင်ဆိုင်ဖြေရှင်းရာမှာ ကြီးစွာသော တိုးတက်မှု ရလာမှာပါ။

ကျွန်တော်တို့ဟာ ပြည်သူအများရဲ့ ကောင်းကျိုးကိုဆောင်သူတွေမို့ ကျွန်တော်တို့ဘက်က အောင်နိုင်မယ်လို့ ယုံကြည်ပါတယ်" ဟုဆိုသည်။

သူ့အလို၊ ကိုယ့်အလို၊ ဘာကဘယ်လိုလဲ

တရားရုံးချုပ်၏ ထိုအဆုံးအဖြတ်သည် သမ္မတအိုဘားမား၏ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအစီအမံကို မျှားစွာထိခိုက်စေမည့်အဓိပ္ပာယ် သက်ရောက်သည်။ သန့်ရှင်းသောစွမ်းအင်စီမံကိန်းအောက်တွင် ပြည်နယ်များက ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို စီမံကိန်းရည်မှန်းချက်များအတိုင်းဖြစ်အောင် မည်ကဲ့သို့ ဆောင်ရွက်မည်ဆိုသည့် အဆိုပြုစီမံချက်များကို ၂၀၁၅ ခုနှစ် စက်တင်ဘာလနောက်ဆုံးထား၍ ပြန်လည်တင်ပြကြရန်ဖြစ်သည်။ ထိုနေ့ကား ယခု ကျော်လွန်ခဲ့ပြီ။ သို့ဖြင့် သန့်ရှင်းသောစွမ်းအင်စီမံကိန်းနှင့်ပတ်သက်သည့် တရားရေးဆိုင်ရာ ပြဿနာများကို ရှေ့နှစ် ဇန်နဝါရီလ သမ္မတအိုဘားမား ရာထူးသက်တမ်းမကုန်ဆုံးမီ ဖြေရှင်းနိုင်မည့်ပုံ မပေါ်ချေ။

ကာဗွန်လျှော့ချရေးအစီအစဉ်တွင် အနောက်ဗာဂျီးနီးယားပြည်နယ်က ၉၅ %၊ ကင်တပ်ကီက ၉၃%၊ ဝိုင်အိုမင်းက ၈၈%၊ အင်ဒီယားနားက ၈၄%၊ မစ်ဇူးရီးက ၈၃%၊ ယူတားက ၈၁%၊ မြောက်- ဒါကိုတာက ၇၈% စသည်ဖြင့် အသီးသီး လျှော့ချကြရန်ဖြစ်သည်။

အနောက်ဗာဂျီနီးယားပြည်နယ်၏ ရှေ့နေချုပ် ပက်ထရစ်မော်ရစ်ဆီးက တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို "မဟာအောင်မြင်မှုကြီး" ဟု ခေါ်ဆိုလိုက်သည်။ "တရားရုံးချုပ်က စီမံကိန်းရဲ့ လက်ငင်းအကျိုးသက်ရောက်မှုကို သိလို့ယခုလိုရပ်ဆိုင်းလိုက်ခြင်းကြောင့် အလုပ်သမားတွေကို အကာအကွယ်ပေးပြီး ကျွန်တော်တို့ ဆက်ပြီး တိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

ပြည်နယ် ၂၇ နယ်ပါဝင်သော အုပ်စုတစ်စုနှင့် မီး၊ ရေ စသည်ဖြင့်ဖြူးရေးလုပ်ငန်းရှင်များ၊ ကျောက်မီးသွေးထုတ်လုပ်သူ စသောအုပ်စုများက သမ္မတ၏အဆိုကို တရားရုံးများသို့ တက်ရောက်လျှောက်ထား တားဆီးကြသည်။ ပြည်နယ်များ၏အခွင့်အရေးကို ထိုစီမံကိန်းက ကျူးကျော်ဖောက်ဖျက်သည်ဟူသောစွဲချက်ဖြင့် ရုံးတင်ခဲ့ခြင်းဖြစ်သည်။

ဝင်ရရင် ကုန်ကျမယ့်ဒေါ်လာငွေတွေလည်း မျှားစွာသက်သာသွားလို့ ကျွန်တော်တို့ စိတ်အားတက်ကြွမှုဖြစ်ရပါတယ်" ဟု သူကဆိုသည်။

"စီမံကိန်းကို ထောက်ခံသူများကမူ နောက်ဆုံးတွင် တရားရုံးများက စီမံကိန်း၏ တရားဥပဒေဘောင်ဝင်မှုကို ကိုင်စွဲထားကြလိမ့်မည်ဟု ယုံကြည်နေကြသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအပိုင်းသည် မြင့်မားသော ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ညစ်ညမ်းသော လောင်စာသုံးသည့် အတိတ်ကာလမှသည် ရပ်တန့်၍မရသော ဘေးအန္တရာယ်ပိုနည်းပြီး သန့်ရှင်းသောစွမ်းအင်သုံးသည့် အနာဂတ်ဆီသို့ ရွှေ့လျားနေလေရာ၊ ယင်းကို နေမြေနေသူတို့က နောက်ကြောင်းပြန်လှည့်စေနိုင်မည်မဟုတ်ချေ" ဟု အမျိုးသားသယံဇာတကာကွယ်ရေးကောင်စီမှ ဒေးဗစ်ဒိုနင်းဂျားဆိုသူကပြောသည်။ "အများပြည်သူတို့၏ တခဲနက်သော ထောက်ခံမှုကို ရထားတဲ့ ရာသီဥတုပြောင်းလဲမှုနှင့် သန့်ရှင်းသောစွမ်းအင်ဆိုင်ရာ လုပ်ငန်းများကို ဘယ်သူကမှ နောက်ပြန်ဆုတ်စေနိုင်မည် မဟုတ်ချေ"

သံသယပွားဖွယ်ဖြစ်မလား

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပါရီတွင် ကုလသမဂ္ဂ၏ ကြီးကြပ်မှုဖြင့် ကျင်းပခဲ့သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာညီလာခံ၏ သဘောတူညီချက်ကို ကူညီပြုစုပေးခဲ့သော သမ္မတအိုဘားမားအတွက် ထိုတရားရုံးအဆုံးအဖြတ်ကြောင့် စနိုးစနောင့်ဖြစ်စရာဟု အများကမြင်ကြပေလိမ့်မည်။ အိမ်ဖြူတော်အား ယင်းထက်ပို၍ စိတ်ပူပင်စရာဖြစ်စေသည်မှာ အယူအဆသဘောထားမတူညီမှုများကြောင့် တရားရုံးချုပ်အတွင်း အကွဲအပြဲဖြစ်နေသည့်အချက်ဖြစ်၏။ ရှေးရိုးစွဲတရားသူကြီးများက နေမြေအတိုင်းရှိလိုကြပြီး ခေတ်အမြင်ရှိသော တရားသူကြီးများကယင်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေလေသည်။

အကယ်၍ ဤကွဲပြားခြားနားမှုသာ ဆက်လက်တည်ရှိနေပါက သန့်ရှင်းသောစွမ်းအင်စီမံကိန်းအတွက် တရားရုံးချုပ်တွင် နောက်ထပ် နောက်ဆုတ်ဖွယ်ရာဖြစ်ပြီး နောက်ဆုံးတွင် စီမံကိန်း အသုံးမဝင်သည့်အဖြစ်သို့ ရောက်သွားလိမ့်မည်။ သည်လိုသာ တကယ်ဖြစ်သွားပါက ပါရီရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်နှင့် ပတ်သက်သည့် အမေရိကန်ပြည်ထောင်စု၏ ကတိကဝတ်အတိုင်း စွမ်းဆောင်ရည်မှာ ကြီးလေးစွာ သံသယပွားစရာဖြစ်ပေလိမ့်မည်။

ညီညီ (ဘော်တွင်း)

မှတ်ချက်။ ။ အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်ကို တရားသူကြီးချုပ်တစ်ဦး၊ တရားသူကြီး ၈ ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ တရားသူကြီးချုပ်မှာ အီတလီနွယ်ဖွား ရှေးရိုးအယူရှိသူ အသက် ၇၉ နှစ် အရွယ်ရှိ အတိုနင်စကာ လီယာဆိုသူဖြစ်သည်။ ယခုစာရေးနေစဉ် ၁၃- ၂- ၂၀၁၆ နေ့တွင် သူကွယ်လွန်ရှာသည်။ ၅ မဲ-၄ မဲတွင် သူ့တစ်မဲက အနိုင်ယူသွားခြင်းဖြစ်သည်။ သမ္မတသက်တမ်း ၁၀ လသာ ကျန်သော အိုဘားမားက တရားသူကြီးချုပ်အသစ်တစ်ဦး ခန့်ထားဖို့ အဆိုပြုရန်ရှိသည်။ ဤတွင် သူတို့လူ သမ္မတ ဖြစ်လိုဖြစ်ငြား ရီပတ်ဘလီကန်အမတ်များက အိုဘားမား၏ရွေးချယ်မှုကို နောက်သမ္မတသက်တမ်းရောက်အောင် အချိန်ဆွဲရေးနည်းလမ်းများကိုသုံးရန် စိုင်းပြင်းနေကြလေပြီ။ ရီပတ်ဘလီကန် တို့သည် ရှေးရိုးသမားများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





လေထုညစ်ညမ်းမှုဒဏ် အလူးအလဲခံနေရသည့် ဟောင်ကောင်

ရဲခေါင်မျိုး

လေထုညစ်ညမ်းမှုကြောင့် ဟောင်ကောင်ရှိ ပုလဲမြစ်ဝှမ်း၌ အက်စစ်မိုးများ ရွာခဲ့ရာ စိုက်ပျိုးပင်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည်။

ယနေ့အချိန်မှာ ဟောင်ကောင်သားတွေဟာ လေထုညစ်ညမ်းမှုဒဏ်ကို အကြီးအကျယ်ခံစားနေကြရပါတယ်။ ဟောင်ကောင်မှာနေထိုင်ကြတဲ့ လူကြီးလူငယ်အားလုံးတို့ဟာ မော်တော်ယောဉ်တွေဆီကထွက်တဲ့ မီးခိုးငွေ့တွေနဲ့ အသက်ရှူရာမှာ မွန်းကျပ်စေတဲ့ အကြေးအညှော်နဲ့ ဖုန်မှုန့်တွေရောပြွန်းနေတဲ့ အဆိပ်အတောက်လေတွေကိုသာ နေ့စဉ်နဲ့အမျှ ရှူရှိုက်နေကြရတယ်။

ယခုအခါမှာတော့ ဟောင်ကောင်ရဲ့ လေထုညစ်ညမ်းမှုအခြေအနေဟာ သိပ်ကိုဆိုးရွားလာနေပါပြီ။ ဒါကြောင့် တစ်ခါတစ်ရံမှာဆိုရင် ဟောင်ကောင်ရဲ့အခြေအနေဟာ ကမ္ဘာပေါ်မှာ မြို့ပြဆိုင်ရာ အကျပ်အတည်းအကြီးမားဆုံးဖြစ်တဲ့ မက္ကဆီကိုစီးတီးထက်ပင် အခြေအနေပိုဆိုးနေပြီလို့ သတ်မှတ်ခြင်းကိုခံနေရတယ်။ (နယူးဒေလီမြို့နဲ့ တရုတ်ပြည်က ဂွန်ဇောင်းမြို့တွေဟာ မက္ကဆီကိုမြို့တော်ထက် အခြေအနေပိုဆိုးပါတယ်။)

တကယ်တော့ ဟောင်ကောင်အဖို့ လေထုညစ်ညမ်းမှုဆိုတာဟာ ပြဿနာအသစ်တစ်ရပ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ ဟောင်ကောင်ဟာ ပြိတိသျှကိုလိုနီဘဝမှာရှိစဉ်တုန်းကဆိုရင် ပြိတိသျှအုပ်ချုပ်ရေးအဖွဲ့ဟာ ဟောင်ကောင်မှာ လေထုညစ်ညမ်းမှုဖြစ်လာမယ့် ကြိုတင်သတိပေးချက်လက္ခဏာတွေမှန်သမျှကို လျစ်လျူရှုခဲ့တယ်။ ပြိတိသျှအုပ်ချုပ်ရေးအဖွဲ့ဟာ ပထမပိုင်းမှာတုန်းက ဟောင်ကောင်က စီးပွားရေး လုပ်ငန်းရှင်ကြီးတွေနဲ့ သိပ်ကို နွေးထွေးတဲ့ဆက်ဆံမှုရှိခဲ့တဲ့အတွက် လေထုညစ်ညမ်းမှုကိစ္စကို လျစ်လျူရှုခဲ့တာပါ။

နောက်ပိုင်းနှစ်တွေမှာတော့ ပြိတိသျှအုပ်ချုပ်သူတွေဟာ ဟောင်ကောင်မှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်ရေးနဲ့စပ်လျဉ်းပြီး တရုတ်နိုင်ငံနဲ့ နိုင်ငံရေးတိုက်ပွဲတွေ ဆင်နွှဲခဲ့ရတာကြောင့် ဟောင်ကောင်ရဲ့ လေထုညစ်ညမ်းမှုပြဿနာကို လျစ်လျူရှုခဲ့ကြပါတယ်။

သို့ပေမဲ့ ယခုအချိန်မှာတော့ ဟောင်ကောင်ရဲ့ လေထုအခြေအနေဟာ အကျပ်အတည်းဆိုက်ရောက်တဲ့အဆင့်ကို ရောက်နေပါပြီ။ ယနေ့ကာလမှာ တရုတ်နိုင်ငံရဲ့ အထူးအုပ်ချုပ်ရေးဒေသ (SAR) ဖြစ်တဲ့ ဟောင်ကောင်ဟာ လွန်ခဲ့တဲ့နှစ်နှစ်ကျော်က တခြားသောအာရှနိုင်ငံတွေနဲ့ အတူခံစားခဲ့ရတဲ့ စီးပွားရေးအကျပ်အတည်းက တဖြည်းဖြည်းထွက်လှမ်းနေပါပြီ။ သို့ပေမဲ့ လူခပ်များများကတော့ ဟောင်ကောင်ဟာ မိမိရဲ့လေထုပြန်လည်သန့်စင်လာခြင်းမရှိသ၍ မူလကရရှိခဲ့တဲ့ အောင်မြင်မှုတွေကို ပြန်လည်မရနိုင်ဘူးလို့ ပြောဆိုနေကြတယ်။

မြူခိုးဝေတဲ့ ဟောင်ကောင်မြေ

ယခုနေ့ရက်တွေအတွင်းမှာဆိုရင် ပစ်တိုးရီးယားအင္ဂကနေ ဟောင်ကောင်ဆိပ်ကမ်းတစ်လျှောက် တွေ့မြင်ရတဲ့ မြင်ကွင်းဟာဆိုရင် ညိုပြာရောင်ကန့်လန့်ကာတစ်ချပ်ကာဆီးထားသလို မှိုင်းမှောင်လို့နေပါတယ်။ ဟောင်ကောင်နက္ခတ္တလေ့လာရေးဌာနက ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ဟောင်ကောင်မှာ တစ်နေကုန် မြူတွေဆိုင်းနေတဲ့ နေ့ရက်တွေဟာ (၁၉၉၈ ခုနှစ်အတွင်းက ၁၄ ရက်သာရှိခဲ့ရာမှ) ၃၁ ရက်အထိ တိုးလာခဲ့တယ်လို့ ဆိုပါတယ်။

ဒါနဲ့စပ်လျဉ်းပြီး ဟောင်ကောင်မှာ ဒီဇိုင်းပုံစံနှီးနှောဖလှယ်ပွဲကို တက်ရောက်လာတဲ့ ဂျာမနီနိုင်ငံက ကိုယ်စားလှယ်တစ်ဦးကဆိုရင်

"ကျွန်တော်တည်းခိုတဲ့ ဟိုတယ်အခန်းကကြည့်ရင် ရှုမငြီးစရာကောင်းတဲ့ ဆိပ်ကမ်းမြင်ကွင်းကို မြင်နိုင်ပါတယ်။ ဒါပေမဲ့ အချိန်တိုင်းလိုလိုမှာ ကောင်းကင်ဟာ အုံ့မှိုင်းနေတဲ့အတွက် ကျွန်တော့်အဖို့ အသက်ဝိညာဉ်ကင်းမဲ့နေတဲ့ မြို့ကြီးတစ်မြို့ထဲရောက်နေသလို ခံစားမိတယ်"

လို့ ထုတ်ဖော်ပြောဆိုပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၂၀ ရက်နေ့တုန်းကဆိုရင် ဖုန်တွေနဲ့ ရေခိုးရေငွေ့တွေဟာ ထက်အောက်တစ်ခွင်မှာ ဆပ်ပြာရေတွေသဖွယ် ရောနှောဆိုင်းဆို့လျက်ရှိခဲ့ပါတယ်။ သည်အဖြစ်ကြောင့် ဟောင်ကောင်ရဲ့ အနောက်မြောက်ဘက်မှာရှိတဲ့ ကျူးမွန်းမှာဆိုရင် ရာသီဥတုသာယာတဲ့နေ့တွေမှာ မြင်ကွင်းဟာ ၁၉ ကီလိုမီတာနီးပါးအထိ မြင်ရပေမဲ့ အဲသည်နေ့က တစ်ကီလိုမီတာအောက် အကွာအဝေးကိုသာ မြင်ကြရတယ်။

ဆုံးရှုံးမှုတန်ဖိုး

ဒါ့အပြင် ဟောင်ကောင်ရဲ့ လေထုညစ်ညမ်းမှုဟာ ဟောင်ကောင်လူထုရဲ့ ကျန်းမာရေးကို နေ့စဉ်နဲ့အမျှ တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိနေတယ်။ ယမန်နှစ်ကဆိုရင် ဟောင်ကောင်ကအရာရှိတွေဟာ လေထုညစ်ညမ်းမှုစရိတ်ကိုတိုင်းတာဖို့ ပထမဆုံးအကြိမ် ကြိုးပမ်းခဲ့ကြတယ်။ သည်လို တိုင်းတာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုအပိုကုန်ကျစရိတ်တွေနဲ့ ကျန်းမာရေးထိခိုက်မှုကြောင့် ထုတ်လုပ်မှုစွမ်းရည် ကျဆင်းရတဲ့တန်ဖိုးတွေအရ တွက်ချက်ရာမှာ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် ဒေါ်လာသန်း ၄၉၀ မျှ ဆုံးရှုံးရကြောင်း တွေ့ရှိခဲ့တယ်။

သို့ပေမဲ့ 'ကမ္ဘာမြေ၏မိတ်ဆွေများ' အဖွဲ့ရဲ့ ခန့်မှန်းတွက်ချက်မှုအရ ညစ်ညမ်းလေထုတွေရှူရှိုက်ရခြင်းကြောင့် နှစ်စဉ် သေဆုံးရတဲ့လူအရေအတွက် ၁၉၀၀ နဲ့ နှိုင်းစာရင် အထက်ပါကုန်ကျငွေရဲ့တန်ဖိုးဟာ မပြောပလောက်ဘူးလို့ ဆိုရမှာပါ။

ယနေ့အချိန်မှာတော့ ဟောင်ကောင်က ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုံ့ဆော်သူတွေဟာ သူတို့အတွက် ဖြစ်နိုင်ဖွယ်မရှိတဲ့ထောင့်ကနေ မဟာမိတ်တွေ ရရှိခဲ့တယ်။ ဟောင်ကောင်မှာရှိတဲ့ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်း ၂၁ ခု၏ဟာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီးပွားရေးညွှန်ပေါင်းအဖွဲ့မှတစ်ဆင့် လေထုပိုမိုသန့်ရှင်းလာ

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တည်းခိုတဲ့ ဟိုတယ်အခန်းကကြည့်ရင် ရှုမြင်ဧရာကောင်းတဲ့ ဆိပ်ကမ်းမြင်ကွင်းကို မြင်နိုင်ပါတယ်။ ဒါပေမဲ့ အချိန်တိုင်းလိုလိုမှာ ကောင်းကင်ဟာ အုံ့မှိုင်းနေတဲ့ အတွက် ကျွန်တော့်အဖို့ အသက်ဝိညာဉ်ကင်းမဲ့နေတဲ့ မြို့ကြီးတစ်မြို့ထဲရောက်နေသလို ခံစားမိတယ်"

ရေးအတွက် အပြင်းအထန် လှုံ့ဆော်တိုက်ပွဲဝင်ခဲ့ကြတယ်။

တစ်ချိန်တည်းမှာလည်း နိုင်ငံတကာစီးပွားရေး အသိုက်အဝန်းအနေနဲ့ ရေရှည်မှာ လေထုညစ်ညမ်းမှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားတွေလာရောက်မှုကို အဟန့်အတားဖြစ်မှုကြောင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအဖို့ တစ်နှစ်အတွက် ဆုံးရှုံးမှုငွေပမာဏဟာ ဒေါ်လာသန်း ၅၈၀ အထိ မြင့်မားနိုင်တယ်လို့ ခန့်မှန်းထားတယ်။

အခြေအနေပိုဆိုးလာနိုင်

ဟောင်ကောင်ဒေသဟာဆိုရင် တခြားသောအာရှနိုင်ငံတွေထက် စီးပွားရေးမှာ တစ်ပန်းသာမှုရှိနေတာပါ။ သို့ပေမဲ့ ရေရှည်မှာ ဟောင်ကောင်ရဲ့ သဘာဝပတ်ဝန်းကျင်အခြေအနေဟာ ပြန်လည်ကောင်းမွန်မလာခဲ့ရင်တော့ စီးပွားရေးအလေးသာမှုအခြေအနေဟာ စင်ကာပူနိုင်ငံအတွက် ဖြစ်သွားနိုင်တယ်။

ဟောင်ကောင်မှာ အခြေစိုက်လျက်ရှိကြတဲ့ အမေရိကန်ကုန်သည်ကြီးများအသင်းတို့ကပါ ယိုယွင်းလာနေတဲ့ သဘာဝပတ်ဝန်းကျင်အခြေအနေဟာ ဟောင်ကောင်မှာ စီးပွားရေးလာရောက်လုပ်ကိုင်မှုကို အဟန့်အတားဖြစ်စေတဲ့ အဓိကအကြောင်းတစ်ရပ်ဖြစ်တယ်လို့ ဆိုကြတယ်။

သည်နေရာမှာ အမေရိကန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဖရန့်မာတင်ကတော့ ဟောင်ကောင်အာဏာပိုင်တွေအနေနဲ့ သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးကြိုးပမ်းမှုတွေ ဆောင်ရွက်ရာမှာ ပိုပြီး အရေးတကြီး သဘောထားဆောင်ရွက်သင့်တယ်လို့ ပြောဆိုပါတယ်။ တစ်ချိန်တည်းမှာလည်း ပြိတိသျှကုန်သည်ကြီးများအသင်းက လူထုဆန္ဒမဲကောက်ခံခဲ့ရာမှာ ဆန္ဒမဲပေးသူတွေရဲ့ ၇၁ ရာခိုင်နှုန်းကလာမယ့် နှစ်နှစ်အတွင်းမှာ အခြေအနေတွေဟာ ပိုပြီးယိုယွင်းလာမယ်လို့ယုံကြည်ကြောင်း ထုတ်ဖော်ပြသခဲ့ကြတယ်။

ဟောင်ကောင်ကို ပြိတိသျှလက်က လွှဲပြောင်းယူခဲ့တဲ့ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လအတွင်းမှာ ဟောင်ကောင်အုပ်ချုပ်ရေးမှူး တုန်ချီဟွာက ဟောင်ကောင်သားတွေအနေနဲ့ မိမိတို့အိမ်မှာ မိမိတို့ကိုယ်တိုင် အရှင်သခင်အဖြစ်ဆောင်ရွက်မယ့် စတင်မှုအသစ်တစ်ရပ်ကို ကြေညာခဲ့ပါတယ်။ သို့ပေမဲ့ ထိုစဉ်ကာလကပဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေက တုန်ချီဟွာဟာ လက်ငင်းအခြေအနေမှာပင် ညစ်ညမ်းနေတဲ့နေအိမ်ကို ဖုန်တွေ၊ အမှုန်တွေနဲ့ ထူထပ်လာအောင် ပြုလုပ်ခဲ့တယ်လို့ ဝေဖန်ခဲ့ကြတယ်။

လာမယ့် အောက်တိုဘာ ၆ ရက်နေ့မှာ တုန်ချီဟွာအနေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်တွေကို ကြေညာဖို့ရှိပါတယ်။ သို့ပေမဲ့ ဟောင်ကောင်လူထုအနေနဲ့ကတော့ အဲသည်ကြေညာချက်ထဲမှာ သိပ်ပြီး ထိရောက်တဲ့ အရေးယူဆောင်ရွက်ချက်တွေ ပါမှာမဟုတ်ဘူးလို့ ယူဆနေကြတာပါ။

လေထုညစ်ညမ်းမှု ညွှန်းကိန်း

ယနေ့ ဟောင်ကောင်ကျွန်းတစ်လျှောက်မှာ လေထုအရည်အသွေးတိုင်းတာရေးစခန်း ၁၄ ခုရှိပါတယ်။ အဲသည်စခန်းတွေထဲက သုံးခုကတော့ လမ်းဘေးစခန်းတွေပါ။ ယခုနှစ်အတွင်း ၂၆၂ ရက်အနက် ၂၂၂ ရက်မှာ အဆင့်မြင့် လေထုညစ်ညမ်းမှုတွေဖြစ်ပွားခဲ့ကြောင်း အထက်ပါ လမ်းဘေးတိုင်းတာရေးစခန်းတွေမှာ တိုင်းတာချက်ရရှိခဲ့ပါတယ်။

အေပီအိုင် (API) ခေါ်တဲ့ လေထုညစ်ညမ်းမှု ညွှန်းကိန်းကို ရယူရာမှာ ကာဗွန်မိုနောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ အိုဇုန်းနဲ့ အသက်ရှူမှုကို မွန်းကျပ်ဆိုင်းဆို့စေတဲ့ အမှုန်အမွှားများ (RSPs) ဆိုတဲ့ ညွှန်းကိန်းငါးခုပေါ်မှာ အခြေပြုတာပါ။

တကယ်လို့ လေထုတိုင်းတာရေးကိရိယာမှာ အမှတ် ၅၁ ကနေ ၁၀၀ အကြား ဖော်ပြခဲ့မယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com

လေထုညစ်ညမ်းမှုကြီးမားတဲ့ အဓိပ္ပာယ်ရပါတယ်။ အကယ်၍ အမှတ် ၂၀၀ အထိဖော်ပြနေမယ်ဆိုရင်တော့ လေထုညစ်ညမ်းမှုဟာ သိပ်ကိုမြင့်မားတယ်လို့ ဆိုခြင်းပဲ ဖြစ်ပါတယ်။ အမှတ် ၂၀၀ အထက်ဖော်ပြမယ်ဆိုရင်တော့ လေထုညစ်ညမ်းမှုဟာ သိပ်ကို အခြေအနေဆိုးတဲ့သဘောပဲ ဖြစ်ပါတယ်။

ကားစီးရေတိုးလာမှုအန္တရာယ်

သည်နေရာမှာ ကမ္ဘာမြေပြင်၏မိတ်ဆွေများအဖွဲ့က ကားတွေပြွတ်သိပ်နေတဲ့ ဟောင်ကောင်လမ်းတွေပေါ်မှာ လာမည့်နှစ်နှစ်အတွင်း ကားတွေတိုးလာဦးမှာဖြစ်တဲ့အတွက် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ယိုဖိတ်မှုဟာ ၆၀ ရာခိုင်နှုန်းအထိ တိုးလာမယ်လို့ ဆိုပါတယ်။

ဟောင်ကောင်က ပို့ဆောင်ရေးအတိုင်ပင်ခံဂျက်အိုပီအိုလာကတော့ လက်ရှိ ကားစီးရေ ၆၀၀,၀၀၀ ရှိတဲ့ ဟောင်ကောင်မှာ သက္ကရာဇ် ၂၀၁၆ ရောက်ချိန်မှာ ကားစီးရေဟာ အနည်းဆုံး နှစ်ဆ၊ သို့မဟုတ် သုံးဆအထိ တိုးလာမယ်လို့ပြောပါတယ်။ အဲဒါရဲ့ ဆိုလိုချက်ကတော့ ထိုအချိန်ရောက်တဲ့အခါမှာ နိုက်ထရိုဂျင်အောက်ဆိုက်စုစည်းမှုဟာ မြင့်မားလာပြီး လူတွေရဲ့ အဆုတ်ကို ထိခိုက်စေကာ တုပ်ကွေးရောဂါလို အသက်ရှူမှုနဲ့သက်ဆိုင်တဲ့ ရောဂါတွေအတွက် ခုခံကာကွယ်မှုစွမ်းအားတွေ ကျဆင်းလာစေမယ်လို့ ဆိုလိုခြင်းဖြစ်တယ်။

ဒါ့အပြင် တစ်ချိန်တည်းမှာလည်း အိုဇုန်းအဆင့်ဟာ မြင့်မားလာမှာဖြစ်ပါတယ်။ တကယ်တော့ အိုဇုန်းဓာတ်ငွေ့တွေဟာ စထရာတိုစဖီးယားအလွှာအတွင်းမှာ လူသားတွေကို ခရမ်းလွန်ရောင်ခြည်တွေရဲ့ အန္တရာယ်ကကာကွယ်ပေးထားတာပါ။ သို့ပေမဲ့ မြေပြင်အဆင့်မှာ အိုဇုန်းဓာတ်တွေဖြစ်ပေါ်လာမယ်ဆိုရင်တော့ ယင်းဖြစ်ရပ်ဟာ လူတွေရဲ့ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်ပြီး ပန်းနာရင်ကျပ်ဝေဒနာသည်တွေကို ထိခိုက်စေမှာဖြစ်ပါတယ်။

အာရ်အက်စ်ပီကြောင့် အန္တရာယ်ဖြစ်

သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ယနေ့အချိန်ထိ စိုးရိမ်မှုအဖြစ်ရဆုံးကတော့ အသက်ရှူရမှုကို မွန်းကျပ်စေတဲ့ အာရ်အက်စ်ပီဆိုတဲ့ အမှုန်အမွှားကြေးညှော်တွေပါပဲ။ အဲသည်အရာတွေကတော့ ၁၀ မိုင်ကရွန် (microns) ထက် သေးငယ်တဲ့အရာတွေ (တစ်မီတာရဲ့ အပုံတစ်သန်းပုံတစ်ပုံရှိ အရာများ) ပဲဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့ မီးသင်္ဂြိုဟ်မှု၊ မီးလောင်ကျွမ်းမှုတွေကနေ ပေါ်ထွက်လာခြင်းပဲဖြစ်ပါတယ်။

သို့ပေမဲ့ အသက်ရှူမွန်းကျပ်စေတဲ့ ယင်းအာရ်အက်စ်ပီအမှုန်အမွှားတွေရဲ့ ၅၂ ရာခိုင်နှုန်းဟာ ဒီဇယ်ယာဉ်တွေက ထုတ်လွှတ်တဲ့အင်ဂျင်တွေက ထွက်ပေါ်လာတာပါ။ အာရ်အက်စ်ပီတွေဟာ သည့်ထက်ကြီးတဲ့ အပိုင်းအစပစ္စည်းတွေလို ခန္ဓာကိုယ်ထဲက အလွယ်တကူဖယ်ထုတ်ခြင်း မပြုနိုင်ပါဘူး။ အဆိုပါ အာ့ရ်အက်စ်ပီအမှုန်အမွှားတွေဟာ အဆုတ်ထဲအထိ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်နိုင်ပြီး ခံနိုင်ရည်နည်းပါးတဲ့ ကလေးငယ်တွေကို ပိုမိုဒုက္ခပေးနိုင်တယ်။

ဒါကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီတွေကတော့ အစိုးရအနေနဲ့ မီးခိုးထွက်တဲ့မော်တော်ယာဉ်တွေကို ဒဏ်တပ်ရာမှ ဒဏ်ငွေ ၅၈ ဒေါ်လာကနေ ၇၄ ဒေါ်လာအထိ တိုးမြှင့်ဖို့ အဆိုပြုထားတဲ့ ဥပဒေတစ်ရပ်ကို ဥပဒေပြုကောင်စီမှာ တရားဝင်ပြဋ္ဌာန်းခြင်းမပြုတဲ့အတွက် ပြက်ရယ်ပြုလျက် ရှိကြပါတယ်။

သို့ပေမဲ့ ဥပဒေပြုကောင်စီရဲ့ ပို့ဆောင်ရေးကဏ္ဍကိုယ်စားလှယ် မိုင်ရီယယ်လော်ကင်ယီကတော့ အဆိုပါဥပဒေပြဋ္ဌာန်းရေးဟာ အင်္ဂါးယာဉ်တွေနဲ့ စီးပွားရေးအတွက် ပြေးဆွဲနေတဲ့ယာဉ်တွေရဲ့ ယာဉ်မောင်းသမားတွေအတွက် တရားမျှတမှုမရှိနိုင်ဘူးလို့ ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဟာ ဒီဇယ်မော်တော်ကားတွေကို မောင်းနေရသူတွေပါ။ ဒါဟာ သူတို့ရဲ့ အသက်မွေးမှုလုပ်ငန်းပါ။ သူတို့အနေနဲ့ ဒီကိစ္စကို ဘယ်လိုမှ မဆောင်ကြဉ်းနိုင်ပါဘူး"
လို့ မိုင်ရီယမ်လော်ကင်ယီက ဆိုပါတယ်။

အဌားယာဉ်များ ဓာတ်ငွေ့ရည်ပြောင်းလဲသုံးစွဲရေး

ယခုအခါမှာဆိုရင် ဟောင်ကောင်အာဏာပိုင်တွေဟာ ဒီဇယ်အင်ဂျင်တပ်ဆင်ထားတဲ့ အဌားယာဉ်ပေါင်း ၁၇,၀၀၀ စလုံးကို ဂက်စ်ဓာတ်ငွေ့ရည် (LPG) သုံးယာဉ်တွေအဖြစ်သို့ ပြောင်းလဲပစ်ချင်နေတာပါ။ ယမန်နှစ်က ဒီဇယ်တက္ကစီကား ၃၀ ကို ဓာတ်ငွေ့ရည်ကားအဖြစ် စမ်းသပ်ပြောင်းလဲရာမှာ အောင်မြင်မှုရရှိခဲ့ပါတယ်။ ဒါကြောင့် ၂၀၀၅ ခုနှစ်ရောက်ရင် ဒီဇယ်ကားအားလုံးကို ဓာတ်ငွေ့သုံးကားအဖြစ် ပြောင်းလဲပစ်ဖို့ ရည်မှန်းထားခဲ့တာပါ။

အဲသည်လိုပြောင်းလဲပစ်ခဲ့ရင် ဟောင်ကောင်ရဲ့ လေထုညစ်ညမ်းမှုအဆင့်ဟာ ၃၀ ရာခိုင်နှုန်း လျော့ကျသွားမှာဖြစ်ကြောင်း ဟောင်ကောင်အုပ်ချုပ်ရေးအဖွဲ့က ဆိုတယ်။ ယခုအခါမှာ ဟောင်ကောင်အာဏာပိုင်တွေကတော့ အဌားကားတွေအနေနဲ့ ဂက်စ် ပြောင်းလဲသုံးစွဲခြင်းကြောင့် လက်ရှိကုန်ကျစရိတ်ထက်ပိုပြီး မကုန်ဘူးလို့ ပြောပါတယ်။

လက်ရှိအချိန်မှာ တက္ကစီကားတွေဟာ ဟောင်ကောင်မှာရှိတဲ့ မော်တော်ယာဉ်တွေအားလုံးရဲ့ သုံးရာခိုင်နှုန်းသာရှိပေမဲ့ လေထုညစ်ညမ်းမှုရဲ့ ၂၉ ရာခိုင်နှုန်းဟာ အဆိုပါ အဌားယာဉ်တွေကြောင့် ပေါ်ပေါက်လာရတာပါ။ ဒါကြောင့်လည်း ဟောင်ကောင်အာဏာပိုင်တွေအနေနဲ့ တက္ကစီကားတွေကို အယ်လ်ပီဂျီဓာတ်ငွေ့ရည်သုံး မော်တော်ကားတွေအဖြစ် ပြောင်းလဲဖို့ ကြိုးပမ်းနေခြင်းဖြစ်ပါတယ်။

သည်လိုဆောင်ရွက်ရာမှာ မော်တော်ယာဉ်တွေအတွက် ဓာတ်ငွေ့ရည်ဖြည့်ပေးမယ့် ဓာတ်ဆီဆိုင်တွေ ပိုမိုဖွင့်လှစ်ပေးဖို့ လိုအပ်ပါတယ်။ သည်လိုဓာတ်ငွေ့ရည်ဆိုင်တွေ ဖွင့်လှစ်ရာမှာ သည်ဆိုင်တွေဟာ လူနေရပ်ကွက်တွေနဲ့ အနည်းဆုံး ၅၅ မီတာဝေးရမှာပါ။ သို့ပေမဲ့ လူနေထူထပ်လှတဲ့ ဟောင်ကောင်အဖို့ အဆိုပါအချက်ကို လိုက်နာကျင့်သုံးဖို့ ခက်ခဲလှပါတယ်။

တကယ်တော့ ဟောင်ကောင်ဟာ ကမ္ဘာပေါ်မှာ ဘတ်စ်ကားအရေအတွက် အများဆုံးနိုင်ငံတစ်နိုင်ငံပါ။ သို့ပေမဲ့ သက်ဆိုင်သူတွေဟာ ဘတ်စ်ကားတွေမှာ အယ်လ်ပီဂျီဓာတ်ငွေ့ရည်သုံးစွဲဖို့ မစဉ်းစားသေးပါဘူး။ သည်လိုဖြစ်ရတာကလည်း ဘတ်စ်ကားတွေဟာ ပိုမိုကြီးမားတဲ့အတွက် ဂက်စ်သုံးစွဲခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ခဲ့ရင် အန္တရာယ်ကြီးမားနိုင်လို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဘတ်စ်ကားတွေကိုပါ ဓာတ်ငွေ့သုံးစွဲစေခဲ့ရင် ဓာတ်ငွေ့ရည်အများအပြားကို သိုလှောင်ဖို့နေရာအခက်အခဲကြောင့်လည်း ဘတ်စ်ကားတွေကို ဓာတ်ငွေ့ရည်မသုံးစေတာဖြစ်နိုင်ပါတယ်။

ဂွန်ဒေါင်းမှ စက်ရုံမီးခိုးများ

ဒါ့အပြင် တရုတ်နိုင်ငံတောင်ပိုင်းက မီးခိုးတလူလူထွက်နေတဲ့စက်ရုံတွေဟာလည်း ဟောင်ကောင်ရဲ့လေထုကို ပိုမိုညစ်ညမ်းစေပါတယ်။ ဟောင်ကောင်ရဲ့ အိမ်နီးချင်းပြည်နယ်ဖြစ်တဲ့ ဂွန်ဒေါင်းပြည်နယ်ဆိုရင် တစ်နှစ်လျှင် ဆာလ်ဖာဒိုင်အောက်ဆိုက် ၆၉၀,၀၀၀ တန် ထုတ်လွှတ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟောင်ကောင်ရှိစက်ရုံတွေကတော့ တစ်နှစ်ကို ဆာလဖာဒိုင်အောက်ဆိုက် တန် ၈၀,၀၀၀ သာ ထုတ်လွှတ်တာပါ။

၁၉၉၀ ပြည့်နှစ်တွေရဲ့ စောစောပိုင်းတုန်းကဆိုရင် ဟောင်ကောင်မှာရှိကြတဲ့ စက်ရုံအများအပြားဟာ လုပ်သားခပိုမိုသက်သာတဲ့ တရုတ်ပြည်မကြီးဘက်ကို ပြောင်းရွှေ့ခဲ့ကြတယ်။ ယင်းစက်ရုံတွေဟာ ဆာလဖာဓာတ်အများဆုံးပါတဲ့ လောင်စာတွေကို သုံးစွဲကြတဲ့ စက်ရုံတွေပါ။

ဒါကြောင့် အောက်တိုဘာလကနေ ဧပြီလအတွင်း မြောက်ပြန်လေတိုက်ခတ်တဲ့ကာလမှာဆိုရင် ပြည်မကြီးတောင်ပိုင်းမှာရှိတဲ့ စက်ရုံတွေဆီက ထွက်ပေါ်လာတဲ့ ဆာလဖာနဲ့ နိုက်ထရိုဂျင်ဓာတ်တွေဟာ ဟောင်ကောင်ဆီကို ပို့လွှင့်လာ ပါတယ်။ သည်အခါမှာ အဆိုပါဓာတ်ငွေ့တွေဟာ မော်တော် ယာဉ်တွေဆီကထွက်တဲ့ ဓာတ်ငွေ့တွေနဲ့ရောပြီး ဟောင်ကောင်ရဲ့လေထုထဲမှာ အဆိပ်အတောက်တွေ ပြည့်နေတဲ့ တိမ်တိုက်တွေအဖြစ် နေရာယူလာပါတယ်။

ဒါကြောင့် 'ကမ္ဘာမြေစိမ်းလန်းစိုပြည်ငြိမ်းချမ်းရေး' လို့ဆော်သူ ဟောဝပ်လျူက

"မြောက်ပြန်လေ တိုက်ခတ်လာပြီဆိုရင် ကျွန်တော်တို့ရဲ့ အေပီအိုင် (လေထုညစ်ညမ်းမှုညွှန်းကိန်း) ဟာ မြင့်တက်လာတော့တာပဲ"လို့ ပြောပြပါတယ်။

ပုလဲမြစ်ဝှမ်းမှာ ရှာတဲ့အက်စစ်မိုး

ဒဲ့အပြင် တရုတ်နိုင်ငံတောင်ပိုင်းက ဒေါက်ဂွန်းမှာရှိတဲ့ ပြည်နယ်အစိုးရနဲ့ အမေရိကန်ကုမ္ပဏီတစ်ခုတို့ ဖက်စပ်ပိုင်ဆိုင်တဲ့ ရှာဂျီအိုစီစွမ်းအင်စက်ရုံဆိုရင် မီးခိုးခေါင်းတိုင်တွေကနေပြီး အနံ့ဆိုးရှားလှတဲ့ မီးခိုးငွေ့တွေကို အဆက်မပြတ် လွှတ်ထုတ်လျက်ရှိနေတာပါ။



အဲသည်ကုမ္ပဏီရဲ့ အင်ဂျင်နီယာ ဇောင်ဂေါင်ယာအိုက "ဟောင်ကောင်ကုမ္ပဏီတွေဟာ ကျွေးတို့ကို အသုံးချပြီး ငွေရှာကြတယ်၊ ဒါပေမဲ့ အဆုံးမှာတော့ သူတို့ လုပ်ရပ်က သူတို့ကို ပြန်ပြီးခြောက်လှန့်နေပြီလေ။ တကယ်တော့ ကျွေးတို့အားလုံးဟာ အမိုးတစ်ခုတည်းအောက်မှာ နေကြတာမဟုတ်လား" လို့ သူ့ထင်မြင်ယူဆချက်ကို ဖွင့်ဆိုပါတယ်။

သည့်နောက် ဇောင်က ပုလဲမြစ် မြစ်ဝကျွန်းပေါ်ဒေသမှာ ရွာချတဲ့အက်စစ်မိုးကြောင့် တရုတ်နိုင်ငံတောင်ပိုင်းနဲ့ ဟောင်ကောင်တို့မှာ စိုက်ပျိုးပင်တွေသေခဲ့ရပြီး အဆောက်အအုံတွေ ထိခိုက်ပျက်စီးခဲ့တယ်လို့ ထောက်ပြခဲ့တယ်။ ယင်းဖြစ်ရပ်တွေကို ဟောင်ကောင်နဲ့ တရုတ်ပြည်မကြီးတို့ရှိ နှစ်ဖက်အာဏာပိုင်တွေက အသိအမှတ်ပြုကြပါတယ်။

ယခုအခါမှာ လေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့အတွက် တုန်ချီဟွာရဲ့လက်ထောက်အန်ဆန်ချန်ဖန်အွန်ဆန် သဘာပတိအဖြစ် ဆောင်ရွက်မယ့် အဆင့်မြင့်လုပ်ပိုင်ခွင့်အာဏာရှိ ပူးတွဲအဖွဲ့တစ်ရပ် ဖွဲ့စည်းလိမ့်မယ်ဆိုတဲ့ ထင်ကြေးတွေ ပေါ်ထွက်နေပါတယ်။

သို့ပေမဲ့ တကယ့်အခြေအနေမှာတော့ ဟောင်ကောင်ရဲ့ လေထုသန့်ရှင်းလာဖို့ဆိုတာဟာ တုန်ချီဟွာနဲ့ သူ့ရဲ့ အုပ်ချုပ်ရေးအဖွဲ့တို့အနေနဲ့ လေထုသန့်ရှင်းရေးကိစ္စအတွက် ကိုယ်ကျိုးမဲ့ဘဲ တကယ်လုပ်ဆောင်ချင်တဲ့ နိုင်ငံရေးဆန္ဒ ရှိမရှိဆိုတာပေါ်မှာ တည်မှီနေတာပါ။

ရဲခေါင်မျိုး

(Ref: Asiaweek, Oct 1, 1999)

ဧနမဂ္ဂဇင်း၊ ၁၉၉၉၊ ဒီဇင်ဘာလ။

(ယနေ့ကမ္ဘာပေါ်တွင် ၁၉ ရာစုနှောင်းပိုင်းမှစ၍ လေထုညစ်ညမ်းမှုများ စတင်ဖြစ်ပေါ်လာခဲ့သော်လည်း အလေးမထားခဲ့ကြရာမှ ယခု ၂၁ ရာစုတွင် လေထုညစ်ညမ်းမှုကြောင့် တစ်နှစ်လျှင် လူငါးသန်းကျော် အသက်ဆုံးရှုံးလျက်ရှိနေသည်။)

www.burmeseclassic.com

www.burmeseclassic.com

မော်တော်ကားယဉ်ကျေးမှုထွန်းကားလာခြင်းနှင့်အတူ ဒွန်တွဲပါလာသည့်လေထုညစ်ညမ်းမှုပြဿနာ

မင်းထက်မြတ်

ယနေ့ ပေကျင်းမြို့တော်ကို ကြည့်လိုက်မည်ဆို ပါက မော်တော်ကားယာဉ်တန်းကြီးမှာ မျှော်မဆုံးနိုင်အောင် ရှည်လျားသွယ်တန်းနေလျက်ရှိရာ ယင်းကားများမှထွက်သော မီးခိုးငွေ့များမှာလည်း မြို့၏ အထပ်မြင့် မိုးမျှော် အဆောက်အအုံများထိပါ ဖြန့်ကြက်လွှမ်းခြုံလျက်ရှိနေရာ ပေကျင်းတစ်မြို့လုံးကိုပါ မီးခိုးရောင်အဖြစ်သို့ အရောင်ပြောင်းစေလျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်အတွင်းက ကားအစီးရေ ၁၃ သန်းကျော်ရောင်းချနိုင်ခဲ့သော တရုတ်နိုင်ငံတွင် မော်တော်ကားများမှာ ခေတ်သစ် မရှိမဖြစ်နေ့စဉ်သုံးပစ္စည်းတစ်ခုသဖွယ် ဖြစ်လာခဲ့ပြီးသည့်နောက် ယနေ့ ပေကျင်းအပါအဝင် တရုတ်နိုင်ငံ၏ အထင်ကရမြို့ကြီးများတွင် လေထုညစ်ညမ်းမှုပြဿနာမှာ ကြီးထွားလာခဲ့သည်။ ယခုရက်ပိုင်းအတွင်း ပေကျင်းမြို့နေလူထုမှာ လေထုညစ်ညမ်းမှုဒဏ်ကို သိသိသာသာဖြင့် ပိုမိုခံစားလာရကြောင်း ယင်းမြို့တွင်နေထိုင်သူ ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။ လွန်ခဲ့သည့်နှစ် ၂၀ ကျော်ကာလအတွင်း တရုတ်နိုင်ငံတွင် လူလတ်တန်းစားဦးရေမှာ သိသာစွာပင် မြင့်တက်လာခဲ့ရာ တစ်ချိန်တည်းတွင် မော်တော်ကားများမှာလည်း စီးပွားရေးချောင်လည်ပြည့်စုံမှု၏ သင်္ကေတတစ်ရပ်ဖြစ်လာခဲ့သည်။ နိုင်ငံ၏စီးပွားရေးမှာလည်း တည်ငြိမ်စွာဖြင့် ဆက်လက်ဖွံ့ဖြိုးလျက်ရှိနေရာ စီးပွားရေး ပိုမိုအဆင်ပြေလာသော တရုတ်ပြည်သူများအကြား မော်တော်ကားဖက်ရှင်အပေါ် တပ်မက်စွဲလမ်းမှုမှာ ပိုမိုအားကောင်းလာခဲ့ခြင်း ဖြစ်သည်။ တစ်ဖက်ကလည်း တရုတ်မြို့နေ လူထုအကြား လေထုညစ်ညမ်း

www.burmeseclassic.com

www.burmeseclassic.com

ပြဿနာမှာ ပိုမိုကြီးထွားလာခဲ့ပြီး တရုတ်လူမျိုးတို့၏ ကျွန်းမာရေး၊ ကုန်ထုတ်လုပ်မှုနှင့် အသက်ရှင်နေထိုင်မှု တန်ဖိုးအပေါ်တွင် များစွာသက်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

ခြိုးခြံချွေတာသူ လူမျိုးအတွက် တန်ဖိုးနည်းကား

"ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် တရုတ်မြို့ကြီး အများအပြားမှာ လေထုဟာ တစ်နေ့တခြား ပိုပြီးညစ်ညမ်းလာနေပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း လူကျပ်တဲ့ ဘတ်စ်ကားတွေကို မစီးချင်သလို ညစ်ညမ်းနေတဲ့လေထု အကြားက လမ်းတွေပေါ်မှာ လမ်းလျှောက်လိုစိတ်လည်း မရှိပါဘူး။ ဒါကြောင့် ကားမောင်းဖို့ကိုပဲ ရွေးချယ်ဖြစ်ခဲ့ပါတယ်။ ဒီလို ကားမောင်းသူအရေအတွက် များပြားလာတဲ့ အတွက် လေထုညစ်ညမ်းမှုဟာ ပိုပြီးဆိုးလာပါတယ်" ဟု ပေကျင်းမြို့နေ မြို့ပြလူထုအကြား လေထုညစ်ညမ်းမှုကို တိုးပွားစေသည့်အကြောင်းရင်းနှင့် ပတ်သက်ကာ ချားရဟတ်သဖွယ် လည်နေပုံကို ပေကျင်းရှိ မီးရထားမောင်းသူ မစ္စတာဂိုဖီမှ ပြောကြားခဲ့သည်။ လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ဆယ်ကျော်ကာလအတွင်းက ပေကျင်းမြို့၏လမ်းမများ ထက်ဝယ် ကားများအစား စက်ဘီးများသာ နေရာယူထားခဲ့ကြောင်း သိရသည်။ ယနေ့အချိန်ကာလ တရုတ်မြို့ပြ ယဉ်ကျေးမှုအတွင်း ကားတစ်စီးကို ဝယ်ယူရသည်မှာ တစ်ချိန်က စက်ဘီးတစ်စီးကို ဝယ်ယူရသကဲ့သို့ပင် လွယ်ကူလှကြောင်း မစ္စတာဂိုဖီမှ ဆိုသည်။ တရုတ်လူမျိုးများအနေဖြင့် ယင်းကဲ့သို့ မော်တော်ယာဉ်များအား ယခုကဲ့သို့ လွယ်လင့်တကူ ပိုင်ဆိုင်ခွင့်ရထားသည့် ကာလကား မကြာ

လှသေးပေ။ ၎င်းအပြင် နှစ်ကာလကြာရှည်စွာ စက်ဘီးစီးလာခဲ့ရသော ၎င်းတို့အတွက် မော်တော်ကား ယဉ်ကျေးမှုမှာ ဆန်းသစ်သေးလျက်ရှိရာ ယင်းကဲ့သို့ ကားမောင်းရန် ခံတွင်းတွေ့နေခြင်းမှာ မဆန်းလှပေ။ တရုတ် မြို့နေလူတန်းစားအနေဖြင့် လူများ ပြွတ်သိပ်ကျပ်ညပ်နေသည့် ဘတ်စ်ကားကိုတိုးစီးမည့်အစား ယာဉ်ကြောပိတ်ဆို့မှုနှင့် ရင်ဆိုင်ရမည်ဖြစ်သော မိမိ၏ ကိုယ်ပိုင်ကားများကို မောင်းနှင်နိုင်မည့်နည်းလမ်းအား ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ၁၉၉၀ ခုနှစ်များဆီသို့ ပြန်လည်ဦးလှည့်ကြည့်လိုက်မည်ဆိုပါက ပေကျင်းမြို့တော်၏ လမ်းမများထက်ဝယ် တရုတ်အစိုးရပိုင် ဝန်ကြီးဌာနကားတချို့နှင့် အစိုးရပိုင် လုပ်ငန်းကြီးများပိုင် မော်တော်ယာဉ်တချို့ကိုသာ မြင်တွေ့နိုင်မည် ဖြစ်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ပုဂ္ဂလိကအား ကားပိုင်ဆိုင်ခွင့်ပြုသည်မှ ချွင်းချက်အနေဖြင့် အနည်းငယ်သာရှိခဲ့သည်။ ယခုနောက်ပိုင်းတွင်မှ တရုတ်အစိုးရသည် ပြည်တွင်းနေထိုင်သူ နိုင်ငံသားများ၏ ကားဝယ်ယူရေးလို အင်ကို အမိအရအသုံးချကာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုး တက်ရန် စနစ်တကျ မူဝါဒချမှတ်ကာ ဆောင်ရွက်လာခဲ့ခြင်း ဖြစ်သည်။ တစ်ဖက်က ဘဝတစ်လျှောက်လုံး ကိုယ်ပိုင်ကား စီးခွင့်မသာခဲ့သော တရုတ်ပြည်သူများ၏ အာသီသကို ဖြည့်ဆည်းပေးရင်း တစ်ဖက်ကလည်း နိုင်ငံတွင်း ပြည်သူလူထု၏ အသုံးစရိတ် မြှင့်တင်နိုင်ရေးအတွက် တရုတ်အစိုးရမှ ပြည်တွင်းဘဏ်များနှင့် ချိတ်ဆက်ကာ ကားဝယ်ယူလိုသူများအတွက် အဆင်ပြေချောမွေ့စေရန် ငွေထုတ်ချေးပေးမှုများ ပြုံ့လုပ်ခဲ့သည်။ အဆိုပါမူဝါဒအား ချမှတ်အကောင်အထည်ဖော်ခဲ့ရာတွင် တရုတ်လူမျိုးတို့၏ အစဉ်အလာတစ်ခုသဖွယ် ခြိုးခြံချွေတာခြင်းဓလေ့ကို ထည့်သွင်းစဉ်းစားထား သည်ကို တွေ့ရသည်။ တစ်လလျှင် လစာဝင်ငွေ ပျမ်းမျှ ယွမ် ၅၆၀၀၀ (အမေရိကန်ဒေါ်လာ ၈၉၀၀) ခန့်ရှိသော ပေကျင်းမြို့နေလူထုအကြား အလွယ်တကူ ဝယ်ယူနိုင်မည့် ဈေးသက်သာလှသော Buick Regal ကဲ့သို့သော ကားမျိုးကို အမေရိကန်ဒေါ်လာ ၂၉၀၀၀ ခန့်ဖြင့် ရောင်းချပေးခဲ့ သည်မှာ သာဓကပင် ဖြစ်သည်။

မည်သို့ဆိုစေ နောက်ဆုံးထွက်ပေါ်လာသည့် ရလဒ်ကား ကားများ အဆမတန်များပြားလာခြင်းကြောင့် လေထုညစ်ညမ်းမှုမှာ ဆိုးရွားစွာ ပေါ်ပေါက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

တရုတ်နိုင်ငံတွင် မော်တော်ကားများမှ ကာဗွန်ဒိုင်အောက်ဆိုက်များ ထုတ်လွှတ်နေခြင်းကြောင့် လေထုကို အဓိကညစ်ညမ်းစေလျက်ရှိပြီး အခြားသော ဒုတိယမြောက် အန္တရာယ်အကြီးမားဆုံးရန်သူကား မြို့ပြဒေသရှိ စွမ်းအင်စက်ရုံကြီးများမှ ကျောက်မီးသွေးများလောင်ကျွမ်းရာမှ ထွက်ပေါ်လာသည့်ဓာတ်ငွေ့များပင် ဖြစ်သည်။ ယင်းအဆိပ်သင့်လေထုမှာ ပေကျင်းလူထု၏ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ခန္ဓာကိုယ်များအတွင်းသို့ အလွယ်တကူ ဝင်ရောက်လျက်ရှိစေကာ ယခုအခါတွင် ယင်းရောဂါဝေဒနာကို ခံစားနေရသူ အရေအတွက်မှာ အဆမတန်များပြားလာချက်ရှိကြောင်း ပေကျင်းမြို့တော်ဝန်ဟောင်း မစ္စတာဟွန်ဖန်းက ပြောကြားခဲ့သည်။

ပေကျင်းမြို့တော်အတွင်း လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများအား လေ့လာကြည့်မည်ဆိုပါက မော်တော်ကားများမှထွက်သော ကာဗွန်ဒိုင်အောက်ဆိုက်များက ၂၂ ရာခိုင်နှုန်း၊ ကျောက်မီးသွေးလောင်ကျွမ်းရာမှထွက်ရှိသော မီးခိုးငွေ့များက ၁၇ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွင်းက ထွက်ပေါ်လာသည့် ဓာတ်ငွေ့များက ၁၆ ရာခိုင်နှုန်းဖြင့် အဓိကပါဝင်လျက်ရှိသည်။ ယခုလပိုင်းအတွင်း ပေကျင်းမြို့တော်ရှိ လေထု၏သန့်စင်မှုမှာ သိသာစွာ ကျဆင်းသွားခဲ့သည်ကို ယခင်က ဖြူဖြူဖွေးဖွေးရှိခဲ့သော အဆောက်အအုံများ မီးခိုးရောင်အဖြစ်သို့ အရောင်ပြောင်းသွားခြင်းက သက်သေခံနေသည်။ ပေကျင်းမြို့တော်အတွက် အကျည်းတန်ဆုံးအရာတစ်ခုမှာ မြူများအုံ့ဆိုင်းလျက်ရှိနေခြင်းပင် ဖြစ်ကြောင်းနှင့် ၎င်း၏ ဘဝသက်တမ်းတစ်လျှောက်တွင် ယင်းကဲ့သို့ မြူခိုးများ ထူထပ်စွာ အုံ့ဆိုင်းလျက်ရှိနေခြင်းမျိုးကို မမြင်တွေ့ခဲ့ဖူးကြောင်း ပေကျင်းမြို့သား စစ်သားဟောင်းတစ်ဦးဖြစ်သူ မစ္စတာ ကျန်ကွမ်းမှ ပြောကြားခဲ့သည်။ "ကျွန်တော့် ငယ်ဘဝတုန်းကဆိုရင် ကျောင်းမှာ ဆရာမက နဂါးငွေ့တန်းကို ဘယ်လိုမြင်တွေ့နိုင်သလဲဆိုတာကို လမ်းညွှန်သင်ကြားပေးခဲ့ပါတယ်။ အဲဒီနောက် ညဘက်မှာ ကျွန်တော်ကြိုးစားရှာဖွေကြည့်တဲ့အခါမှာ တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော့်လိုမျိုး အခုခေတ် ကလေးငယ်တွေ ဘယ်လိုမှ တွေ့ခွင့်ရနိုင်တော့မှာ မဟုတ်ပါဘူး" ဟု မစ္စတာ ကျန်မှ သူ၏ ခံစားချက်အတွေ့အကြုံကို ပြောသည်။

တရုတ်နိုင်ငံတွင် မော်တော်ကားများမှ ကာဗွန်ဒိုင်အောက်ဆိုက်များထုတ်လွှတ်နေခြင်းကြောင့် လေထုကို အဓိကညစ်ညမ်းစေလျက်ရှိပြီး အခြားသော ဒုတိယမြောက် အန္တရာယ်အကြီးမားဆုံးရန်သူကား မြို့ပြဒေသရှိ စွမ်းအင် စက်ရုံကြီးများမှ ကျောက်မီးသွေးများလောင်ကျွမ်းရာမှ ထွက်ပေါ်လာသည့်ဓာတ်ငွေ့များပင် ဖြစ်သည်။

အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိရန်လို

ယနေ့အချိန်တွင်မူ ဖုံးကွယ်ထားရန် ခက်ခဲလာသော အဆိုပါပြဿနာနှင့် စပ်လျဉ်း၍ တရုတ်ပြည်သူလူထုမှလည်း နိုင်ငံတွင်း လေထုညစ်ညမ်းမှုမှာ မည်သည့်အဆင့်သို့ ရောက်ရှိနေပြီဆိုသည်ကို အစိုးရအနေဖြင့် ထင်သာမြင်သာရှိစွာဖြင့် ထုတ်ပြန်ပေးရန် တောင်းဆိုလာကြသည်။ တရုတ်မီဒီယာများအနေဖြင့် စတုတ္ထမဏ္ဍိုင်ပီသစွာဖြင့် ပြည်သူလူထုထံသို့ ကျန်းမာရေးလမ်းညွှန်မှုများ၊ အစိုးရကို ထောက်ပြဝေဖန်မှုများ ပြုလုပ်ရန် လိုအပ်လာပြီဖြစ်သည်။ သို့မဟုတ်က စီးပွားရေး တရှိန်ထိုးဖွံ့ဖြိုးမှုတွင် ကမ္ဘာလုံးဆိုင်ရာ စံပြမော်ဒယ်တစ်ခုဖြစ်ခဲ့သော တရုတ်နိုင်ငံ၏ စူပါပါဝါအဖြစ် ရပ်တည်ရေးရည်မှန်းချက်မှာ ကျန်းမာရေးချို့ချာသော နိုင်ငံသားများဖြင့် တည်ဆောက်အကောင်ထည်ဖော်ရန်မှာ မဖြစ်နိုင်ကြောင်းကို တရုတ်အစိုးရအဖွဲ့နှင့် မူဝါဒချမှတ်သူများ Policy Maker များအနေဖြင့် သိနားလည်၍ မူဝါဒချမှတ်ကာ ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။

မင်းထက်မြတ်

Ref: China Pollution: Can Cause Major Air Problems in Chinese Cities

UNITY Journal အတွဲ ၂ အမှတ် ၁၁၊ မတ် ၁၆၊ ၂၀၁၃ မှ

www.burmeseclassic.com

www.burmeseclassic.com

ဒေါနတောင်တန်းတစ်ဘက်ခြမ်းမှ

မေတ္တာတရားထုံမှုန်းရာ ဒေသသို့ တစ်ခေါက်

ငြိမ်းလူ

ကျွန်တော့်ရဲ့ဘဝမှာ ထိုကဲ့သို့သောနေရာသို့ သွားရောက်ရလိမ့်မယ်လို့ အိပ်မက်ထဲမှာပင် ထည့်မက်ခဲ့ဖူး ခြင်း မရှိပါ။ အမှန်တကယ် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များရဲ့ ကွန်းခိုရာတစ်ခုဖြစ်လဲ ဒေါနတောင်တန်းကို ကျော်သွားပြီး အခက်အခဲများစွာကို ကျော်ဖြတ်ကာ ကလိထူးဘောနယ်မြေအခြေစိုက်ရာ သောင်ရင်းမြစ်ရဲ့ မြန်မာနိုင်ငံဘက်ခြမ်းဧရိယာကို ရောက်ရှိခဲ့ရတာပဲဖြစ်တယ်။ အဲဒီရွာလေးရဲ့အမည်က သဘာဝကျကျ လှပနေတယ်။ ကျောက်ခက်ရွာကလေးတဲ့။ ဒီရွာလေးမှာ အိမ်ထောင်စု ၇၀ ခန့် မှီတင်းနေထိုင်ကြပြီး အဓိကအသက်မွေးဝမ်းကျောင်းက ပြောင်းသီးနှံစိုက်ပျိုးတာပါ။ တွက်လေ့ရှိမှု ကောက်ပဲသီးနှံကို တစ်ဖက်ကမ်းကိုတင်ပို့ရောင်းချပြီး ရှင်သန်နေထိုင်ကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com

ဒီကျောက်ခက်ရွာကလေးကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရတာက ရန်ကုန်တိုင်းထဲမှာ ရှိတဲ့ ကျေးရွာတစ်ရွာ က ဖျက်သိမ်းခံရတာကြောင့် မိသားစု ၁၀၀ ကျော်ကို DKBA က တာဝန်ရှိသူ တစ်ဦးရဲ့ အစီအစဉ်နဲ့ အဲဒီ လွတ်လပ်တဲ့နယ်မြေမှာ ရွှေ့ပြောင်းအခြေချနေထိုင်ဖို့ ခရီး မှာ သတင်းယူဖို့ သတင်းမှတ်တမ်းတင်ဖို့ လိုက်ပါရခြင်းပဲ ဖြစ်ပါတယ်။ ဒုက္ခသည်ရာကျော်နဲ့ စားနပ်ရိက္ခာများပါဝင်တဲ့ ကားတန်းက ဧပြေလ ၂ ရက်နေ့ မနက်ခင်းမှာ ဝေလီဝေလင်းမှာ စတင်ခရီးထွက်ခဲ့ကြပါတယ်။ ခရီးစဉ်အစမှာ အခက်အခဲ တစ်စုံတစ်ရာ မရှိသေးပါဘူး။ နောက်ပိုင်းကျမှသာ အခက်အခဲများစွာက တန်းစီရောက်ရှိလာတာပါ။

ဆယ်ဘီးကား (၃) စီးနဲ့ ပစ္စည်းတွေ၊ အိုးအိမ်မဲ့ တွေတင်ဆောင်လာတဲ့ ခရီးသွားတစ်စုက ဦးဆောင်ခေါ်ယူ သူများနဲ့အတူ မနက် ၁၁ နာရီ လောက်မှာ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်အစပ်က ဒုံတမိတံတားကို ရောက်ရှိကြတယ်။ အဲဒီမှာ ရပ်တန့်ခံရတဲ့ အခက်အခဲစတင်တာပါပဲ။ ပြည်နယ် တာဝန်အရှိဆုံးပုဂ္ဂိုလ်က ယာဉ်တန်းကို တားဆီး ပိတ်ဆို့ထားလိုက်တယ်။

ဒီခရီးစဉ်ဖြစ်ပေါ်ရတဲ့အကြောင်းရင်းထဲက အဓိကဇာတ်ဆောင်ဖြစ်တဲ့ ကလို့ထူးဘော ဒေသက အရောက်လာခေါ်ဆောင်သူက အခုလို ပြောခဲ့တယ်။ "သူတို့ကို ကျွန်တော်တို့လာတွေ့တဲ့အခါ စိတ်ထဲမှာမချမ်းသာဘူး၊ ငါတို့နိုင်ငံရဲ့ နိုင်ငံသားတွေဖြစ်တယ်။ သူတို့မိသားစုအစုလိုက် အပြုံလိုက် ဖယ်ရှားခံရတယ်။ အဲဒီတော့ မင်းတို့ နေရာမရှိရင် ငါတို့ကရင်ပြည်နယ်ကိုလာနေပေါ့လို့ ကတိကဝတ် ပြုခဲ့တယ်။ နောက် လာနေမယ်လို့ သူတို့က ပြောတော့ ကျွန်တော်တို့ကရင်တွေ ဘယ်လောက်ကတိ တည်တယ်ဆိုတာ ပြချင်လို့ပါ။ ဒါကြောင့် ဒီနေ့ အခြေအနေကို ရောက်လာတာပါ။"

ရန်ကုန်တိုင်းဒေသကြီးထဲက ကျေးရွာလေး တစ်ရွာမှာ နေထိုင်ကြသူများကို ဖယ်ရှားပစ်ခဲ့တဲ့ အဖြစ်အပျက်နဲ့ ပတ်သက်လို့လည်း သူတို့ရဲ့သဘော ထားကို ရှင်းပြခဲ့သေးတယ်။ "ပြောမယ်ဆိုရင် နည်းနည်းပြောရင် နည်းနည်းပဲ၊ ပုံကြီးချဲ့ခရေစေ့တွင်း ကျပြောမယ်ဆိုရင်လည်း တော်တော် များများပြော ရမယ်ဗျ။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေး တည်ဆောက်နေတဲ့ကာလမှာ သူမကောင်းတာကို မကောင်းဘူးမပြောချင်ဘူး။ နိုင်ငံသားတွေ ဒုက္ခ အများကြီးမဖြစ်အောင် စေတနာကြီးကြီးထားပြီး သေချာစဉ်းစားပြီး ဆောင်ရွက်စေချင် တယ်။ ဒီလိုပဲ စီမံကိန်းနဲ့မလွတ်ဘူး၊ ဟိုလူနဲ့ပတ်သက်တယ်၊ ဒီလူနဲ့ ပတ်သက်တယ်ဆိုရင် လူသားတွေဒုက္ခရောက်မယ်၊ ပိုပြီးခံစားချက်ကြီးလာရင် သူပုန်ဖြစ်လာမယ်။ ဒါက မြန်မာ နိုင်ငံရဲ့သမိုင်းကိုကြည့်ရင် သိပါလိမ့်မယ်။ ဆိုလိုချင်တာက ဒီလိုမျိုးထပ်လုပ်မယ်ဆိုရင် ကျွန်တော်တို့အနာဂတ်အတွက် ဘယ်ကောင်းမလဲ၊ တိုင်းပြည်အတွက်စဉ်းစားတတ်ကြရမှာပေါ့"

၂၀၁၄ ခုနှစ်၊ ဧပြေလ ၂ ရက်နေ့ မွန်းတည့် ချိန်မှာတော့ အိုးအိမ်မဲ့ ကျူးကျော်သူလို့ သတ်မှတ် ခံရသူတွေ ကရင်ပြည် နယ်စပ်တံတားမှာ ပိတ်ဆို့ တားဆီးခံရပြီ။ သူတို့က မြေမဲ့၊ အခြေမဲ့လူသားတွေ။ ကလိုထူးဘော့က လာရောက်ခေါ်ဆောင်လမ်းပြ သူရဲ့အစီအစဉ်နဲ့ အဲဒီဒေသမှာ အခြေချနေထိုင် ကြမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ရေကြည်ရာ မြက်နုရာ ကို ရှာဖွေဦးတည်နေကြသူတွေ။ တံတားအထက် က နွေပူလယ်မှာ ကျောကော့ခံနေရပြီ။ သူတို့မျှော်မှန်း ထားတာက အဲဒီနေရာဒေသကိုရောက်ရင်ဖြင့် မိမိရဲ့နေအိမ်အတွက် မိမိတို့ကိုယ်တိုင် တော်ခုတ် မယ်၊ သစ်ဝါးခုတ်လို့ အိမ်ဆောက်မယ်။ လိုအပ်တဲ့ အကူအညီတွေကို လာရောက်ခေါ်ဆောင်တဲ့ အဖွဲ့ အစည်းက ကူညီထောက်ပံ့ပေးမယ်။ စားဝတ်နေရေး အတွက်လည်း သုံးလတာဝန်ယူပေးမယ်။ အသက် မွေးဝမ်းကျောင်းဖို့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင် နိုင်ဖို့ မြေယာကိုလည်း မိမိတို့ကိုယ်တိုင် ခုတ်ထွင် ရှင်းလင်းဖော်ဆောင်ကြမယ်ဆိုတဲ့ကတိစကားများ အပေါ် ယုံကြည်သက်ဝင်ပြီး စိတ်အလုံးစုံ ပုံအပ် ထားတာပါ။ မျှော်မှန်းချက်ကို အကောင်အထည် ဖော်နိုင်လေမလားဆိုတာက ကြီးမားတဲ့စိန်ခေါ်မှုပါပဲ။

အခက်အခဲကြုံတွေ့နေရသူတွေကို ဦးဆောင်လမ်းပြလာသူ ကွန်မန်ဒိုက အခုပါလာတဲ့

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်စု ၁၀၀ ကို ကူညီရတာမှာကိုပဲ အခက်အခဲအများကြီးရှိတာပါ။ အာဏာပိုင်အဖွဲ့အစည်းလည်းမဟုတ်ဘူး။ လုပ်ပိုင်ခွင့်လည်း ဘာမှမရှိဘူး၊ မရှိတဲ့ကြားထဲကနေ အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်ပေးတာ၊ နောက်နောင် ဒီလိုဒုက္ခသည်များ ပေါ်ပေါက်လာရင်လည်း ကူညီမှာပါ။ ဒါမှတရားမျှတမှာဖြစ်တယ်လို့ ထုတ်ပြောပါတယ်။

သူက ပြည်နယ်အစပ်မှာ တားဆီးပိတ်ဆို့ခံရတာကိုလည်း သပ်သပ်ရပ်ရပ် ကျော်ဖြတ်ခဲ့တယ်။ ရဲရင့်စွာ အများအကျိုးကို ငဲ့ညှာသောစိတ်ဓာတ်၊ ငြိမ်းချမ်းရေးကို လိုလားသူတစ်ဦးရဲ့ ဆုံးဖြတ်ချက်တို့နဲ့ ဗျူဟာကျကျ ထွက်ခွာရွှေ့ပြောင်းမှုကို လုပ်ဆောင်နိုင်ခဲ့တယ်။ ဒုက္ခသည် ရွာသားများနဲ့ သတင်းလိုက်ယူတဲ့ မီဒီယာသမားများကို ရောက်ရမယ့်ပန်းတိုင်ကို ဆက်လက်ချီတက်ဖို့ ခြေလှမ်းတစ်ခုကို အစပြုလိုက်တယ်။ ခရီးသွားတွေ ဘုရားဖူးရန်ဆိုတဲ့ အကြောင်းပြချက်နဲ့ တားဆီးခံရတဲ့နေရာက ထွက်ခွာဖို့ စီစဉ်တာပါပဲ။ အဲဒီအကြောင်းပြချက်နဲ့ ထွက်ခွာခွင့်ရပါ တယ်။ ဗျူဟာအတိုင်း ရွာသားတွေကို နည်းနည်းချင်းခွဲထုတ်ပြီး ကရင်ပြည်နယ်ကို ကျော်ဖြတ်စေခဲ့တယ်။ အဲဒီနောက် မွန်ပြည်နယ် တန်ခိုးကြီးဘုရားများကို လိုက်ဖူးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှေ့ဆက်ခဲ့ရာ ည (၈) နာရီမှာ ကျိုက်မရောဘုရား ရောက်ရှိဖူးမြော်ကြရတယ်။ ဘုရားမှာပဲ ညအိပ်ဖြစ်ပါတယ်။ ညအိပ်နေချိန်မှာ ရွာသူရွာသားတစ်ဝက်လောက်က ပြည်နယ်ကို ကျော်ကာ အခြေစိုက်နေထိုင်ရမယ့်နေရာဆီ ရောက်ရှိနေပါပြီ။

ဧပြီ ၃ ရက် မနက်မှာ ဆက်လက်ခရီးနှင်ဖို့ တာစူကြပြီး နေ့လယ် (၁) နာရီမှာ မွန်ပြည်နယ်ရဲ့ တန်ခိုး ကြီးဘုရားတစ်ဆူဖြစ်တဲ့ ကျိုက္ခမီရေလယ် ဘုရားကို ရောက် ရှိပါတယ်။ ဘုရားဖူးခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာ ရာမှာ စက်စဲကမ်းခြေမှာခဏနားပြီး မွန်ပြည်နယ်က ဆက်ဆံရေးရုံးမှာ ညစာစားသောက်ရပါတယ်။ ဆက်ဆံရေးရုံးရဲ့ အရှေ့ကဘုန်းတော်ကြီးကျောင်းမှာ ညအိပ်ရပါတယ်။

နောက်နေ့မှာ မွန်ပြည်နယ်ထဲကနေ ကရင်ပြည်နယ်ထဲကို ဘုရားဖူးရောက်ရပြန်ပါတယ်။ နောက်ပိုင်းမှာ ဖောက်လုပ်နေဆဲဖြစ်တဲ့ အာရှလမ်းမကြီးကတစ်ဆင့် ဒေါနတောင်တန်းဆီကို စတင်ရွှေ့လျားကြရပါတယ်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ ကြီးမားတဲ့ဝါးရုံတွေ၊ တောရိပ်တောင်ရိပ်ရဲ့ အေးမြတဲ့အရသာတွေကို ခံစားချိန်မရခဲ့ပါဘူး။ ဖုန်ထူထူ နေပူပူ အဆင်းအတက်ကြမ်းတမ်း လှတဲ့ လမ်းများပေါ်မှာ မေတ္တာတရားကိုခင်းပြီး လျှောက်လှမ်းခဲ့ရပါတယ်။

"သူတို့က နေစရာမရှိအောင်လုပ်ထားတယ်၊ ကူညီတဲ့သူကကူညီတာကို တားဆီးတယ်ဆိုတော့ ကျွန်တော်တို့အနေနဲ့ လူသားချင်းစာနာစိတ်ရောရှိရဲ့လားလို့ မေးစရာ ရှိလာတယ်။ နောက်ပြီး ကျွန်တော်တို့ပြည်နယ် ကာလုံဝန်ကြီးက ဒုက္ခသည်စခန်းဖွင့်ပြီး အကူအညီလိုချင်လို့လို့ ပြောပါတယ်။ အဲဒါ ရိုင်းရိုင်းပြောရရင် မျောက်ပြပြီး ဆန်တောင်းတာပေါ့၊ မျောက်ပြပြီးဆန်တောင်းတဲ့ခေတ်လည်း ကုန်သွားပါပြီ။ ကျွန်တော်တို့အနေနဲ့က လူသားချင်းစာနာထောက်ထားတဲ့စိတ်တစ်ခုတည်းနဲ့ ကူညီတာပါ"

ကွန်မန်ဒိုက အခက်အခဲကို ဖြတ်ကျော်ခဲ့ပြီး ရင်ဆိုင်ပြောဆိုညှိနှိုင်းမှုကို အဖြေထုတ် ရှင်းပြခဲ့တယ်။ ဒါကြောင့် တစ်ကိုယ်တော်စိတ်ကူးမဟုတ်။ အဖွဲ့အစည်းရဲ့ သဘောတူညီမှုနဲ့ ကတိကဝတ်ကို အကောင်အထည်ဖော်ဆောင်ခြင်းလို့ အနက်အဓိပ္ပာယ် ဖွင့်ပြတယ်။

"လူသားချင်းစာနာပြီးတော့ ငါတို့ကရင်ပြည်နယ် ထဲမှာ သွားနေမယ်ဆိုရင် မြေပေးမယ်ဆိုပြီး ကတိကဝတ်ပေးခဲ့တယ်။ အဲဒီကတိကဝတ်ကို အကောင်အထည်ဖော် တာပဲရှိတယ်။ ကျွန်တော်တို့ကရင်ပြည်နယ်သားတွေ ကတိ တည်တယ်ဆိုတာ ပြတာပဲ၊ ကျွန်တော်တစ်ယောက်တည်းရဲ့ ဆုံးဖြတ်ချက်ဆိုရင် ဒီလိုလည်း မသယ်ပိုးနိုင်ပါဘူး။ ကျွန်တော့်ရဲ့လုပ်ဆောင်ချက်တိုင်းသည် အဖွဲ့အစည်းရဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ်"

တိုင်းရင်းသားကွန်မန်ဒိုရဲ့ စိတ်နေစိတ်ထား၊ လူမှုဝန်းကျင်နဲ့ ခံစားမှုများကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပြီး စကားရှည်ရှည်ဝေးဝေး ပြောစရာ

www.burmeseclassic.com

www.burmeseclassic.com

မလိုဘဲ ဖြောင့်မတ် ရိုးစင်းတဲ့ လူသားချင်း စာနာစိတ် အပြည့်ရှိတဲ့ သဘောထားကို ထင်ထင်ရှားရှား မြင်တွေ့ရပါပြီ။ အလိုလိုသိလာရတယ်လို့ပဲ ပြောရမှာပါ။

ကျွန်တော်တို့ ကျောက်ခက်ရွာလေးကို ရောက်တဲ့အခါ ဒေသခံတချို့က ကျွန်တော်တို့ နားခိုတဲ့ ကျောက်ခက် စာသင်ကျောင်းလေးကိုလာပြီး ထမင်းဟင်းတွေနဲ့ လာဧည့်ခံ ကြတယ်။ သူတို့ရဲ့စိတ်ထဲမှာ သူတို့လိုပဲ ဒုက္ခတွေရင်ဆိုင်ခံ ရသူတွေပါလားဆိုတဲ့အတွေးတွေ ထင်ဟပ်နေလိမ့်မယ်။ အဲဒီအတွေးတွေက သူတို့ရဲ့ ဖြူစင်တဲ့ နှလုံးသားတွေကနေ မျက်ဝန်းမှာလာပြီး ထင်ဟပ်နေကြတယ်။ သူတို့ကိုယ်တိုင်လည်း စစ်တလင်းဖြစ်ခဲ့တဲ့ဒေသမှာ ဒုက္ခမျိုးစုံကြုံခဲ့ဖူးပါလိမ့်မယ်။ အခက်အခဲများစွာ ရင်ဆိုင်ခဲ့ရပါလိမ့်မယ်။ လူသားချင်းစာနာစိတ်က သူတို့ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း နေရာယူဝင်ရောက်နေတာ အသေအချာပါ။

ရွာက စစ်ဘေးစစ်ဒဏ်ကို ခါးစည်းခံခဲ့ရပေမဲ့ သာယာစိုပြည်စိမ်းလန်းမှုကို ပြန်လည်ခံစားနေရပြီး မလှမ်းမကမ်းမှာ သောင်ရင်းမြစ်ကလည်း စီးဆင်းနေတယ်။ တစ်ဖက်ကမ်းက ထိုင်းနိုင်ငံ။ ရွာကထွက်တဲ့ ပြောင်းသီးနှံကို အဲဒီကိုပို့ ရောင်းချကြတယ်။ အခုရောက်ရှိလာကြတဲ့သူများအတွက်ကရော။

"အပိုင်ပေးမှာပါ။ အပိုင်မပေးဘူးဆိုရင် သူတို့ ပြန်ပြီးဒုက္ခရောက်မှာ မကြည့်ရက်လို့ ဝိုင်းကူခဲ့တာဗျ။ နောက်တစ်ကြိမ် ဒီလိုမျိုး မခံစားစေရပါဘူး။ နောက်ပြီး ကျွန်တော်တို့တောက လူတွေက တကယ်ဒုက္ခပါတယ်။ ဒီရွာတင်မကဘူး၊ ရွာပေါင်းရာနဲ့ချီပြီး ဒုက္ခတယ်။ အဲဒီရွာတွေကလည်း ဘယ်သူ့ကိုမှ မောင်းထုတ်ဘူး"

မြေမဲ့ဒုက္ခသည်တို့အတွက် သေချာတဲ့ အာမခံချက်နဲ့ ပြောင်းပေးစရာမလိုဘူးဆိုတဲ့ ကတိကျခိုင်မာတဲ့အဖြေက ရှင်းလင်းလွန်းလှပါတယ်။ ဒုက္ခသည်များကို ဦးဆောင်ခေါ်ဝင် ရွှေ့ပြောင်းပေးခဲ့သူရဲ့စကားမှာ လမ်းခရီးမှာ အခက်အခဲကို ကျော်ဖြတ်ရတဲ့အပိုင်းနဲ့ စပ်လျဉ်းပြီး အခုလိုပြောပါတယ်။

"အမှန်မှာ ဒီကိစ္စက သွေးထွက်သံယို ဖြစ်လာမယ့် အနေအထားတော့ မရှိပါဘူး။ ငြိမ်းချမ်းရေးကို ထိပါးပြီး သွေးထွက်သံယို အနေအထားထိ မရောက်ပါဘူး။ ကျွန်တော့်အနေနဲ့ လိမ်လိမ်မာမာနဲ့ပဲ အစိုးရဖောက်ထားတဲ့လမ်းမှာ အစိုးရအခွန်ကောက်တဲ့လမ်းမှာ အခွန်ပေးပြီးလာတာပဲဗျ။ တစ်ဖက်ကလာတဲ့လူကလည်း မြန်မာနိုင်ငံသားတွေပဲ၊ ခေါ်လာတာလည်း မြန်မာနိုင်ငံသားပဲ၊ သူတို့က နိုင်ငံသားမှတ်ပုံတင်ကိုင်ထားတဲ့သူတွေပဲ။ ဘာမှ ငြိမ်းချမ်းရေးကို ထိခိုက်စရာမရှိပါဘူး"

စိတ်ကူးပင်မယဉ်ခဲ့ဘူးသောနယ်မြေကို သတင်းယူရင်းရောက်ရှိခဲ့ရတဲ့အဖြစ်က စာဖွဲ့စရာ ဖြစ်နေပါပြီ။ သောင်ရင်းမြစ်ကမ်းမှာရပ်ပြီး မတောက်တခေါက် အစိမ်းရောင်ဗဟုသုတနဲ့ စိတ်ကူးအကွက်ချနေမိတယ်။

တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားနဲ့အညီ ရွှေ့ပြောင်းလာတဲ့ ဒုက္ခသည် အိုးအိမ်မဲ့တွေက မြေလွတ်တွေကို စနစ်တကျ ခုတ်ထွင်ရှင်းလင်းပြီး ကိုယ်ထူ ကိုယ်ထအိမ်ယာတွေ ဆောက်လုပ်နေထိုင်ကြမယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးတွေ လုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်းကြမယ်။ နေရောင်ခြည်စွမ်းအင်သုံးပြီး လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းကြမယ်။ ကောက်ပဲသီးနှံတွေကို ချောင်းစပ်မှာ မောင်းဒလက် တွေတပ်ဆင်ပြီး ကြိတ်ခွဲမယ်။ ကျနစ္စာ အမှိုက်စွန့်ပစ်ကြမယ်။ သစ်ပင်ဥယျာဉ်များ စိုက်ပျိုးကြပြီး သစ်သီးဝလံ ထုတ်လုပ်ရုံသာမက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသောရွာ၊ ထိုမှတစ်ဆင့် အစိမ်းရောင်မြို့ပြအထိ ဖန်တီးတည်ဆောက်ကြမယ်။ ဒေါနတောင်တန်းရဲ့ ဟောဒီဘက်ခြမ်းမှာ ခေတ်မီပြီး သဘာဝတရားနဲ့ လွှမ်းမိုးတဲ့ လူ့ဘောင်အဖွဲ့အစည်းကလေး တည်ထောင်ကြမယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရဲ့ စံနမူနာပြစရာ လူ့အသိုက်အမြုံဝန်းကျင်ကလေး ပေါ်ပေါက်လာလိမ့်မယ်။

ငြိမ်းလူ

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ကုန်များကို သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိအောင် ထုပ်ပိုးရောင်းချခြင်း

တင်မောင်ယု



ကုန်ထုတ်ပစ္စည်းများသည် ထုတ်ကုန်တစ်ခု၏ အရည်အသွေးမကျစေရန် အကာအကွယ်ပေးထားသည့် ပစ္စည်းများဖြစ်သည်ဟု ဆိုရပါမည်။ ထို့ပြင် ထုတ်ကုန်များကို ထုပ်ပိုးထားခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုနှေးကွေးသည်ဟု ဆိုနိုင်ပါသည်။ ကမ္ဘာအရပ်ရပ်မှ နိုင်ငံအသီးသီးသို့ တင်သွင်းကြမည့်အစားအစာများသည် နည်းပညာတစ်ရပ်ဖြင့် ပြုပြင်ထုတ်လုပ်ထားခြင်း၊ ကြာရှည်ခံရန် ပြုပြင်စီမံထားခြင်းမရှိသည့် "သဘာဝ" အစားအစာများဖြစ်ရန် လိုအပ်ပါ၏။ သို့မဟုတ် အဆိုပါအစားအစာများ၏ လတ်ဆတ်မှုကြောင့် စားသုံးသူများက ပိုမိုဝယ်ယူစား သောက်ကြမည်ဖြစ်သည်။

ကန့်သတ်ထားသည့် မူဘောင်တစ်ခုအတွင်း၌ ထိန်းသိမ်းထားရှိခြင်း၊ တာရှည်ခံရန် ထိန်းသိမ်းထားရှိခြင်း စသည်များသည် အရေးကြီးသည့် လုပ်ငန်းရပ်နှစ်ခုဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့ ထုတ်ကုန်များကို ထုပ်ပိုးခြင်းသည်လည်း ထုတ်လုပ်သူ၊ ရောင်းချသူနှင့် စားသုံးသူများအတွက် အရေးကြီးသည့် တတိယလုပ်ငန်းဟု ဆိုရပါမည်။ ထုတ်ကုန်များကို ကုန်တိုက်ကြီးများတွင် အခြားသော ပြိုင်ဘက်ထုတ်ကုန်များနှင့် သာမန်အားဖြင့် ယှဉ်တွဲခင်းကျင်းပြသလေ့ရှိပြီး ဤသို့ဆောင်ရွက်မှုသည် ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းကို လုပ်ကိုင်ခြင်းဟု ဆိုနိုင်ပါ၏။ ထုပ်ပိုးပစ္စည်းများသည် ထုတ်ကုန်အား ဖောက်သည်ဖြစ်လာနိုင်သူများက စိတ်ဝင်စားလာအောင် ဆွဲဆောင်နိုင်ပါသည်။ ထုပ်ပိုးပစ္စည်းများ၏ စတုတ္ထလုပ်ငန်းမှာ တရားဝင်သတင်းအချက်များပေးခြင်းဟု ဆိုရပါမည်။ အစားအသောက်များကို ထုပ်ပိုးပစ္စည်းများပေါ်တွင် ဥပဒေအရ ထည့်သွင်းဖော်ပြရပါသည်။ သို့မဟုတ် စားသုံးသူများ အလွယ်တကူနားလည်မည်ဖြစ်၏။ ထို့ပြင် စားသုံးသူများတောင်းဆိုသည့် အခြားလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရမည်ဖြစ်၏။ သုံးစွဲပြီးသည့်အခါ ထုပ်ပိုးပစ္စည်းများကို စွန့်ပစ်ရာ၌ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့်နည်းလမ်း၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည့်နည်းလမ်းများဖြင့် စွန့်ပစ်ရမည်ဖြစ်ကြောင်း ထုပ်ပိုးပစ္စည်းများပေါ်တွင် ရိုက်နှိပ်ဖော်ပြထားရပါမည်။

ပြန်လည်အသုံးပြုနိုင်သည့် ထုပ်ပိုးပစ္စည်းများ

ကုန်ပစ္စည်းများထုပ်ပိုးရန် အဓိကအသုံးပြုကြသည့် ပစ္စည်းများမှာ စက္ကူ၊ ကတ်ထူပြား၊ ဖန်ထည်၊ သံမဏိ (သံဖြူစိမ်သံပြားကို အဓိကအသုံးပြုသည်)၊ ဒန်သတ္တု၊ ပလတ်စတစ်၊ သစ်သား၊ ဂုံလျှော်နှင့် ဝါးတို့ဖြစ်သည်။

စက္ကူနှင့်ကတ်ထူပြား

စက္ကူနှင့်ကတ်ထူပြားတို့၏ အဓိကအားသာချက်မှာ သတ်မှတ်ထားသည့် မာကျောမှုအဆင့်ရရှိအောင် ထုတ်လုပ်ရာ၌ ကုန်ကျမှုသက်သာခြင်း၊ အမြောက်အမြားပုံနှိပ်ထုတ်ဝေနိုင်ခြင်း၊ ကြော်ငြာပြုလုပ်ရန် အလားအလာကောင်းမွန်ခြင်း စသည့်အချက်များဖြစ်သည်။ စက္ကူနှင့် ကတ်ထူပြားများသည် ဘက်တီးရီးယားပိုးကြောင့် ဆွေးမြည့်ပျက်စီးနိုင်ပြီး ထိုသို့ပျက်စီးဆွေးမြေ့သွားသည့်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် ပြန်လည်အသုံးပြုနိုင်သည်။ ထို့ပြင် စက္ကူနှင့် ကတ်ထူပြားများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိချေ။

ဤအရည်အသွေးများကို အပြည့်အဝအသုံးချ၍ မာကျောတောင့်တင်းသည့် အလေးချိန်အများအပြား၏ ဝန်ကိုခံနိုင်သော အမြောင်းအမြောင်းပုံဖော်ထားသော စက္ကူကတ်ထူပြားများကို ထုတ်လုပ်ကြသည်။ စက္ကူကတ်ပြားများတွင် အံ့ဩဖွယ်ကောင်းအောင်အလှဆင်၍ ကြော်ငြာလုပ်ငန်းများ ပြုလုပ်ကြသည်။

စက္ကူနှင့် ကတ်ထူပြားများသည် ရေစိုသည့်အခါ မာကျောမှုမရှိတော့ဘဲ ၎င်းတို့၏ အရည်အသွေးများ ပျောက်ဆုံးသွားတော့၏။ ထို့ပြင် ဓာတ်ငွေ့များကို မတားဆီးနိုင်တော့ချေ။ ထို့ကြောင့် စက္ကူနှင့် ကတ်ထူပြားများတွင် မာကျောခြင်းနှင့် စိမ့်ထွက်ခြင်းကို အကာအကွယ်ပေးနိုင်သည့် အရည်အသွေးများရရှိရန် ရေနှင့်အရည်များ စိမ့်မဝင်နိုင်သော ပစ္စည်းတစ်မျိုးမျိုးဖြင့် ဖုံးအုပ်ပေးကြရသည်။ ထိုသို့ဖုံးအုပ်ပေးသည့်အခါ၌ နည်းပညာအခက်အခဲနှင့် ကြုံကြရပြီး ကုန်ကျမှုများပြားသည်ကို တွေ့ရ၏။ ဤသို့ဖုံးအုပ်ထားသည့် ကတ်ထူပြား၊ ဒန်သတ္တု၊ ပိုလီအက်သလင်းစသည့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်မည့်နည်းလမ်းများကို တိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်။

စက္ကူနှင့် စက္ကူကတ်ပြားနှစ်မျိုးစလုံးကို သစ်သားမှ ထုတ်ယူရရှိသည့် ဆယ်လူလိုဖိုင်ဘာများဖြင့် အများအားဖြင့် ထုတ်လုပ်ကြသည်။ စက္ကူနှင့် စက္ကူကတ်ထူပြားထုတ်လုပ်ကြသည့် ကုန်ကြမ်းများမှာ သစ်တုံးများ၊ ပရိဘောဂလုပ်ငန်း၏ ဘေးထွက်ပစ္စည်းဖြစ်သည့် အခြားသောအရင်းအမြစ်များကို ပျော့ဖတ်ပြုလုပ်ကာ စက္ကူနှင့် စက္ကူကတ်ထူပြား ပြန်လည်ပြုလုပ်သည်။

ဖန်ထည်

ဖန်ထည်ကို ဖန်ထည်ကုန်ကြမ်းဖြစ်သည့် သဲ၊ ဆိုဒီယမ်ကာဗွန်နိတ်တို့ကို အပူစွမ်းအင် အမြောက်အများပေး၍ ထုတ်လုပ်ရရှိသည်။ စွန့်ပစ်ဖန်ထည်ပစ္စည်းများကို အသုံးပြု၍ ပုလင်း၊ ဖန်ဘူး၊ ဖန်ခွက်အသစ်များ ထုတ်လုပ်ခြင်းသည် စွမ်းအင်ကုန်ကျမှု သိသိသာသာလျော့နည်းပြီး သယံဇာတထိန်းသိမ်းစောင့်ရှောက်မှုရှုထောင့်မှကြည့်ပါက ပိုမိုသင့်လျော်သည်ဟု ဆိုရပါမည်။ ဖန်ထည်၏ အဓိကအားနည်းချက်မှာ အလေးချိန်နှင့် ကျွတ်ဆတ်ကျိုးပဲ့လွယ်ခြင်းဟု ဆိုရပါမည်။ ထို့ပြင် ဖန်ထည်သည် အပူချိန်

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် အတက်အကျဖြစ်ခြင်းကို ခံနိုင်ရည်မရှိပါ။ အစားအသောက်နှင့် အဖျော်ယမကာ ထည့်သွင်းထုပ်ပိုးသည့် ဖန်ထည်အမြောက်အများမှာ အများအားဖြင့် အဖြူရောင်၊ အစိမ်းရောင်၊ အညိုရောင်နှင့် ရရှိသောကုန်ကြမ်း၏အရောင်အပေါ်၌ မူတည်သည်ဟု ဆိုရပါမည်။ အရောင်အပြောင်းအလဲ၊ ကြွေထည်မြေထည်အမှုန်များနှင့် အညစ်အကြေးများသည် ဖန်ထည်များကို ပြန်လည်အသုံးပြုရန် အရည်ကျိုရာ၌ အခက်အခဲဖြစ်စေ၏။

ယခုလောလောဆယ်၌ ဖန်ထည်အကွဲအစများကို ပိုမိုထုတ်လုပ်ခြင်းထက် ထိုအကွဲအစများကို အရည်ကျိုကာ ထည့်စရာဘူးခွက်များ ပြုလုပ်လေ့ရှိသည်။ ထို့ကြောင့် စွန့်ပစ်ဖန်ထည်အကွဲအစများကို ဤထုပ်ပိုးမှုနယ်ပယ်၌ အသုံးပြုရုံသာမက ထုပ်ပိုးမှုပညာရပ်များကိုလည်း တိုးတက်လာနိုင်ပါ၏။

သံမဏိ

သံမဏိအပိုင်းအစများကို အစဉ်အလာအားဖြင့် ကမ္ဘာနှင့်အဝှမ်း ပြန်လည်အသုံးပြုကြသည်။ သံမဏိအပိုင်းအစများ (၄၀) ရာခိုင်နှုန်းကို အရည်ကျိုရ သံမဏိအသစ်အဖြစ် ပြန်လည်ထုတ်လုပ်ကြသည်။ အစားအစာ၊ အဖျော်ယမကာ၊ အချိုရည် စသည်များ ထုတ်လုပ်ရောင်းချသည့် ဘူးခွံတိုင်းတွင် သံမဏိအပိုင်းအစများကို အရည်ကျိုရ ပြန်လည်ထုတ်လုပ်ထားသော ဘူးခွံ (၂၅) ရာခိုင်နှုန်းပါဝင်သည်။ သဘာဝပတ်ဝန်းကျင်ရှုထောင့်မှကြည့်ပါက သမဏိသည် အခြားသော ကုန်ထုပ်ပစ္စည်းများထက် အားသာသည်ဟု ဆိုနိုင်ပါသည်။ ရောနှောနေသည့် စွန့်ပစ်ပစ္စည်းများထဲမှ သံမဏိကို သံလိုက်သုံး၍ အလွယ်တကူ ခွဲထုတ်နိုင်ပြီး ထိုသို့ခွဲထုတ်ရာ၌လည်း ကုန်ကျမှုသက်သာသည်ကို တွေ့ရ၏။ သန့်စင်သော သံမဏိများကို သံမဏိအပိုင်းအစ တစ်စိတ်တစ်ပိုင်းနှင့် ရောစပ်သည့်အခါ၌လည်း စွမ်းအင်သုံးစွဲမှု (၅၀) ရာခိုင်နှုန်း လျှော့ချနိုင်သည်ဟု ဆိုရပါမည်။ သံဖြူစိမ်ထားသည့် သံပြားဖြတ်စည်ပစ်စများကို ထုပ်ပိုးပစ္စည်းအဖြစ် (၁၀၀) ရာခိုင်နှုန်း ပြန်လည်သုံးစွဲသည်။



သံမဏိသည် ဖန်ထည်ကဲ့သို့ လေးလံသောပစ္စည်းဖြစ်ပြီး ပင်ကိုယ်တန်ဖိုးလည်းသိပ်မရှိပေ။ ဤအချက်သည် သံမဏိ၏ အဓိကအားနည်းချက်ဟု ဆိုရပါမည်။ သံမဏိရာခိုင်နှုန်းအနည်းငယ်နှင့် သံဖြူစိမ်သံပြားဖြတ်စည်ပစ်စများကို ရောနှော၍ အရည်ကျိုကာ ဘူးခွံများ ပြန်လည်ထုတ်လုပ်သည်။ သံမဏိဘူးခွံ ပြန်လည်ထုတ်လုပ်ရေးလုပ်ငန်းသည် အလူမီနီယမ်ဘူးခွံထုတ်လုပ်မှုထက် ငွေကြေးကုန်ကျမှု သက်သာသည်ဟု ဆိုရပါမည်။

ဒန်သတ္တု

ဒန်သတ္တုသည် သုံးပြီးသားများကို ပြန်သုံးရန် ဆောင်ရွက်ရာ၌ အကောင်းဆုံးပစ္စည်းဟုဆိုရပါမည်။ ထို့ပြင် ဒန်သည် ပင်ကိုယ်တန်ဖိုးရှိပြီး ဖြတ်စည်ပစ်စသည်လည်း တန်ဖိုးရှိသည်ကို တွေ့ရ၏။ ထို့ကြောင့် စွန့်ပစ်ကုန်ထုပ်ပစ္စည်းများထဲမှ ဒန်သတ္တုများကို ပြန်လည်ကောက်ယူကြရန် အားပေးတိုက်တွန်းနေကြခြင်းဖြစ်သည်။ ဒန်သတ္တုများကို စီးပွားဖြစ်ပြန်လည်ကောက်ယူပြီး ကုန်ထုပ်ပစ္စည်းအဖြစ် ပြန်လည်အသုံးပြုရေးကိစ္စမှာ သာမန်အားဖြင့် ကောင်းမွန်သည့်လုပ်ငန်းဟု ဆိုရပါမည်။ ဤသို့ သုံးပြီးသားဒန်သတ္တုများကို ပြန်လည်အသုံးပြုရန်ဆောင်ရွက်ခြင်းသည် ဒန်သတ္တု၏အရည်အသွေးကို ကျမသွားသည့်ပြင် ပြန်လည်ကောက်ယူထားသည့် ဒန်သတ္တုများဖြင့် (၁၀၀) ရာခိုင်နှုန်း ကောင်းမွန်သည့် ဒန်သတ္တုအသစ် ပြန်လည်ထုတ်လုပ်နိုင်သည်ဟု သိရသည်။ ဤသို့ ပြန်လည်ထုတ်လုပ်နိုင်ခြင်းကြောင့် အလိုအလျောက် ထိန်းချုပ်နိုင်သည့်စက်များဖြင့် အမြောက်အများထုတ်လုပ်ကာ သုံးစွဲသူတို့၏ဆန္ဒကို ဖြည့်ဆည်းနိုင်ခဲ့သည်ဟု ဆိုနိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ပလတ်စတစ်

ပလတ်စတစ်သည် ဤကုန်ပစ္စည်းများကို ထုပ်ပိုးရာ၌ ဘက်စုံအသုံးပြုနိုင်သောပစ္စည်းအမျိုးအစားဖြစ်သည်။ ပလတ်စတစ်သည် ဓာတုအခြေခံပစ္စည်းဖြစ်သည့်အပြင် ကုန်ပစ္စည်းထုပ်ပိုးသည့်ကဏ္ဍနှင့် အခြားလိုအပ်ချက်များအတွက် အထူးမွမ်းမံထုတ်လုပ်ထားခြင်းကြောင့် ဤကဲ့သို့ ဘက်စုံအသုံးပြုနိုင်သည်ဟု ဆိုရပါမည်။ ပိုလီအက်သလင်းတာရီဖသလိတ် (Polyethylene terephthalate) ဖြင့် ပြုလုပ်ထားသည့် သုံးပြီးသား စွန့်ပစ်ပစ္စည်းများသည် ယခုလောလောဆယ် အများဆုံး ပြန်လည်အသုံးပြုနေသည့် ပလတ်စတစ်ထုပ်ပိုးပစ္စည်းများဖြစ်သည်။ ပိုလီအက်သလင်းတာရီဖသလိတ်ပုလင်းများကို အရည်ကျိုပြီး ဆွဲဆန့်သည့်နည်းလမ်းဖြင့် ထုတ်လုပ်သည်။ ဤပုလင်းများကို အဖော်ယမကာများအတွက် အဓိကထား၍ ထုတ်လုပ်သဖြင့် စားသုံးသူများက အလွယ်တကူခွဲခြားသိနိုင်ပြီး စွန့်ပစ်ပစ္စည်း ပြန်လည်စုဆောင်းသူများအတွက်လည်း လွယ်ကူသည်ဟု ဆိုနိုင်ပါ၏။ လက်ရှိ ကျင့်သုံးလုပ်ကိုင်နေသည့် စွန့်ပစ်ပစ္စည်းများ ပြန်လည်ကောက်ယူသိမ်းဆည်းခြင်းစနစ်သည် စီးပွားရေးအရ တွက်ခြေကိုက်ပြီး ကော်ဇောများပြုလုပ်ရန် ဖိုင်ဘာနှင့် ဖိုင်ဘာအတုထုတ်လုပ်ရန်အတွက် အလားအလာကောင်းသည်ဟု ဆိုရပါမည်။ ထို့ပြင် စွန့်ပစ်ပလတ်စတစ်မှ ထုတ်ယူရရှိသည့် ဖိုင်ဘာနှင့် ဖိုင်ဘာအတုစျေးကွက်သည်လည်း ဖွံ့ဖြိုးကြီးထွားလာသည်ကိုတွေ့ရ၏။

ပိုလီအက်သလင်းတာရီဖသလင်းကို အသုံးပြုကြရသည့် အရေးကြီးသောအချက်တစ်ချက်မှာ ဤပစ္စည်းများအား ဟိုက်ဒရိုလိုက်စစ် (hydrolysis) သို့မဟုတ် မက်သနိုလိုက်စစ် (methanolysis) ဓာတုနည်းကိုအသုံးပြု၍ မူလအခြေအနေသို့ပြန်ရောက်အောင် ဆောင်ရွက်နိုင်ခြင်းကြောင့် အသုံးပြုကြသည်ဟု ဆိုရပါမည်။ ဓာတုနည်းဖြင့် ဆောင်ရွက်မှုကြောင့် ပြန်ရလာသည့် ပိုလီအက်သလင်းတာရီဖသလင်းကို အစားအစာများထုပ်ပိုးရာ၌လည်းကောင်း၊ ဓာတုနည်းဖြင့်ဆောင်ရွက်မှုကြောင့် ပြန်ရလာသည့် ပိုလီမာအား အဖျော်ယမကာများ ထည့်သွင်းရောင်းချနိုင်ကြောင်း အမေရိကန်ပြည်ထောင်စု အစားအသောက်နှင့် ဆေးဝါးမှတ်ပုံတင်အဖွဲ့က အတည်ပြုထောက်ခံပေးထားသည်။

သစ်သား

သစ်သားသည် အတော်အတန်လေးသည့်ပစ္စည်းဖြစ်ပြီး ထုပ်ပိုးကုန်အဖြစ် အသုံးပြုမည်ဆိုပါက ဈေးကြီးသည်ဟု ဆိုနိုင်ပါသည်။ သစ်သားသည် ဓာတ်ငွေ့နှင့် အစိုဓာတ်ကို မထိန်းနိုင်သဖြင့် အစားအစာများထည့်သွင်းထုပ်ပိုးခြင်းမပြုရန် ကန့်သတ်ထားသည်။ ဤသို့ ကန့်သတ်ထားမှုကြောင့် သစ်သားကို ထုပ်ပိုးကုန်အဖြစ် အသုံးပြုခြင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသေးသော်လည်း သုံးစွဲမှုလျော့နည်းလာသည်ဟု ဆိုရပါမည်။

ဂုံလျှော်နှင့်ဝါး

ပြည်ပသို့ တင်ပို့ရောင်းချမည့် စားသောက်ကုန်များကို ဝါး၊ ဂုံလျှော်တို့ဖြင့် ထုပ်ပိုးရန်မသင့်ဟု ယူဆကြသည်။ ဝါးဖြင့်ရက်လုပ်ထားသည့် ခြင်း၊ တောင်းနှင့် ပလုံးတို့သည် အဝကျယ်သဖြင့် အညစ်အကြေးဝင်နိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်ရှိ သဖြင့်လည်းကောင်း၊ ဝုံနီအိတ်သည်လည်း အညစ်အကြေးများဝင်နိုင်သဖြင့် အသုံးပြုရန် မသင့်ပါဟု ဆိုရပါမည်။

ထုပ်ပိုးပစ္စည်းများ၏ အလားအလာ ထုပ်ပိုးမှုများကို လုံခြုံအောင်၊ မပျက်စီးအောင်၊ ပုံစံလှအောင်ထုပ်ပိုးခြင်း

ထုတ်ကုန်ပစ္စည်းတစ်ခု၏အရည်အသွေးကို ၎င်း၏သက်တမ်းကုန်ဆုံးသည်အထိ မပျက်စီးအောင်၊ လတ်ဆတ်နေအောင် အကာအကွယ်ပေးထားသဖြင့် ထိုထုတ်ကုန်သည် သုံးစွဲရန်သင့်တော်ပြီး လူအများကို ဆွဲဆောင်နိုင်သေးသည်ဆိုပါက ထိုထုပ်ပိုးမှုကို အောင်မြင်သောထုပ်ပိုးမှုဟု ခေါ်ဆိုသည်။ မျက်မှောက်ခေတ်ထုပ်ပိုးမှုတွင် အထုပ်အပိုးများကို ဖျက်ဆီး၍မရအောင် နည်းပညာများ အသုံးပြု၍ ထုပ်ပိုးထားကြသည်။

ဥရောပကောင်စီ၏ ထုပ်ပိုးပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းဆိုင်ရာ ညွှန်ကြားချက်

ထုပ်ပိုးပစ္စည်း၊ စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်သည့် ဥရောပပါလီမန်နှင့် ဥရောပကောင်စီ၏ ညွှန်ကြားချက် အမှတ်- ၉၄/၆၂ အီးစီအရ အဖွဲ့ဝင်နိုင်ငံများသည် စွန့်ပစ်ထားသည့် ထုပ်ပိုးပစ္စည်း (၅၀) ရာခိုင်နှုန်းမှ (၆၀) ရာခိုင်နှုန်းအထိ ပြန်လည်သိမ်းဆည်းရမည်ဖြစ်ပြီး ၂၀၀၁ ခုနှစ်တွင် စွန့်ပစ်ပစ္စည်း (၂၅) မှ (၄၅) ရာခိုင်နှုန်းအထိ ပြန်လည်သုံးစွဲရမည်ဟု ဖော်ပြတောင်းဆိုထားသည်။ ထုပ်ပိုးပစ္စည်းထုတ်လုပ်သူများအနေဖြင့် ပစ္စည်းထုတ်လုပ်ရာ၌ ထွက်ပေါ်လာသည့် ညစ်ညမ်းပစ္စည်းများကြောင့် ညစ်ညမ်းပစ္စည်းထုတ်လုပ်သူများ မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို တစ်ဆင့်ပြီးတစ်ဆင့် သင့်လျော်သလို ဆောင်ရွက်ရမည်ဖြစ်သလို ထုတ်လုပ်သူများအတွက် ကျယ်ပြန့်စွာ ရေးဆွဲသတ်မှတ်ထားသည့် စည်းကမ်းတာဝန်ဝတ္တရားများကိုလည်း လိုက်နာဆောင်ရွက်ရပါမည်။ ထုတ်လုပ်သူများသည် စွန့်ပစ်ပစ္စည်းများကို ဥပဒေအရ ပြန်လည်သိမ်းဆည်းရမည်ဖြစ်သည်။ သို့တည်းမဟုတ် စွန့်ပစ်ပစ္စည်းပြန်လည်သိမ်းယူမည့်အဖွဲ့အစည်းများအား အခမဲ့ သိမ်းယူနိုင်ရန် ဆောင်ရွက်ပေးရပါမည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ/မရှိလေ့လာခြင်း

ထုပ်ပိုးပစ္စည်းများထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ/မရှိ သိရှိနိုင်ရန်အတွက် မြောက်အမေရိကနှင့် ဥရောပတို့အား အဓိကထား၍ လေ့လာခဲ့ကြသည်။ ဝယ်စရာပစ္စည်းအနည်းငယ်သာရှိပြီး အလွန်အလွန်ဝေးသည့်အရပ်သို့ ဈေးဝယ်ထွက်သည့် အခါ၌ ထုပ်ပိုးထားသည့် ထုတ်ကုန်များကို အသုံးပြုသူက သယ်ယူချိန်တွင် တွေ့ရသည့်အခက်အခဲမှာ သဘာဝပတ်ဝန်းကျင်နှင့်သက်ဆိုင်သည့် ထူးခြားချက်တစ်ချက်ဖြစ်လာသည်။

အစားအစာထုပ်ပိုးမှုနှင့် သက်ဆိုင်သည့် ဥပဒေပြုရေးကိစ္စမှာ ရှုပ်ထွေးပြီး အထူးဆောင်ရွက်ရမည့်ကိစ္စရပ်တစ်ခုဟု ယေဘုယျအားဖြင့် ပြောဆိုနိုင်ပါသည်။ သပ္ပတ်အူလိုက်နေသည့် ဥပဒေအကြောင်းအချက်များကြောင့် ကုန်ပစ္စည်းထုပ်ပိုးသူများအနေဖြင့် ကျွမ်းကျင်သူများ၏ အကူအညီရရှိရန် လိုအပ်ပါသည်။ ထုတ်ကုန်နှင့် ထုပ်ပိုးပစ္စည်းပေါင်းစပ်မှုမည်မျှသည် ထူးခြားသည့်ကိစ္စဖြစ်သဖြင့် အထူးစဉ်းစားဆောင်ရွက်ရပါမည်။ နိုင်ငံ၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ကြရန်အတွက် အစားအသောက်သုတေသနဌာနများ၊ ထုပ်ပိုးနေသူများထံမှ ညွှန်ကြားချက်ရယူကြပါရန် ကုန်ပစ္စည်းတင်ပို့သူများကို အကြံပြုလိုပါ၏။ သတင်းအချက်အလက်နည်းပညာက ဤအဖွဲ့အစည်းများကို အထောက်အပံ့ပေးနိုင်မည်ဖြစ်ပါသည်။

တင်မောင်ယု

ကုန်ပစ္စည်းများကို ထုတ်လုပ်သည့်နေရာမှ အသုံးပြုသူဖောက်သည်ထံသို့ တိုက်ရိုက်ပို့ဆောင်နိုင်ရန် ထုပ်ပိုးကြသည်ဟု သမိုင်းမှတ်တမ်းများအရ သိရသည်။ အထူးသဖြင့် စားသောက်ကုန်များကို ထုပ်ပိုး၍ပို့ဆောင်ကြခြင်းဖြစ်သည်။ ထုပ်ပိုးမှုဆိုသည်မှာ စားသောက်ကုန်များကို ကြာရှည်ခံအောင် ပြုလုပ်ခြင်းဖြစ်သည်ဟု နောက်ပိုင်း၌ လူသိများလာကြသည်။ သုံးစွဲသူတို့၏ လိုအပ်ချက်အရ တိုးတက်ထုတ်လုပ်လာသည့် ထုတ်ကုန်များကို ကျယ်ပြန့်သည့် ဖြန့်ဖြူးရောင်းချသော ဖြစ်စဉ်ကြီးရှိနေမည်ဖြစ်ပြီး ထုပ်ပိုးမှု တော်လှန်ရေးကြီးလည်း ဆက်လက်နေမည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါ ဖြစ်စဉ်ကြီးအား လိုအပ်သလို ဖြည့်တင်းပေးရပါမည်။

Ref: Making Your Paekaging Enviromentally Friendly by S.G Panvalker and E.Piskdti. Caldwell.

www.burmeseclassic.com

www.burmeseclassic.com

ရွှေကိုမလို၊ ရေကိုသာလိုသည်

ကိုလေးမြတ်



၂၀၁၆ ခုနှစ်မှာ အပူရှိန်လွန်ကဲတဲ့ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်တာကြောင့် မိုးခေါင်ရေရှား မိုးနည်းရပ်ဝန်းဒေသတွေနဲ့ တခြားသောဒေသတွေမှာ စိုက်ပျိုးရေရရှိဖို့ အခက်အခဲတွေ၊ ရေပြတ်လပ်မှုကြောင့် သောက်ရေသုံးရေ အခက်အခဲရှိမှုတွေ ဖြစ်ပေါ်လာနိုင်တယ်လို့ ပညာရှင်တွေက ပြောဆိုနေကြတယ်။ ဒါကြောင့် ရေကို ချွေတာချိုးခြံကြဖို့နဲ့ သိုလှောင်ထားကြဖို့ကိုလည်း တိုက်တွန်းနှိုးဆော်နေကြတယ်။ အဲဒီအနေအထားမှာ စိမ်းရောင်စိုစာပေက "ညောင်တုန်းကျွန်း - ထွေးမြင့်" ရဲ့ သောက်သုံးရေကန်များ၊ ငါးကန်များနှင့် ဆည်တမံငယ်များ ရေခမ်းသက်သာစေရန် နည်းလမ်းနှစ်ခုနှင့် ဒလမြို့တွင် စမ်းသပ်ရရှိသည့် အောင်မြင်မှုရလဒ်များ" ဆိုတဲ့ စာအုပ် (ပထမအကြိမ် ၂၀၁၄ ခု၊ နိုဝင်ဘာ၊ အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၅၀၀ ကျပ်) ကို VCD နဲ့ ပူးတွဲထွက်ရှိလာတာကို ပြန်လည်အမှတ်ရ လေ့လာသင့်ကြပါတယ်။

စာအုပ်မှာ စာရေးသူအမှာစကားနဲ့အတူ မောင်ထွန်းလွင် (မိုးလေဝသ) ရဲ့ "ရွှေကိုမလို၊ ရေကိုသာလိုသည်" နဲ့ ကျော်ဦး (အမျိုးသားစာပေဆုရှင်) ရဲ့ "ရေစီမံခန့်ခွဲခြင်း၏ ဥပမာကောင်းတစ်ခု" ဆိုတဲ့ အမှာစကားတွေကို တွေ့ရတယ်။

အခု ညောင်တုန်းကျွန်းထွေးမြင့်ရဲ့စာအုပ်ကနေ့ရေကို မိုးရာသီမှာ ပိုမိုရရှိအောင် စုဆောင်းရယူနည်းနဲ့ နွေရာသီမှာ ရေခမ်းခြောက်မှုနည်းပါးအောင် ပြုလုပ်တဲ့နည်းတွေကို ဖော်ပြထားပါတယ်။ လက်တွေ့ဆောင်ရွက်မှုအဖြစ် ရန်ကုန်မြို့ရဲ့ တစ်ဖက်ကမ်း ဒလမြို့ ရာဇသက်ခ်ရပ်ကွက်ကရေကန်ကိုလည်း ဖော်ပြထားတယ်။ ပြုလုပ်ဆောင်ရွက်ကြမယ်ဆိုရင် ကုန်ကျစရိတ်တွေကိုလည်း တွက်ချက်ပြထားတယ်။ လိုအပ်လို့ရှိရင် အကူအညီတောင်းခံဖို့၊ အကူအညီပေးဖို့အတွက် စာရေးသူက ဖုန်းနံပါတ်နဲ့ လိပ်စာလည်းပေးထားလေရဲ့။

ကျွန်တော်တို့လူမျိုးတွေမှာ "ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်" ဆိုတဲ့စကားရှိတယ်။ ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ ထမင်းမစားဘဲ ခုနစ်ရက်အသက်ရှင်နိုင်ပေမဲ့ ရေကိုတော့ တစ်မနက်ခင်း မသောက်ရရင် အသက်မရှင်သန်နိုင်ဘူးဆိုတဲ့ သဘောပါ။ ရေဟာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့လူသားတွေမက သက်ရှိအားလုံးအတွက် အရေးကြီးပါတယ်။ သစ်ပင်တွေကလည်း ရုက္ခဗေဒအရ သက်ရှိလို့ သတ်မှတ်ထားတယ်။

ကျွန်တော်တို့က မိုးနည်းရပ်ဝန်း၊ မိုးခေါင်ရေရှားဒေသမှာ နေထိုင်ကြီးပြင်းလာကြတဲ့သူတွေဆိုတော့ ရေရဲ့ တန်ဖိုးကို နားလည်နေပါတယ်။ ကျွန်တော့်ရွာက ရေမရှားပါဘူး။ အိမ်တိုင်းနီးပါးလို ရေတွင်းတွေရှိကြပါတယ်။ ရေတွင်းရဲ့အနက်က အတောင် (၂၀) လောက် ပေ (၃၀၀) ခန့် ရှိပေသပေါ့။ ကျွန်တော်တို့ရွာရဲ့ အရှေ့ဘက် (၃) မိုင် အကွာလောက်မှာရှိတဲ့ နွယ်ခွေတောင်တန်းအခြေက နိဗ္ဗာန်ရွာ၊ ဘန်စီရွာ၊ ခတက္ကန်ရွာ၊ တောင်မတောရွာတွေမှာတော့ မိုးရာသီမှာ တောင်ကျရေကြောင့် ကန်ရေတွေ ပြည့်လျှမ်းနေပေမဲ့ နွေရာသီမှာတော့ ရေခမ်းခြောက်သွားတာကြောင့် ရေအခက်အခဲဖြစ်ကြရတယ်။

ကျွန်တော်တို့ရွာဆီကို ရေစည်လှည်းတွေနဲ့ လာရောက်သယ်ယူကြရတယ်။ ဒါကြောင့် နိဗ္ဗာန်ရွာသားဦးဘခင်က "နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို့၏ဘုရား" လို့ ဆုတောင်းသံကြားရတိုင်း ပြန်ပြောတတ်လေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်။ "နိဗ္ဗာန်ရောက်ဖို့ ဆုတောင်းမနေကြနဲ့ဦး၊ မုံရွေး ကြေးမုံရွာ ရောက်ရပါလို့၏ ဆုတောင်းကြဦး" လို့ ပြောတတ်တယ်။ ရေရှားလွန်းလို့ ရေပေါတဲ့အရပ်ကို ရောက်ဖို့ ဆုတောင်းခိုင်းတာပါ။ တောင်ဟတောရွာကတော့ နွေရောက်ရင် ရွာမြောက်ဘက်က ချောင်းထဲရှိတဲ့ လက်ယက်တွင်းတွေကို အားကိုးရတယ်။ လက်ယက်တွင်းကလည်း ရေခပ်လိုက်၊ ရေကုန်သွားလိုက်။ ပြန်ပြီးပြည့်လာအောင် စောင့်လိုက်၊ ခပ်လိုက်နဲ့ ရေတစ်စည် (ဂါလံ- ၁၀၀ ခန့်) ရဖို့အရေး နေ့တစ်ဝက်လောက် အချိန်ပေးကြရတယ်။

ကျွန်တော်တို့ရွာလည်း ရွာပတ်လည်မှာ ရေအောက်ရေစီမံကိန်းအရ ယာမြေတွေကိုရေပေးဖို့ အဝီစီတွင်းတွေတူးတယ်။ ခြောက်လက်မပိုက်နဲ့ ရေပေးတယ်။ အကျိုးဆက်က ရွာတွင်းမှာရှိတဲ့ ရေတွင်းအားလုံး နွေရာသီမှာ ရေတွေ ခမ်းခြောက်သွားတာပါပဲ။ ရေရှိတဲ့ယာမြေတွေလည်း (၂) နှစ်လောက်သာရေရရှိလို့ အကျိုးဖြစ်ထွန်းလိုက်တာပါ။ နောက်တော့ ယာမြေတွေ ဆားပေါက်ပြီး စိုက်ပျိုးလို့မရ အောင် မြေဆီလွှာတွေ ပျက်စီးကုန်တော့တယ်။

အဲဒီမှာ လျှပ်စစ်မီးရရှိလာလို့သာပေါ့။ နို့မဟုတ်ရင် ကျွန်တော်တို့ရွာလည်း ရေအခက်အခဲတွေ့ရှိနိုင်တယ်။ ခုတော့ လေမှုတ်အဝီစီတွင်းတွေ တူးထားကြတယ်။ လျှပ်စစ်ကလည်း ကျေးလက်လျှပ်စစ်မဟုတ်လား။ ရန်ကုန်မြို့တော်ကြီးမှာတောင် လျှပ်စစ်က ပြတ်တောက်ကုန်တတ်တာလေ။ ကျေးလက်မှာ တစ်ခါတရံ (၄) ရက်လောက်ထိ လျှပ်စစ်ပြတ်တောက်တတ်တယ်။ ရေလှောင်ကန်တွေ တည်ဆောက်ထားရတာပ။ မကုန်သင့်၊ မကုန်ထိုက်တဲ့ငွေတွေ ကုန်ကျနေကြတာပေါ့လေ။

ဒီမှာ ကျွန်တော့်အနေနဲ့ ဒုတိယတန်းကျောင်းသားအရွယ်က ဖြစ်ရပ်လေးကို အမှတ်ထင်ထင် သတိရနေမိသေးတယ်။ တောင်မာတောရွာ အရီလေးရီတို့ဆီ မိသားစုသွားစဉ်ကပေါ့။ ကလေးပီပီ ဟိုခုန် ဒီဆော့။ ခွေးပြိုက်ပြိုက်ကျ အိုက်လာတော့ အမေ့ကို ရေချိုးချင်တယ်လို့ ဒီးခွေ့တော့တာပါပဲ။ အမေက အိမ်ရောက်မှချိုး၊ ကျွန်တော်ကလည်း ခုပဲချိုးမယ်ပေါ့။ အဲဒါနဲ့ အိမ်ရှင်ဦးလေးကြီးစိန်ဖေက ကျွန်တော့်ကို နွားစားခွက် (ကျွန်တော်တို့ဒေသမှာ လောင်းလှေတွေကို နွားစားခွက်အဖြစ် အသုံးပြုတယ်) ထဲထိုင်ခိုင်းပြီး ရေချိုးပေးပါတော့တယ်။ အမှန်က ရေရှားလို့ ချိုးရေကို အလဟဿ မဖြစ်စေဘဲ နွားရေအဖြစ် အသုံးပြုလိုက်တာ။ အရွယ်ရောက်လာမှ သဘောပေါက်မိတာပါ။

တလောက ကာတွန်းလေးတစ်ကွက်မှာ အမျိုးသမီး တစ်ယောက်က "ရေဘေးဒုက္ခတော့ ရောက်ကြပြန်ပြီ" လို့ပြောတယ်။ တခြားအမျိုးသမီးတစ်ယောက်က "မိုးရွာတာလည်းမကြား၊ ဆည်ကျိုးတာလည်းမကြားနဲ့. . . ဘယ်မှာ ရေဘေးဒုက္ခရောက်ပြန်တာလဲ" လို့ ပြန်မေးတယ်။ ဒီတော့ ကနဦးအမျိုးသမီးက "ရေတွေခမ်းခြောက်ကုန်လို့ ရေဘေးဒုက္ခဖြစ်တယ်လို့ပြောတာပါတော်" တဲ့။ ဟုတ်ပါရဲ့ ကျွန်တော်တို့နိုင်ငံမှာ မိုးရာသီကာလ ကောလင်း၊ ဝန်းသို့၊ ကန့်ဘလူ တစ်ဝိုက်၊ ကလေး၊ ကလေးဝတစ်ဝိုက်၊ ပွင့်ဖြူ စေတုတ္တရာ တစ်ဝိုက် ရေကြီးရေလျှံမှုတွေဖြစ်လို့ ဒုက္ခရောက်ကြရတယ်။ ခုလည်း ရေရှားပါးမှု ရေပြတ်လပ်မှုတွေ ကြုံတွေ့ရဦးမယ်တဲ့။

အခုလို ရေကြီးရေလျှံတွေဖြစ်လိုက်၊ ရေရှားပါးမှု ရေပြတ်လပ်မှုတွေဖြစ်လိုက် ရာသီဥတုဖောက်ပြန်တဲ့အကြောင်းတွေဟာ န. အ. ဖ၊ န. ဝ. တ စစ်အာဏာရှင်လက်ထက်တွေက စည်းမဲ့ကမ်းမဲ့ တောလုံးပြောင်အောင်၊ တောင်လုံးပြောင်အောင် သစ်တောတွေလှဲခုတ်ရောင်းချခြင်းရဲ့ အကျိုးဆက်တွေပါပဲ။ ဒီတော့ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရွာဆီကို ရေစည်လှည်းတွေနဲ့ လာရောက်သယ်ယူကြရတယ်။ ဒါကြောင့် နီဗွာန် ရွာသား ဦးဘခင်က "နီဗွာန်ကို မျက်မှောက်ပြုရပါလို့၏ဘုရား" လို့ ဆုတောင်းသံကြားရတိုင်း ပြန်ပြောတတ်လေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်။ "နီဗွာန်ရောက်ဖို့ ဆုတောင်းမနေကြနဲ့ဦး၊ မုံရွေး ကြေးမုံရွာ ရောက်ရပါလို့၏ ဆုတောင်းကြဦး" လို့ ပြောတတ်တယ်။ ရေရှားလွန်းလို့ရေပေါ်တဲ့အရပ်ကို ရောက်ဖို့ ဆုတောင်းခိုင်းတာပါ။

နိုင်ငံကို ဘယ်သောကာလမှ စစ်အာဏာရှင်တွေရဲ့ ဆိုးသွမ်းလှတဲ့ စနစ်ဆိုးကြီး ပြန်လည်ရောက်ရှိမလာအောင် ကြိုးစားအားထုတ်သွားကြရမှာပေါ့။ ထား။

အခု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှာတော့ နွေရာသီမှာ ကြုံတွေ့နိုင်တဲ့ အယ်လ်နီညိုရာသီဥတုကို ရင်ဆိုင်ဖို့ ကြိုတင်ပြင်ဆင်ထားကြဖို့အရေး အရေးတကြီးအဆိုတွေ တင်သွင်းလာတာကို တွေ့ကြရတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း အရေးတကြီးအဆိုကို ထောက်ခံအတည်ပြုပေးလိုက်တယ်။ တရုတ်ပြည်ကလည်း မြန်မာပြည် အယ်လ်နီညိုရာသီဥတုကြောင့် ရေရှားပါးမှု၊ ပြတ်လပ်မှုပြဿနာကို ဝိုင်းဝန်းကူညီသွားဖို့ အဆင်သင့်ရှိနေပါသတဲ့။ မိုးလေဝသဌာနကလည်း ဖေဖော်ဝါရီလကုန်၊ မတ်လဆန်းမှာ အချိန်အခါမဟုတ်၊ မိုးရွာသွန်းနိုင်တယ်လို့ ထုတ်ပြန်ပါတယ်။

အမေရိကန်နိုင်ငံမှာတော့ အဲဒီလိုအခြေအနေမျိုးဆိုရင် မိသားတစ်စုကို ရေသိုလှောင်ထားနိုင်ဖို့အတွက် တိုင်ကီ (၂) လုံးစီဝယ်ဌားတယ်ဆိုတဲ့သတင်း တွေ့လိုက်ရတယ်။ ကျွန်တော်တို့နိုင်ငံလည်း စစ်အာဏာရှင်အစိုးရလက်ထက်ဖြစ်ပေါ်ခဲ့တဲ့ နာဂစ်မုန်တိုင်းလိုအဖြစ်မျိုး၊ အဖြစ်ဆိုးနဲ့ ကြုံတွေ့ကြုံရအောင် ကြိုးစားဖို့ တိုက်တွန်းနှိုးဆော်နေကြတယ်။ ဘခြား အာရှနိုင်ငံအချို့မှာတော့ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာ၊ ဒီဇင်ဘာလကပြီး အယ်လ်နီညိုအတွက် ပြင်ဆင်နေကြတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ လွှတ်တော်ကသက်ဆိုင်ရာအစိုးရကို စက္ကူတွေပေါ်ပဲ အစီအမံရေးဆွဲမနေကြဘဲ၊ လက်တွေ့လုပ်ကိုင်ကြဖို့ ပြောဆိုနေဆဲပါ။ ဘယ်လိုဖြစ်ပေါ်လာဦးမလဲဆိုတာ မပြောနိုင်သေးဘူး။

ဒီမှာ ညောင်တုန်းကျွန်း- ထွေးမြင့်ရဲ့ စာအုပ်ထဲနည်းလမ်းအတိုင်း ရေကန်တွေမှာ ရေပိုမိုရရှိအောင် ရေကန်ပေါင်တွေပတ်လည်မှာ တစ်ဖက်ရပ်မိုးရေခံတွေ ပြုလုပ်ထားသင့်တယ်။ ဒလမြို့ ရာဇသင်္ကြန်ရပ်ကွက်မှာတော့ အဲဒီနည်းနဲ့ ရေရယူလိုက်တာ ခါတိုင်းနှစ်တွေထက် ရေ (၂) ပေအမြင့်ပိုရခဲ့တယ်လို့ ဆိုပါတယ်။ တစ်ခါ ရရှိပြီးတဲ့ ရေတွေကို ရေခမ်းခြောက်မှုနည်းပါးအောင် ရေငွေ့ပျံမှုနည်းပါးအောင် အပေါ်က အပါးလွှာစိမ်းနဲ့ ဖုံးအုပ်ထားကြတယ်။ အဲဒီနည်းကို အသုံးပြုခြင်းအားဖြင့် ခါတိုင်းနှစ်တွေထက် ရေခမ်းခြောက်မှု (၂) ပေအမြင့် နည်းပါးခဲ့တယ်ဆိုတယ်။ ရေရရှိမှုက (၂) ပေပိုတယ်။ ရေခမ်ခြောက်မှုက (၂) ပေ လျော့နည်းတယ်ဆိုတော့ ရေ (၄) ပေပိုမိုလာတဲ့ သဘောပါ။ လခ၁ီပြီး ပိုမိုသုံးစွဲနိုင်တဲ့သဘောပါ။

ဒါပေမဲ့ ညောင်တုန်းကျွန်း- ထွေးမြင့်ရဲ့ စာအုပ်နည်းလမ်းဟာ ကျယ်ပြန့်မှုမရှိသလိုဖြစ်နေတာကိုတွေ့ရတယ်။ အဲဒါကို သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ ကျယ်ပြန့်မှုရှိလာအောင်၊ လက်တွေ့အသုံးချမှုတွေရှိအောင် ဖော်ဆောင်ပေးသင့်တယ်လို့ ယူဆမိတယ်။ အထူးသဖြင့် ကန်ရေကို အားထားကြရတဲ့ အရပ်ဒေသတွေမှာ ပြန့်နှံ့တွင်ကျယ်လာအောင် လုပ်ဆောင်ပေးသင့်တယ်။ နှစ်လ၊ သုံးလ ပိုမိုသုံးစွဲရရင် မိုးရာသီနဲ့ဆက်သွားပြီး ရေပြတ်လပ်မှုကို ကျော်လွှားနိုင်ကြပါလိမ့်မယ်။ ကုန်ကျငွေလည်း တက်နိုင်တဲ့အနေအထားမှာရှိတယ်လို့ ယူဆမိပါတယ်။

အပူလွန်ကဲတဲ့ အယ်လ်နီညိုရာသီဥတုဟာ ရေရှားပြတ်လပ်မှုသာမက စိုက်ပျိုးရေအခက်အခဲကြောင့် သီးနှံအထွက်လည်း ကျဆင်းနိုင်ပါတယ်။ ကျွန်းမာရေးအခြေအနေလည်း ထိခိုက်နိုင်ပါတယ်။ ပြောရရင် အယ်လ်နီညိုရာသီဥတုဟာ အန္တရာယ်ကြီးမားလှပါတယ်။ အဲဒီလို အန္တရာယ်ကြီးမားတဲ့ အယ်လ်နီညိုရာသီဥတုကို ညောင်တုန်းကျွန်း- ထွေးမြင့်ရဲ့စာအုပ်က တစ်စိတ်တစ်ဒေသအဖြစ် တတ်စွမ်းသမျှ ထောက်ကူထားလိုက်တာလို့ ဆိုနိုင်ပါတယ်။ စာရေးသူကလည်း အကူအညီလိုအပ်ရင် အချိန်မရွေးကူညီဖို့အသင့်ပါပဲတဲ့။ ကျွန်တော်တို့ အယ်လ်နီညိုရာသီဥတုကို အတူလက်တွဲပြီး ကျော်လွှားဖြတ်သန်းကြဖို့ပါ . . . ။

ကိုလေးမြတ်

www.burmeseclassic.com

www.burmeseclassic.com

ကမ်းခြေသေဆုံးခြင်း

မကောင်းဆိုးဝါးတွေ ဆွဲဖွင့်လိုက်တဲ့တံခါးက
ငုံ့ချစ်ရသူတွေကို ယူသွားတာမျှားလုပြီ
သားကောင်ရဲ့ ပျော်ညံ့မှုဟာ မုဆိုးကိုခွန်အားဖြစ်စေတယ်တဲ့
ဒီလိုမဟုတ်လားကွဲ့ ကျွန်းမြတ် "ဂေါ်ရန်ဂျီ"။

ကျောက်ဆောင်ဆံမြိတ် ကပိုကရိုမှာ
လှိုင်းစံပယ်တွေ ဖွေးနေအောင်ပန်ထားတဲ့နတ်သမီး
အရင်တုန်းဆီက ပင်လယ်ကမ္ဘီးပင်တွေ
တီတီတာတာ လေချွန်ကောင်းသလောက်
ခုတော့ ခြောက်ခြားစိတ်နဲ့ တရှိရှိ ငိုယိုလို့။

"ဂူတောင်" ကိုလည်း စွန့်လွှတ်လိုက်ရပြီ
"စပါးထား" ကိုလည်း စွန့်လွှတ်လိုက်ရပြီ
"ရေပေါ်သောင်"၊ "နံ့သာပုတောင်"၊ "စမ်းတောင်"၊ "မီချောင်းခေါင်း"
ပြီးတော့.....
အဆုတ်၊ ကျောက်ကပ်၊ နှလုံး အားလုံးကိုစွန့်လွှတ်ရမယ့်အခွင့်အရေး
အဲဒီမိုဏ္ဍာတွေကပဲ ယူလာပေးဦးတော့မယ်
ရေမြေလေ ငါတို့ဘဝ ငါတို့အသက်တမျှချစ်ရတဲ့
မဆုံးတမ်းသီချင်း မဆုံးနိုင်တဲ့ကဗျာ ပင်လယ်ပြာ
ကယ်ပါ.....

တောင်းပန်ပါတယ်
'နေ' တစ်တန်၊ 'လတစ်တန်'
အထပ်ထပ်တိုင်တည်လို့ ငါတောင်းပန်ပါတယ်။
သားလေးကြီးရင် ဂုဏ်ယူစွာပြချင်ခဲ့တဲ့
တောင် ကျွန်း သဲမြေ ချစ်သောမွေးရပ်မြေ။

www.burmeseclassic.com

www.burmeseclassic.com

ငါသေရင်တောင် ငုံ့အရိုးပြာကို "ဂေါ်ရန်ဂျီ" ဘုရားပေါ်က
ကြဲချပေးပါလို့ "သောင်ရင်းမြစ်" ထဲမှာ ဘဝကူးသွားတဲ့
ငုံ့ညီအငယ်လေး မြတ်နိုးပြတ်သား မှာထားဖူးတဲ့မြေ
အရင်က "ကိုရင်ကြီးကျွန်း" ကွ နောက်မှ "ဂေါ်ရန်ဂျီ" ဆိုပြီး
တဖြည်းဖြည်း ပြောင်းသွားတာလို့
အဘိုး "ကတိုးကြီး" ပြောပြောပြတဲ့မြေ။

ငါတို့ဟာ မြို့ငတ်ကြီးမှာ အခြွေအရံများစွာနဲ့
မိုက်ရူးရဲ အထီးကျန်နေရသူတွေပါကွယ်
ငါတို့ပြန်လာမယ့်နေ့ တို့ချစ်သူ တို့နှမ
နင် အလုပျက်နေတော့မှာလား "ဂေါ်ရန်ဂျီ"။

စင်ကာပူလိုဖြစ်အောင် ဆိုက်ကားနင်းခိုင်းတဲ့
အဲဒီအနန္တလူမိုက်ကို နင့်ရဲ့ "လင်းနိုဂူ" ထဲမှာ
အမှောင်တိုက်သွင်းလိုက်စမ်းပါ "ဂေါ်ရန်ဂျီ" ရယ်
ငယ်ဘဝကြားဖူးတဲ့ နင့်ဒဏ္ဍာရီထဲက
ပြဒါးရှင်လုံးကိုယူပြီး လောဘတွေအငမ်းမရနဲ့
ခုန်ဆွ ခုန်ဆွ "မျောက်" ဟာ သူပဲဖြစ်လိမ့်မယ်
ရှေရောင် ငွေရောင်ပြရင် ဘယ်သူရင်ဘတ်မှမရှောင်
သိုက်တူးမယ့်ဥစ္စာရှားဟာလည်း သူပဲဖြစ်လိမ့်မယ်။

ခွင့်မလွှတ်လိုက်ပါနဲ့ "ဂေါ်ရန်ဂျီ"
"ဘုရားတောင်" ပေါ်ကပဲဖြစ်ဖြစ်
"လသာကြီး" ကျောက်ဆောင်ပေါ်ကပဲဖြစ်ဖြစ်
ခေတ်အဆက်ဆက် ဘယ်တော့မှမပေါ်တော့အောင်
တွင်းဆုံးကိုသာ တွန်းချလိုက်ပါတော့
သောကသံသရာဟာ အဲဒီလို "သိုက်ဆရာ" အတွက်
ပိုရှည်ခေချင်စမ်းပါဘိ။

အို .....
မြေကမ္ဘာရဲ့ချစ်လှစွာသော ပရိဘောဂ
ကမ်းရိုးတန်းရဲ့မြတ်နိုးပွင့်လေး
ငါတို့ ဒီထက်ပိုဝေးကြတော့မှာလား "ဂေါ်ရန်ဂျီ"

ကမ်းခြေသူ ကမ်းခြေသားတို့ .....
သူ့ခိုးလို ဖော့နင်းထားတဲ့ခြေရာတွေ
ငါတို့နှလုံးသားမှာ နက်နက်ကြီးကို ထင်ခဲ့ပြီးဖြစ်တယ်
ငါတို့မြေပေါ်မှာ သူတို့စိုက်ထားတဲ့ အမှတ်အသား
ကွန်ကရစ်တိုင်တွေက သဲသောင်ဖွေးဖွေးပေါ်မှာ
ကမ်းရိုးတန်းသေဆုံးခြင်းရဲ့ သုသန်မှတ်တိုင်တွေသာဖြစ်တယ်
ငါတို့နှလုံးသားတဝိုက် ဒဏ်ရာအထပ်ထပ်ကို
ခြဲခတ်ထားခြင်းသာဖြစ်တယ် .....
ငါတို့နာခေါင်း ငါတို့အဆုတ် ငါတို့ကျောက်ကပ်
ငါတို့ဘဝတွေကို အဆိပ်ငွေ့ဖြန်းပြန်းတွေက
အလိုမတူဘဲ သားမယားပြုကျင့်ခြင်းသာဖြစ်တယ်။

ကျောက်ဆောင်ညိုမြင့်တွေနဲ့အတူ
တောင်ညိုခင်တန်းတွေနဲ့အတူ
လှိုင်း ဧင်ရော် ဖျံလွှားခုက်ငယ်တို့နှင့်အတူ
သဘာဝကြီးမှာ ပူးပေါင်းပါဝင်တော်လှန်ကြစို့ရဲ့။

ဃန်းတင့်

www.burmeseclassic.com

www.burmeseclassic.com

ငနေစွမ်းအင်...စွန့်ပစ်အမှိုက် ဆိုလာစစ်စတန်နှင့် ငမျှော်လင့်ခြင်းလေထောင်

ပီမွန်သော်

ကောင်းကင်မျက်တောင်ဖျားမှာ တိမ်ဖြူတို့ ဝဲရှုပ်လွင့်ပါးနေပါတယ်။ လေအလှုပ်မှာ ယိမ်းရွေ့ သွားသော သစ်ရွက်ခတ်သံသဲ့သဲ့ ကြားရ၏။ အရှေ့ အရပ်က ပျံသန်းလာတဲ့ ငှက်တစ်ကောင်က သတင်း တစ်ပုဒ်ကို ကိုယ့်ဆဋ္ဌမအာရုံဆီသို့ မက်ဆေ့ချ် ပေးပို့လာပါတယ်။ အို . . . အဝိုင်းတစ်ယောက်တည်း ကိုယ်ခံစွမ်းအားကျဆင်းနေတာ မဟုတ်ဘူးတဲ့လား။ အဝိုင်းနဲ့အတူ မုဆိုး၊ ညောင်ပင်၊ ရှမ်းရွာ၊ ကောက်ကွေ့ ဘုရင်သာ၊ ဆင်ဖုံ၊ မလက်တိုတို့ မိသားစုတွေလည်း ရေတိမ်နစ်နေကြသတဲ့လား . . . ။

အရေးပေါ် အခြေအနေမို့ စက်လှေကို စက်ရှိန် မြှင့်တင်ရင်း ဖြတ်သန်းလာခဲ့တဲ့လမ်း တစ်လျှောက် ဒေါင်းပျို့ ဒေါင်းဖိုတွေဟာ ဒုက္ခရောက်သူတွေကို ဖေးမကူညီခဲ့။ ငတ်မွတ်သူတွေကို အမေ့ အားမာန် စေတနာရှင်ကွန်ရက် (လမ်းမတော်မြို့နယ်) မှ ဆန်တစ်တင်းခွဲအိတ် (၁၈) အိတ် အပါအဝင် ငါးခြောက် ငါးခြမ်း စားနပ်ရိက္ခာနဲ့ အဝတ်တန်ဆာ တွေကို ပေးလှူခဲ့။

ဒါဟာ အမြတမ်းတော့ မဖြစ်နိုင်ဘူး အဝိုင်း။ လဲကျတိုင်း ထူပါမှ ထရပ်မယ်ဆို လူစွမ်းအားအရင်း

www.burmeseclassic.com

www.burmeseclassic.com

အမြစ်ဟာ မျိုးတုံးဆိတ်သုဉ်းတော့မပေါ့။ လူဆိုတာ မုန်တိုင်းကိုလည်း အံ့တုနိုင်ရမယ်။ ပေးဝေမယ့် လက်တွေ့ချည်းပဲ မျှော်နေလို့မရဘူး။ တစ်ယောက်ကိုတစ်ယောက် ပိစေမယ့်ဝန်တွေကို လျှော့ချ တစ်ယောက် ရဲ့ အသိတစ်စုံတစ်ရာဟာ အနာဂတ် အတွက် ငြိမ်းချမ်းရေးပရဟိတလက်တွေပဲ ဖြစ်ရမယ်အဝိုင်း။ စက်လှေပေါ်မှာ လိုက်ပါလာတဲ့ လွှတ်တော်အမတ် ဦးဖြိုးမင်းသိန်းက

"ကျွန်တော့်ရဲ့ မဲဆန္ဒရှင်တွေကို လျှပ်စစ်မီး လင်းလက်ဖို့အရေးကလည်း ကျွန်တော့်မှာ တာဝန်ရှိပါတယ်"

အဝိုင်းရေ အချစ်သီချင်း လမင်းခေါ်သံကို မင်းကြားရဲ့လား။ မင်းဆွေမျိုး တွေရှိတဲ့ ရှမ်းရွာမှာ မင်းသတင်းတွေ စုံစမ်းစေ့ငုခဲ့လို့ မင်းရွာမှာ အလင်းမဲ့ဆိတ်သုဉ်း အမှောင်ဖုံးနေတာ စိတ်မကောင်းစွာ သိခဲ့ရတယ်။ ငါထင်ရာ ငါစိုင်းခဲ့တဲ့ အတိတ်သမိုင်းရဲ့ လူမဆန်အောင် အရိုင်းဆန်မှုတွေမှာ မင်း ခုထိ လှိမ့်ခံနေရဆဲပါလားအဝိုင်းရယ်။

အခု ကြမ်းပိုးများတဲ့အိပ်ရာမှာ မင်းအိပ်တတ်နေပြီလား။ ကပ်ကြီးသုံးပါးဟာ မြေခွေးလို ကပ်ကပ်ပြီးကိုက်နေ တော့ ကလိယုဂ်ခေတ်ကြီးထဲ ခွန်အားရှိတဲ့ စိတ်အဟုန်နဲ့သာ ဒုက္ခကို အလဲ ထိုးပါကွယ်။ နေသာသလို နေလိုက်ရင် ဖြေသာသလို ဖြေလိုက်ရင် ငါတို့ရဲ့ ဝမ်းလျှောမှုက ဘယ်တော့မှ ရပ်တန့်မှာ မဟုတ်ဘူးအဝိုင်း။ စကားပုံတောင် ရှိရဲ့မဟုတ်လား။ ဘာတဲ့ . . . မျက်ဖြူ ဆိုက်လေ ဆရာကြိုက်လေတဲ့။

အတိတ်သမိုင်းရဲ့ အယ်လ်ဘမ် ကိုဖွင့်ကြည့်တော့ တစ်ချိန်က အဝိုင်းတို့ရွာကလေးတွေဟာ NLD ကင်းစင်တဲ့နယ်မြေအဖြစ် အာဏာရှင်စစ်အစိုးရထဲက ကြောင်ကနေ ပူစီဖြစ်လာတဲ့ ပါတီဟာ ခြေသ့ဲလို ဟိန်းဟောက်ကြွေးကြော်လက်မထောင်ခဲ့တဲ့နယ်မြေပါ။ အာဏာရှူးတွေဟာ သူတို့ပါတီကို ရွာလုံးကျွတ်မဲပေးခဲ့ရင် တစ်ရွာလုံး လျှပ်စစ်မီးတွေ လင်းထိန်သွားအောင် လုပ်ပေးမတဲ့။ အကျိုးလိုလို့ ညောင်ရေ လောင်းမှန်းသိပေမဲ့ နီးရာဝေး ကြောက်ရတဲ့ခေတ်မှာ ပြည်သူတွေဟာ သူတို့ ရင်ထဲက အိပ်မက်ကောင်းကင်ကိုကြောင်လက်သည်းဝှက်သလို သို ဝှက်ခဲ့ကြတယ်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ မှာတော့ NLD ပါတီက လွှတ်တော်အမတ်လောင်း ဦးဖြိုးမင်းသိန်းကို ရွာလုံးကျွတ်မဲပေးပြီး သူတို့ရင်ထဲက အိပ်မက်ကောင်းကင်ကို လက်တွေ့ကျကျ ဖော်ထုတ်ခဲ့လို့ အာဏာရှူးတွေက ပလန်လက်ပက်လက်လန်ပြီး အဲဒီ အငြိုးအတေးနဲ့ အဝိုင်းတို့ ရွာ မီးရရှိရေး ပလပ်ခံခဲ့ရတာပါ။

"သူတို့မပေးလည်း ဘာပူစရာလို သလဲဗျာ။ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားပေးစနစ် (Solar Hut) တွေနဲ့ လျှပ်စစ်မီးမရတဲ့ ကျေးလက်ဒေသ တွေမှာ တပ်ဆင်ပေးနိုင်ရင် ဒီကိစ္စ အဆင်ပြေသွားမှာပါဗျ"

ကိုယ့်စကားကြောင့် လွှတ်တော် အမတ်တစ်ယောက် စိတ်ဝင်စားသွားပုံရတယ်။ သူက တွေးတွေးဆဆဖြင့် မေးခွန်းတွေထုတ်လေရဲ့။

"ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်မြင့်မားနိုင်သလားဗျ။ ဒါလည်း ထည့်သွင်း မစဉ်းစားလို့ မဖြစ်ဘူး။ ကျေးလက်တောင်သူတွေ မတတ်နိုင်ရင် အဆင်မပြေနိုင်ဘူးဗျ"

" 1W အတွက် ဆိုလာပြားတစ်ချပ် ကို ၉၅၀၀ ဝန်းကျင်လောက် ကျနိုင်တယ်။ အသုံးပြုမယ့် ဝပ်အားပေါ် မူတည် ပြီး ကုန်ကျစရိတ်မြင့်မားနိုင်ပေမဲ့ လျှပ်စစ်မီတာခက ပေးဆောင်စရာမလိုဘူးလေ"

"အင်း စိတ်ဝင်စားစရာပဲဗျာ။ ဒါပေမဲ့ ဘယ်လောက်အထိ ရေရှည်ခံ နိုင်မလဲ၊ ဘယ်လောက်အထိ အာမခံနိုင်မလဲဆိုတာကလည် ထည့်တွက်ဦးမှ ဖြစ်မှာ၊ . . . ဒီတော့ ပြည့်ပြည့်စုံစုံ ရှင်းစမ်းပါဗျာ"

"ဒီစနစ်က နေရောင်ခြည်ခံပြား၊ ဘက်ထရီအိုး၊ နေရောင်ခြည်ထိန်းကိရိယာ၊ အင်ဗာတာထိန်းချုပ်ကိရိယာတွေ နဲ့ အသုံးပြုပြီး နေမှုရရှိတဲ့ စွမ်းအင်လွှဲပြောင်းထုတ်လွှတ်ပေးတဲ့စနစ်ဗျ။ ဒီထက်ပြည့်စုံအောင် ပြောရရင် ဒီ Solar Hut ကို နေ့ဘက်

www.burmeseclassic.com

www.burmeseclassic.com

မှာအားသွင်းပြီးရင် လျှပ်စစ်တောက်လျှောက် အသုံးပြုလို့ရတယ်ဗျ။ ဘတ္တရီဝပ်များလေ လျှပ်စစ် ဓာတ်အားပမာဏ များများသုံးလို့ရလေပဲဗျ။ ကျွန်တော်သိရသလောက် Solar Hut ကုမ္ပဏီ ကတော့ Solar Panal အတွက် အနှစ် ၂၀ အာမခံ တယ်။ ဘတ္တရီအတွက် ၃ နှစ် အာမခံပေးတယ်ဗျ"

"သဘာဝဝန်းကျင်ကိုရော ထိခိုက်မှုရှိသလားဗျ"

"သူက မီးစက်တွေလိုမျိုး ဆူညံမှု၊ အင်္ဂေ၊ အနံ့ထွက်မှု၊ ကာဗွန်ဒိုင်အောက်ဆိုက်ထွက်မှု မရှိဘူးလေ။ နေ့ခင်းဘက်မှာ နေရောင်ခြည်အောက် ထားလိုက်ရင် ညဘက်အပြင် နောက်နေ့မနက် ၁၁ နာရီအချိန်လောက်အထိ အသုံးပြုလို့ ရတယ်။ တစ်နေ့ ၅ နာရီနှုန်းနဲ့ နေ ရောင်ခြည်ပေးသွင်းနိုင် လို့ရှိရင် ဝပ် ၆၀၀ အထိ အသုံးပြုနိုင်တယ်ဗျ"

"မဆိုးဘူးပဲ။ ဒီကိစ္စ အလေးအနက် စဉ်းစား ရမယ်။ နည်းလမ်းကတော့ နှစ်သွယ်ပဲ၊ တစ်ခုခုတော့ အဆင်ပြေ သွားနိုင်တယ်ပါတယ်ဗျာ။ ကျွန်တော် အကူအညီလိုရင် ခင်ဗျား ကူညီဦးနော်"

"ပြည်သူ့အရေးပဲဗျာ၊ ကူညီရမှာပေါ့။ ဒါနဲ့ နည်းလမ်းနှစ်သွယ်ဆိုတာ ဘယ်လိုနည်းလမ်း မျိုးလဲဗျ"

"ဒီလိုဗျ၊ အစိုးရက လျှပ်စစ်မီးကဏ္ဍ ကို ပုဂ္ဂလိ ကထံ လွှဲပြောင်းပေးတော့မယ်။ ပြည်တွင်းပြည်ပ ကုမ္ပဏီတွေကလည်း လုပ်ကိုင်ခွင့်ရရှိရေးအတွက် ကြိုးပမ်းမှုတွေ ပြုလုပ်နေကြပြီ။ ပြည်ပ က Volvo Mitsubishi ကလည်း ကြိုးပမ်းနေကြတယ်။ ၂၀၁၄ လောက် ဆိုရင် ပုဂ္ဂလိကဝင်လာနိုင်မယ် ထင်တယ်။ လောလောဆယ်တော့ ရန်ကုန်မြို့တော် လူဦးရေခြောက်သန်းရဲ့ နေ့စဉ် အမှိုက်တန်ချိန် ၁၅၀၀ ကို ဖြေရှင်းဖို့ အမှိုက်ကနေ စွမ်းအင်ထုတ် လုပ်ဖို့ ကုမ္ပဏီတွေကို တင်ဒါခေါ်ယူဖို့ရှိတယ်။ အဲဒါတွေ အဆင်ပြေရင်တော့ ကျွန်တော့်မဲဆန္ဒရှင် တွေ စိတ်အေးရပြီပေါ့။ အဲဒါမှ အဆင် မပြေသေး ရင်တော့ ခင်ဗျားပြောတဲ့ ဆိုလာစွမ်းအင်နည်း ပေါ့ဗျာ"

"ကြားရတာ မဂ်လာရှိလိုက်တာပဗျာ။ လျှပ်စစ် မီးရမယ်ဆိုရင် ဒီရွာတွေ အနေနဲ့ တိုးတက်မယ်။ ပဟုသုတလည်း ကြွယ်ဝမယ်။ မှုခင်းတွေလည်း လျော့ကျသွားနိုင်တယ်။ ဒါပေမဲ့ မီတာတပ်ဆင်ခ ဈေးမကြီးဖို့တော့ လိုတယ်ဗျ။ ဒါထက် အမှိုက် စွမ်းအင်က ဘယ်ကနေ ထုတ်ယူမှာတုံး"

"ထိန်ပင်ကလေဗျာ။ စွန့်ပစ်အမှိုက်ကနေ မီသိန်းဓာတ်ငွေ့ထုတ်ယူပြီး ဂျန်နရေတာနဲ့ လျှပ်စစ် ဓာတ်ထုတ်ယူမယ်။ အဲ မီသိန်းဓာတ်ငွေ့ကနေ Compress Biomethame ပြုလုပ်ဖို့အတွက် ၉၈ ရာခိုင်နှုန်း သန့်စင်တဲ့ CNG အစားထိုးဓာတ်ငွေ့ ထုတ်ယူခြင်း၊ စွန့်ပစ်အမှိုက်မှ မီးရှို့စက်တည်ဆောက် ပြီး Incinerated Process နဲ့ လျှပ်စစ် ဓာတ်အား ထုတ်ယူဖို့ စီစဉ်ဆောက်ရွက်နေပြီဗျ"

"ကောင်းပါတယ်ဗျာ၊ ဒါပေမဲ့ အမှိုက်စွန့်ပစ်မှု အခြေခံကောင်းနဲ့ အမှိုက်ကန်တွေ စနစ်တကျမရှိရင် စွန့်ပစ်အမှိုက်စွမ်းအင်ထုတ်လုပ်မှုက မြေအောက် ရေကို ထိခိုက်နိုင်တယ်ဗျ။ ဒါကိုတော့ ထည့်သွင်း စဉ်းစားဖို့လိုမယ်"

"လုပ်စမ်းပါဦးဗျာ၊ ခင်ဗျား အမြင်လေး"

"ဒီလိုလေဗျာ မီသိန်းဓာတ်ငွေ့ ထုတ်ယူသုံးစွဲ ရာမှာ အမှိုက်ကန်တွေကို တည်ဆောက်တဲ့အခါ အောက်ခြေမှာ မြေတွင်းစိမ့်ဝင်နိုင်မှုမရှိဖို့ ပလတ် စတစ် တွေ ကြိုတင်ခံထားဖို့လိုတဲ့အပြင် အမှိုက် စွန့်ပစ်မှု စနစ်တကျမရှိရင်လည်း ဓာတ်ငွေ့ထုတ်ယူမှု မအောင်မြင်နိုင်ဘူး ဗျ"

"ခင်ဗျားဆိုလိုတာက သဘာဝ ပတ်ဝန်းကျင် မထိခိုက်စေဘဲ စနစ်တကျ ဆောင်ရွက်နိုင်ရင် မြို့ပြအမှိုက်စွန့်ပစ်မှုမှာ အခက်အခဲတွေ ဖြေရှင်း နိုင်မယ် ဆိုပါတော့"

"ဒါပေါ့ဗျာ၊ အမှိုက်စွန့်ပစ်မှုမှာ မလေးရှား နိုင်ငံကတော့ အမှိုက်ကို သတ်မှတ်နေရာမှာ အမျိုး အစားခွဲခြား ပြီး စနစ်တကျစွန့်ပစ်ကြတယ်။ ပုလင်းခွံ တွေတောင် အမျိုးအစားခွဲခြားပြီး စွန့်ပစ်ကြတယ် ဗျ။ စနစ်တကျစွန့်ပစ်ခြင်း မရှိတဲ့အမှိုက်တွေကို သူတို့က သိမ်းဆည်းခြင်းမရှိဘူးဗျ။ အဲဒီအမှိုက်ထုတ် တွေမှာ လည်း နို့တစ်စာရေးပြီးထားပစ်ကြတယ်။ ဒါဟာ မလေးရှားနိုင်ငံရဲ့ အမှိုက်သိမ်းစနစ်ပဲဗျ"

"အတုယူစရာပဲဗျာ၊ ကျွန်တော်တို့ဆီမှာလည်း

www.burmeseclassic.com

www.burmeseclassic.com

ကျင့်သုံးဖို့လိုပြီ"

"လိုပြီလားဗျာ၊ စည်းကမ်းရှိမှ တိုးတက်မယ်ဆိုတာ အလကားစကားမှ မဟုတ်ဘဲ။ အမှိုက်ကနေ စွမ်းအင် ထုတ်လုပ်မှုဟာ တောင်ကိုရီးယားနိုင်ငံမှာ အကြီးအကျယ်အောင်မြင်နေပြီဗျ။ ထိုင်းနိုင်ငံမှာတော့ စမ်းသပ်ဆဲကာလ ပေါ့။ ခု ကျွန်တော်တို့ မြန်မာပါ စတင် လာပြီဆိုတော့ ပွင့်လင်းမြင်သာမှုကို ကြိုးဆိုရမှာပေါ့ဗျာ"

အဝိုင်းရေ ကိုယ်တို့ လျှပ်စစ်တမ်းချင်းကို သီကျူးလာခဲ့တာ နှစ်ကာလအတော်ကြာခဲ့ပြီ။ ပြည်သူတစ်ရပ်လုံး ဆီမီးအိမ်နဲ့လည်း သီကျူးခဲ့ဖူးပြီ။ ဖယောင်းတိုင်နဲ့ လည်း သီကျူးခဲ့ဖူးပြီ။ ဓာတ်ခဲသုံး လက်ကိုင်မီးတွေနဲ့လည်း သီးကျူးခဲ့ပြီးပြီ။ ကြီးကြီးသေးသေး လုပ်ငန်းရှင်တို့ လည်း လျှပ်စစ်တမ်းချင်းကို အကျယ်လောင်ဆုံး ညည်းခဲ့ဖူးပြီ အဝိုင်း။

လျှပ်စစ်ဗို့အားကျမှ (Voltage Drop)၊ မီးပြတ်တောက်မှုတွေ အဆက်မပြတ် ဖြစ်ပေါ်နေတဲ့ကြားက လျှပ်စစ် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော် ရဲ့ လျှပ်စစ်စွမ်းအားလိုအပ်ချက်တွေကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်စီမံကိန်းတွေကို နိုင်ငံတော်အနှံ့အပြားမှာ အရှိန်အဟုန်ဖြင့် အကောင် အထည်ဖော်ဆောင်လာနေပါပေါ့ အဝိုင်း။

ဒါ့အပြင် အကျင့်ပျက်ခြစားမှုနှင့် ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုတွေကိုလည်း တိုက်ဖျက်နိုင်ပါမှ၊ ပြုပြင်မှု၊ ထိန်းသိမ်းမှုတွေကိုလည်း မပြတ်လုပ်ဆောင်နိုင်ပါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အပံ့ ဖြစ်မှာပါအဝိုင်း။

မီးအလင်းမရသေးတဲ့ အဝိုင်းတို့လို ကျေးရွာတွေကိုလည်း ကျေးရွာမီးလင်းရေးအတွက် နိုင်ငံတော်အစိုးရအနေနဲ့ အတိုးနှုန်းသက်သာစွာနဲ့ ချေးငွေတွေ ထုတ်ချေးပေးပြီး ကျေးရွာတွေကို မီးလင်းစေဖို့ ဆောင်ရွက်စေချင်ပါတယ်။ လွတ်တော်ကိုယ်စားလှယ်ကလည်း အဝိုင်းတို့ကျေးရွာမီးလက်စေဖို့ ကတိပေးခဲ့ပါတယ်။ ကြမ်းကျွံလျှင်နုတ်ရ၊ စကားကျွံလျှင် နုတ်မရတဲ့။ သူ၏ ကတိစကား

အဝိုင်းရေ ကိုယ်တို့ လျှပ်စစ်တမ်းချင်းကို သီကျူးလာခဲ့တာ နှစ်ကာလအတော်ကြာခဲ့ပြီ။ ပြည်သူတစ်ရပ်လုံး ဆီမီးအိမ်နဲ့လည်း သီကျူးခဲ့ဖူးပြီ။ ဖယောင်းတိုင်နဲ့ လည်း သီကျူးခဲ့ဖူးပြီ။ ဓာတ်ခဲသုံး လက်ကိုင်မီးတွေနဲ့လည်း သီးကျူးခဲ့ပြီးပြီ။ ကြီးကြီးသေးသေး လုပ်ငန်းရှင်တို့ လည်း လျှပ်စစ်တမ်းချင်းကို အကျယ်လောင်ဆုံး ညည်းခဲ့ဖူးပြီ အဝိုင်း။

တွင် တာဝန်ယူမှုနှင့် တန်ဖိုးထားမှုတို့ကို ပေါင်းစပ်ပါဝင်နေ၏။

Character is power ကိုယ်ကျင့် တရားဟာ တန်ခိုးပဲတဲ့။ လောကကြီးရဲ့ အရှုပ်အထွေးတွေကို ကိုယ်ကျင့်တရားနဲ့ပဲ ဖြေရှင်းနိုင်မယ်။ ကိုယ်တို့ဟာ ပြဿနာ တစ်ခုကို ကိုင်တွယ်တဲ့နေရာမှာ နံပါတ် (၁) ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန် မြင်တတ်ရမယ်။ (၂) ဖြေရှင်းနိုင်တဲ့ ဉာဏ်ပညာလည်း ရှိရမယ်။ (၃) အမှန် တရားကိုလိုလားတဲ့ သဘောထားကြီး မှုလည်း ရှိရမယ်။ ဒီအချက်တွေ ပြည့်စုံဖို့ဆိုတာ ကိုယ်ကျင့်တရားအပေါ် အခြေခံပါတယ် အဝိုင်း။

အဝိုင်းရေ . . . အမှောင်ကို အလင်းကသာ လျှင် မောင်းထုတ်နိုင်ရဲ့။ အမှောင်ရဲ့ လက်ဝါးကြီးအုပ် ကကြီးကကွက်တွေ ဘုံကြီးပြတ်လို့ 'ဘုတ်' ကနဲ ပုံကျခဲ့ပြီ။ မကြာခင် ခြေခင်းလက်ခင်း သာတော့မှာမို့ မိုးမသောက် မှောင်မိုက်အရိပ်မပြေးမီ ဒီမြင်ကွင်းတွေကို မင်း မျက်ကွယ်ပြုမသွားလိုက်နဲ့အဝိုင်း။ မင်း အသက်ကို အောင့်ထားစမ်းပါ။ စိတ်အားတင်းစမ်းပါကွယ်။ မျှော်လင့်ခြင်း လရောင်ကို မင်းခေါင်းမှာ ပန်ဆင်လို့ပေါ့ . . . ။ ။

ဝိမွန်သော်

www.burmeseclassic.com

www.burmeseclassic.com

ပုဂံဘုရားသို့ သန်းတောင်ခို



www.burmeseclassic.com

www.burmeseclassic.com

(၁)

သရဲ၊ ဥမင်၊ စေတီကုန်း၊ ရွာတော် စသောရွာများသည် ကလောမြို့နယ် အပိုင်ရွာများဖြစ်ကြသည်။ သရဲရွာနှင့် ဦးမင်ရွာမှာ အရှေ့နှင့်အနောက် ဆက်စပ်နေသောရွာများ ဖြစ်ကြသည်။ ညဘက်ဆိုလျှင် မီးခြောင်း၊ မီးလုံးနှင့် ထိန်ထိန်ညီးနေသည်။အဘယ်ကြောင့် ဆိုသော် ရွာဦးဆရာတော်၏ အစောင့် အရှောက်ကောင်းဖြင့် လျှပ်စစ်မီးလင်း ခဲ့ရသည်။ သရဲ၊ ဥမင် ဆိုသော ရွာက လည်း ဓနုလူမျိုးအများစု နေထိုင်ကြ သော ရွာဖြစ်သည်။ ရွာနှင့် မလှမ်း မကမ်းတွင် သရဲဥမင်ဆိုသော လိုဏ်ဂူ ဘုရားတစ်ဆူရှိသည်။ ပါးစပ်ရာဇဝင် အဆိုအရ ယင်းလိုဏ်ဂူမှာ ပုဂံပြည်သို့ ပေါက်သည်ဆိုကြသည်။

သရဲဥမင်ဘုရားက တပေါင်းလ ပြည့်နေ့တွင် ပွဲတော်ရက်ဖြစ်သည်။ ညစဉ် ဘုရားပွဲတော်ရက်ဆိုလျှင် လူ တွေက ကြိတ်ကြိတ်တိုး စည်ကားလှ သည်။ ရှမ်းတောင်တခွင်တွင် တပေါင်း လပြည့်နေ့၌ကျင်းပသော လိုဏ်ဂူဘုရား များ၏ပွဲတော်ရက်ဖြစ်သည်။ ကလော၊ အောင်ပန်း စသောမြို့များမှ လူရော၊ ရွာနီးချုပ်စပ်မှလူရော ပွဲတော်ရက်အတွင်း ကြိတ်ကြိတ်တိုး စည်ကားလှသည်။

ပွဲတော်ရက်က တစ်ရက်တည်းကျ သည်။ သို့သော် ပွဲဖိတ်ညကတည်းက စေ့ားသည်များက ပျားပန်းခတ်မှ စည်ကားလှသည်။ ကလော အောင်ပန်း မှစ့ေားသည်များ၊ ရွာခံ၊ ရွာနီးချုပ်စပ်မှ လာရောက်ရောင်းချသောစ့ေားသည်များ ၏ ဆိုင်တန်းကြီးကလည်း တမျှော် တခေါ်၊ အရက်၊ ခေါင်ရည်၊ ဘီယာ၊ အချိုရည်ရောင်းသောဆိုင်ခန်းများ၊ အကြော်စုံရောင်းသောဆိုင်ခန်းများ၊ တို့ဟူးသုတ်၊ မုန့်ဖတ်သုတ်၊ ဝက်သား ချဉ်၊ အမဲသားချဉ်ဆိုင်များကလည်း အခါးရည်နှင့်တွဲဖက်၍လည်းကောင်း၊ အရက်မိုးစုံနှင့်လည်းကောင်း တည်ခင်း ရောင်းချတတ်သည်။

ရွာသားများကလည်း ဝက်သား ချဉ်တစ်လုပ်၊ ခေါင်ရည်တစ်ကျိုက်၊ ဝက်ခေါက်ကြော်၊ တို့ဟူးကြော် တစ်ကိုက်နှင့် ရီဝေဝေရှိကြသည်။ အခါအား လျော်စွာထည့်သွင်းတတ် သော လေးကောင်ဂျင်ပိုင်း၊ ဝုဂင်းပိုင်း တွေပါလျှင်တော့ ပို၍စည်ကား တတ်သည်။ ကစားပိုင်းပါလျှင်တော့ ပို၍စည်ကား တတ်သည်။ ကစားပိုင်း ပါလျှင်တော့ ကားမျိုးစုံ၊ လူမျိုးစုံ၊ ဆိုင်ကယ်မျိုးစုံနှင့် ကွင်းထဲမှာ ဟိန်း ဟိန်းညံနေတတ်သည်။

ငါးရှဉ့်ကွ၊ အမြီးရှည်လေး
ငါးပုစွန်ထုပ်ကွေးကွေးလေး
လာတော့မယ်
လိပ်ကွ၊ လိပ်ရေထဲကလိပ်ကလေးတွေ
ရွှေငါးလေးကွ၊ ရွှေငါးလေး
သည်တစ်ခါတော့ အပိုင်ပဲကွ၊
ဖားကလေး

စသည်ဖြင့် မိမိတို့နှစ်သက်ရာ အကွက်တွင် ထိုးထားသော ရေသတ္တဝါ

www.burmeseclassic.com

www.burmeseclassic.com

ကျင်း၊ မုန်လာထုပ်၊ ခရမ်းချဉ်သီးခင်း များကထွက်သော တောသီးနှံများ၏ဈေးကို မျှော်နေတတ်သော ကလေးများအတွက် ပညာရေးက ဟိုမှာဘက်ကမ်း။

လေးများကိုမျှော်ကာ ရီဝေဝေ၊ ယိုင်တိုင်တိုင်ဖြင့် အလောင်းရဲနေကြသည်။

အလောင်းရဲကြသူများမှာ ဂုဏ်ခံပေါ်မှ အံ့စာတုံး အလိမ့်၊ အကျများကို မိမိတို့လက်ဆဖြင့် ကြိုးကို ကိုယ်တိုင် ဆွဲနေသူများလည်း ရှိတတ်သည်။

ဘုရားပွဲဆီမှ လွင့်ပျံလာသော အသံချဲ့စက်မှအသံမှာ ကစားဝိုင်းတွင်း ရှိအော်သံကို မလွှမ်းမိုးနိုင်။ လေးကောင် ကျင်ကစားဝိုင်းမှာ ယောက်ျားတစ်သိုက် အော်သံကြောင့် ညံနေသည်။ ယမကာနဲ့လေးတသင်းသင်း၊ ကွမ်းစားဆေးအစုံ ရန့်၊ ဒိုင်မှထွန်းထားသော အမွှေးတိုင် အနံ့နှင့်ရောထွေးကာ ငြီးစီစီဖြစ်နိုင်သည်။ ထိုးသားများကတော့ ပျော်မဆုံး၊ အော်မဆုံး၊ ရပ်ဝေးရပ်နီးရွာခံ၊ ဒေသခံအမျိုးသားများ၏ ထွက်ပေါက်တစ်ခုအဖြစ် ခင်းကျင်းနေသည်။ လွယ်အိတ်လွယ် ထားသောရွာသား၊ ကျာကင်အကျီ၀တ်ထားသောရွာသား၊ ပိုက်ဆံအိတ် ခါးထိုးထားသောမြို့သား၊ ခေါင်းပေါင်း ပေါင်းထားသောရွာသား ဦးထုပ် ခပ်စိုက်စိုက်ဆောင်းထားသော မြို့သား စသည်ဖြင့် ရောထွေးကာ ဆူညံနေသည်။

ပွဲစား၊ ကုန်သည်၊ အလုပ်သမား၊ တက္ကစီအမောင်းသမား၊ ခြံသမား၊ ယာသမား၊ နွေစားသမား၊ ကစားသမား၊ အပျော်သမား စသည်ဖြင့် ပွဲခင်းအပြည့်၊ ဖုန်တလုံးလုံး လိမ့်တက်နေသော်လည်း အလောင်းမပျက်၊ အထိုးမပျက်၊ ရှုံးသူ၊ နိုင်သူ၊ ကုန်သူ၊ ရသူဖြင့် စည်ကားနေ တတ်သောမြင်ကွင်းများ။

(၂)

ပွဲတော်ရက် လပြည့်နေ့နံနက်စောစောတွင် ဆိုင်ကယ်၊ ကား၊ မြင်းလှည်း၊ ခြေလျင် စသည်ဖြင့်လည်း လူတန်းရှည်၊ ကားတန်းရှည်ကြီးက ဖုန်တထောင်းထောင်းထနေသည်။ ဂူဘုရားပေါ်တွင် ဆွမ်းကပ်နေသော အဘိုးအို၊ အဘွားအို၊ အပျိုမတစ်သိုက်ကလည်း ဆွမ်းတော်အုပ်၊ ပန်း၊ ရေချမ်း၊ ဆီမီးဖြင့် ဂူ၀တွင် ပျားပန်းခတ် ကြိတ်ကြိတ်တိုးစည်ကားနေသည်။

နေ့လယ်ဆွမ်းလောင်းချိန်တွင် မြို့ပေါ်မှ သံယာများ ရွာနီးချုပ်စပ်မှ ရဟန်းသံယာများအား ဆွမ်းလောင်းကြသည်မှာ တစီတတန်းရှိနေသည်။

ခေတ်ပေါ်ကစားနည်း နှစ်လုံးသမား၊ သုံးလုံးသမားများကတော့ ရဟန်းအရေအတွက်ကို ရီဝေဝေနှင့် နံပါတ်စဉ်မကျတကျ ရေတွက်နေသည်။ အပျိုမများက ဆွမ်းအုပ်ရွက်ကာ စီတန်းလှည့်လည်ကြသည်။ ရွာကျောင်းများကတော့ လက်စားချို၊ လက်စားဆပ် စသည်ဖြင့် တစ်ရွာတစ်ရွာ ဆွမ်းအုပ်ပို့ကြသည်။ ကာလသားတစ်သိုက်က ဆွမ်းတော်အုပ်ရွက် အပျိုမလေးများ၏ အလှအပကို ဝေဖန်နေကြသည်။ အလှချင်းပြိုင်၊ အ၀တ်အစားချင်းပြိုင်၊ အပြုံးပြိုင်နေသော ကောင်မလေးများ၏ ပါးပြင်မှာ နီစွေးစွေး။

လက်ချောင်းများတွင်ဝတ်ထားသော ရွှေလက်စွပ်လေးများ၏အရောင်မှာ နေရောင်တွင် ဝင်းလက်လက်။ ရွာသူ အပျိုမများ၏ ရွှေလက်စွပ်အပြိုင်အဆိုင်မှာ နေရောင်အောက်တွင် တောက်ပ လျက်။ ငေးရီရီလူပျိုလေးများ၏မျက်စိတွင် မိမိတို့ပေးထားသော ရွှေလက်စွပ်ကို တဒင်္ဂအတွင်း ရှာဖွေနေသည်။ ဖိုးအိုတစ်သိုက်ကတော့ အကြော်ဆိုင်တွင်ထိုင်ရင်း ကွမ်းတ၀ါး ၀ါး။ ကလေးတစ်သိုက်ကတော့ လက်မှာ သရေစာကိုင်လိုက်၊ ကစားစရာ ပူဆာလိုက်၊ ပြေးလိုက်၊ ငိုလိုက်၊ ရယ်လိုက်ဖြင့် ဆူညံနေတော့သည်။ ရွာခံလူကြီးများနှင့် ညီသည်လူကြီးများက ဘုန်းကြီး ကျက်သရေအခန်းအတွင်းအပြင်တွင် သံယာတော်များ ဆွမ်းစားရန် ပြင်ဆင်နေသူနှင့် ဆေးလိပ်တဖွားဖွား၊ ရေနွေးအခါ တစ်ပန်းကန်နှင့် စကားစမြည်ပြောသူများပါ ရှိနေကြသည်။

ဖအိုတစ်သိုက်ကတော့ သူတို့ရွာ ကျင်းအထွက်ကောင်းပုံကို ပြောနေသည်။

"ဖအိုတကျော်က တို့ရွာသားတော်သည်နှစ် ကျင်းစျေးကောင်းတော့ ကားဝယ်တယ်ကွ"

"ဘာကားလဲ ဖအိုကွယ်"

"ဘာကားလဲတော့ မသိဘူး အဖြူရောင်ကားကြီးလေ"

"ပုစဉ်းခေါင်းလား"

"ဟုတ်ဘူး ဖအို ဆယ်ဘီးကား"

"ဟာ နည်းတာကြီးမဟုတ်ပါနော"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူမောင်းမှာလဲဖအို"

"ဘယ်သူမောင်းရမှာလဲ၊ အောင်ပန်းက ရွှေထူးမောင်းမှာပေါ့"

"အင်း သူက ဂျင်းအတော်ရတယ်နော"

"အင်းလေ၊ ဂျင်းစိုက်တဲ့ထဲမှာ သူက လက်ကြီးပဲ"

"မှန်တယ်၊ သည်နှစ် စျေးကောင်းရကြတာပဲ"

"တို့ရွာသူ မိမိရတို့တောင် သည်နှစ် နွားတစ်ရှည်းဝယ်နိုင်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဖအို တို့က အနည်းစိုက်သမားဆိုတော့ ပျိုးထောင်ဖို့ထားရတာ၊ သိပ်မရောင်းလိုက်ရဘူး"

ဖအိုများမှာ ချောင်းတဟန့်ဟန့်ဖြင့် ဆေးလိပ်ဖွာသူ၊ အခါးရေသောက်သူဖြင့် ဂျင်းစျေး၊ မျိုးစျေး၊ မြေသြဇာဆေး၊ ပိုးသတ်ဆေးအကြောင်း ပြောနေကြသည်။

ဘုရားပွဲအတွင်းသို့ ဝေါကနဲ၊ ဝေါကနဲ မြေနီတဖွားဖွားဖြင့်လည်းကောင်း၊ ဆိုင်ကယ်တဝီးဝီးဖြင့် အရှိန်ပြင်းပြင်းမောင်းချလာသော ဂျင်းစိုက်ခင်းပိုင်ရှင်များက ချိုပြုံးဝင်းမြလျက်။

(၃)

ကျောင်းဆရာမက မြေနီတလူးလူးဖြင့် ကျောင်းလာတက်ကြသော သရဲဥမင်မှကလေးများကို ဂရုတစိုက် စာသင်ပေးနေသည်။ ဆရာမက မြန်မာပြည်မမှ လာရောက်စာသင်ပေးသော ကျောင်းဆရာမကလေး ဖြစ်သည်။

ကလေးများက စကားပြောလျှင် အသံခပ်ဝဲဝဲမို့ မနည်းနားစိုက်ထောင်နေရသည်။

"ချစ်မွေး၊ မနေ့က ဘာလို့ ကျောင်းမလာတာလဲ"

"ဆရာမ၊ မိုးအိုက ဂျင်းခင်းထဲ ပေါင်းကောက်ဖို့ခေါ်တာနဲ့ ကလေးထိန်း လိုက်သွားတာပါဆရာမ"

"နန်းအဲ့ ဘာလို့မလာလဲ"

"ဆရာမ အိမ်မှာ အမိုးနဲ့ တို့ဘက ပေါင်းသတ်ဆေးဖျန်းတော့ ထမင်းအိုးတည်ရတယ်ဆရာမ"

"အေး၊ မင်းတို့အမေတွေ မေးကြည့်မယ်နော်၊ မဟုတ်ရင်ရိုက်မယ်၊ ဟုတ်ရဲ့လား"

ကလေးများ မျက်နှာမှာ ငိုမဲ့မဲ့လေးများ ဖြစ်သွားကြသည်။ "ဟုတ်တယ်၊ ဆရာမ၊ ကျွန်တော်လည်း မနေ့က ကျွဲကျောင်းရတယ်" ဟု ထောင့်မှ ကလေးတစ်ဦးက ထပြောပြန်သည်။

ဆရာမက အတော်လေးစိတ်ပျက်သွားဟန်ဖြင့် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

"အေး၊ နင်တို့ ဘိုးအိုတွေ၊ နင်တို့ဘတွေက ဘာလို့ ကလေးတွေကို ကျောင်းပျက်ခိုင်းတာပါလိမ့်"

"ဆရာမ ကျွန်တော်တို့အိမ်က အစ်မတွေ၊ အစ်ကိုတွေက အိမ်ခွဲသွားလို့ လူမရှိတာပါဆရာမ"

ကျွန်တော်တို့အိမ်မှာ ကျွန်တော်ကအကြီး၊ ကျွန်မကအကြီး စသည်ဖြင့် ငြင်းခုံကာ ဆရာမအား သူတို့ပြဿနာကို တင်ပြနေကြသည်။ ဆရာမက သူတို့တင်ပြသော အိမ်တွင်းရေးပြဿနာကို ငေးမောနေမိသည်။

ကလေးများက သူတို့အိမ်တွင်းရေး ပြဿနာများကို အသီးသီးတင်ပြနေကြသည်။ သူတို့ကလေးငယ်များက သူတို့ မိဘများ၏ကိုယ်တိုင် မိသားစုတိုင်း ကြုံရသော ပြဿနာများကို ဝိုင်းဝန်းကူညီဖြေရှင်းပေးကြသောသူများ ဖြစ်ကြသည်။ သည်လိုဆိုပြန်တော့ ဆရာမများက သူတို့ကို အပြစ်မတင်ရက်။ မိသားစုပြဿနာများမှာ တစ်ခုနှင့် တစ်အိမ်ထောင်တိုင်း တူညီကြသောပြဿနာမဟုတ်သောကြောင့် ဆရာမများက အတော်လေး အဖြေထုတ်၍ မရသောပုစ္ဆာများဖြစ်နေပြန်သည်။

ကလေးအမေများဘက်ကလည်း သူတို့ခံစားချက်နှင့် သူတို့ ဖြစ်နေပြန်သည်။

ရွာမှကျောင်းဆရာမများမှာ မြို့ကကလေးများကျောင်းတက်လျှင် သနပ်ခါးအဖွေးသား၊ ရေသန့်ဘူး၊ ထမင်းချိုင့်ရောင်စုံနှင့် ဟန်ကျပန်ကျလာရောက်ကျောင်းတက်ကြသော ကလေးများကို မတွေ့ရ။ ရွာမှကလေးများမှာ ကစားနေရာမှ ဒါမှမဟုတ် အလုပ်ထဲမှ ကမန်းကတန်းပြေးထွက်လာကြသော ညစ်ပေပေကလေးများကိုသာ တွေ့ရသည်။ သို့သော် သူတို့သည် ဆရာမကို အလွန်လေးစားအားကိုးသော ကျောင်းသားလေးများဖြစ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် အပြေးအလွှား ဆရာမ၏ထမင်းချိုင့်၊ ခြင်းစသည်များကို အပြေးအလွှား ကြိုးစားယူဆောင်ပေးကြသောကလေးငယ်များ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်များ၏ အမေများ၊ အဖေများသည် ကလေးများအတွက် စာကြိုးစားရန်၊ ပညာတတ်လျှင် မည်သည့်အလုပ်အကိုင်ရရန် အခွင့်အလမ်းများရှိသည်ကိုလည်း ပြောမပြတတ်။ ကလေးစာတတ်လျှင် သူတို့အတွက် မည်သည့်မျှော်လင့်ချက်ရောင်ခြည်များ ရှိလာပုံလည်း ပုံမဖော်ပေးတတ်၊ အားကျဖို့လည်း မပြောတတ်။ ပညာနှင့် ပတ်သက်၍ အားကျစရာလည်း များများစားပြစရာမရှိ။ အနည်းဆုံး ကျောင်းရွာမှာ ကျောင်းဆရာမလေးပြန်လုပ်ရန်ပင် အားမပေးတတ်။ တနယ်တကျေးမှ မိမိတို့ရွာသို့ လာရောက်အလုပ်လုပ်ကိုင်ကြသည့် ကျောင်းဆရာမများ၊ ရွာစာရေးများ၊ အစရှိသည်များ ကိုတောင် သနားနေကြသည်။

"သနားပါတယ်၊ ဆရာမက သူ့မိဘတွေနဲ့ အတော်ကြီးဝေးတဲ့ ဗမာပြည်ကဆရာမတဲ့၊ ဒီရွာမှာ တစ်ယောက်တည်းလာနေတာ" ဆိုပြီး ဆရာမကို ဝိုင်းသနားနေကြပြန်သည်။

သူတို့ရွာမှကလေးများ စာတတ်ရန် အားသန်ကြသောမိဘများကလည်း လက်ချိုးရေတွက်လို့ ရသည်။ ရွာမှာ ဆိုင်ကယ်ကောင်းကောင်းတစ်စီးဝယ်ပေးဖို့ ကားဝယ်ပေးဖို့ ရည်မှန်းချက်ထားသူက ပိုများသည်။ သည်တော့ ခေတ်အခြေအနေအရ သူတို့စိတ်ကူးနှင့် သူတို့တော့ အားကျစရာ၊ အတုယူစရာတွေချည်းသာ ဖြစ်နေပြန်သည်။

ရွာဦးကျောင်းက ဓနုဆရာတော်ကတော့ ရွာသားများ၏ ကလေးငယ်များအား ပညာတတ်လေးများဖြစ်စေချင်သဖြင့် စာသင်ကျောင်းမှန်မှန်သွားရန် တိုက်တွန်းတတ်သည်။ မိဘများက ကလေးစာတတ်ရန်ပြောလျှင် ကားအကြောင်း၊ဆိုင်ကယ်အကြောင်းသာ ရောက်ရောက်သွားကြသည်။ သည်တော့ ဘုန်းကြီးက "နင်တို့ကလေးတွေ နင်တို့ သုံးနေတဲ့ ပိုးသတ်ဆေးတွေ၊ ကားဓာတ်ဆီတွေကို ဖတ်တတ်၊ နားလည်တတ်အောင် သင်ပေးကြပါ" လို့ ပြောလျှင် အားလုံးက "အေး ဟုတ်သားပဲ" ဟု တညီတညွှတ်တည်း ပြောတတ်သည်။ အိမ်ရောက်လျှင် အားလုံးပြေးလွှင့်ကာ ဂျင်းပေါင်းသင်ဖို့၊ ဂေါ်ဖီထုပ်ရိုက်ဖို့ မြေပြင်ရန် ကလေးတွေကို ခိုင်းရပြန်သည်။

သည်နှစ် ဂျင်းစျေးကောင်းမိရင်တော့ ငါ့ကလေးကို အောင်ပန်းစာကျက်ဝိုင်းမှာ ညအိပ်ပို့မယ်ဟု စိတ်ကူးယဉ် တတ်သော ပဲပုတ်သည်မိစိန်ကတွေး လိုက်သည်။ သူ့ကလေးကိုပြောပြတော့ ကလေးက "အမိုး၊ ငါမြို့မှာ မနေဘူး၊ တောမှာ အမေနဲ့နေပြီး မုန်လာစိုက်မယ်၊ ပြီးရင် တို့မောင်လေးကိုရှင်းပြမယ်" ဟုသာ ပြောတော့သည်။ မိစိန် ဘာမှ မတတ်နိုင်၊ ဆရာမလည်း မတတ်နိုင်။ သူ့အမေ သူ့အဘလည်း မတတ်နိုင်။ ဂျင်း၊ မုန်လာထုပ်၊ ခရမ်းချဉ်သီးခင်း များကထွက်သော တောသီးနှံများ၏စျေးကို မျှော်နေတတ်သော ကလေးများအတွက် ပညာရေးက ဟိုမှာဘက်ကမ်း။

(၃)

နောင်ရဲရွာသားများက သူတို့ရွာတွင်ရှိသော ဂူဘုရားမှာ လိုဏ်ခေါင်းအတွင်းမှဝင်သွားလျှင် ပုဂံပြည်သို့ ရောက်သည်ဟု ထင်မှတ်ထားကြသည်။ သို့သော် ပါးစပ်ရာဇဝင်လား၊ တကယ်လားတော့ မသိနိုင်။ တစ်နှစ်တစ်ခါ ကျင်းပမြဲ ဘုရားပွဲကိုကား စည်ကားစွာ ကျင်းပနိုင်ကြသည်။ နှစ်ပေါင်းများစွာ ကျင်းပလာခဲ့သည်။ နိုးရာစဉ်လာမပျက် ဂျင်းစိုက်တောင်သူ၊ မုန်လာထုပ်စိုက်တောင်သူများ၏ ဝင်ငွေအပြိုင်အဆိုင် ပြရာပွဲကြီးလည်း ဖြစ်ခဲ့သည်။ ဘုရားလူကြီး၊ ရွာလူကြီးများလည်း ပြောင်းလဲခဲ့ပြီ။

ရွာမှ တစ်ပြည်သူကျောင်းဆရာမများ၏စိတ်တွင်တော့ နောင်ရဲ၊ သရဲမှ ကလေးငယ်များအား ပညာအပြည့်အဝဖြင့် သူတို့ရွာဘုရားသမိုင်းအတိုင်း ပုဂံပြည်ကြီးကို ထိုးဖောက်ဝင်ရမည့် ကလေးများအား ဆက်လက် ပညာသင်ကြားပေးရဦးမည်။

ဓနုရွာကလေးငယ်များ ပုဂံသာမက၊ မြန်မာနိုင်ငံသာမက ကမ္ဘာကို ထိုးဖောက်မည့်သူများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးရမည်။ အရိုင်းထဲမှ အယဉ်ဆုံး၊ ပေါင်းပင်ကြားမှ မျိုးစေ့မှန်သောသစ်ပင်များ၊ အရိပ်အာဝါသရသောအပင်၊ ကျေးဌက်များ ပီ့ခိုအားထားရသောအပင်များဖြစ်အောင် လေ့ကျင့်ပေးရပါဦးမည်။

(၄)

ကစားဝိုင်းမှ 'မြွေကွ၊ ဖားကွ၊ ငါးရှဉ့်ကွ' စသောအသံများ ဆိတ်သုဉ်းပါစေ။

လူများကိုအားမကိုးဘဲ ပြည်တွင်းမှ၊ သည်ရွာမှထုတ်လုပ်သော သီးနှံမျိုးစေ့များ၊ မြေသြဇာများဖြင့်သာ ရှမ်းရွှေ့ကို အလှဆင်နိုင်သောကလေးများ ဖြစ်ရန် အားစိုက်ရပါဦးမည်။

သင်းမြစ်ခ

www.burmeseclassic.com

www.burmeseclassic.com

မီးခိုးမြှုပ်ယယ်ရှားရန် တရုတ်ငွေချေး

စောမိုးမြင့်

လာမည့် (၃) နှစ်အတွင်း ကျောက်မီးသွေး သတ္တုတွင်းအသစ် တူးဖော်ထုတ်လုပ်ခွင့်မပြုတော့တဲ့ အကြောင်း တရုတ်နိုင်ငံအစိုးရက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးဌာန (National Energy Administration) ကလည်း ကျောက်မီးသွေး ထုတ်လုပ်မှုတန်ချိန် (၇၀) သန်းကို လျှော့ချဖို့၊ လက်ရှိ တူးဖော်ထုတ်လုပ်နေတဲ့ ကျောက်မီးသွေးတွင်းများထဲက ကျောက်မီးသွေးတွင်းပေါင်း (၁၀၀၀) ခန့်ကို လာမည့်နှစ်မှာ ပိတ်သိမ်းဖို့ ညွှန်ကြားထားပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ ပြီးခဲ့တဲ့လတွေမှာ နိုင်ငံတစ်လွှား မြို့တော်ကြီးတွေပေါ်မှာ ကျောက်မီးသွေးကထွက်ပေါ်လာတဲ့ မီးခိုးမြှုတွေ ဖုံးလွှမ်းခဲ့ပြီး ဖြစ်ပေါ်လာတဲ့ လေထုညစ်ညမ်းမှုကြောင့် လူထုရဲ့ ဆန္ဒပြမှုများအပေါ် တုံ့ပြန်အရေးယူဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

လူသန်းပေါင်း (၂၀) နီးပါး နေထိုင်ကြတဲ့ ဘီဂျင်းမြို့တော်မှာ လေထုညစ်ညမ်းမှုကြောင့် ဒီဇင်ဘာတစ်လ တည်းမှာ အနီရောင်အဆင့်သတိပေးမှု (၂) ကြိမ်ထုတ်ပြန်ခဲ့ရပြီး၊ စာသင်ကျောင်းတွေ ခေတ္တပိတ်ထားခဲ့ရသလို၊ သက်ကြီးနဲ့ ကလေးတွေကို အပြင်ထွက်ခွင့်မပြုဘဲ အိမ်ထဲသာ နေထိုင်ဖို့ သတိပေးခဲ့ရပါတယ်။ တရုတ်နိုင်ငံမှာ

www.burmeseclassic.com

www.burmeseclassic.com

ဆိုးရွားလာတဲ့မီးခိုးမြူတွေကြောင့် ပြည်သူလူထုကဆန္ဒပြမှုများ မြို့တော်ကြီးတွေမှာ ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်မို့ တရုတ်နိုင်ငံဝန်ကြီးချုပ် ရီကျင်းပင်ဟာ အမေရိကန် သမ္မတအိုဘားမားနဲ့ ရာသီဥတုပြောင်းလဲမှုအတွက် ဆောင်ရွက်မည့်အစီအမံကို ပူးတွဲထုတ်ဖော်ကြေညာခဲ့ပါတယ်။ ၂၀၁၅ ခု၊ ဒီဇင်ဘာလ ပါရီမြို့တော်မှာ ကျင်းပခဲ့တဲ့ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာညီလာခံမှာလည်း ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးအစီအမံကို တင်ပြခဲ့ပါတယ်။

၂၀၁၅ ခုနှစ်အတွင်း ကျောက်မီးသွေးကြောင့် ဖြစ်ပေါ်လာတဲ့ လေထုညစ်ညမ်းမှုကြောင့် လူသားပေါင်း (၁.၆) သန်းသေကျေခဲ့ရပါတယ်။ လက်ရှိကာလမှာ တရုတ်နိုင်ငံဟာ ကမ္ဘာ့ကျောက်မီးသွေး အများဆုံးထုတ်လုပ်တဲ့နိုင်ငံဖြစ်သလို၊ ကျောက်မီးသွေးအများဆုံး သုံးစွဲတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံတစ်ဝှမ်း ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံနဲ့ အခြားစက်ရုံများက ထုတ်လွှတ်တဲ့ ဖန်လုံဓာတ်ငွေ့ပမာဏဟာ အမေရိကန်နိုင်ငံနဲ့ ဥရောပသမဂ္ဂ နိုင်ငံပေါင်းက ထုတ်လွှတ်တဲ့ပမာဏထက်များပြားပြီး၊ ကမ္ဘာ့အများဆုံးထုတ်လွှတ်တဲ့နိုင်ငံအနေနဲ့ ရပ်တည်နေပါတယ်။ တရုတ်နိုင်ငံရဲ့ ၂၀၁၀ ခုနှစ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုရဲ့ (၇၀%) ကို ကျောက်မီးသွေးက ထုတ်လုပ်ခဲ့ပြီး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အစားထိုးသုံးစွဲလာလို့ ၂၀၁၄ ခုနှစ်မှာ ကျောက်မီးသွေးအသုံးဟာ (၆၄%) အထိ ကျဆင်းလာပါတယ်။

ကျောက်မီးသွေးကို အဓိကတူးဖော်ထုတ်လုပ်မှုပြုလုပ်နေတဲ့ Shanxi ဒေသဟာ သတ္တုတူးဖော်ထုတ်လုပ်မှုကြောင့် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနဲ့ ကြုံတွေ့ရပြီး ဒေသခံများဟာ ကျန်းမာရေးချို့တဲ့မှုဒဏ်တွေ ခံစားနေကြရပါတယ်။ အလားတူပဲ ပြင်သစ်နိုင်ငံနဲ့ စပိန်နိုင်ငံ နှစ်နိုင်ငံပေါင်းထက်ကျယ်ဝန်းတဲ့ မွန်ဂိုးလီးယားအတွင်းပိုင်းဒေသဟာလည်း တရုတ်နိုင်ငံရဲ့ အသားတင်ကုန်ထုတ်လုပ်မှုပမာဏရဲ့ (၂၅%) ကို ထုတ်လုပ်ပေးပေမဲ့ ကျောက်မီးသွေး၊ ကြေးနီ၊ ခဲနဲ့ ယူရေနီယံတူးဖော်ထုတ်လုပ်မှုတွေကြောင့် ရေတွေ၊ မြေတွေ ပျက်စီးစပြုနေပါပြီ။ ကျွဲ၊ နွားများ မွေးမြူပြီး ကျယ်ဝန်းတဲ့စားကျက်တွေမှာ လှည့်လည်သွားလာကျက်စားတဲ့ ဌာနေတိုင်းရင်းသားများဟာလည်း ရေမြေပျက်စီးမှုတွေကြောင့် ရေရှည်အသက်မွေးဖို့ ခက်ခဲလာတဲ့အကြောင်း ထုတ်ဖော်ပြောဆိုလာပါတယ်။

သာမန် သဲမုန်တိုင်းနဲ့ တောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ အချင်း (0.0025) မီလီမီတာရှိတဲ့ PM (2.5) ဟာ လူတွေဖန်တီးတဲ့ ကျောက်မီးသွေးမီးရှို့မှုကြောင့် အဆပေါင်းများစွာ ထွက်ပေါ်လာပါတယ်။ အင်မတန်သေးငယ်လို့ အသက်ရှူလမ်းကြောင်းကတစ်ဆင့် အဆုတ်နဲ့ သွေးကြောထဲရောက်ရှိပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနဲ့ အံ့ဆုတ်ရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေပါတယ်။ (၁) ကုဗမီတာလေထုထဲမှာ PM (2.5)၊ (၂၅) မိုက်ခရိုဂရမ် ပါဝင်နေခြင်းဟာ ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့အဆင့်အဖြစ်နဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့အချိန်မှာ ဒီဇင်ဘာလ (၈) ရက်နေ့ ဘီဂျင်းမြို့တော်မှာ (၃၀၀) မိုက်ခရိုဂရမ်အထိ မြင့်တက်တိုင်းထွာရရှိပါတယ်။ ဒီမီးခိုးမြူတွေဟာ ဘီဂျင်းမြို့ဝန်းကျင် (၂၀၀၀) ကီလို မီတာ (၁၂၀၀) မိုင်အထိ ပျံ့နှံ့ပြီး ဘီဂျင်းအပါအဝင် မြို့ကြီး (၁၂) မြို့ကို လွှမ်းခြုံသွားပါတယ်။ ရာသီဥတုကူးပြောင်းမှုကြောင့် ပြောင်းလဲလာတဲ့လေတိုက်မှုဟာ ဒီမီးခိုးမြူတွေကို သယ်ဆောင်သွားပေမဲ့ တောင်တန်းများ၊ ဝိုင်းရံထားတဲ့ တရုတ်ပြည်ရဲ့မြောက်ဘက်နဲ့ အနောက်ဘက်ဒေသတွေမှာ ပိတ်မိနေပြီး မြို့တွေအပေါ်

www.burmeseclassic.com

www.burmeseclassic.com

ကျဆင်းလာပါတယ်။

ဆိုးရွားလာတဲ့မီးခိုးမြှုတွေကြောင့် ပြည်သူလူထုက ဆန္ဒပြမှုများ မြို့တော်ကြီးတွေမှာ ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်မို့ တရုတ်နိုင်ငံဝန်ကြီးချုပ် ရှီကျင်းပင်ဟာ အမေရိကန်သမ္မတအိုဘားမားနဲ့ ရာသီဥတုပြောင်းလဲမှုအတွက် ဆောင်ရွက်မည့်အစီအမံကို ပူးတွဲထုတ်ဖော်ကြေညာခဲ့ပါတယ်။ ၂၀၁၅ ခု၊ ဒီဇင်ဘာလ ပါရီမြို့တော်မှာ ကျင်းပခဲ့တဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံမှာလည်း ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးအစီအမံကို တင်ပြခဲ့ပါတယ်။ ဒါကိုအခွင့်ကောင်းယူပြီး ဘီဂျင်းမြို့တော်နဲ့ ပတ်ဝန်းကျင်မှာဖုံးလွှမ်းနေတဲ့ မီးခိုးမြှုနှင့်တကွ လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ဒေါ်လာ သန်း (၃၀၀)၊ စတာလင်ပေါင် (၁၉၈) သန်းချေးယူဖို့ တောင်းခံခဲ့ပါတယ်။ ဒီငွေတွေကို ဘီဂျင်းမြို့တော်နဲ့ ဝန်းကျင်မှာရှိတဲ့ Hebie နဲ့ Tiarnjin ဒေသတွေမှာရှိတဲ့ ကျောက်မီးသွေးစက်ရုံတွေလျှော့ချရေးနဲ့ လေထုညစ်ညမ်းမှုကာကွယ်ရေးတွေမှာ သုံးစွဲမှာဖြစ်ပါတယ်။ လူဦးရေသန်းပေါင်း (၁၀၀) မှီတင်းနေထိုင်ကြတဲ့ ဒီဒေသကြီးတွေရဲ့ ကုန်ထုပ် လုပ်မှုဟာ တရုတ်နိုင်ငံရဲ့ (၁၀%) ရှိတဲ့အကြောင်းအာရှ ဖွံ့ဖြိုးရေးဘဏ်က ထုတ်ဖော်ပြောကြားပါတယ်။

လေထုညစ်ညမ်းမှုဟာ လူသားများရဲ့ကျန်းမာရေးကိုထိခိုက်စေရုံမျှမက၊ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုကို ကျဆင်းစေပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ လေကောင်းလေသန့်ကို ရှူရှိုက်ခြင်းဟာ လူသားများရဲ့ကျန်းမာရေးကို ရေရှည်ကောင်းမွန်စေသလို ဒေသ၊ နိုင်ငံရဲ့စီးပွားရေး ရေရှည်တိုးတက်ရေးကိုလည်း အထောက်အကူပြုပါတယ်။ တရုတ်အစိုးရဟာ ဒီချေးငွေနဲ့ လေထုညစ်ညမ်းမှုကာကွယ်ရေးကို ဖော်ဆောင်နေသလို တစ်ဖက်ကလည်း လျှော့ပါးသွားမည့် ကျောက်မီးသွေးမောင်းနှင်အားကရရှိခဲ့တဲ့ လျှပ်စစ်စွမ်းအားတွေကို ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်ဖြစ်တဲ့ လေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်နဲ့အစားထိုးဖို့ ဆောင်ရွက်လျက်ရှိနေပါတယ်။

ဆယ်စုနှစ် (၂) စုကျော်အတွင်း စီးပွားရေးတဟုန်ထိုးတိုးတက်လာတဲ့ တရုတ်နိုင်ငံဟာ တိုးတက်လာတဲ့စီးပွားရေးနဲ့အတူ သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုဒဏ်ကိုလည်း ခံစားလာရပါတယ်။ ကျောက်မီးသွေးမီးရှို့ရာကထွက်ပေါ်လာတဲ့မီးခိုးမြှုတွေဟာ မြို့တော်တွေပေါ်မှာဖုံးအုပ်နေခြင်းပါပဲ။ ဒီမီးခိုးမြှုဖုံးလွှမ်းကိုဖယ်ရှားဖို့နဲ့ ညစ်ညမ်းတဲ့လေထုသန့်စင်ရေးကို အာရှဖွံ့ဖြိုးရေးဘဏ်ကချေးငွေနဲ့ဆောင်ရွက်ဖို့ ကြိုးပမ်းနေပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံလို ကျောက်မီးသွေးကြောင့်ဖြစ်ပေါ်လာတဲ့ လေထုညစ်ညမ်းမှုဒဏ်ကို မခံစားရသေးတာ ကောင်းသောလက္ခဏာတစ်ရပ်ဖြစ်နေပါတယ်။ ဒါပေမဲ့ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာတဲ့ကမ္ဘာအပူချိန်ကို လျှော့ချရေးကို နိုင်ငံတကာကဲ့သို့ စီမံချက်ချလုပ်ဆောင်ရမှာဖြစ်ပါ တယ်။ ဒါကြောင့်မို့ ပြီးခဲ့တဲ့ဒီဇင်ဘာလက ပါရီကမ္ဘာ့ရာသီဥတုပြောင်းလဲမှုညီလာခံက ချမှတ်လိုက်တဲ့ ရှေ့လုပ်ငန်းစဉ်များအပေါ် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးအစီအမံကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ရမည့်အခန်းကဏ္ဍ၊ ပြည်သူလူထုက ပူးပေါင်းပါဝင်လုပ်ဆောင်ရမည့် အခန်းကဏ္ဍများကို အချိန်မနှောင်းမီ ပွင့်လင်းမြင်သာစွာ ချပြသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

●

စောမိုးမြင့်

ကိုးကား- china to receive $300m loan to cambat pollution levels- BBC
-china clamps down on coal, Ecowatch

www.burmeseclassic.com

www.burmeseclassic.com

လူမှုဝန်းကျင်မဂ္ဂဇင်း

ဂေါ်ရန်ဂျိုကျွန်းပေါ်မှ ကောင်းကင်ကပြာတယ်

ခက်မောင်

"ကျွန်တော်တို့ကမ်းခြေမှာ ကောင်းကင်ပြာရှိတယ်၊ ဒီကောင်းကင်ပြာကြီးကိုပဲ ဆက်လက်တည်ရှိစေချင်တယ်၊ တန်ဖိုးထားမြတ်နိုးတယ်" လို့လမ္ဘယောကမ်းခြေဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်က ဦးမောင်ဂံက ပြောတယ်။

ပေပုတောမြို့နယ်၊ ဒဂုတ်ကောင်းဒေသက ကွေ့ဝိုက်ဝိုက်ပင်လယ်ကမ်းခြေမှာ ကောင်းကင်က ပြာလွင်နေတယ်။ ရေပြင်တွင် စက်လှေများ၊ ငါးဖမ်းလှေများ ကျောက်ချရပ်နားနေကြပုံက သက်ငြိမ်ပန်းချီကား တစ်ချပ်ကို ကြည့်ရှုနေရသလိုမျိုးပါပဲ။ ကမ်းစပ်ကို ပင်လယ်ရေလှိုင်းက တဖျပ်ဖျပ် ရိုက်ဆင်နေတယ်။ ပေဖော်ဂါဒီလဆန်းရက်ဆိုတော့ လှိုင်းကမကြီးမား။ လှိုင်းခေါင်းဖြူယယ်တို့က အဆက်မပြတ် တစ်လှိုင်းပြီးတစ်လှိုင်း ကမ်းခြေသဲပြင်ကို ပုတ်ခတ်နေကြတယ်။ ပင်လယ်ရေစပ်ထဲ ဆင်းလျှောက်ကြည့်ရင် အေးမြမြအထိအတွေ့က စိတ်လှုပ်ရှားစရာကောင်းတယ်။

Beautiful Beach Development Network က ဦးမောင်ဂံက သစ်အရောင်းအဝယ်လုပ်သူပါ။ သူ့ရင်ထဲက စကားလုံးတွေ ထွက်ပေါ်လာပုံက ပင်လယ်ထဲက လှိုင်းများ ကမ်းခြေကို ပုတ်ရိုက်နေသလိုမျိုးပါပဲ။ အကြားအာရုံ ကမ်းခြေများ ပဲ့တင်ထပ်နေတယ်။

"တည်တံ့ခိုင်ခဲ့တဲ့ ကောင်းကင်ပြာ တစ်ခုဖြစ်ဖို့ အခြေခံလိုအပ်ချက်က သန့်စင်တဲ့လေ၊ သန့်စင်တဲ့လေကို ဖျက်ဆီးမခံရရင် ကောင်းကင်ပြာ ရှိမယ်၊ ဖျက်ဆီးခံရရင် ကောင်းကင်ပြာ ပျက်မယ်၊ သန့်စင်တဲ့လေထုရရင် ကောင်းကင်ပြာရမယ်၊ ကောင်းကင်ပြာကို မဖျက်ဆီးပါနဲ့လို့ ပြောချင်တယ်၊ ပြောင်းလဲလာတဲ့ နိုင်ငံရေးကာလမှာ ကောင်းကင်ပြာကို ဖျက်ဆီးမယ့် စီမံချက်ကို လုံးဝ လက်မခံပါ" လို့ သူက ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပုသိမ်မှ ငရုတ်ကောင်းသို့ လာရာ လမ်းပေါ်မှ ဖယ်ခွာပြီး ဘယ်ဘက်ကို ဆက်မောင်းလာခဲ့ကြတယ်။ အဆင်းများများနှင့် လမ်းကြမ်းကြမ်းမြေသားလမ်းများမို့ ဖုန်ကလည်း ထူတယ်။ အဆင်း လျော့လျော့ရဲရဲလမ်း ရေကျော်တွေလည်း တွေ့ရတယ်။ ရေကတော့ ခမ်းနေပါပြီ။ ရေကျော်တဲ့တလျှောက်မှာတော့ လမုပင်များ ထိုးထိုးထောင်ထောင်။ ရွာစဉ်ကလည်း ကွာဝေးခြားနားနေတာမို့ လူနေကလည်း ကြဲပါးလှတယ်။ ဖြတ်ရတဲ့ ရွာအမည်လေးက ရိုးရိုးလေးနဲ့ ဆန်းတယ်။ စမ်းရေ။ လမ်းက ရွာအလယ်မှ ဖြတ်ဖောက် ထားတယ်။ လမ်းပြသူရဲ့ အဆိုအရ ရွာသားတွေကပဲ တောင်းဆိုလို့ ရွာထဲ ကနေ လမ်းဖြတ်ဖောက်တာလို့ သိရ တယ်။ ဒေသခံများရဲ့ တောင်းဆိုမှုမှာ မိမိတို့ရဲ့ အိမ်ကွက်ဝိုင်းကွက်များ အလယ်လမ်းဖောက်ပေးဖို့တဲ့။ လမ်းကို ရွာထဲမှာပဲ ရှိစေချင်တဲ့ ဒေသခံတွေရဲ့ စိတ်ကူးက တစ်မျိုးတော့ တစ်မျိုးပဲ။ လယ်ကွင်း၊ သစ်ပင်ခြုံပင်၊ ရေမြောင်းတို့က ပတ်ဝန်းကျင်ကို ဝန်းရံထားတယ်။ အဝေးက ခပ်မြင့်မြင့် ထူးဆန်းသော ပုံသဏ္ဌာန်နဲ့က စိန်တောင်လို့ ခေါ်သတဲ့။ စိန်တောင်ပေါ်က သစ်ပင်များက ခုတ်တွင်လိုက်ရင်လည်း အရင်ပုံစံပဲ ပြန်ပေါက်လာတာဆိုပဲ။ သိပ်မမြင့်၊ မကြီးမားပေမယ့် ထင်ရှားတဲ့ သင်္ကေတ တစ်ခုပါပဲ။ သယ်ဆောင်လာတဲ့ကားက ကြွေချိုင်ရွာကို ဖြတ်တယ်။ ခပ်ပါးပါး လူနေမှုနဲ့ အိမ်စုနည်းနည်းသာ မြင်ရတယ်။ မြေကတော့ ပြန့်ပြူးလာတယ်။ ကြွေချိုင်အစွန်မှထွက်တော့ လွင်ပြင်ကျယ်ကျယ်ပြန့်ပြန့်ကို ရောက်ပါတယ်။ ရှေ့မှာက နံ့သာပုကျေးရွာ။ ကျောက်မီးသွေးစွမ်းအင်သုံးပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မယ့် စက်ရုံစီမံကိန်းရှိရာ နယ်မြေ။ ကျယ်ပြန့်သော မြေညီဖြစ်ကာ ပင်လယ်ကမ်းစပ်အစနဲ့ နီးကပ်သော ပြင်ကျယ်ဖြစ်တယ်။ ရှေ့မျက်နှာစာ ခပ်နိမ့်နိမ့် တောင်ရိုးပေါ်မှာ MPT တာဝါတိုင်တစ်တိုင် မိုးအမြင့်သို့ ထိုးထွက်လျက် ရှိနေတယ်။ ဒီနေရာမှာ ဆိုင်ကယ်များ စီးနင်းပြီး လာရောက် ကြိုဆိုသူများနဲ့ ဆုံတွေ့ရတယ်။ ကြိုဆိုသူများက လမ်းပြရှေ့ဆောင်သွားကြတယ်။ မိနစ်ပိုင်းအတွင်းမှာပဲ သောင်ပြင်နဲ့ ရေပြင်ကို မြင်ရသော အုန်းပင်တန်းများကြားကို ရောက်ရှိလာပါတယ်။ အုန်းပင်တန်းများ၊ ခြံကွက်၊ အိမ်များကို ဖြတ်မောင်းပြီး ပင်လယ်ပြင်ကို ဦးတိုက်မိတော့တယ်။ မြင်ကွင်းမှာ ကွေ့ဝိုက်နေသော ကမ်းခြေ နှစ်ဖက်ထိပ်စလုံးတွင် တောင်တန်းများ တည်ရှိနေတယ်။ ဝန်းဝိုက်သော ပင်လယ်ကမ်းခြေ၏ ပင်လယ်ပြင်တမျှော်တခေါ်ဆီ ပြာလွင်သော ရေပြင်ကို ရင်သပ်ရှုမော မြင်နေရ။ ညာဘက်ရှေ့တည့်တည့် ကျောက်သားတောင်တန်းပေါ်မှာ ဘုရားတည်ထားတယ်။ ကျောက်သားတောင်ပေါ်တွင် စိမ်းစိမ်းစိုစို သစ်ပင်များ ဖုံးအုပ်လျက်။ ရေစပ်နဲ့ ထိနေသော ကမ်းခြေတွင်မူ ကျောက်သားနံရံများက ရေတိုက်စားမှုကြောင့် အချိုင့်အခွက်များနဲ့ ထုံမွန်းထားတယ်။ ဂေါ်ရန်ဂျီကျွန်းလို့ ခေါ်တဲ့ ကျောက်သားအောက်ခြေက ထုနှင့် ထည်နှင့်။ ပင်လယ်ရေတက်သမျှ အမြင့်ထိ မီးခိုးရောင် မှန်ပြပြ ကျောက်သားစိုင်ကျောက်သားခဲများ။ ရေပြင်နဲ့ ရွာအစပ်ကြားမှာ သဲသောင်ပြင်က ပေ ၂၀၀/၃၀၀ ဝန်းကျင် ကျယ်ပြန့်လျက် အလျားလိုက် သွယ်တန်းနေတယ်။ ရွာအစပ်ဖက်မှာက ကောက်ရိုးများ။ သဲပြင်၊ အုန်းပင်တန်းနဲ့ မြေပြင်မှာ ပေါက်ရောက်နေတဲ့ အစိမ်းရောင် မြေလျှောက်နွယ်ပင်တန်းများ။

အစိမ်းသက်သက် သဘာဝပတ်ဝန်းကျင်က ထိရက်စရာမရှိ။ အဲဒီလို အလှအပမျိုး မြတ်နိုးဖွယ် တောတောင်ရေမြေ၊ ပင်လယ်နဲ့ ကမ်းစပ်တွေက စွမ်းအင်ဆိုတဲ့ စီမံကိန်းတစ်ရပ်အောက်မှာ ကြေမွပျက်သုန်းရမှာလား။

ငရုတ်ကောင်းဒေသခံ မကေခိုင်မိုးက "ကျောက်မီးသွေး ဝန်းကျင်မပျက်စီးဘဲ ဒေသခံများပါဝင်နိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လိုအပ်ပါတယ်" လို့ ရင်ဖွင့်ပါတယ်။ သူမက ငရုတ်ကောင်းဒေသမှာ ကျောက်မီးသွေး စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ စက်ရုံတည်ဆောက်ရင် ဘာတွေ ဖြစ်လာမလဲ၊ ကျောက်မီးသွေး၊ သဘာဝဝန်းကျင်၊ သစ်တော၊ ပြန်ပြည့်ဖြိုးမြဲ စွမ်းအင်စတဲ့ အကြောင်းအရာတွေကို ဟောပြောပေးမယ့်သူများကို ပုသိမ်ကနေ လာကြိုဆိုခေါ်ဆောင်လာသူ ဖြစ်ပါတယ်။ လမ်းတလျှောက် ဘေးပတ်ဝန်းကျင်နေရာ ဒေသတွေကို လက်ညှိုးညွှန်ရှင်းလင်းပြလာခဲ့တဲ့ လမ်းညွှန်သူလည်း ဖြစ်တယ်။ ကားပေါ်မှာ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်တာတွေ၊ စွမ်းအင်နဲ့ ပတ်သက်တာတွေမှာ ကိုယ်မသိတဲ့ အကြောင်းတွေကို ပိုမိုသိရမယ်လို့ မျှော်လင့်ကြောင်းလည်း ထုတ်ဖော်ပြောခဲ့တယ်။

သူမကြိုဆိုလာသူတွေက ဆရာဦးအောင်မြင့် (REAM)၊ ဆရာဦးတင်အေး (သစ်တောအသင်း)

www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးစိန်မြင့် (သတ္တ)နဲ့ ဆရာမ ဒေါ်ဒေဝီသန့်စင် (မြန်မာအစိမ်းရောင် ကွန်ရက်) တို့ ဖြစ်ပါတယ်။ သူတို့က ကျောက်မီးသွေးစွမ်းအင်ကို ဆန့်ကျင်တဲ့စာအုပ် ထုတ်ဝေခဲ့တာကို မိတ်ဆက်ပြဋ္ဌာန်း ကြမှာဖြစ်ပြီး ကျောက်မီးသွေးသုံးစွဲရင် ဖြစ်ပေါ်လာမယ့် ဆိုးကျိုးတွေနဲ့ နောက်ဆက်တွဲ ပြဿနာတွေ အကြောင်းကိစ္စတွေကို ဟောပြောပေးကြမှာပါ။ ငရုတ်ကောင်း၊ ကြွေချိုင်၊ နံ့သာပုနဲ့ ကမ်းခြေဦးတို့က ဒေသခံပြည်သူများကို နေ့လယ် ဟောပြောပွဲ လာရောက် နားဆင်ကြဖို့ ဖိတ်ကြားထားပြီးသား။

ပုသိမ်-ငရုတ်ကောင်းလမ်းပေါ်တွင် ကားမောင်းလာစဉ် လမ်းဆုံးခါနီး တစ်နေရာက တောင်တန်းမြင့်မြင့် ဖြစ်ပါတယ်။ အဲဒီတောင်အမြင့်ပေါ်ကနေ ခပ်လှမ်းလှမ်းက ငရုတ်ကောင်းကမ်းခြေကို မြင်ရတယ်။ ပင်လယ်လှိုင်းများက ငွေရောင်တဖျတ်ဖျတ် လက်ပစ္စာ ကမ်းကို တစ်ချက်ပြီးတစ်ချက် ရိုက်ခတ်နေတာပါကလား။ ကမ်းခြေအတွင်းပိုင်း နေရာမှာက အုန်းပင်များ စုပုံပိတ်ကြပ်နေတဲ့ အုန်းပင်တောကြီးက တခဲနက် စိမ်းညို့အုပ်ဆိုင်းနေတယ်။ အုန်းပင်တောအလယ်ခေါင်မှာ မြစ်လို့ဆိုတဲ့ ရေစီးကြောင်း ဖြတ်သန်းစီးဆင်းနေတာကို မြင်ရပြီး ဘေးနှစ်ဘက်မှာ ဒီရေတော ခပ်စိတ်စိတ်ရှိနေတာကို သတိပြုမိပါတယ်။

ဒေသခံ ကမ်းခြေဦး ရွာသူ မမ၌ကေ "ဒီနေရာက ဒေသခံ လူတွေ မသိသေးတာလေးတွေ၊ လိုအပ်ချက်တွေ သိရအောင် လာခဲ့တာ၊ ကျောက်မီးသွေး စက်ရုံအစား အခြား ဖွံ့ဖြိုးမှုလိုအပ်တယ်၊ ကိုယ့်ဒေသထိခိုက်မယ့် စီမံကိန်းမျိုး ထိုသဘောမတူနိုင်ပါ" လို့ ပြောပါတယ်။ ဒေသခံတွေက ဒီနှစ်ပိုင်းအတွင်းမှာ သူတို့ ရှေ့မှောက်မှာ ကျောက်မီးသွေး ပရောဂျက် ပြုံးကနဲ ဒိုင်းခနဲ ရောက်လာတာမို့ စိန်ခေါ်မှုတစ်ရပ်ကို အထိတ်တလန့် ရင်ဆိုင်ခဲ့ရပြီ။ သာယာလှပတဲ့ ကမ်းခြေကနေ မည်းမှောင်ပိတ်ဆည်းတဲ့ ဝန်းကျင်ဘဝကို ပြောင်းလဲသွားမယ့် စီမံကိန်းက နဖူးတည့်တည့်ကို ရောက်ရှိ ခြိမ်းခြောက်ခဲ့ပြီ။

ဒေသခံပြည်သူတို့က တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌရဲ့ စကားကြောင့် အားတက်ခဲ့ရသလို အားပျက်စရာလည်း ထပ်ကြားခဲ့ရဖူးပြီ။ မြန်မာနိုင်ငံ အခြားဒေသများက ကျောက်မီးသွေး ပရောဂျက်များရှိရာ ဝန်းကျင်က ဒေသခံများ၊ အရပ်ဖက် အဖွဲ့အစည်းများနဲ့ ကွန်ရက်ချိတ်ဆက်ပြီး အသိပညာ ဖြန့်ဖြူးမှု၊ ရယူမှု၊ ပြန့်နှံ့မှုတွေ ဆောင်ရွက်ခဲ့ရပြီးလည်း ဖြစ်တယ်။ မျက်နှာစုံညီတွေ့ပြီး အသိချင်း၊ အမြင်ချင်း၊ ဖလှယ်နိုင်ခဲ့ကြသလို၊ အသိပညာရှင် အတတ်ပညာရှင်များနဲ့လည်း တွေ့ဆုံမေးမြန်းခွင့်၊ ဟောပြောပို့ချမှုများကို ကြားနာခွင့်များလည်း ရရှိခဲ့တယ်။ ဒေသအသီးသီးက ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစက်ရုံစီမံကိန်းများကို တညီတညွတ်တည်း ကန့်ကွက်နိုင်ခဲ့ကြတယ်။ နိုင်ငံရပ်ခြားကို လေ့လာရေးခရီးရောက်သူလည်း ရောက်ရပါတယ်လို့ ဖြည့်စွက်ပြောဖို့ အမှန်တကယ် လိုအပ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲကာလမှာ ကျောက်မီးသွေးပရောဂျက်များက မှေးမှိန်သွားသလို ရှိခဲ့ပြီး ဒေသခံများက တဖန် နိုးထခြောက်လှန့်မှာကို မလိုလားကြပါဘူး။ ဒေသရဲ့ သဘာဝ ပတ်ဝန်းကျင်နဲ့ လူမှုဘဝများ လွင့်ပါးနိမ့်ဆင်း ပျက်ပြိုယွင်းသွားမှာကြောင့် မဖြစ်မနေကို လေ့လာသင်ယူနေ ကြရတာက ဒေသခံများပါ။ သူတို့ရဲ့ လေ့လာမှုများက လုံလောက်ပြည့်စုံခြင်း မရှိသေးတာကတော့ သိကြတဲ့ အတိုင်းပါပဲ။ အခု ဟောပြောပွဲက လိုအပ်နေတဲ့ ကွက်လပ်များထဲက တချို့ကို ဖြည့်စွက်မှာပါ။ အနောက်ဖက် ကမ်းခြေ နံ့သာပုကျေးရွာက ကိုထွန်းထွန်းက "ဒီစာအုပ်မိတ်ဆက်ပွဲက ဒေသကို သဘာဝအတိုင်း ထိန်းသိမ်းဖို့ ဘယ်လိုအချက်အလက်တွေ ရမယ်၊ ကလေး၊ လူငယ်တွေ ဟောပြောပွဲ နားထောင်ပြီးတဲ့နောက်မှာ ကိုယ့်ဒေသကို ချစ်တဲ့စိတ် ရင်ထဲမှာ ကျန်နေရစ်စေချင်တယ်၊ ပညာရှင်တွေ လာဟောပြောပေးတဲ့အတွက် လက်ဝါးကြီးအုပ်မှု လွတ်မြောက်ဖို့လမ်းကြောင်း ရလာနိုင်တယ်"လို့ သုံးသပ်ပြောဆိုတယ်။

.သူက ဘဝပေးအခြေအနေကြောင့် လေးနက်စွာ ထင်မြင်ယူဆနိုင်နေပြီ။ သူသိနေပြီလို့ ပြောရမယ်။ ဘာကြောင့်လဲဆိုတော့ သူပြောတာကို နားထောင်ကြည့်တယ်။

"ဒေသဖွံ့ဖြိုးဖို့အတွက် ပြန် ပြည့်ဖြိုးမြစွမ်းအင်ကိုသုံးပြီး သာယာစေချင်တယ်၊ တစ်နိုင်ငံလုံးအတွက် သန့်စင်သော ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို လက်မခံပါ၊ မဖြစ်စေချင်ဘူး"

ဆိုတော့ သန့်စင်သော ကျောက်မီးသွေး နည်းပညာတွေဘာတွေ လေ့လာသိရှိပြီးနေပါပြီ။ တစ်ဖက်နိုင်ငံက ဣာလာတဲ့ သူတို့မလိုလားကဲ့ သူတို့

www.burmeseclassic.com

www.burmeseclassic.com

ဒေသခံတွေ ဆန့်ကျင်ကန့်ကွက်ခံ နေရတဲ့ ပရောဂျက်တွေ မြန်မာပြည်ထဲ နေရာအလိုက် မှိုလိုပေါက်လာမှာ မလိုလားကြောင်း ထုတ်ပြောနိုင်တဲ့ အသိရရှိနေပါပြီ။ ဒေသအလိုက် စုစည်းပြီး တစ်နိုင်ငံလုံး ကွန်ရက်ဖြန့်ကာ မတော်မလျော် ကျောက်မီးသွေးကို ဆန့်ကျင်ကြပါစို့။ တစ်နေရာရာမှာ လျှပ်စစ်ဓာတ်အားအတွက်ပဲ ဖြစ်စေ၊ စက်ရုံလည်ပတ်ဖို့အတွက်ပဲ ဖြစ်စေ ကျောက်မီးသွေးကို အသုံးပြုမယ် ဆိုရင် တက်ညီလက်ညီ စုစည်းကန့်ကွက်ကြဖို့ အချိန်အခါကို ရောက်နေပါပြီ။ စီမံကိန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်သူ ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ပုဂ္ဂလိကများက ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ မရိုးမဖြောင့်၊ ကွယ်ကွယ်ဝှက်ဝှက်၊ ဖုံးဖုံးကွယ်ကွယ်လုပ်ကြရင် မကောင်းတဲ့ ဖြစ်စဉ်နဲ့ အကျိုးဆက်ကို ရင်ဆိုင်ကြရပါလိမ့်မယ်။ ကာလယန္တယားနဲ့ နိုင်ငံရေးပြောင်းလဲဖြစ်ပေါ်မှုက အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးမှုလားရာဆီ ဦးတည်နေပါပြီ။ စိတ်ထားတွေ ပြောင်းကြပြီး ဒီမိုကရေစီ ကျင့်စဉ်နဲ့ ဖြောင့်ဖြောင့်မှန်မှန် လုပ်ဆောင်ရမယ့် အချိန်ကာလကို ရောက်ရှိနေပြီ မဟုတ်ပါလော။ စဉ်းစားကြစေချင်ပါတယ်။ စဉ်းစားရုံမျှနဲ့လည်း မပြီးသေး။ ပြင်ဆင်ကြရမှာဖြစ်တယ်။

အခုငရုတ်ကောင်းဒေက ကျောက်မီးသွေးစွမ်းအင်သုံး စက်ရုံနဲ့ ပတ်သက်ဆက်စပ်ပြီး အသိပညာပေး ဟောပြောပွဲလေး လုပ်ဖြစ်ပြီ။ ရန်ကုန်အခြေစိုက်ပညာရှင်များက ဝေးလံလှတဲ့ ခရီးကို မည်ညီးမည္ဆု အရောက်လှမ်းလာပြီး ဗဟုသုတနဲ့ အသိပညာများကို တကူးတက လာဖြန့်ဝေခဲ့ပါပြီ။ "မသိသေးတဲ့ ဗဟုသုတကို ရှာဖီးချင်လို့၊ ဟောပြောမယ့် ပညာရှင်တွေရဲ့ အတွေ့အကြုံ၊ အသိပညာတွေကို ကမ်းခြေကလူငယ်တွေ သိစေချင်တဲ့ ဆန္ဒနဲ့ ဟောပြောပွဲ တက်ခဲ့တာပါ"လို့ ငရုတ်ကောင်း အမှတ်(၂) ရပ်ကွက်က ဒေသခံ ကိုလင်းလင်းက ရှင်းပြတယ်။ တကူးတက လာရောက်သူများအတွက် သီးသီးသန့်သန့် လာရောက်နားထောင်သူ ပရိသတ်ရဲ့ ရင်ထဲနှလုံးသားထဲမှာက ဘာတွေ ရှိသေးတာလဲ။

"အရပ်ထဲမှာပြောတဲ့ ဆိုးကျိုးကောင်းကျိုးတွေကို တကယ် တိတိကျကျ သိချင်တယ်၊ ပြည်သူကို မထိခိုက်ပဲ ကမ်းခြေကို ပျက်စီးဆုံးရှုံး ထိခိုက်မှု နည်းမယ့် လျှပ်စစ်ဓာတ်အားကို အလိုရှိပါတယ်။ ကျောက်မီးသွေးသုံး လျှပ်စစ်ကိုတော့ ဒီဒေသတွင် မကဘဲ တစ်နိုင်ငံလုံးအတွက် ကန့်ကွက်ပါတယ်၊ အခုလို လာရောက်ဟောပြောတဲ့ ပညာရှင်တွေကို ကျေးဇူးတင်ပါတယ်"

ဒေသခံတွေက နဖူးတွေ့ဒူးတွေ့ ပြဿနာကို ရင်ဆိုင်ကြရတော့ အသိပညာနဲ့ ဗဟုသုတရေချိန် မြင့်တက်နေပါပြီ။ စုပေါင်းညီညွတ်တဲ့ အင်အားထုနဲ့ မှန်မှန်ကန်ကန် ဖြေရှင်းကြဖို့သာ လိုအပ်တဲ့ အနေအထားကို ချဉ်းကပ်ဆိုက်ရောက်ရှိနေပြီလို့ ပြောရမှာပါ။ ဟောပြောပွဲကို ရန်ကုန်မြို့ကနေ လိုက်လံ နားထောင်ဖြစ်ရသူ တစ်ယောက်အနေနဲ့ ဒေသခံများရဲ့ အသံကို ကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်နေမိပါတယ်။

ကျောက်မီးသွေး ပရောဂျက်တွေကို ဒေသခံပြည်သူများ ဖြေရှင်းရုန်းထွက်နိုင်ကြမယ်လို့ ယုံကြည်ပါတယ်။ ကွန်ရက်ကို အစွမ်းကုန်ဖြန့်ကြက်ကြဖို့၊ ဒေသခံ၊ အရပ်ဘက်အဖွဲ့အစည်း၊ တိုင်းဒေသကြီး အဝိုးရအဖွဲ့၊ နိုင်ငံရေးပါတီ၊ ဘာသာရေးခေါင်းဆောင်များနဲ့ မပြတ်ထိတွေ့ထားကြဖို့ လိုအပ်ပါလိမ့်မယ်။ မြန်မာပြည်တစ်နေရာရာကနေ မဆီလျော်တဲ့ စွမ်းအင်သုံးမှုထုတ်လုပ်မှုတွေ ရှိလာရင် ပြည်သူတွေ ချက်ချင်းသိနိုင်အောင် ဒေသခံများက ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါတယ်။ ထင်သာမြင်သာရှိလာတဲ့ခေတ်ကို ရောက်ရှိနေပါပြီ။ နှစ်ပေါင်းများစွာ ဖြစ်သမျှအကြောင်းကို ခါးစည်းခံကြရတဲ့ ပြည်သူများ၊ ဒေသခံများဘဝကနေ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ဦးတည်သွားနေပါပြီ။ အဲဒီကာလများက ချုပ်ဆိုခဲ့တဲ့ စာချုပ်များ၊ စီမံကိန်းများ၊ လုပ်ငန်းများကြောင့် ပြည်သူတွေ အတိဒုက္ခ ရောက်မှာ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ထိန်းသိမ်းရမယ့် အချိန်ကာလကို ရောက်ရှိနေပါပြီ။

ကောင်းကင်လည်း ပြာပါစေ၊
လေထုလည်း သန့်ရှင်းပါစေ၊
ပင်လယ်ရေလည်း ကြည်လင်ပါစေ။
လူသားလည်း ရပ်တည်ရှင်သန်နိုင်ပါစေ။

ခက်မောင်

www.burmeseclassic.com

www.burmeseclassic.com

အော်ဂဲနစ်စိုက်ပျိုးရေးနိုင်ငံ

ဒေါက်တာခင်မောင်ညို

သိပ္ပံပညာ ဘယ်နေရာမှာ

မကြာသေးမီက သတင်းဌာနတစ်ခုက ဓာတ်မြေသြဇာနဲ့ပတ်သက်တဲ့ အမေးတစ်ခုကို မေးခဲ့သည်။ သူက ကျွန်တော်သည် ပြည်သူတွေကို လွန်လွန်ကဲကဲခြိမ်းခြောက်နေသည်ဟူ၍ဖြစ်သည်။ သူ၏ဝေဖန်ချက်ကို ကြိုဆိုပါသည်။ သို့သော် တစ်ခါတရံတွင် "သိပ္ပံပညာရပ်" တွင် သာသာထိုးထိုး ဖေးဖေးမမပြော၍မရသည်များ ရှိသည်။ ထိုကိစ္စများနှင့်ပတ်သက်၍ အစိုးရနှင့် ပညာရှင်အကြား သဘောထားကွဲလွဲမှုတွေ များစွားဖြစ်တတ်ပါသည်။ ဥပမာ- ကမ္ဘာကြီးပူနွေးလာမှုအတွက် ပညာရှင်များက တင်ပြသည် မှာ နှစ် (၃၀) ကျော်နေပါပြီ။ အမေရိကန်လို Corporate Social Responsibility (CSR) ကို သဘောပေါက်သည့် နိုင်ငံများပင် လက်ရှောင်ကြသည်။ သစ်ပင် အလွန်အကျွံ ခုတ် သစ်အလွန်အကျွံထုတ်လျှင် သဘာဝပတ်ဝန်းကျင်ပျက်စီးမည်ဆိုသည်ကို ကမ္ဘာ့နိုင်ငံကြီးများက မသိကျိုးကျွံ ပြုလုပ်ကြသည်။ စက်ရုံတွေ အလွန်အကျွံ ဆောက်သည်။ ရေထဲမြေထဲကို အဆိပ်တွေ ထုတ်လွှတ်ကြသည်။ ဓာတ်သတ္တုတွေ အလွန်အကျွံ ထုတ်လုပ်ကြသည်။ ကျောက်မီးသွေးစက်ရုံတွေ ဖောင်းပွကုန်တော့သည်။ ကမ္ဘာ့လေထုထဲရှိ အမှုန်အမွှားတို့သည် လူတွေကိုဒုက္ခပေးသည်။ ဘာမှမဖြစ်ပါဘူးလို့ဆိုသူတွေ သတိထားသင့်သည်။ ၂၀၁၅- ၁၆ ဆောင်းတွင်းတွင် တရုတ်နိုင်ငံ မြို့ကြီးလေးမြို့တွင် ကျောင်းများပိတ်ထားလိုက်ရသည်။ ထိုလေးမြို့ မြို့လူဦးရေမှာ မြန်မာပြည်လူဦးရေခန့်ရှိသည်။ မြန်မာပြည်တွင်လည်း အမှုန်တွေ ရောက်လာပါသည်။ ရန်ကုန်မန္တလေးစသည့် မြို့ကြီး

www.burmeseclassic.com

www.burmeseclassic.com

များတွင် အမှန်တိုင်းကိရိယာတွေကို တပ်ဆင်လာသည်။ တပ်သာ တပ်ဆင်သည် ဘယ်တော့မှ အဖြေထုတ်ပေးခြင်း မရှိခဲ့ပါ။ ၂၀၁၄- ၂၀၁၅ တွင်မှ ကမ္ဘာ့နိုင်ငံအများသည် ကမ္ဘာကြီး ပူနွေးခြင်းကို သူတို့လက်ခံသည်။ နောက်ကျနေပြီ။ Better late than never ဆိုသည့်အတိုင်း နောက်ကျပေမယ့် တတ်နိုင်သမျှတော့ ထိန်းထိန်းသိမ်းသိမ်း လုပ်ရပေမည်။ ကမ္ဘာကြီးကို ကယ်တင်ဖို့မြန်မာတွေ တစ်တပ်တစ်အားပါ ဝင်ရပေမည်။ အပင်တွေစိုက်ရမည်။ ရှင်သန်အောင်စောင့်ရှောက်ကြရမည်။

စိုက်ပျိုးရေးနိုင်ငံ

မြန်မာနိုင်ငံနေရာအနှံ့တွင် အပင်တွေပေါက်သည်။ ဘယ်နေရာသစ်စေ့ချချ ဘယ်နေရာကိုင်းထိုးထိုး အပင်ပေါက်သည်။ စိုက်ပျိုးရေး၏ အကျိုးကျေးဇူးကို အဘိုးကသင် ပးသည်။ အဘိုးသည် လယ်သမားကြီးဖြစ်၍ အသက် ၈၀ အရွယ်အထိ လယ်ထဲဆင်းကာ စပါးစိုက်သူဖြစ်သည်။ "စပါး (၇) စေ့ကို (၇) နှစ်စိုက်၊ သင်္ဘော (၇) စီးနဲ့တင်လို့ မကုန်ဘူး" ဟုပြောခဲ့သည်။ အလွန်အကျွံပြောသည်တော့မဟုတ်ပါ။ ဒါကို သချာပညာရှင် ဆရာဦးလှမြင့်အား ဆွေးနွေးဖူးသည်။

"မင်းကျားကစားဖူးလား"

"ဟုတ်ကဲ့"

"ကျားကွက်နဲ့ Chess ကွက်တွေဟာ အတူတူပဲ။ ၈၄ ကွက်ရှိတယ်"

"ဟုတ်ကဲ့"

"အဲဒီကျားကွက်ကို တီထွင်သူက အာရပ်နိုင်ငံသားပေါ့။ ပါးရှားဘုရင်ကြီးအတွက် တီထွင်ပေးတယ်လို့ဆိုတယ်။ အချို့ကလည်း အိန္ဒိယနိုင်ငံက စတယ်လို့ ဆိုတယ်။ ထားပါတော့၊ ဆရာက မင်းပြောတာနဲ့ပတ်သက်တဲ့ ပုံပြင်လေးကြားဖူး လို့ပါ"

"ဘယ်လိုမျိုးလဲဆရာ"

"အဲဒီအာရပ်အမျိုးသားဟာ ပါရှားဘုရင်ကြီးကို ကျားကွက်ကို တီထွင်ပေးခဲ့တယ်။ Chess တို့၊ ကျားတို့ ကစားလို့ရအောင်လို့ပေါ့ကွ၊ ဘုရင်ကြီး ဟာ အပျင်းပြေတဲ့အတွက် ဒါကို အင်မတန်သဘော ကျတယ်၊ ဒါနဲ့ အဲဒီလူကို မင်းဘာလိုချင်သလဲ လို့ မေးတယ်။ သူက သချာပညာရှင် ဆိုတော့ ဘုရင်ကြီးကိုနောက်တာပေါ့။ ဆရာကြီးကိုနောက်တာပေါ့"

"နောက်ရဲလား"

"သူတို့ဟာ မိတ်ဆွေတွေဖြစ်ကုန်ပြီလေ။ နောက်တာ ပေါ့။ ဘုရင်ကြီးက ဘာလိုချင်လိုလဲလို့ မေးတော့ အဲဒီလူက ကျွန်တော်မျှားမျှားမလိုချင်ပါဘူး။ ပထမကျားကွက်ထဲမှာ စပါးစေ့တစ်စေ့ထည့်ပြီး ၆၄ ကွက်ကို ဆတိုးထည့်ပေးသွားပါတဲ့"

"ပထမကွက်မှာတစ်စေ့၊ နောက်တစ်ကွက်မှာ လေးစေ့၊ နောက်တစ်ကွက်မှာ ရှစ်စေ့ပေါ့ ဟုတ်လား"

"ဟုတ်တယ်ကွ"

"နည်းနည်းလေးပဲနော်"

"ဘုရင်လည်း ဒီလိုပဲထင်လို့ 'ယူစေလို့' အမိန့်ချလိုက်တယ်။ တကယ်တမ်း အဲဒီပမာဏဟာ တစ်ကမ္ဘာလုံးကထွက်တဲ့စပါးထက် ပမာဏ များနေတယ်"

"တကယ်"

"မင်းသချာဆရာဖြစ်ရင်တော့ ယုံမှာပဲ"

အဘိုးပြောတာ ဟုတ်နိုင်ပါသည်။ တစ်နှံကို တစ်ပြည်ပဲထွက် နောက်နှစ်မှာ . . . နောက်နှစ် မှာ . . . "

မြန်မာ့စိုက်ပျိုးရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ တစ်ခေတ်က မြန်မာ့ဆန်သည် ကမ္ဘာတွင် နံပါတ်တစ်ဖြစ်သည်။ ထိုင်းလယ်သမားများစိုက်သည့်ဆန် တစ်တန်ကို ဒေါ်လာသုံးရာရသည့်အချိန်တွင် ကျွန်တော်တို့နိုင်ငံက တန်တစ်တန်ကို ဒေါ်လာ ၅၀၀ အထိရသည်။ သို့သော် စီမံအုပ်ချုပ်မှုညံ့ဖျင်းသောကြောင့် မြန်မာ့ဆန်သည် ထင်သလောက် စျေးမရဖြစ်ခဲ့ပါသည်။ လယ်ယာစိုက်ပျိုးရေးနိုင်ငံနိုင်ငံအနေဖြင့် ဆန်စပါးတွေ စျေးမရလျှင် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်သည်။ လယ်ယာလုပ်ခြင်းဖြင့် အကျိုးအမြတ်ဘာမှမရှိသကဲ့သို့ဖြစ်လာသည်။ လယ်သမားအများသည် လယ်ပစ်ပြေးတော့သည်။ ထို့အပြင် လယ်သမားတို့၏ သားသမီးများသည် လယ်ယာ မလုပ်ကြတော့ပါ။ သူတို့သည် တစ်ဖက်နိုင်ငံသို့သွားကာ အလုပ်ကြမ်းများကို ဝင်ရောက်လုပ်ကိုင်လာကြသည်။ ကျွန်တော်တို့နိုင်ငံ ဆုံးရှုံးခြင်းများစွာ ဖြစ်ခဲ့သည်။ ဒီဘက်ခေတ်တွင် စပါး အထူးအထွက်တိုးစေရန် ကြိုးစားဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ဓာတ်မြေသြဇာနှင့်

www.burmeseclassic.com

www.burmeseclassic.com

ပိုးသတ်ဆေးကို သိသိသာသာ သုံးလာကြသည်။ သတင်းဌာနတစ်ခုတွင် ကျွန်တော့်ဆီမေးသော မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်ဖြေခဲ့ပါသည်။ မြန်မာနိုင်ငံကို အမိုးနီးယမ်နိုက်ထရိတ် တင်ပို့ရာတွင် သီလဝါဆိပ်ကမ်းတွင် အမိုးနီးယမ်းနိုက်ထရိတ်သင်္ဘောရောက်နေကြောင်း ထိုသတင်းဌာနကဆိုသည်။

ဓာတ်မြေသြဇာ

မကြာသေးမီက သီလဝါဆိပ်ကမ်းတွင် အမိုးနီးယမ်းနိုက်ထရိတ် သင်္ဘောတင်လာတဲ့အကြောင်း သတင်းဌာနတစ်ခုက ပြောသည်။ အမိုးနီးယမ်းနိုက်ထရိတ် အန္တရာယ်အား ကျွန်တော့်ကိုမေးပါသည်။

အမိုးနီးယမ်းနိုက်ထရိတ်သည် အရွက်အသီးအား ကောင်းစေသော ဓာတ်မြေသြဇာဖြစ်သည်။ အပင်သန်စေသည့် ယူရီးယားနှင့် ဆင်သည်။ သို့သော် အမိုးနီးယမ်းနိုက်ထရိတ်သည် အန္တရာယ်ရှိသည်။ သူ့ကို လက်နက်အနေဖြင့် သုံးနိုင်သည်။ မီးလောင်သည့်အခါ ကြီးမားသော ပေါက်ကွဲမှုများ ဖြစ်နိုင်သည်။ ၁၉၄၇ ခုနှစ်က တက္ကဆက်မြို့ အမိုးနီးယမ်းနိုက်ထရိတ်ပေါက်ကွဲမှုဖြစ်သည်။ လွန်ခဲ့တဲ့ (၄) နှစ်က ဖြစ်ပွားခဲ့သည့် စက်ဆန်းဂိုဒေါင်ပေါက်ကွဲမှုဟာလည်း အဲဒီအမိုးနီးယား (အမိုးနီးယမ်းကလိုရိုက်-ဇဝက်သာ) တို့သည် အဓိကတရားခံဖြစ်သည်။ ဒီပေါက်ကွဲမှုဟာ အင်မတန်ပြင်းထန်ပါသည်။ ရန်ကုန်ကပေါက်ကွဲသံကို မိုင် ၅၀ အကွာအဝေးမှာရှိသည့် ပဲခူးနယ်ကပင် ကြားကြရသည်။ ထိုအချိန်က ပွင့်လင်းမြင်သာမှုမရှိသေးသည့်အတွက် အချို့က အကြမ်းဖက်သမားတွေက ပစ်ဖောက်သည့်ဗုံးဟုပင် ယူဆခဲ့ကြသည်။ အမှန်တော့ ဘယဆေးဂိုဒေါင်တွေကို မီးလောင်ကျွမ်းစဉ် အမိုးနီးယမ်းကလိုရိုက် (ဇဝက်သာ) နဲ့ ဆိုဒီယမ်နိုက်ထရိတ် (ယမ်းစိမ်း) တို့ပေါင်းစပ်ပေါက်ကွဲခြင်း ဖြစ်သည်။ ပဲရစ်နှင့် အင်္ဂလန်တို့တွင်လည်း ဒီလိုပေါက်ကွဲမှုဖြစ်ဖူးသည်။ ဓာတ်မြေသြဇာစက်ရုံဟောင်းတစ်ခုပေါ်တွင် မီးလုံ့ဖို့ မီးမွှေးရင်း ပေါက်ကွဲမှုသည် မိုင်သုံးလေးဆယ်ဝေးသောအရပ်ရှိ အိမ်တို့၏ မှန်ပြတင်းပေါက်တွေ ကွဲကြေသွားခဲ့ပါသည်။ တက္ကဆက်မှာ ဒီလိုပေါက်ကွဲမှုသည် ဒုတိယအကြိမ်ဖြစ်သည်။ ပထမအကြိမ်က မြစ်ထဲက သင်္ဘောဆီကပေါက်ကွဲမှုပါပဲ။ ဖြစ်ပွားပုံက ပင်လယ်ကူးသင်္ဘောကြီး၏ ဝမ်းဗိုက်ထဲတွင် အမိုးနီးယမ်းနိုက်ထရိတ်မြေသြဇာတွေကို တင်ထားသည်။ ထိုထဲသို့ လူတစ်ယောက်က အမှတ်မထင် သောက်လက်စဆေးလိပ်ကို သင်္ဘောဝမ်းထဲပစ်ချမိသည်။ လောင်စာများရှိသောဝမ်းထဲ မီးစွဲတော့သည်။ မကြာမီ ပြင်းထန်သည့်ပေါက်ကွဲမှုကြီး ဖြစ်ပွားတော့ သည်။ ပေါက်ကွဲမှုကြောင့် သင်္ဘောပေါ်ရှိ သံမဏိယက်မများပင် လွင့်စင်ကာ တိုက်တာအဆောက်အဦးတွေထဲကို ဝင်သွားလေတော့သည်။ ၂၀၁၀ ပြည့်နှစ်များက တက္ကဆက် ပေါက်ကွဲမှုဆက်ဖြစ်ပါသေးသည်။ သို့သော် ဘိုစတွန်မြို့ မာရသွန်ပြေးပွဲပုံးပေါက်ကွဲမှုကြောင့် တက္ကဆက်ကို လူများ သတိမပြုမိခြင်းဖြစ်သည်။ လွန်ခဲ့သည့် နှစ်ကလည်း တရုတ်နိုင်ငံကဆိပ်ကမ်းကုန်လှောင်ရုံတစ်ခုမှာ အမိုးနီးယမ်းနိုက်ထရိတ် ပေါက်ကွဲမှုဖြစ်သည်။ မီးတွေငြိမ်းပြီးမှ နောက်ထပ် ပေါက်ကွဲမှုကြောင့် တွင်းချိုင့်ကြီးပင် ဖြစ်သွားသည်။ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးဟာ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည်။ အန္တရာယ်ကြီးမားသည်။

အော်ဂဲနစ်စိုက်ခင်း

မြန်မာနိုင်ငံမှာ ဖြစ်သင့်တာက အော်ဂဲနစ်စိုက်ခင်းတွေပါပဲ။ မကြာသေးမီက ဒေါ်အောင်ဆန်းစုကြည်က အော်ဂဲနစ်စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ပြောသွားသည်။ မြန်မာပြည်အတွက် အဓိကကျသည်မှာ အော်ဂဲနစ်စိုက်ပျိုးရေးသာဖြစ်သည်။ ယနေ့ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ တင်သွင်းမှုကို ခရိုနီများက အဓိကပြုလုပ်နေကြပါသည်။ သူတို့စီးပွားပျက်စေလိုသောကြောင့် အော်ဂဲနစ်စိုက်ပျိုးရေးလိုအပ်သည်ဟု ပြောခြင်းမဟုတ်ပါ။ အော်ဂဲနစ်စိုက်ပျိုးရေးသည် အန္တရာယ်ကင်းပြီး တစ်ကမ္ဘာလုံးက လက်ခံသည်။ စိုက်ပျိုးတောင်သူလယ်သမားများ ဈေးကောင်းရပါမည်။ မြန်မာပြည်သည် အရင်က အော်ဂဲနစ်စိုက်ပျိုးရေးကိုသာ အဓိကထားခဲ့ပါသည်။ ထိုအတွက် ဆင်ခြင်ကြကာ အားလုံးပူးပေါင်းပါဝင်ကူညီဆောင်ရွက်ဖို့ တိုက်တွန်းပါသည်။

●

ဒေါက်တာခင်မောင်ညိုး

www.burmeseclassic.com

www.burmeseclassic.com



နေပျိုရှင်လန်း၊ စူပါမ်ွန်း လရောင်ဆမ်း

ဇလပ်နီ

စက်တင်ဘာလ ၂၅ ရက်၊ ပုဂံညောင်ဦးမြို့နယ် အသင်း (ရန်ကုန်) အမှုဆောင်များ၊ ပျော်ပျော်ပါးပါး မော်တော်ကားနဲ့ ညောင်ဦးမြို့ကို သွားခဲ့ကြပါတယ်။ စက်တင်ဘာလ ၂၆ ရက်နေ့၊ ညောင်ဦးမြို့နယ်မှ ၂၀၁၅ ခု ၁၀ တန်းစာမေးပွဲ၊ ဂုဏ်ထူးရ၊ ကျောင်းသား၊ ကျောင်းသူ ၁၇၃ ယောက်ကို တတိယအကြိမ်၊ ဆုချီးမြှင့်ဖို့ သွားခဲ့ကြတာပါ။

ဒီနှစ်ဆုပေးပွဲမှာ ကျွန်မရေးတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစာစုများ "သူ့မြေမှာဖြူပြာပွင့်ရင်၊ ငါ့မြေမှာ နီဝါတင့်ရမှာပေါ့" စာအုပ်တစ်အုပ်စီ ဆုချီးမြှင့်ခဲ့ပါတယ်။ ၆ ဘာသာဂုဏ်ထူးရှင်တစ်ဦးကိုတော့ မင်္ဂလာအစစ်နှင့် မိုးဆက်သစ်၊ ရေချိုးပြီးမှ ပန်းပန်ပါ ထပ်ဆောင်းပြီး ၃ အုပ် ဆုချီးမြှင့်ပါတယ်။ ၅ ဘာသာနှင့် ၄ ဘာသာ ဂုဏ်ထူးရှင် ၆ ဦးကိုတော့ မင်္ဂလာစာအုပ်မပါ၊ ကျွန်စာအုပ် ၂ အုပ်စီ ဆုချီးမြှင့်ပါတယ်။ ကျောင်းအုပ်ကျိုးတော်ဆောင်လူကြီးများကိုလည်း အထပ်ပါစာအုပ်များ လက်ဆောင်ပေးခဲ့ပါတယ်။

စာရေးဆရာမ ဗိုလ်ချုပ်မြေတင်တင်ဝင်းကလည်း သူရေးတဲ့ "ဗုဒ္ဓအလိုတော်ကျ အဆင့်မြင့်တဲ့လူ" စာအုပ်ကို ဂုဏ်ထူးရှင်များအားလုံးအား ဆုချီးမြှင့်တဲ့အပြင် ကျောင်းအကျိုးဆောင်လူကြီးများကိုပါ လက်ဆောင်ပေးခဲ့ပါတယ်။ မြို့နယ်တွင်းရှိ ကျောင်းပေါင်း ၁၀၀ သို့ ကလေးများအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာစုဖြစ်တဲ့ "ကမ္ဘာမြေလှပစေဖို့စာအုပ်များကို ညောင်ဦးသင်းအမှုဆောင်များက ပေးလှူခဲ့ကြပါတယ်။

ဂုဏ်ထူးရသူအားလုံးကို ကိုယ်တိုင်ရေးစာအုပ်များ ဆုချီးမြှင့်ခြင်း၊ လူကြီးများအား လက်ဆောင်ပေးခြင်း၊ ကျောင်းပေါင်း ၁၀၀ သို့ စာအုပ်များပေးလှူခြင်းဟာ

www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ဖြစ်ကြစေဖို့ လက်ထဲအရောက်စာအုပ်များ ထည့်ပေးခြင်းဖြင့် ကျွန်မတို့ တတ်စွမ်းသမျှ စာဖတ်ရှိန်မြှင့်တင်ပေးခြင်း ဖြစ်ပါတယ်။

စက်တင်ဘာ ၂၇ ရက်နေ့၊ ရန်ကုန်ပြန်ခရီးမှာ နံနက် ၆ နာရီ စထွက်ခဲ့ကြပါတယ်။ ညောင်ဦးမြို့မှ ရှေးဟောင်းမြို့၊ စဉ့်ကူမြို့ (ယခုတော့ ရွာဖြစ်နေပါပြီ) သို့ ခရီးဆက်ခဲ့ကြပါတယ်။ နံနက်စောစောစာ မြန်မာ့ရိုးရာအစားအစာ၊ ညောင်ဦးမုန့်ဟင်းခါး၊ အကြော်မုန့်အစုံနဲ့ မုန့်ပျားသလက်၊ ရင်ပေါင်စာ မြစ်ငါးလေးကျော်တို့နဲ့ ဧည့်ဝတ်ပြုပါတယ်။

ရန်ကုန်ရောက် ပုဂံညောင်ဦးသူ၊ ညောင်ဦးသားများ မစားကြရတာ ကြာချေပြီမို့ တဝကြီး စားကြတော့တယ်။ မုန့်ပျားသလက်၊ မုန့်ပေါင်း၊ အကြော်မုန့်၊ မြန်မာမုန့်ရောင်းချသူတွေဟာ ညောင်ဦးမြို့လမ်းမကြီးပေါ်မှာ မရှိကြတော့ပါဘူး၊ လမ်းကြားဘေးမှာ တစ်ဖက်ရပ်ဆိုင်လေးခင်းပြီး ရောင်းရရှာပါတယ်။ အင်မတန်မျက်နှာငယ်ရှာကြပါတယ်။

ယဉ်ကျေးမှုဒေသဖြစ်တဲ့ ပုဂံညောင်ဦးဒေသဟာ နိုင်ငံခြားသားများ၊ အမျှားအပြား လာရောက်ကြတဲ့ဒေသဖြစ်ပါတယ်။ ဒေသထွက် အစားအစာ စားချင်ကြမှာပါ။ မြန်မာထမင်း၊ ဟင်းဆိုင်တွေရှိပေမဲ့ မြန်မာမုန့်ရောင်းတဲ့ဆိုင် မရှိပါဘူး။ ကျယ်ဝန်းတဲ့ဆိုင်ခင်းပြီး သန့်သန့်ရှင်းရှင်း မြန်မာမုန့်တွေ ရောင်းစေချင်ပါတယ်။

အခုတော့ ပုဂံညောင်ဦးယဉ်ကျေးမှုနယ်မြေ တစ်ခွင်လုံး နိုင်ငံခြားအစားအစာဆိုင်ကမျှားပါတယ်။ ထိုင်း၊ အိန္ဒိယ၊ အီတလီ၊ ပြင်သစ်၊ တရုတ်အစားအစာ၊ အကင်ဆိုင် စသဖြင့် ၅၀ ကျော်ရှိတယ်လို့ သိရတယ်။ Food Library ဆိုင်မှာ နိုင်ငံခြားအစားအစာ အကုန်ရတယ်လို့သိရတော့ အမည်ပေးထားပုံ တစ်မျိုးထူးဆန်းတယ်လို့ အောက်မေ့မိတယ်။

စဉ့်ကူရွာလေးဟာ တစ်ချိန်က မြို့အဆင့် ဖြစ်ခဲ့ပါတယ်။ တိုက်တာအဆောက်အဦပျက်များ ယခုတိုင် အများအပြားတွေ့ရပါသေးတယ်။ ၁၉၄၇ ခုနှစ် မတ်လက ပိုလ်ချုပ်အောင်ဆန်း တရားဟောခဲ့တဲ့အိမ်ကိုလည်း သွားကြည့်ခဲ့ပါတယ်။ ရှေးဘုန်းတော်ကြီးကျောင်းများ၊ အိုမင်းဟောင်းနွမ်းသော်လည်း ကြီးမားခမ်းနားတဲ့ပုံရိပ်မပျောက်ပျက်သေးပါဘူး၊ ကျွန်းတိုင်လုံး ၁၀၀ ရှိတဲ့ တိုင်တစ်ရာကျောင်းလည်း အခုထိရှိပါသေးတယ်။ ကျောင်းတွင်းမှာ ဆွမ်းအုပ်ကြီးများ ပေစာထည့်တဲ့စာတိုက်ကြီးများ ရှိနေပါသေးတယ်။ ပဉ္စလောဟာဘုရားကိုလည်း ဖူးခဲ့ရပါတယ်။ စဉ့်ကူရွာတစ်ဝိုက်မှာ ညောင်ပင်ကြီး၊ မန်ကျည်းပင်ကြီးများ အရိပ်အာဝါသကောင်းလှပါတယ်။ ကျွန်စစ်သား မင်းမဖြစ်မီ ပုဂံရွှေနန်းတော်မှရှောင်ခွာရစဉ် ပုန်းအောင်းရာနေရာကို ကျွန်စစ်မင်းကြီးအဖြစ်ရောက်တော့ အမှတ်တရ နဂါးရုံဘုရားတည်ထားကိုးကွယ်ခဲ့ကြောင်း သိရပါတယ်။ ဘုရားကုန်းတော်ပတ်ပတ်လည်မှာ သစ်ပင်များ ဖြစ်ထွန်းနေပါတယ်။

ဘုရားအနီး မင်းကျောင်းတိုက်ဆရာတော်က သစ်ပင်စိုက်ရုံမက သတိပေးစာတန်းကို အာရုံခံမှာ ချိတ်ဆွဲထားပါတယ်။ သစ်ပင်ချစ်ခင်မြတ်နိုးသူဆရာတော်အား "ကမ္ဘာမြေလှပစေဖို့" စာအုပ် ပေးလှူခဲ့ပါတယ်။ စဉ့်ကူရွာ စာကြည့်တိုက်ကိုလည်း စာအုပ်များ လှူခဲ့ကြပါတယ်။

သတိပေးစာတမ်း

နမောဗုဒ္ဓါယ သိဒ္ဓမ်၊ စဉ့်ကူကျေးရွာအုပ်စုအတွင်းဤမှီတင်းနေထိုင်၊ နေကုန်သော ဒါယိကာ၊ ဒါယိကာမအပေါင်းတို့ သိစေရန် သတိပေးအပ်ပါသည်။

ရှေးအစဉ်အလာအဆက်ဆက်က နဂါးရုံဘုရား၏ ဩဝါဒစရိယ နာယကဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့များသည် နဂါးရုံဘုရားဝတ္ထုကမြေ၊ နဂါးရုံဘုရားကုန်းတော်ပေါ်နှင့် နဂါးရုံဘုရား၏အရှေ့ဘက်သောက်ရေကန်၏ ကန်ပေါင်၊ ကန်ရိုး၊ ကန်တွင်း၊ ကန်၏ဥပစာတွင် ပေါက်ရောက်နေသော သစ်ပင်များကိုလည်းကောင်း၊ လမ်းခွက်လတ် (ညောင်ပင်ကန်) ၏ ရေလာနှင့် ကန်ပေါင်ရိုး၊ ကန်၏ဥပစာအတွင်းပေါက်ရောက်နေသော သစ်ပင်များကိုလည်းကောင်း၊ ဘေးမဲ့သစ်တောအဖြစ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသည်။

ယခုအခါ မသမာသောလူအချို့က ကိုယ်ကျိုးစီးပွားအတွက် ခုတ်လှဲ အသုံးပြုနေကြသည်ဟု ကြားသိရပါသည်။ ဆက်လက်၍ ခုတ်လှဲနေပါက -

တာဝန်အရ

(ဘုရားမျက်နှာတော်) ကို ထောက်၍ အာဏာပိုင် အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

အစည်းများနှင့် တိုင်ပင်ညှိနှိုင်း၍ အရေးယူသွား မည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

၁။ တိုက်တာအဆင့်ဆင့် မိုးထိမြင့်လည်း ပန်းနှင့်သစ်ပင်၊ မတွေ့မြင်က၊ ဝန်းကျင်ခြောက်ခန်း၊ စိတ်ပင်ပန်း၏။

၂။ သစ်ပင်စိုက်မှ အရိပ်ရ၏။

၃။ အရိပ်နားနေ၊ အပန်းဖြေ၏။

၄။ ဥတုရာသီ တောကိုမှီ၏။

၅။ သစ်ပင်ခုတ်လှဲ မိုးရွာနည်း၏။

၆။ မိုးနည်းအပူများ ရောဂါပွားမ၏။

၇။ တောင်ကတုံးနှင့် သစ်တောပြုန်းက လုံးလုံးမိုးခေါင်၊ တက်တက်ပြောင်လိမ့်၊ ကြောက်စရာအဖြစ်ဆိုး၊ မကြုံတိုး အောင် တို့များအခုက၊ ရှောင်ကြဉ်ကြလော့။

၈။ နဂါးရုံဘုရားအနီးအနား၌ ဘေးမဲ့သစ်ပင် ကန်နှစ်ပြင်ဝယ်၊ ကျိုးမြင်ကျောင်းဆ၊ နာယကနှင့် ဂေါပကအစဉ်အဆက်၊ စိတ်ကောင်းဖက်၍ ဆောင်ရွက်ထားကြောင်း၊ ကြေညာမောင်းဖြင့် အပေါင်းသိစေ၊ တို့ဖြန့်ဝေသည်ပြို့နေလူထု သိစေသောဝ်။

အားလုံးရွှင်လန်း ချမ်းမြေ့ကြပါစေ။

(ဘဒ္ဒန္တမဏ္ဍာလာလင်္ကာရ သာသနဓဇ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ သာသနဂုဏ်ရှိ ဝိနယပါဠိပါရဂူ၊ တိုင်းသံဃနာယက နဂါးရုံဘုရား ဩဝါဒစရိယ ဂိုဏ်းထောက်ကျောင်း၊ မင်းကျောင်းတိုက်၊ စဉ်ကူ)

စဉ်ကူရွာကထွက်လာခဲ့ကြတော့ အရွယ်စုံ ၅ နှစ်သား၊ ၁၀ နှစ်သား၊ အရွယ်ရောက်တဲ့ အသက် ၂၀ အရွယ် ထန်းပင်တွေ မြင်ခဲ့ရတယ်။ သေချာစိုက်ထားပုံရလို့ ဝမ်းသာမိသေးတယ်။ ထန်းတက်သူမရှိလို့ ထန်းလက်ချိုင်သူတွေမရှိတော့ ထန်းရွက်ခြောက်တွေနဲ့ ထန်းပင်တွေ၊ အကျည်းတန်အရုပ်ဆိုးလှပါတယ်။

အန်စာတုံးခေါ်တဲ့ မော်တော်ကားနဲ့ ကျွန်မတို့ အမှုဆောင်တစ်စု ထန်းတောအလယ်မှ ခရီးကြမ်းနှင့်ခဲ့ကြပါတယ်။ မြေလမ်း၊ သဲပြင်ပို့ပို့နဲ့ ကားဝမ်းပိုက် ထိတွေ့တော့မလား စိုးတထိတ်ထိတ်ဖြစ်နေကြရပါတယ်။

မုန်တိုင်ရွာမှာ နေ့လယ်စာစားကြပါတယ်။ ကျွန်မတို့ အမှုဆောင်များကတော့ စားရခဲတဲ့ သဘာဝသီးနှံဟင်းများကို ဝမ်းမြောက်ဝမ်းသာ မြိန်ရည်ယှက်ရည် စားကြပါတယ်။

မနက်ကမှ ယာခင်းထဲကခူးလာတဲ့ပဲသီးကို ပြုတ်ပြီး မြေပဲဆံထောင်းနဲ့ ဆုံပဲဆီမွှေးဆမ်းပြီး သုပ်ထားတယ်။ ချဉ်ပေါင်ဟင်းခါးရွက်ရေသောက်၊ တစောင်းခါးဟင်း၊ အတို့အမြှုပ် သခွားသီးတွေနဲ့ ကောင်းလွန်းလို့ တောကြက်သားဟင်းတောင် မလိုတော့ပါဘူး။

ကျွန်မတို့အဖွဲ့ စားသောက်ပြီးကြတော့ တက်မရှာ၊ အထက်တန်းကျောင်းသို့ ထွက်လာကြပါတယ်။ မုန်တိုင်ရွာကထွက်လာတော့ မြေကမူနဲ့ ချိုင့်မြေတွေချည်ပါပဲ၊ မြေပြင်မညီဖါဘူး၊ သစ်ပင်လည်း မရှိပါဘူး၊ ရေလည်း မရှိပါဘူး။ လူအတွက် သုံးရေ၊ သောက်ရေ မလုံလောက်ဘူးလို့ သိရတယ်။ ရေရှားပါးလေတော့ တက်မအထက်တန်းကျောင်းဝင်းကြီး ကျယ်ပြန့်လှပေမဲ့ သစ်ပင်မရှိ လွင်တီးခေါင်ကြီးဖြစ်နေပါတယ်။ ကျောင်းစာကြည့်တိုက်အတွင်း "ကမ္ဘာမြေလှစေဖို့" စာအုပ်များပို့ပြီးသော်လည်း ဆရာမများအား စာအုပ်များထပ်မံပေးလျှောခဲ့ပါတယ်။

ဆရာမကြီးနဲ့ ဆရာမများရဲ့ ဦးခံလက်ဖက်ရည်များကို အမြန်သောက်ကြပြီး ကျွန်မတို့အဖွဲ့ တက်မကျောင်းက ထွက်ခဲ့ကြပါတယ်။ ညောင်ဦး ကျောက်ပန်းတောင်းကားလမ်း၊ ထနောင်းဝန်းကားဂိတ်သို့ နေ့လယ် ၂ နာရီထိုးမှ ရောက်ပါတော့တယ်။ ကတ္တရာကားလမ်းရောက်ပြီမို့ အမြန်မောင်းလို့ရသွားပါပြီ။

အမှုဆောင်အများစုက အသက် ၆၀ ကျော်၊ ၇၀ ကျော်တွေပါ။ အရွယ်အိုပေမဲ့ နုပျိုနေကြပါတယ်။ မပင်ပန်းကြပါဘူး။ တစ်ထောင့်တစ်နေရာက ပညာရေးအားပေးကူညီ လုပ်ဆောင်ခဲ့ရခြင်းကို ပီတိတဝေဝေဖြင့် ရွှင်လန်းချမ်းမြေ့နေကြပါတယ်။

ဒီနေ့ည စက်တင်ဘာ ၂၇ ရက်ည၊ စူပါမွန်းလရောင်ဆမ်းတဲ့ညဖြစ်ပါတယ်။ လမင်းကြီးက ကမ္ဘာနဲ့ အနီးဆုံးနေရာရောက်လာပြီး အလင်းရောင်တွေဖြန့်ကြက်ပေးတဲ့ညပေါ့။ တောတောင်သဘာဝအတိုင်း ရှုမြင်နေရပါတယ်။ အပြန်လမ်းခရီးမှာ သက်ကြီးရွယ်အိုတစ်စု မြန်မာသံစဉ်တေးများနားဆင်ကာ စူပါမွန်းလရောင်အောက်က သဘာဝအလှကိုငေးမောရင်း ည ၁၂ နာရီထိုးမှ အိမ်ရောက်ကြပါတော့တယ်။

ဇလပ်နီ

www.burmeseclassic.com

www.burmeseclassic.com

သယံဇာတအကျိုးအမြတ် ခွဲဝေသုံးစွဲခြင်းနှင့် ငြိမ်းချမ်းရေး

မြင့်ဆန်း

အာချေးဒေသသို့ လေ့လာရေးခရီး

ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အဖွဲ့ဝင်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့ရဲ့ကိုယ်စားလှယ်များ ဖေဖော်ဝါရီလကုန်မှာ အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်ကို သွားရောက်ပြီး အင်ဒိုနီးရှားနိုင်ငံက အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ခဲ့ခြင်းများကို လေ့လာမယ်လို့ သိရှိရပါတယ်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် ဒေးလီးအလဲပင်းသတင်းစာရဲ့ ရှေ့ပိုင်းစာမျက်နှာမှာ အဲဒီသတင်းဖော်ပြခဲ့တာ ဖြစ်ပါတယ်။

သတင်းမှာ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်က စစ်ဦးစီးမှူး ပိုလ်ချုပ်မှူးကြီးခွန်အောင်စန်းက အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်မှာဖြစ်ခဲ့တဲ့ အတွေ့အကြုံတွေကို သွားရောက်လေ့လာဖို့ဖြစ်ပြီး အဓိကစီစဉ်ထားတာက တိုင်းရင်းသားလက်နက်ကိုင်များဘက်ကဖြစ်တယ်လို့ ထုတ်ဖော်ပြောဆိုတာကို ဖတ်ရှုရပါတယ်။

အားချေးပြည်နယ်မှ အာချေးလွတ်မြောက်ရေးအဖွဲ့နဲ့ အင်ဒိုနီးရှားအစိုးရတို့ လက်နက်ကိုင်ပဋိပက္ခတွေနှစ်ရှည်လများဖြစ်ပွားခဲ့တယ်။ အဲဒီပဋိပက္ခတွေကို ကမ္ဘာ့ကုလသမဂ္ဂနဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ သြစတြေးလျနိုင်ငံတို့က ဝင်ရောက်စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခဲ့တဲ့နောက်ပိုင်း အာဏာခွဲဝေစေပြီးအုပ်ချုပ်လာတဲ့ဖြစ်စဉ်တွေကို လေ့လာမှာဖြစ်တယ်လို့သိရပါတယ်။

သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် အာချေး

www.burmeseclassic.com

www.burmeseclassic.com

ပြည်နယ်သူပြည်နယ်သားများက အင်ဒိုနီးရှားနိုင်ငံထဲမှာ လွတ်လပ်ရေးတောင်းဆိုမှုနဲ့အတူ ခွဲထွက်ရေးတိုက်ပွဲကို ဆင်နွှဲလာခဲ့ကြတာပါ။ ထွက်ပေါ်လာခဲ့တဲ့ရလဒ်က နှစ်ပရိဏာမတ်ကြာမြင့်တဲ့ လက်နက်ကိုင်တိုက်ပွဲများနဲ့ ပဋ္ဌိပက္ခများပဲဖြစ်တယ်။ ဆုံးရှုံးနစ်နာမှုများ ပြည့်နှက်နေတဲ့ သေကျေပျက်စီးမှုတွေနဲ့ အဆုံးအစမရှိတဲ့ အာချေးဒေသတွင်း မကျေလည်မှုကြီးဖြစ်စေခဲ့ပါတယ်။

အပစ်အခတ်ရပ်စဲရေးမှ ငြိမ်းချမ်းရေးသို့

မြန်မာနိုင်ငံမှာက ပြည်တွင်းစစ်မီးတောက်လောင်နေမှုကို အဆုံးသတ်ဖို့ ၂၀၁၀ နှစ်နောက်ပိုင်းကတည်းက အစိုးရနဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၊ ကြားခံအင်စတီကျူးရှင်းများ ကြိုးပမ်းနေခဲ့ကြပါတယ်။ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးညှိနှိုင်းကြရာကနေ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့က လက်မှတ်ရေးထိုးပြီးတဲ့အဆင့်ကို ရောက်ရှိနေပါပြီ။ အဲဒီ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များထဲကတစ်ခုဖြစ်တဲ့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးစောင့်ကြည့်ရေးကော်မတီထဲမှာပါဝင်တဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့ရှစ်ဖွဲ့ရဲ့ကိုယ်စားလှယ်များ အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်ကို လေ့လာရေးသွားရောက်မှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြားမှာ ချုပ်ဆိုတဲ့စာချုပ်မှာ "ဤတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ဤသဘောတူစာချုပ်ပါ အချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် အပြန်အလှန် သန္ဓိဌာန်ပြုကြသည်" လို့ဖော်ပြထားပါတယ်။

၂၀၁၅ ခုနှစ် မတ်လ (၃၁) ရက်နေ့က အတည်ပြုထားတဲ့ မူကြမ်းစာချုပ်ပါအချက်အလက်များမှ အခြေခံမူများကို တစ်ဆင့်ဖောက်သည်ချ တင်ပြချင်ပါတယ်။

အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးများကို မျှော်မှန်းရည်သန်ထားမှုများကို လေ့လာခန့်မှန်းနိုင်မယ်လို့ ထင်မြင်ယူဆပါတယ်။

၁။ ဤသဘောတူစာချုပ်၏ အခြေခံမူများအတိုင်း ဆောင်ရွက်သွားရန် သဘောတူကြသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။

(ခ) မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋ္ဌိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်မည့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် ထူထောင်ပြီး လက်နက်ကိုင်ပဋ္ဌိပက္ခ အဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရန်။

(ဂ) တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော ပြည်ထောင်စုတပ်မတော်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန်။

(ဃ) ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူညီတူ အခွင့်အရေး ရရှိစေရန်။

(င) နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရန်၊ နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်းမရှိသည့် နိုင်ငံတော်ကို ထူထောင်ရန်

(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မဟူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည်ထောင်စု

www.burmeseclassic.com

www.burmeseclassic.com

လက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်။

(ဆ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကိုအခြေခံပြီး ပါဝင်သင့်သူအားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားရန်။

(ဇ) ငြိမ်းချမ်းရေးဆွေးနွေးဘက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာအမှန်ဖြင့် အကျေအလည် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်

(စျ) ဤသဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့် နှစ်ဖက်အပြန်အလှန်ထားရှိသော ကတိကဝတ်များကို စောင့်ထိန်းရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း စသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်။

(ည) ဤသဘောတူစာချုပ်ကြောင့် ဖြစ်ထွန်းလာသည့် တိုးတက်မှုများကို တစ်ဖက်နှင့်တစ်ဖက် အခွင့်အရေးမယူဘဲ သဘောတူစာချုပ်ပါ ကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်သွားရန်။

(ဋ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးနှင့် ပြည်သူလူထု၏ဘဝ မြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ထဲက အခြေခံမူများကို လေ့လာကြည့်ရင် ဒီမိုကရေစီ ပင်မမူလနှုန်းစံများကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နဲ့ ဒီမိုကရေစီ၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ထောင်ရန် ရည်မှန်းထားကြောင်း သိရှိရပါတယ်။

အပစ်အခတ်ရပ်စဲကြပြီး ငြိမ်းချမ်းရေးကို တည်တံ့ခိုင်မြဲအောင် တည်ဆောက်ကြပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်ကြမယ့် ရည်မှန်းချက်များကို ထောက်ခံအားပေးကြရမှာဖြစ်ပါတယ်။

သယံဇာတအကျိုးအမြတ်ခံစားခွင့်

အခုလေ့လာချက်မှာ အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်သို့ လေ့လာရေးသွားရောက်မယ့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ခရီးစဉ်မှာ လေ့လာနိုင်မယ်လို့ မျှော်လင့်ရတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ သယံဇာတထုတ်လုပ်မှု၊ ဒေသခံတိုင်းရင်းသားများရဲ့ သယံဇာတထုတ်လုပ်မှုများကရရှိမယ့် အကျိုးအမြတ်များကို မျှတစွာ ခွဲဝေခံစား ပိုင်ခွင့်များအကြောင်း ချဉ်းကပ်ကြည့်ရန်ပင် ဖြစ်ပါတယ်။

သဘာဝသယံဇာတများ ထုတ်လုပ်မှုများကနေ ရရှိတဲ့အကျိုးအမြတ်များကို မျှတစွာ ခွဲဝေခံစားပိုင်ခွင့်ရရှိခြင်းက ပြဿနာများကို လျော့ကျစေနိုင်သလို ပဋိပက္ခများကို ကာကွယ်ရပ်တန့်ပေးနိုင်တာကို လေ့လာစူးစမ်းချက်များအရ သိရှိကြပြီးဖြစ်ပါတယ်။

နိုင်ငံတော်၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ ဒေသခံတိုင်းရင်းသားများ၊ ဌာနေကျေးလက်ပြည်သူများ၊ စီမံကိန်းလုပ်ကိုင်ဆောင်ရွက်ကြတဲ့ အရပ်ဒေသများက ကွန်မြူနတီများကို စောင့်ကြည့်လေ့လာကြတဲ့ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများရဲ့ အစီရင်ခံစာများမှာ ကာလကြာရှည်ကြာများဖြစ်ပွားတဲ့ ပြည်တွင်းစစ်ရဲ့ အကြောင်းရင်းများထဲမှာ ဒေသခံတိုင်းရင်းသားများမှာ သယံဇာတထုတ်လုပ်မှုကရရှိတဲ့ အကျိုးအမြတ်တွေကို သယံဇာတပိုင်ရှင်များဖြစ်ကြတဲ့ ဒေသခံတိုင်းရင်းသားများ ခွဲဝေခံစားပိုင်ခွင့်မရှိကြောင်းဆိုတဲ့အချက် ပါဝင်နေပါတယ်။ ပညာရှင်နဲ့ လေ့လာအကဲခတ်သူများက သဘာဝအရင်းအမြစ်ထွက်ရှိရာဒေသက ဒေသခံလူထုကို ထုတ်ယူတဲ့ သယံဇာတများရဲ့ အကျိုးအမြတ်ကို ခွဲဝေသုံးစွဲခွင့်ပေးရေးက မဖြစ်မနေ လုပ်ဆောင်ရမယ့်အချက်ဖြစ်တယ်လို့ ထောက်ပြကြပါတယ်။

သယံဇာတထွက်ရှိရာဒေသများနဲ့ သယံဇာတပိုင်ရှင်လူ့အဖွဲ့အစည်းတို့ကို သယံဇာတထုတ်ယူခြင်းနှင့် ၎င်းရဲ့ ပြဿနာဝန်ထုပ်ဝန်ပိုးတို့အတွက် မျှတတဲ့နစ်နာကြေးပေးစေရေးကို လုပ်ဆောင်ရမယ့်နည်းလမ်းက သယံဇာတထုတ်လုပ်မှုကရရှိတဲ့ ဘဏ္ဍာငွေတွေကို တိုက်ရိုက်ခွဲဝေပေးခြင်းပဲဖြစ်ပါတယ်။ ဒါ့အပြင် စီမံကိန်းများအတွက် လယ်ယာမြေ၊ ဥယျာဉ် ခြံမြေတွေကိုသိမ်းယူခဲ့ရင်လည်း ဒေသခံများကို ကာလ တန်ကြေးနဲ့အညီ ငွေကြေးပေးလျော်ရမှာဖြစ်ပါတယ်။ ပရောဂျက်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ အလုပ်အကိုင်ပြဿနာကိုလည်း ဖြေရှင်းပေးရမှာဖြစ်ပြီး အလုပ်အကိုင်သစ်တွေ ဖန်တီးပေးကြရပါမယ်။ အသက်မွေးဝမ်း

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆိုင်ရာ အခွင့်အလမ်းတွေလည်း ရှာဖွေစီစဉ်ပေးရပါမယ်။ လေ့လာတွေ့ရှိချက်များအရ သယံဇာတတူးဖော်ရေးလုပ်ငန်းများကနေ အလုပ်အကိုင်အများအပြား ဖန်တီးပေးနိုင်ခြင်းမရှိဘူးလို့ သိရှိရပါတယ်။

သယံဇာတအကျိုးအမြတ်ခွဲဝေမှုနဲ့ ငြိမ်းချမ်းရေး

သဘာဝသယံဇာတကြွယ်ဝတဲ့နိုင်ငံတွေမှာ ဒေသခံတွေအနေနဲ့ သယံဇာတထုတ်လုပ်မှုကရရှိတဲ့ အကျိုး အမြတ်တွေကို မျှမျှတတခံစားပိုင်ခွင့်မရရှိတာကြောင့် သွေးထွက်သံယိုမှုနဲ့ ပြည်တွင်းစစ်များဖြစ်ပေါ်ခဲ့ကြောင်း သာဓကတွေရှိပါတယ်။ ပဋ္ဌိပက္ခတွေ၊ ပြည်တွင်းစစ်တွေမှာ သယံဇာတထုတ်လုပ်မှုကရရှိတဲ့ အကျိုးအမြတ်တွေကို စနစ်တကျမျှတစွာ အသုံးပြုခဲ့ရင် မပြေလည်မှု၊ ပဋ္ဌိပက္ခနဲ့ ပြည်တွင်းစစ်တွေ ရပ်စဲချုပ်ငြိမ်းသွားတာတွေကို လေ့လာ တွေ့ရှိနိုင်ပါတယ်။

အာချေးဒေသက လက်နက်ကိုင်ပဋ္ဌိပက္ခအဆုံးသတ်သွားပုံကို လေ့လာတင်ပြပါရစေ။ အရှေ့တောင်အာရှမှာ အင်ဒိုနီးရှားနိုင်ငံက ရေနံနဲ့ သဘာဝဓာတ်ငွေ့ကြွယ်ဝတဲ့နိုင်ငံဖြစ်တယ်။ အာချေးပြည်နယ်က ရေနံနဲ့ သဘာဝဓာတ်ငွေ့ ပေါများကြွယ်ဝတဲ့ဒေသဖြစ်ပါတယ်။ သမိုင်းကြောင်းအရ အာချေးဒေသက လွတ်လပ်တဲ့ ဆူလတန်ဘုရင့်နိုင်ငံတော်အဖြစ် ရပ်တည်ခဲ့ရာကနေ ဒတ်ချ်ကိုလိုနီအုပ်ချုပ်မှုအောက်ကို ကျရောက်ခဲ့ရပါတယ်။ ရာစုနှစ် တစ်စုကျော်လောက်အထိ ကိုလိုနီလက်အောက်ခံဘဝကနေ ရုန်းထွက်နိုင်ဖို့ တိုက်ပွဲဝင်ခဲ့ကြတယ်။ဒါပေမဲ့ ၁၉၄၉ ခုနှစ် အာချေးဆူလတန်ဘုရင့်နိုင်ငံက အင်ဒိုနီးရှားသမ္မတနိုင်ငံထဲမှာ အထူးဒေသတစ်ခုအဖြစ် သွတ်သွင်းခြင်းခံရပြန်ပါတယ်။ အာချေးပြည်သူပြည်သားများက အင်ဒိုနီးရှားထဲကနေ လွတ်လပ်ရေးတောင်းဆိုမှုနဲ့အတူ ခွဲထွက်ရေးတိုက်ပွဲကို ဆင်နွှဲခဲ့ကြတယ်။ သံသရာရှည်နေတဲ့ ပြည်တွင်းစစ်က ၂၀၀၅ ခုနှစ်မှာ အဆုံးသတ်နိုင်ခဲ့ပါတယ်။ အဲဒီနှစ်မှာ အင်ဒိုနီးရှားအစိုးရနဲ့ အာချေးလွတ်မြောက်ရေးအဖွဲ့တို့ ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကြောင့်ပါပဲ။ အဲဒီသဘောတူစာချုပ်အရ အာချေးဒေသက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးနယ်မြေတစ်ခုအဖြစ် ရပ်တည်လာနိုင်ပါတယ်။ အာချေးနယ်မြေက ထွက်ရှိတဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေရဲ့ အကျိုးအမြတ် ၇၀% ကိုလည်း ရရှိလာပါတယ်။ အာဏာရှင်ဆူဟာတိုလက်ထက်တုန်းကတော့ ၅% လောက်ပဲရရှိတယ်လို့ လေ့လာသိရှိရပါတယ်။ ငြိမ်းချမ်းရေးသဘောတူစာချုပ်ချုပ်ဆိုရာမှာ အာချေးလွတ်မြောက်ရေးအဖွဲ့က အခုလို သယံဇာတရဲ့ အကျိုးအမြတ်ကို ခွဲဝေတောင်းဆိုမှုမှာ အလျှော့မပေးခဲ့ဘဲ တင်းခံခဲ့တဲ့အတွက်ကြောင့် အဓိကကျတဲ့တောင်းဆိုမှုမှာ ထိုက်ထိုက်တန်တန်ရရှိခဲ့ကြောင်း တွေ့ရှိနိုင်တာဖြစ်ပါတယ်။

အကြောင်းတရားများကနေထွက်ပေါ်လာတဲ့ အကျိုးတရားကို စမ်းစစ်ကြည့်မယ်ဆိုရင် အာချေးလွတ်မြောက်ရေးအဖွဲ့နဲ့ အင်ဒိုနီးရှားအစိုးရတို့ သဘောတူစာချုပ်ချုပ်ဆိုနိုင်ပြီး အာချေးဒေသကထွက်ရှိတဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကရရှိတဲ့ဝင်ငွေကို အချိုးကျခွဲဝေပေးလိုက်တဲ့အတွက် အာချေးဒေသပဋ္ဌိပက္ခ ပြေလည်သွားတယ်။ ဒေသတွင်း တည်ငြိမ်းအေးချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်မှုဆီ ရှေ့ရှုသွားနိုင်ခဲ့ခြင်းကို တွေ့မြင်ရမှာဖြစ်တယ်။

သယံဇာတပေါများကြွယ်ဝတဲ့နိုင်ငံများစာရင်းထဲမှာ မြန်မာနိုင်ငံလည်း ပါဝင်ပါတယ်။ အဖိုးတန်သဘာဝအရင်းအမြစ်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေဖို့၊ လူမှုဘဝများတိုးတက်ကောင်းမွန်စေဖို့ ထုတ်လုပ်သုံးစွဲရမှာဖြစ်ပါတယ်။ ဒါပေမဲ့ တိုင်းပြည်ရဲ့ သယံဇာတများကနေ နိုင်ငံသူနိုင်ငံသားများရဲ့ ဘဝအခြေအနေမြင့်မားတိုးတက်ရေးကို ရှေးရှုစီမံဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို သယံဇာတတူးဖော်ထုတ်လုပ်ကြရာမှာ သဘာဝပတ်ဝန်းကျင်မပျက်စီးဖို့၊ ရေရှည်တည်တံ့နိုင်ဖို့တို့အပြင် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အရေးကိုပါ ထည့်သွင်းစဉ်းစားလုပ်ဆောင်ကြဖို့ဆိုတဲ့အချိန်ကို ကျရောက်နေပြီလို့ ထင်မြင်ယူဆပါကြောင်း။ ။

မြင့်ဆန်း

အကိုးအကား (၁) မြန်မာ့သယံဇာတကျိန်စာ (ရေနံပိုက်လိုင်းစောင့်ကြည့်ရေးအဖွဲ့)

(၂)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြားမှာချုပ်ဆိုသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၂၀၁၅- မတ်- ၃၁)

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ကောင်လေး၊ နွားလှည်းကိုင်ပါလား။ တင်ရွှေ့အိမ်က နွားလှည်းအားနေမှာဟာ"

"ဟာ၊ ကိုင်ချင်ပါဘူးဗျာ၊ မြို့တက်လာပါတယ်ဆိုမှ နွားလှည်းမကိုင်ချင်လို့ ဥစ္စာကြီးကို"

'ကောင်လေး' ဆိုတာ ဦးလေးကြီးတို့တုန်းကလို မဟုတ်ကြတော့ဘူး။ မြို့က အလုပ်ရှာကြတယ်ဆိုပေမယ့် သက်သာရာသက်သာကြောင်း ရှာကြတာ။ ဒီတောအလုပ်ကို တော်တော့လူလုပ်ချင်ကြတာလိုက်လို့။ ခု လုပ်နေတယ်ဆိုတာကရော၊ အဲဒါ သစ်မရခင် စပ်ကြား ဝါးပေါင်းကွပ်ကြတာ၊ တော်နေကြာ မြို့ထဲကခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်မှာ စားပွဲထိုးလူလိုလို့တဲ့ဆိုတာနဲ့ ဒီလုပ်လက်စအလုပ်ကို သံယောဇဉ်မဲ့ပစ်ထား၊ ဖုတ်ဖက်ခါထသွားကြတာမျှားမျှားပါ။

တကယ်ဆိုရင် ပိုက်ဆံရတာချင်းတူရင် ပိုရတဲ့အလုပ် လုပ်ဖို့ကောင်းတာပေါ့။ ခုတော့ ဟုတ်ဘူး၊ မြို့တက်လာ အလုပ်လုပ်တယ်သာ ပြောကြတာ၊ လတ်လျှားလတ်လျှားနဲ့ ကောင်းကောင်းစားရ ကောင်းကောင်းဝတ်ရတဲ့ ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်မှာပဲ စားပွဲထိုး။ ပန်းကန်ဆေးလုပ်ချင်နေကြတာ။ ဒီ တောအလုပ်က လူနေဆင်းရဲပေမဲ့ တကယ်လုပ်ကြည့်ရင်က ရွှေထုပ်တဲ့ မြေပဝါပါ။ ဒါပေမဲ့ ပြောပြီးပါပကော၊ အောက်တန်းကျလို့၊ လူနေညစ်ပတ်လို့ ထင်းခုတ်တဲ့အလုပ်က ဘယ်သူမှ မလုပ်ချင်ကြတာပါဆိုနေ။

ဒီထုံးဖိုရပ်ကွက်ထဲမှာကိုက ထင်းခုတ်ကြတာချင်းတူရင် ခုတ်ပုံချင်းက မတူကြပါဘူး။ ကြည့် 'ကိုတယ်လီ' တို့က ထင်းခုတ်တာချင်းတူရင် ခေါက်ဆွဲထင်းခုတ်ကြတာမျှားတယ်။ 'ပူစူး' ဆိုတဲ့ကောင်က တစ်ဘာသာ၊ ဒီကောင်က 'လက်လုံးထင်း' သမား။ အစိုဖြစ်ဖြစ်၊ အခြောက်ဖြစ်ဖြစ် လက်လုံးခင်းခုတ်တာမျှားတယ်။ ပူစူး ဒီကောင် လက်လုံးထင်းချည်းပဲ ဘယ်လောက်ခုတ်သလဲဆိုရင် ထင်းလိုချင်တဲ့သူက ခွဲခြမ်းရင်ကူသာ၊ ပူစူးကြဲ့လို့ မှာတာတောင်မှ သူကိုယ်တိုင်က မခုတ်ပါဘူး။ ခွဲခြမ်းထင်းကိုင်တဲ့ ဦးလေးကြည်တို့၊ ကိုလှညွှန့်တို့ကို ပြန်မှာပေးတာရော။ ဒီတော့လား၊ ဦးလေးကြည်တို့ကလည်း ထင်းမှာတဲ့သူက လက်လုံးထင်းတစ်ရည်းဆိုလို့ကတော့ ပူစူး တစ်ဆင့်ခံမှာကြ

www.burmeseclassic.com

www.burmeseclassic.com

ရေနွေမိုးရာသီ ပန်းမျှင်းတစ်ခေါက်ရောက်ရာ ကြွေကွဲပါလား ရေမာသင်းရဲ့ ကျေးဇူးပဲ၊

တာမျှားပါတယ်။ အပြန်အလှန်ပေါ့။

"ပူစူးရေ၊ အုတ်ကျင်းထဲက လက်လုံးထင်းတစ်စည်းတဲ့ကွ"

"အခြောက်တဲ့လား၊ အစိုတဲ့လား၊ ဦးလေးကြည်ရ ပြောပါဦး"

"စိုစိုခြောက်ခြောက်၊ ထင်းသားကောင်းရင်ပြီးရောတဲ့ဟာ၊ ကောင်လေးရ"

"ဒါဆို စိတ်ချ၊ ရစေရပါမယ်"

ပြောရရင်၊ ဒီကောင်ပူစူးက လက်လုံးထင်း အိတ်စ်ပတ်ရယ်။ လက်လုံးထင်းဆိုတာကလား၊ ထင်းပင်ပေါက်၊ အလုံးလိုက်၊ အပင်လိုက်ခုတ်၊ တစ်တောင်တိုဖြတ်ရောင်းခဲ့တာမျိုးပါ။ ထင်းဝယ်တဲ့သူက အဲဒါကိုမှ ပြန်ခြမ်းပြီးမှဖြစ်ဖြစ်၊ အလုံးလိုက်ဖြစ်ဖြစ်၊ စည်းပြီးမှ ဆိုင်တင်ပြန်ရောင်းကြတာ။ ပူစူးတို့ကရောင်းတော့ 'စီးထိုး' ပေါ့။ လက်လုံးထင်း နွားလှည်းတစ်စီးတိုက်၊ ဘယ်လောက်ဖြင့်ဘယ်လောက်ပေါ့။ လက်လုံးထင်းမှာသူရှိလို့ တစ်စီးဆိုရင် အဲဒါ တောထဲတုန်းကတော့ အပင်လိုက်၊ အချောင်းလိုက် ခုတ်ဖြတ်သယ် အိမ်ရောက်မှ တစ်တောင်စီ ခန့်မှန်းဖြတ်လှည်းရံတိုင်နဲ့အညီ လှည်းတစ်စီးဆိုရင် အဲဒါ ထင်းတစ်စီးလို့သာ မှတ်ပေတော့။ လံထင်းမဟုတ်ဘူးနော်။ စီးထိုး . . . စီးထိုး။

လက်လုံးထင်းအစိုကပေါတယ်။ ရှားတာက လက်လုံးထင်းအခြောက်မှာပါ။ အရင်လူတွေက ထင်းတစ်ပင်လုံးထုတ်လဲကြ၊ ပင်စည်အရင်းကိုပဲ လွှဲနဲ့ဖြတ်တိုက်ယူ၊ အပေါ်ကကိုင်းဖျားကိုတော့ သေးနုတ်လို့ဆိုပြီး မခုတ်ဘဲကျန်ရင်တော့ အဲဒါ လက်လုံးထင်းခြောက်တွေပဲ ရတတ်တယ်။ အရပ်ထဲက ထင်းမီးဆိုက်တဲ့ လူတွေကတော့ လက်လုံးထင်းမှ လက်လုံးထင်းပဲ။ ခြောက်ဖို့တော့လိုတာပေါ့။ အဲဒါကြောင့် မို့ ပူစူးတို့လက်လုံးထင်းသမားတွေရဲ့ အဖြစ်က ခြံစည်းရိုးထင်းခွေတဲ့အခါလည်း ခွေကြရရဲ့။

"ဟေ့လူတွေ၊ အဲဒါဘာလုပ်ကြတာလဲဗျ၊ ကျုပ်တို့ယာစည်းရိုးလေ"

"မသိလို့ပါဗျာ၊ နောက်မယူပါဘူး၊ ဒီတစ်ပွေ့စာတော့ အိမ်စိုက်ဖို့ပေးပါ"

"တတ်လည်း တတ်နိုင်တဲ့လူတွေ ကွာ၊ မပြောလိုက်ချင်ဘူး၊ ဟင်း"

တောကယာသမားတွေက ဒီထင်းသမားတွေအကြောင်းသိပါ့။ သူတို့ခုတ်သမျှ၊ ခွေသမျှက သူတို့အိမ်သုံးတဲ့ အတွက်မှ မဟုတ်တဲ့ဟာ။ မြို့ထဲရပ်ထဲ ရောင်းစားကြမှယ့်ဟာတွေချည်းပါ။ တကယ်ထင်းသမားတွေ သူတို့အိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



သုံးကြတာက တော်တော့ဟာ ရောင်းလို့ မရတဲ့သစ်မြစ်ဆုံတို့၊ ဝါးမြစ်ဆုံတို့၊ ထင်းခွဲ၊ ထင်းပေါက်တို့နဲ့ မီးဆိုက်၊ ထမင်းချက်ကြတာရော။ ဒီတော့ ခြံစည်းရိုးထင်းခွေခံရတဲ့ ယာပိုင်ရှင်တွေက ပြောတော့မပေါ့။

နောက်ပြီး ပူစူးတို့တတွေ ထင်းချည်း တစ်သက်လုံးခုတ်စားကြတာ လည်းမပြောနဲ့၊ သူတို့မှာ ခွဲခြမ်းထင်းရဖို့ အပင်ကြီးတွေ လဲ့ရပြုရအောင်က ဘယ်မှာလည်း ဖြတ်စရာ ငါးမန်းလွှ ကောင်းကောင်း၊ ခုတ်စရာရဲတင်မြမြ၊ ဘယ်မှာလည်း ပေါက်ခြမ်းခွဲအောင် ပေါက်ဆိန်ကောင်း ကောင်း၊ ဒီတော့ လား ဓားမကောင်းတစ်လက်နဲ့ အဆင်ပြေစေတဲ့ လက်လုံးထင်းပဲ ခုတ်ကြရတာပေါ့။ နောက်တစ်မျိုးကတော့ 'နွား' ပါပဲ။ ပူစူးရဲ့ ခိုင်းနွားတွေဆိုတာ နွားမသာသာတွေဆိုတော့ ဘယ်လိုလုပ် ထင်းတုံးကြီးတွေ ရှန်းနိုင်ပါ့မလား။ လက်လုံးထင်းတွေဆိုတော့ ပိုလည်း ခြုံထဲ အသာလေးထိုးထားခဲ့၊ လိုလည်း လမ်းမှာတွေ့တဲ့ ထင်းပေါက် ကောက်ခုတ်၊ ဒီတော့ လက်လုံးထင်းသမား ပူစူး၊ တစ်သက်လုံး ဒါပဲလုပ်စားနေတာ မပြောနဲ့လေ။

"ကိုတယ်လီ၊ ခင်ဗျားအကြီးကို တစ်ခါလောက် အနားပေးပါဦးလား ဗျာ၊ 'မဝင်း' ကို အလျှော်ခိုင်းပါဦးလား" "ဟာ မင်းတို့ကလည်းကွာ၊ စုတ်မှ မစုတ်သေးတဲ့ဟာ၊ ဘာလို့လဲမှာလဲ" အရပ်ကြီးက ထန်းပင်လို မိုးထိုး၊ ခြေတံရှည်၊ အသားမည်းမည်း၊ ပိန်တာရိုး၊ ဘာအဓိပ္ပာယ်လဲတော့ မသိဘူး။ သူ့နာမည်က 'ကိုတယ်လီ' တဲ့၊ အသက်က ၄၀ လောက်။ ဦးလေးကြည်ပြောပြတာက ကိုတယ်လီတို့ရဲ့ အဖေတို့ အမေတို့ဆိုတာ ချစ်တီးတွေနဲ့ အတူ အိန္ဒိယကလာတဲ့ ဇာတ်နိမ့်သူတွေဆိုလားပါ။ ရောက်စကဆို ဘာလီပုန်းတွေထမ်းပြီးမှ ညဉ့်နက်သန်းခေါင်၊ နောက်ဖေးလမ်းကြားတွေဝင် အလုပ်လုပ်ကြရတာဆိုပဲ။ ကိုတယ်လီ တောင်မှ အစက ဝင်လုပ်ဖူးသေးရဲ့၊ အဲဒါကြောင့် နေမှာပေါ့၊ ကိုတယ်လီ ထင်းခုတ်စက ဦးလေးကြည်တို့၊ ကိုလှညွှန့်တို့နဲ့ ရဲရဲမှ ပြောရဲဆိုရဲမရှိတဲ့ဟာ၊ သူ့ကိုယ်သူ ရွံ့နေတဲ့ပုံပါ။ နောက်မှ ဦးလေးကြည်တို့က သူ့ကို ရင်းရင်းနှီးနှီးနေပြမှ ဒီလူ ပျော်သွားတဲ့ သဘောပါ။ ဟုတ်ပ။

ကိုတယ်လီ့မိန်းမက 'မဝင်း' တဲ့။ သူ့သားက 'ဘကျော်' တဲ့။ နာမည်တွေကသာ ဗဟုသုတဆန်နေကြတာ။ ရုပ်တွေက ဘယ်လိုမှကို ညာလို့မရတဲ့ ကုလားရုပ်တွေပါ။ အစောကပြောသလိုပါပဲ။ ကိုတယ်လီရဲ့အကျင့်က သူကိုယ်မှာ အကျီတစ်ထည်ဝတ်ရင် ချွတ်လည်း မချွတ်တော့ဘူး။ လျှော်လည်း မလျှော်ဘူး။ ဝတ်မရအောင် စုတ်နေမှသာ တစ်ခါတည်း အပြီးချွတ်လွှတ်ပစ်တတ်သူပါ။ ဒါက ကိုတယ်လီရဲ့ ဝသီ။ သူ့မိန်းမမဝင်းက ပြောတာတောင် နားမထောင်တဲ့ဟာပဲ။

"မဝင်း၊ အဲဒီတုန်းက ခင်ဗျားရေနံဆီတစ်ပုလင်းလုံး ကုန်အောင် သောက်တာ မသေဘူးလား"

"မသေတဲ့ပြင်၊ အီးပေါက်တိုင်း ရေနံဆီနံ့တွေရလို့ လူ့ကို ဒုက္ခဖြစ်လိုက်တာမှလေ"

မဝင်းက သွေးနုသားနုတုန်းက တစ်ခါ၊ ငါးမြွှေထိုးတွေချက်စားလို့ လက်မောင်းတွေပေါ် မြွေလို အကွက်တွေ ထွက်လာလို့၊ ဆေးမနည်းကုရသေးပါရောလား။ ရေနံဆီသောက်တာက ကိုတယ်လီက အရက်မူးလာရင်း မဝင်း အပေါ် ကကျိကကျောင်ကျလွန်းလို့ စိတ်ညစ်ပြီး ရေနံဆီတစ်ပုလင်းကုန်အောင်သောက်ပြီး သူ့ကိုယ်သူ သေကြောင်းကြံသေးတာရယ်။ အစောက ပြောသလိုပါပဲ၊ သေပေါင်။ ဟင့်အင်း။ ကိုတယ်လီ ထင်းတောတက်တော့ သူသား လူပျိုပေါက် 'ဘကျော်' ကို ခေါ်ခေါ်သွားတယ်။ သူ့သားကလည်း ကိုတယ်လီလောက်သာ အရပ်မရှည်တာပါ။ တခြားလူတွေနဲ့စာရင် ဒီကောင်ကလည်း ခပ်ထွားထွားထဲကပါပဲ။ သူတို့သားအဖ အတွဲလိုက်သာ ထင်းကောက်နေကြတာ၊ တကယ် သူတို့ခုတ်တဲ့ထင်းက ငါးမန်းလွှမလို၊ ရဲတင်းမလို၊ ပေါက်ဆိန်မလိုတဲ့ထင်း ရွေးခုတ်ကြတာရော။ ဘာထင်းလဲဆိုတော့ 'ခေါက်ဆွဲ' ထင်းပါ။ ခေါက်ဆွဲထင်းဆိုတာက ရှစ်ပေကိုးပေလောက် ရှိမည်။ ထင်းပင်အချောင်းလိုက် ထင်းပါ။ မြင်ဖူးကြသလားပဲ။ ခေါက်ဆွဲလုပ်တဲ့ဖို တွေ့ဆိုတာ ပိုးပြဒယ်သုံးလုံးဆက် မီးဖိုအရှည်ကြီးကို ဒိုးယိုပေါက် ဒီဘက်ထိပ် ကနေ ဟိုဘက်ထိပ်အထိ ပေါက်အောင် ထိုးဆိုက်လို့ရတဲ့ ထင်း

www.burmeseclassic.com

www.burmeseclassic.com

အပင်ကြီးရင် နတ်ကြီးမှာ စိုးပြီး
ရှောင်ခဲ့တဲ့ ရင်ကူပင်၊ လူနှစ်ကိုယ်
သုံးကိုယ်ဖက်ရှိတဲ့အပင်ကြီးတွေ
ပြောင်ပါပကောလား။
ဦးလေးကြည်တို့က ထင်းကြော
မစင်လို့ အပင်ကောက်လို့
ညောင်သား၊ သဖန်းသားမို့
ရှောင်ခဲ့သမျှ အပင်တွေ၊ အခု
နောက်လူမီးသွေး သမားတွေက
အကွေ့အကောက် မရှောင်။
ဖုတ်လို့ရတာ အကုန်ခုတ်နေကြ
တာ ပြောင်ပါရောလား။
သစ်မြစ်တွေပါတူး
မီးသွေးဖုတ်တော့ ဘာခံနိုင်မတုံး။

ချောင်းကြီးတွေပါ။ ထင်းသမားလောက
တွေက အဲဒီ ထင်းမျိုးကို ခေါက်ဆွဲထင်း
လို့ခေါ်ကြတယ်။ ထင်းအသုံးကို
လိုက်လို့ပေါ့။

မိန်းမသောက်ပျင်း ပဲလုံးဟင်း
ဆိုရင်တော့ ယောက်ျားသောက်ပျင်း
ခေါက်ဆွဲထင်းလို့ပဲ ပြောရမလားမသိ
ပါဘူး။ ခေါက်ဆွဲထင်းခုတ်တဲ့ ကို
တယ်လီဆိုတာ ဒူပေဒါပေခံသလောက်
ကျောယားကြီးက ရှည်တော့ လူ
ပျင်းကြီးပါ။ အဲဒါကြောင့် လည်း
ခေါက်ဆွဲထင်းပဲ တစ်သက်လုံး လုပ်
လာတာနေမှာပေါ့။ စဉ်းစားကြည့်၊
ခေါက်ဆွဲထင်းက တခြားခွဲခြမ်းထင်း၊
လက်လုံးထင်းတွေ လို အိမ်ရောက်
ဘာနဲ့ ဖြတ်တောက် ပြုပြင်စရာမလို
တဲ့ဟာ၊ တောထဲက ထုတ်တင်လာတဲ့
အတိုင်း အိမ်ရောက်ရင် နွားတွေခဏာ
နား တော်နေကြာတော့ ဒီအတိုင်း
ခေါက်ဆွဲ ဖိုပို့၊ ငွေပေါ်လွယ်ပါ့။
ကိုတယ်လီတို့က ဒါကြောင့်မို့ ကြိုက်
တာပါ။ ဒီကြားထဲ မဝင်းက အိမ်သုံးထင်း
လိုတဲ့အခါ လှည်းပေါ်ကပေးမယ့်
တစ်ချောင်းစ၊ နှစ်ချောင်းစ ဆွဲဆွဲချ
တတ်တာပိုသေးရဲ့။

ခေါက်ဆွဲထင်းသမားတွေမှာ
အခက်ကြုံရတာက ခြောက်ဖို့လိုတယ်၊
မခြောက်တောင် ဖန့်တန့်တန့်တော့
ရှိမှ။ လုံးဝစိုနေလို့က ခေါက်ဆွဲဖိုတွေ
အတွက် လုံးဝ ကီးမကိုက်တာပါ။
စဉ်းစားကြည့်၊ ထင်းအစို၊ မီးခိုးတွေ
အူ၊ မီးမတောက်လို့ကတော့ အဲဒီ
ခေါက်ဆွဲ မီးခိုးစော်နံကုန်တော့မပေါ့။
အဲဒါကြောင့် ပြောတာ။ ဒီတော့
ခေါက်ဆွဲထင်းက လူသက်သာတယ်၊
ငွေပေါ်လွယ်တယ်လို့ပြောတာ။ ထင်း
ခြောက်ရှာရ တော်တော့ဟာ မီးလောင်
ပြီးသားထင်းချောင်းတွေ သယ်ရပြုရ
တော့ လူပေတာပေါ့။ ကိုတယ်လီလို
လူအိုက လှဖို့မလိုပေမဲ့ သူ့သား
ဘကျော်ကျတော့ မြို့ထဲ ထင်းသွားချ
တဲ့အခါ ပေပေတေတေဆိုတော့ ရှက်ပြီ
တဲ့လားဗျာ။ အဲဒါတစ်ခုတော့ ခက်
တယ်။

"ကိုကြည်၊ ဒီနေ့ထင်းချမှာက
ဝက်ဆီဖတ်ဖိုဆို၊ ငါးဆယ်ဖိုးတစ်ထုပ်
လောက်ဝယ်ခဲ့ပါလား"

"နင်ကလည်းဟာ ငါးဆယ်ဖိုး
ဆိုတော့ ဟိုကအားနာပြီး အလကား
ပေးနေဦးမယ်ဟာ"

"အဲဒါဆိုလည်း အသားလိုလို့
အရိုးတောင်းတဲ့သဘော၊ သာတောင်
ကောင်းသေးရဲ့"

ရင်ကူသားက ထင်းသားထဲမှာ
မီးအနေဆုံးပဲ။ မီးကျည်ခဲအနေဆုံး
ဆိုတော့ လူတိုင်းကြိုက်တာပေါ့။ ရင်ကူ
သားခွဲခြမ်းဗျာ၊ ဘယ်လောက်ထင်း
ကောင်းလိုက်သလဲဆိုရင် အစိုကြီး
ဆိုက်တောင် ဖျစ်ဖျစ် ဖျစ်ဖျစ်နဲ့
မီးတောက်တာပါဆိုနေ။ မီးတောက်
သာလည်း မပြောနဲ့၊ ခုတ်ရတဲ့
ဦးလေးကြည်တို့ဘဝကြည်ဦး၊ ရင်ကူ
သားဆိုတာက အခွံကကြမ်းလေတော့
ထင်းတုံးများထမ်းရင် ပွေ့ရင်၊ ကျားဖမ်း
ရတာထက်တောင်ခက်ပါသေးရဲ့ဆို
နေ။ လူဆိုတာ အပွန်းပွန်းအပ့ဲပ့ဲ။
ဒဏ်ရာတွေချည်းရယ်။

တခြားထင်းသားတွေလည်း
သူ့ဟာနဲ့သူ ဒီလိုပါပဲ။ သစ်ယားသား
အခေါက်ထဲမှာ အမွေးတွေပါတော့စူး
တယ်။ စာကလေးဦးနှောက်သား
အစေးတွေထွက်တော့ လူစွန်းကုန်
တယ်။ လက်တွေများစွန်းလို့ကတော့
အဲဒါ တစ်ပတ်ဆယ်ရက်နေကရော
ပဲ။ ဒီကြားထဲ ထောက်ကြံ့သားဟာ
'ညောင့်' ပေါတ့ယ်။ အသားကမည်း
နေတော့ လူမျိုးစုးမိရင် ဆူးထွင်ဖို့
ကတော့ လွယ်ပါ့။ မျောက်ချော သား
လည်း စူးတာပဲ။ ကတီကကျတော့
လူပေတာ။ အင်ကြင်းသားက အစေး
ကပ်တာ။ ရင်ကူကျတော့ ကျားဖမ်းရ
သလိုပါပဲ။ ကြမ်းရှရှနဲ့။

တကယ်တော့ ထင်းလုပ်တယ်ဆို
တာ ဦးလေးကြည်တို့တစ်အိမ်လုံး နား
ရတယ်ကိုမရှိဘူး။ ဦးလေးကြည် ထင်း
တောကပြန်လာတာနဲ့ ခေါ်အေးသာ
က နွားတွေဆီးဖြုတ်၊ ဖုတ်ဖက်ခါပေး၊
ရေတိုက်၊ နွားစားကျွေး၊ သားသမီးတွေ
က နွားချေးကျိုး၊ နွားရေခပ်၊ တံမြက်
စည်းလှည်းကြပေါ့။ အဲဒီ အချိန်

www.burmeseclassic.com

www.burmeseclassic.com

ဘာမှမလုပ်အားသေးတော့ လှည်းပေါ် ကထင်းတုံးတွေကို လှည်းဦးထောင်ချ ထားတယ်။ ဦးလေးကြည်က ထမင်း စား၊ ထမင်းလုံးစီ ပြီးမှ လှည်းပေါ်က ထင်းတုံးတွေ ချ၊ ခွတိုင်ပေါ် တင်၊ ငါးမန်းလွှကြီး တစ်ဖက် တစ်ချက်ကိုင်၊ သားသမီးနှစ်ယောက်က ဖြတ်ရတယ်။ ထင်းတုံးတွေ တစ်တောင်တိုတုံးတွေ ရလာတော့ မြေပြင်နားထောင်၊ ဦးလေးကြည်က ဧရာမပေါက်ဆိန်ကြီး နဲ့ လေထဲမှာ အားပါးတရလွှဲ၊ ခွမ်းကနဲ ခွမ်းကနဲအစား အုန်းကနဲအုန်းကနဲပဲ ကြားရတတ်တယ်။ အဲဒါဆိုရင် အခွဲ ခက်တဲ့နေ့၊ ထင်းခွဲခြမ်းလှည်းတစ်စီး စာပြည့်ဖို့က ဘောလုံးပွဲတစ်ပွဲစာ ကြာချင်ကြာသွားဦးမှာ။ အဲဒါဆိုရင် စိတ်ချ။ ဦးလေးကြည် ညစာထမင်းကို ပုံတော်ရင် မှောင်ကျမှပဲ စားရတော့ မှာ။ ဒါတောင် ဝက်ဆီဖတ်ထုပ် အရန် သင့်ပါလာမှ ဟင်းကရှိမှာပါ။

ထင်းပေါက်ခြမ်းတွေ လှည်းပေါ်စီ တင်ပုံကလည်း ပြောလို့ပြောသာမဟုတ် ဘူး။ သူ့ဟာနဲ့သူ ပညာကလိုပြန်ရော။ ခင်ဗျားတို့ပဲစဉ်းစားကြည့်၊ ထင်းနားထား လို့ ဦးလေးကြည့်တို့ သွားပို့တယ်ဆိုရင် ပဲ၊ လဲထင်းဖြစ်ဖြစ်၊ စီးထိုးဖြစ်ဖြစ် လှည်းပေါ်မှထင်းတွေ သူ့နေရာသူမချ ခင် စေ့စပ်သေချာတဲ့ ထင်းနာသူက လာကြည့်တတ်တယ်။ အဲဒီတော့ ပထမအဆင့်အမြင့်နဲ့ကို အဆင်ချော အောင် ဦးလေးကြည်တို့ ထင်းတင်လာ ခဲ့ရတာ။ ထင်းပေါက်ခြမ်းကို ဘယ်တော့ မှ မှောက်လျက်မတင်ဘူး။ ပက်လက် တင်မှသာ နီတာရဲတာမြင်တော့မပေါ့။ ပေါက်ခြမ်းထဲမှာ အမြက်တွေ၊ ဘုထစ် တွေပါရင် ဘယ်တော့မှာ လူမြင်ကွင်း မထားဘူး။ မှောက်ထား၊ ကွယ်ထား ရတာ။ ဒါမှ ထင်းမှာသူက ကိုယ့်ထင်း မှာတော့ ကြိုက်တော့မပေါ့။ ဟုတ်ဘူး လားတဲ့။

ထင်းသမားတွေထဲမှာပေမဲ့ လက် လုံးထင်း၊ ခွဲခြမ်းထင်းရယ်လို့ တသမတ် တည်းမထားဘဲ ထင်းမှာတဲ့ သူအပေါ် လိုက်ပြီး ထင်းအစုံခုန်နေကြတဲ့ သိန်းရွှေ လိုလူမျိုးကလည်းရှိပါ့။ အတူတူပဲ၊ ထင်းခုတ်တဲ့နေရာမှာ အသားမရှောင် တွေ့ကရ အသားထင်းလုပ်ရောင်းတဲ့ 'စိန်ငွေ' လိုထင်းသမားကလည်း ပြည့် လို့။ ဝီရိယမထားပုံမျိုး ပြောပါတယ်။ ဒါကြောင့်မို့လည်း ဗမာစော ရှမ်းတော ပြန်'လို့ ပြောကြတာနေမှာပေါ့။ ဒီတော့ လား ဟိုလူတကာ တွေ့သွားနေကြတဲ့ တောထဲအထိမသွား တော့ပဲ နီးနီးနား နား၊ ထင်းဖြစ်ရင်ပြီးရော၊ သစ်ယားပင် ခုတ်တဲ့ ထင်းသမားကလည်းရှိရဲ့၊ သစ်ယားကမာလို့ ထင်းတော့ ကောင်း ပါရဲ့။ ယားတာကခက်တော့ တော်တော့ ဟာ ဘယ်ကလာ အိမ်ရှင်မတွေက ကြိုက်ကြပါ့မလဲ၊ ဟင့်အင်း။

ဦးလေးကြည်တို့ကတော့ မဟုတ် လည်း ကိုယ့်မှာက သားသမီးတွေနဲ့၊ ကျောင်းစာကတစ်ဖက်ဆိုတော့၊ ပြောရ ရင် ဒီထင်းခုတ်တဲ့အလုပ်ကို အတန်ကြာ ကြာ လုပ်စားနေရဦးတော့မှာပါ။ ဒီကြားထဲ ထင်းသမားချင်း တူရင်တောင် မှ မြစိန်လို တစ်ပွဲထိုး တစ်နပ်စားတွေ ကလည်းရှိရဲ့။ တခြား ဟုတ်ပါဘူး။ ဘိုးစုတောင်တွင် သူမျှား မခုတ်ချင်လို့ အလွယ်ချန်ထားတဲ့ သစ်နူးသားကိုမှ ထင်းခုတ်ရောင်းတော့ တစ်ခါပဲစားရ တော့မပေါ့။ နောင်ကိုယ့်ဆီ ဘယ်သူက ရော ထင်းမှာပါဦးမတဲ့လား။ မဝယ် တော့ဘူးရယ်။

ဘိုးစုတောင်တဲ့။ ထုံးဖိုရပ်ကွက်ထဲ က အဘိုးကြီးတစ်ယောက် တောင်ယာ လုပ်ခဲ့ရာကအစွဲပြုပြီး ခေါ်ခဲ့ကြပုံပါ။ အဲဒီတောင်မှာ ကျားဟိန်းသံတွေကြား ရတယ်ဆိုတာ ခုတော့ ပုံပြင်ဆန်နေပါ ပကောလား။ အလောတော်သစ်ပင် တွေပဲခုတ်ခဲ့တယ်။ မရှိလို့ ထင်းခုတ်စား နေရပေမဲ့ အပင်ကြီးရင် နတ်ကြီးမှာ စိုးပြီး ရှောင်ခဲ့တဲ့ ရင်ကူပင်၊ လူနှစ်ကိုယ် သုံးကိုယ်ဖက်ရှိတဲ့အပင်ကြီးတွေ ပြောင် ပါပကောလား။ ဦးလေးကြည်တို့က ထင်းကြောမစင်လို့ အပင်ကောက်လို့ ညောင်သား၊ သဖန်းသားမို့ ရှောင်ခဲ့သမျှ အပင်တွေ၊ အခု နောက်လူမီးသွေး သမားတွေက အကွေ့အကောက် မရှောင်။ ဖုတ်လို့ရတာ အကုန်ခုတ်နေကြ တာ ပြောင်ပါရောလား။ သစ်မြစ်တွေပါ တူး မီးသွေးဖုတ်တော့ ဘာခံနိုင်မတုံး။ ဒီဘက်ခေတ်မှာ တစ်ခါပေါ်လာ တာက 'ထုံးထင်း' ထုံးဖုတ်တဲ့အလုပ်၊ နဂိုက အပင်ခုတ်ရင် အောက်ခြေက တောင် ကျန်ဦးမှာဖြစ်ပေမဲ့ ခုဟာ တောင်ထဲက ကျောက်တွေပါထုတ်၊ထုံး ဖုတ်နေကြပါပကောလား။ တစ်ပင်နှစ်ပင် ထပ်ပါလို့ မလပ်ကယ်တဲ့ဘယ်ညာ၊ သေလာယံကျောက်မြို့ရိုးတွေက၊ တိုး မပေါက်သာ၊ သောနုတ္ထိ သူထွင်းတဲ့ သစ်ဝါးပျဉ်တစ်ပေါက်ဟာ၊ ကြောက် စရာကွဲ့ပါလား။ ဟိုးအရင်က ဒီတော ဒီတောင်တွေထဲမှာ သောနုတ္ထိမုဆိုး ကြီး တောလိုက်ခဲ့တယ်ဆိုတာတောင် လူတွေက တယ်ယုံကြမှာမဟုတ်တော့။ ဘယ်မှာလဲ . . . တော။ ခုမြင်ကြည့် ဦးတော့ . . . ။ ။

မောင်သင်းထုံ (ကျောက်မဲ)

www.burmeseclassic.com

www.burmeseclassic.com



ဒကာ်ရာတွေဗလပွန့် ရင်ဘတ်ကြီး ဟက်တက်ပွင့်နေတဲ့မြို့

ကောင်းကင်ပြာ

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ထဲမှာ ကျွန်တော် မိုးကုတ်ကိုရောက်ခဲ့ကြတယ်။ ကျွန်တော်တို့ဆိုတာက ဆရာကိုလေးမြတ်၊ ကိုစိုး (အဖျတ) နဲ့ ကျွန်တော်ရယ်။ ကမ္ဘာကသိတဲ့ ပတ္တမြားမြေခရီးဆိုပါတော့။

ပတ္တမြားမြေကိုသွားရာ လမ်းက အဓိက နှစ်လမ်းရှိတယ်လို့ ဆိုပါတယ်။ ပြင်ဦးလွင်ဘက်က သွားတဲ့လမ်းနဲ့ မတ္တရာဘက်ကသွားတဲ့ လမ်းတို့ဖြစ်ပါတယ်။ ပြင်ဦးလွင်ဘက်ကလမ်းက လောလောဆယ် တိုက်ပွဲတွေဖြစ်နေတော့ မအေးချမ်းဘူး။ ဒါကြောင့် မတ္တရာလမ်းဘက်ကလာခဲ့ကြတယ်။ ဒီလမ်းက မတ္တရာ၊ စဉ်ကူး၊ သပိတ်ကျင်းဒေသမျှားကို ဖြတ်ပြီးမှ ပတ္တမြားမြေကို ရောက်မှာပါ။

အဲဒီလမ်းတွေအပြင် ‘မြတောင်-တွင်းငယ်-မိုးမိတ်- မိုးကုတ်လမ်းနဲ့ ကြာညွှတ်- ပဒါန်း- မိုးကုတ်လမ်းတွေလည်း ရှိသေးတယ်လို့ သိရပါ တယ်။

နယ်ခဲ့အင်္ဂလိပ်တို့က ပတ္တမြားမြေကိုသိမ်းပိုက်တဲ့အခါ ကြာညွှတ်-ပဒါန်းလမ်းကို အသုံးပြုခဲ့ပါတယ်။ အမှတ် (၅) ဘုရင့်ယောက်ရှိုင်းယားခြေမြန်တပ်၊ အမှတ် (၄၃) ဂေါ်ရခါးတပ်၊ တောင်တက်အမြောက်တပ်နဲ့ အင်ဂျင်နီယာတပ်၊ ဒီတပ်တွေကို အရေးပိုင်ကာတာ ကိုယ်တိုင် ဦးဆောင်

www.burmeseclassic.com

www.burmeseclassic.com

ပြီး တရွှေ့ရွှေ့ ခြီတက်လာနေကြပုံကို မှန်းဆကြည့်ပြီး မခံချင်စိတ်တောင် ဖြစ်မိပါရဲ့။ *"ဒါ. . . တို့တိုင်းတို့ပြည် . . . တို့ဗမာတွေ၊ ရာဇဝင်ရှေးထုံးစဉ်လာ ထွန်းတောက်ခဲ့ပေ . . . ပိုင်ဆိုင်သူဘိုးဘွားဘီဘင် . . . တို့အမွေ . . . တို့ပြည် . . . တို့မြေ"* ဂီတစာဆိုကြီး ရွှေတိုင်ညွှန့်ရဲ့ သီချင်းစာသားကိုပင် ရွတ်ဆိုမိမလိုဖြစ်မိတယ်။



တကယ်လည်း အဲဒီတုန်းက 'တို့ပြည်တို့မြေ" ကို အသက်နဲ့လဲပြီး ကာကွယ်ခဲ့သူတွေ ပေါ်ခဲ့ပါတယ်။ အင်္ဂလိပ်တွေကို မိုးကုတ်ဇာတိသားတွေဖြစ်ကြတဲ့ ဗိုလ်ရွှတ်၊ ဗိုလ်သာစည်နဲ့ မိုးမိတ်စော်ဘွားကြီး ဦးခမ်းလှိုင် ဦးဆောင်တဲ့ တော်လှန်ရေးတပ်သားတွေဟာ တောင်မဲတောင်ခြေကနေ ခုခံတိုက်ခိုက်ခဲ့ကြပါတယ်။ လက်နက်ချင်းမမျှလို့ ရှုံးနိမ့်ခဲ့ပေမဲ့ အဲဒီ မျိုးချစ်သူရဲကောင်းကြီးတွေကို ကျွန်တော် ဦးညွှတ်လိုက်ပါရဲ့ဗျာ။

ကျွန်တော်တို့ ခရီးသွားလက ဖေဖော်ဝါရီလဆိုတော့ မြန်မာလို တပို့တွဲပေါ့။ "နှင်းတဖွဲဖွဲ၊ တပို့တွဲ၊ ပေါက်လဲငုံကားကား" ဆိုတဲ့အတိုင်း စဉ့်ကူးလမ်းဘေး ဝဲယာမှာရှိတဲ့ ခင်တန်းတစ်လျှောက်မှာ ပေါက်လဲတွေပွင့်နေ လိုက်တာ ရဲရဲတောက်ကို တောက်ပဲ။ လေရူးပွေတဲ့နံနက်ခင်းမှာ ရော်ရွက်တွေကလည်း တဖြတ်ဖြတ်နဲ့ကြွေလို့၊ ဆိုတော့ ခရီးအစမှာတင်ပဲ အိမ်သူကို လွမ်းမိသလိုလို ဖြစ်မိတယ်။ ဒါပေမဲ့ ထုတ်တော့ မပြောဝံ့ဘူး၊ "အိမ်သူကို မလွမ်းကြေး" လို့ ဆရာကိုလေးမြတ်က ကျွန်တော့်ကို စိန်ခေါ်ထားလေတော့ အသံမထွက်ရဲဘူးပေါ့။ ဒါပေမဲ့ လွမ်းတာကတော့ လွမ်းတာပါပဲ။ လွမ်းလိုက်တာ 'မြ' ရယ်။

မကြာလိုက် ကျွန်တော်တို့ စီးလာတဲ့ ဗင်ကားဖြူဖြူလေးဟာ တွန့်ခေါက်တောင်တန်းတွေပေါ် ရောက်လာပါပြီ။ တွန့်ခေါက်တောင်တန်းတွေပေါ်မှာ ရှိကြတဲ့ အပင်မျိုးစုံတို့ဟာ မြောက်ပြန်လေနဲ့ အတူ ပျော်ရွှင်စွာ လှုပ်ယမ်းကခုန်နေလေရဲ့။ ဩော် . . . တောင်တန်းနဲ့ လေပြည်ဆိုတာ ကမ္ဘာဦးကတည်းက မခွဲတမ်းပေါင်းလာကြတဲ့ မိတ်ဆွေတွေပဲမဟုတ်လား။ ဒီလေပြည်တွေကို လွယ်အိတ်ထဲထည့်ပြီး လွယ်လာလို့ရရင် အကောင်းသား။ ပန်းဆိုးတန်းလမ်းဘေး လက်ဖက်ရည်ဆိုင်ကလေးရဲ့ ရွက်ဖျင်အမိုးအောက်မှာ ထိုင်နေကြတဲ့ ကျွန်တော့် ရေးဖော်မိတ်ဆွေတွေရှေ့ ဖြန့်ကြေးလိုက်ချင်ပါရဲ့။ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့တွေနဲ့ မည်းညစ်နေတဲ့ သူတို့အဆုတ်တွေသန့်သွားအောင်လေ။ အဲသလိုတောင် စိတ်ကူးဆန်းဆန်းတွေးလိုက်မိသေးတယ်။

တကယ်ပါ တောင်တန်းကြီးတွေမြင့်မားလိုက်ပုံများ ကောင်းကင်နဲ့ ငြိမှာတောင် စိုးမိပါရဲ့။ ကျွန်တော် တို့ကားကလေးဟာ တစ်ခါတစ်ခါ တိမ်ခိုးတွေကြားမှာ၊ တစ်ခါတစ်ခါ တိမ်ခိုးတွေကိုခွဲထွက်လို့၊ အသည်းခိုက်ခိုက် တုန်စရာပါပဲ။

"ဩော် တိမ်ပြင်စိုးစွင့်၊ မိုးမြင့်ဆီစွယ်၊ တောင်ငယ်တောင်ကြီး၊ ရံဆီးပတ်ပတ်" စာဆိုတော်ကြီး ရှင်တေဇောသာရကို သတိတရနဲ့ ဦးခိုက်လိုက်မိပါရဲ့။ သူလည်း ကျွန်တော်တို့လို တောင်တန်းခရီးသွားဖူးမှာ သေချာတယ်။

ဟော . . . ရောက်ပါပြီ၊ မိုးကုတ်မြို့။ မိုးကုတ် တစ်မြို့လုံးကို နှင်းမြူစောင်ကြီးလွှမ်းခြုံထားပုံက တန်ခိုးကြီးသောနတ်မင်းကြီးတွေ ဖန်ဆင်းထားလေရော့သလား ထင်မှားဖွယ်ပဲ။

မိုးကုတ်အမည်နဲ့ပတ်သက်ပြီး အမြင်အယူအဆ အမျိုးမျိုးရှိကြပါတယ်။ အဲဒီအယူအဆတွေထဲက 'မိန်း ကုပ) ' ကနေ မိုးကုတ်ဖြစ်လာတယ်ဆိုတဲ့ ရှမ်းစကား အဆိုကို ကျွန်တော် ပိုပြီးနှစ်သက်မိပါတယ်။ ရှမ်းစကား အဆိုအရ 'မိန်း' က 'မြို့' ဖို့ အဓိပ္ပာယ်ရပြီး၊ ကု (ပ) က ခမောက်

www.burmeseclassic.com

www.burmeseclassic.com

သြော် ...တောင်တန်းနဲ့ လေပြည်ဆိုတာ ကမ္ဘာဦးကတည်းက မခွဲတမ်းပေါင်းလာကြတဲ့မိတ်ဆွေတွေပဲမဟုတ်လား။ ဒီလေပြည်တွေကို လွယ်အိတ်ထဲထည့်ပြီး လွယ်လာလို့ရရင်အကောင်းသား၊ ပန်းဆိုးတန်း လမ်းဟောင်းလက်ဖက်ရည်ဆိုင်ကလေးရဲ့ ရွက်ဖျင်အမိုးအောက်မှာ ထိုင်နေကြတဲ့ ကျွန်တော့် ရေးဖော် မိတ်ဆွေတွေရေ့ဖြန့်ကြဲပေးလိုက် ချင်ပါရဲ့။ ဟိုက်အရိုဂျင်မာတ်ဌေးတွေ နဲ့ မည်းညစ်နေတဲ့ သူတို့အသုတ်တွေ သန့်သွား အောင်လေ။

BURMESE CLASSIC

ဆိုတော့၊ ပေါင်းရင် 'ခမောက်မြို့' လို့ အဓိပ္ပာယ်ထွက်သတဲ့။ ကြည့်လိုက်စမ်းပါ။ မိုးကုတ်မြို့ကြီးကို။ တောင်စဉ်တောင်တန်းတွေက အထပ်ထပ်ဝိုင်းပတ်ထားပြီး မြို့ကို တောင်ချိုင့်မြေပြန့်ပြန့်မှာ တည်ထားတာကြောင့် ရှမ်းခမောက်ကြီးကို ပတ်လက်လှန်ထားသလိုပါပဲ။ သြော် ချစ်စရာ့ ခမောက်မြို့ရယ်။

ပြီးတော့ မိုးကုတ်မြို့မှာ အရှေ့ပိုင်းနဲ့ အနောက်ပိုင်းဆိုပြီး အပိုင်း ၂ ပိုင်းရှိတယ်။ မြို့ပေါ် ရပ်ကွက်နဲ့ အနီးဝန်းကျင် ဒေသတွေကို အရှေ့ပိုင်းခေါ်ပြီး ကသဲ၊ ကြပ်ပြင်နဲ့ အနီးဝန်းကျင် ဒေသတွေကိုတော့ အနောက်ပိုင်းလို့ခေါ်တယ်။

မိုးကုတ်မြို့ကြီးဟာ ကမ္ဘာပေါ်မှာ အဖိုးအတန်ဆုံး ပတ္တမြားအပြင် နီလာ၊ ဂျက်ဒီလာ၊ ပြောင်ခေါင်းစိမ်း၊ ထပ်တရာ၊ ရွှေတွင်းဝါ၊ နဂါးသွဲ့၊ မျှော၊ မျှောနီ၊ မျှောစိမ်း စတဲ့ ကျောက်အမျိုးအစားပေါင်း သုံးဆယ်လောက်ထွက်တာဆိုတော့ ကမ္ဘာ့အဖိုးအတန်ဆုံး မြို့ကြီး၊ တစ်ကမ္ဘာလုံး က မျက်စိကျနေတဲ့ မြို့ကြီးလို့ ဆိုရမှာပါ။

၁၉၄၈ ခုနှစ်မှာ ဗီးလစ်မောင့်ဘက်တန်နဲ့ အင်္ဂလန်နိုင်ငံ ဆဌမမြောက် ဘုရင့်ဘုရင်ရဲ့သမီးတော် အဲလီဇဘက်မင်းသမီးတို့ လက်ထပ်မင်္ဂလာမှာ လက်ဖွဲ့ပစ္စည်းအဖြစ် မိုးကုတ်တွင်းထွက် ပတ္တမြားလည်ဆွဲကြီးတစ်ခုကို မြန်မာနိုင်ငံက ချီးမြှင့်ခဲ့ပါတယ်။

တော်ဝင်လက်ထပ်မင်္ဂလာပွဲဟာ မိုးကုတ်ပတ္တမြား လည်ဆွဲရောင်စဉ်တွေနဲ့ ရဲရဲတောက်နေမှာ မြင်ယောင်မိပါရဲ့။ ကျောက်နီပတ္တမြားလုံးရေ (၉၈) ပွင့်၊ အလေးချိန် (၁၂၀) ရတီကို ရွှေ ၅/- ၁ပဲသားနဲ့ ကွပ်ထားတဲ့ ပန်းနွယ်ပန်းခက်သဏ္ဌာန် လည်ဆွဲကြီးဟာ မင်းသမီးကလေးရဲ့ ကျောရှင်းတဲ့ လည်တိုင်မှာ ဝင်းလက်တောက်ပနေမှာပါ။ စိန်နားကပ်ရောင်နဲ့ 'ပါးပြောင်' ဆိုတဲ့စကားပုံလို မိုးကုတ် ပတ္တမြားနဲ့ မင်းသမီးလေးဟာ ပနာစားနေမှာပါ့ဗျာ။

ပြီးတော့ သီဟိုဠ်ကျွန်းက မဟာစိန်ဖူးတော်ကြီးကလည်း မိုးကုတ်ကပဲ လျှုဒါန်းခဲ့တာပါ။ ကျောက်လုံးရေ စုစုပေါင်း ၄၃၅၀၊ ရွှေချိန် ၃ ပိဿာ၊ ဘော်ချိန် ၄၁ ပိဿာခွဲနဲ့ ပူဇော်ထွင်းထုထားတာပါ။

ဒါ့အပြင် ၁၉၃၃ ခုနှစ်မှာ မိုးကုတ်ကတူးဖော် ရရှိတဲ့ အမြင့် ၁ ပေ၊ အချိန် ၃၅၄၀ ကလပ်ရှိတဲ့ ပတ္တမြား အရိုင်းတုံးကြီးဟာ ဗြိတိသျှ သဘာဝသမိုင်းပြတိုက်မှာ ရှိနေပါတယ်။

ပြီးတော့ နယူးယောက်မြို့ကြီးရဲ့ သဘာဝသမိုင်း ပြတိုက်မှာရှိနေတဲ့ 'Delong Star' အမည်နဲ့ ဘဲဥပုံ ကျောက်ကြီးကလည်း နာမည်ကျော် မိုးကုတ်တွင်းထွက်ပါပဲ။ အဲသလို အဖိုးတန်တဲ့ မိုးကုတ်ကျောက်တွေဟာ နိုင်ငံတကာမှာ ပြန့်ကျဲလို့ပါပဲ။ တကယ်တော့ မိုးကုတ်မြို့ကြီးဟာ နိုင်ငံတကာက မျက်စောင်းတခဲခဲရှိနေတဲ့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီးပါ။

သမိုင်းကို ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါ မြန်မာပြည်အထက်ပိုင်းကို အင်္ဂလိပ်တို့သိမ်းပိုက်ခဲ့တာဟာ ပတ္တမြားမြေနဲ့ ပတ်သက်နေတာတွေ့ရမှာပါ။

မြန်မာဘုရင် သီပေါမင်းလက်ထက်မှာ မင်းနေပြည်တော်ရဲ့ အင်ဂျင်နီယာများအဖြစ် တာဝန်ထမ်းဆောင်နေကြတဲ့ ပြင်သစ်လူမျိုး စီယာ ဗွန်ဗလိန်းနဲ့ မွန်စီယာဘလင်းတို့က သီပေါမင်းထံ အချက် ၉ ချက်ပါတဲ့ ပတ္တမြားကျောက်တူးခွင့် အသနားခံစာတစ်စောင် တင်ခဲ့ပါတယ်။

အသနားခံစာမှာ အခွန်တော် ၄ နှစ်စာ ၁၂ သိန်းကို တစ်ပေါင်းတည်းပြုပြီး လက်ဆောင်တော် ငွေတစ်သိန်းနဲ့ တက္ပ (စုစုပေါင်း ၁၃ သိန်း) ကို တစ်လ အတွင်းပေးသွင်းမည်ဖြစ်ပြီး၊ ကျန်ငွေ ၉ သိန်းကိုလည်း တစ်လ အတွင်း ပေးသွင်းပါ့မယ်လို့လည်း ဆိုထားပါတယ်။

အဒီလျှောက်ထားချက်ကို

www.burmeseclassic.com

www.burmeseclassic.com

သီပေါမင်းကြီးက လက်ခံသဘောတူပြီး ၁၈၈၅ ခုနှစ်မှာ မြန်မာနဲ့ ပြင်သစ်နှစ်ဦးသဘောတူ ပတ္တမြားတွင်းများ တူးဖော်လုပ်ကိုင်ခွင့် စာချုပ်ကို လျှို့ဝှက်ချုပ်ဆိုကြပါတယ်။ အဲဒီ လျှို့ဝှက်စာချုပ် ချုပ်ဆိုတာကို အင်္ဂလိပ်တို့သိရှိသွားတဲ့အခါ တန်ဖိုးကြီးမားတဲ့ ပတ္တမြားမြေကို အဆုံးရှုံး မခံနိုင်တာကြောင့် ၁၈၈၅ ခုနှစ်မှာ အကြောင်းရှာစစ်ပြုပြီး ၁۸۸۶ ခု၊ ဇန်နဝါရီ ၁ ရက် အထက်ပိုင်းကို သိမ်းပါတယ်။ ဒီနောက် ၁۸۸۶ ခု၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှာ ပတ္တမြားမြေကို တပ်ကြီးလေးတပ်နဲ့ တက်သိမ်းပါတယ်။ ဒါကြောင့်လည်း ပတ္တမြားတွင်းများ တူးဖော်ခွင့်စာချုပ်ဟာ မြန်မာတစ်ခုလုံးကို သိမ်းပိုက်ဖို့ တွန်းအားပေးလိုက်တဲ့ အကြောင်းရင်းများထဲကတစ်ခု ဖြစ်တယ်လို့ စာရေးဆရာ မောင်ထွန်းဦး (မိုးကုတ်) က ဆိုပါတယ်။

တကယ်တော့လည်း ကျောက်မျက်တွေနဲ့ စီခြယ်ထားတဲ့ အဖိုးတန်မြို့တစ်မြို့ဟာ လောဘသား တွလက်ချက်နဲ့ အခုဆို ဒဏ်ရာတွေ ဗလပွနဲ့ ရင်ဘတ်ကြီးဟက်တက်ပွင့်နေပါပြီ။ ဒါဟာ ပတ်ဝန်းကျင်ဝါဒ (Environmentalism) အရ သယံဇာတကျိန်စာသင့်ခဲ့တာလို့ ဆိုလေမလား။

တကယ်ပါ၊ ပတ္တမြားဘုရားတည်ထားတဲ့ တောင်ပေါ်ကနေ ကျွန်တော်တို့ လှမ်းကြည့်တဲ့အခါ မိုးကုတ်မြို့လယ်မှာ ရေအင်းကြီးတစ်ခုကို တွေ့ရပါလိမ့်မယ်။ အဲဒီ မြို့လယ်အင်းကြီးဟာ အင်္ဂလိပ်တို့ပိုင် ကုမ္ပဏီဖြစ်တဲ့ (The Burma Ruby Mine Company Limited) က အင်ဂျင်နီယာ မော်ဂန်ခွဲခဲ့တဲ့ ရင်ကွဲနာ ဒဏ်ရာကြီးလို့ ဆိုနိုင်ပါတယ်။

အင်ဂျင်နီယာချုပ် မော်ဂန်ဟာ ကုမ္ပဏီရဲ့ တတိယစာချုပ်ကာလ ၁၉၀၆ ခုနှစ်မှာ သူရဲ့ ဥမင်လိုဏ်ခေါင်းစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ပြီး ၁۹۰۸ ခု နွေရာသီမှာ ပြီးစီးခဲ့ပါတယ်။ လိုဏ်ခေါင်းရဲ့အစက အခု ကျွန်တော်တို့ မြင်တွေ့နေရတဲ့ အင်းကြီးနေရာ ကစတင်ပြီး ကျောက်တပ်ကြီး အနီးအထိ စုစုပေါင်းအရှည် ၅၅၁၇ ပေ ရှိပါတယ်။ ထိုစဉ်က ကုန်ကျစရိတ် စတာလင်ပေါင် ၄၀၇၄၆ ကုန်ကျခဲ့ပါတယ်။ ဒီဥမင်ကြီးကို တူးပြီးတဲ့နောက် ယခင်က ပေ ၂၀ အနက်အထိ တာတူးဖော်လုပ်ကိုင်နေရာကနေ ပေ ၁၀၀ အနက် ကျင်းတွေ အမြောက်အများ တူးကြပါတော့တယ်။

၁۹၂၅ ခုနှစ်မှာ ကမ္ဘာစီးပွားရေးဟာ ဆုတ်ကပ်နဲ့ကြုံခဲ့ရပြီးနောက် ကျောက်မျက်ရတနာစျေးကွက်လည်း ပျက်သွားခဲ့ပါတယ်။ ဒီအခါ ကုမ္ပဏီဟာ အကြီးအကျယ် အကျပ်ရိုက်ခဲ့ရတာကြောင့် လန်ဒန်မှာရှိတဲ့ အစုရှယ်ယာဝင်များ အားလုံးကို ဖိတ်ခေါ်ပြီး ဘားမားရှေ့ဘီမိုင်းကုမ္ပဏီကို ဖျက်သိမ်းဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ မဖျက်သိမ်းမီ အချိန်ကလေးမှာပဲ မော်ဂန်ရဲ့ ဥမင်လိုဏ်ခေါင်းကြီးဟာလည်း ပြိုကျခဲ့ပါပြီ။ မိုးကုတ်သမိုင်းလေ့လာသူများရဲ့အဆိုအရ ကုမ္ပဏီဟာ ဥမင်လိုဏ်ခေါင်းကြီးကို တမင်ဖြိုချခဲ့တာလို့ ဆိုကြပါတယ်။ အဲဒီလိုဖြိုချခံလိုက်ရတဲ့အခါ ရေထွက်လမ်းပိတ်သွားပြီး မိုးကုတ်ချိုင့်ဝှမ်းဒေသမှာ ရှိတဲ့ 'တွင်း' တွေအားလုံး ရေလွှမ်းပြီး မြို့လယ်အင်းကြီး ဖြစ်လာခဲ့ရတယ်လို့ ဆိုပါတယ်။

တကယ်ပါ၊ ပတ္တမြားဘုရားပေါ်ကနေ လှမ်းကြည့်တဲ့အခါ ကျွန်တော်တို့ အဖိုးတန်မိုးကုတ်မြေဟာ ရင်ဘတ်ကြီး ဟက်တက်ပွင့်နေတဲ့ လူနာတစ်ယောက်လို ဆန့်ဆန့် ကြီးလဲနေရှာပေါ့။

ဩော် . . . ကျိန်စာတွေရယ်ကျေပါတော့။
မိုးကုတ်မြို့ကြီး ကျန်းမာပါစေ။
မိုးကုတ်မြို့ကြီးကို စောင့်ရှောက်တော်မူပါ။
ပတ္တမြားဘုရားကို ဦးတိုက်ပြီး ကျွန်တော်ဆုတောင်း ပေးခဲ့ပါတယ်လေ။

ကောင်းကင်ညာ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

နှစ်သစ်မှာ...
ပိတောက်နဲ့ ၄
၄နဲ့ ပိတောက်
ရတုချိန်ထောက် အရောက်လာခဲ့ပြီပေါ့...

www.burmeseclassic.com